

# မိုလိရွှေမြင်

ယုဝတီ

# ခင်စိန်လှိုင်

ပြီး

ဒုတိယအကြိမ်



ဗိုလ်ရွှေပြင်

ယုဝတီ

# ခင်စိန်လှိုင်

စီစဉ်သူ

နီနီအောင်

ရန်အောင်စာပေ-၂
အမှတ်(၈၅၅)၊ ဦးငွေကိုင်လမ်း၊
၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊
ရန်ကုန်မြို့။

ယုဝတီ

# ခင်စိန်လှိုင်

မိုလ်ရွှေမြင့်

*စာမူခွင့်ပြုချက်အမှတ်*
၅၀၀၀၀၉၀၅၀၁
*မျက်နှာဖုံးခွင့်ပြုချက်အမှတ်*
၅၀၀၂၆၈၀၅၀၃
ဒုတိယအကြိမ်
၂၀၀၅ ခုနှစ်

**ရန်အောင်စာပေ-၂**
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀ ကျပ်
*မျက်နှာဖုံးပန်းချီ*
ဝသုန်
*အတွင်းစာသား/မျက်နှာဖုံးပုံနှိပ်*
ဦးတင်အောင်ကျော်၊ ၅၁-လမ်း၊ ပုဇွန်တောင်။
ထုတ်ဝေသူ
ဦးလှတိုး(မြ-၀၃၇၇၂)
ရန်အောင်စာပေ
၃၄၃/၁၈၊
အနောက်ရန်ကင်း၊ ရန်ကုန်။

ဖြန့်ချိရေး
**ရန်အောင်စာပေ-၂**
၈၅၊ ဦးငွေကိုင်လမ်း၊
၄၁-ရပ်ကွက်၊ မြောက်ဒဂုံ။

## အမှာ —

အန်တီခင်စိန်လှိုင်ရဲ့ ရွှေလုံ့ဗိုလ်ဝတ္ထုကို ကျွန်မ တက္ကသိုလ်မှ ဘွဲ့ယူပြီး စဖတ်ရစဉ်ကတည်းက စွဲလန်းခဲ့ပါတယ်။ ရွှေလုံ့ဗိုလ်ကဲ့သို့ပင် ဗိုလ်ရွှေပြင်မှာလည်း စာဖတ်သူတို့၏ စိတ်ကို ဆွဲဆောင်နိုင်စွမ်းရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

တိုက်ပွဲပေါင်းများစွာအနက် အရှင်နှစ်ပါး ပါတော်မူသွားပြီး အင်္ဂလိပ်-မြန်မာ လက်နက်ချင်းမမျှတော့လို့ စိတ်ဓါတ်ကျစရာ အရေးအခင်းမှာပင် ဗိုလ်ရွှေပြင်တစ်ဦး သာ ကြံ့ကြံ့ခံပြီး မိမိနိုင်ငံကို တတ်အားသရွေ့ ကယ်တင်နိုင်ရန် ကြိုးပမ်းခဲ့ပုံမှာ ဗိုလ်ရွှေပြင်ရဲ့ အနှစ်သာရ ဖြစ်ပါတယ်။

ဗိုလ်ရွှေပြင်ကို ထုတ်ဝေရန် စီစဉ်မှုကို ခွင့်ပြုတဲ့ အန်တီခင်စိန်လှိုင်၏ ကျေးဇူး တရားများကြောင့် ဗိုလ်ရွှေပြင်ဝတ္ထုအတွက် စီစဉ်နေရသော ကာလများသည် ကျွန်မ ဘဝရဲ့ နာကြည်းစရာကောင်းတဲ့ တစ်စိတ်တစ်ပိုင်းကို ကျေနပ်ချိုမြိန်စေခဲ့ပါတယ်။

စီစဉ်သူ

၂၈. ၂. ၂၀၀၅

# လက်စွမ်းနှင့်ဝါသနာ

"မောင်ကြီး. . အောက်က ကြွက်ကလေး ကြွက်ကလေး"

ပြည့်လျှံနေသော စဉ့်အိုးကြီးထဲမှ အရိုးတပ် အုန်းမှုတ်ခွက်နှင့် အားရပါးရ မျက်နှာသစ်နေသော လုလင်ငယ်တစ်ဦးသည်. .

သူ့နားသို့ ဘွားခနဲ ရောက်လာသော ဆံတောက်ဖားဖားနှင့် မနိမ့်မမြင့် ထုံးနှောင်ထားသော ဆံထုံးရှေ့မှ ဆင်စွယ်ဘီးတု အရိုးဘီးအဖြူ အကုပ်ကြီးကို လှပစွာ ထိုးစိုက်ထားသော သူနှင့်မတိမ်းမယိမ်း မိန်းမပျိုကလေးကို ရေစက်လက်မှ လှမ်းကြည့်ရင်း. .

"အောက်က ကြွက်ကလေး လုပ်မနေနဲ့ဗျာ၊ ညက အဘယောက်က မှာလို့ စေပုတ္တရာ သွားရသေးဝ၂ယ်"

"ဟင်. . ဒါကြောင့် မနေ့က မတွေ့တာကိုး"

"အေးပေါ့ဟ၊ ညစာစားပြီးမှ ပြန်လာတာ၊ အိမ်ရောက်တော့ ကြက်ဦးတွန် နေပြီ"

"မောင်ကြီးကလဲ. ."

"မောင်ကြီးက မလဲပေါင်ဗျာ၊ ဘာလဲ ပြောပါဦး"

"ဒီ ဘကြီးယောက်ကြီးနဲ့ မဆက်ပါနဲ့ဆို. ."

"ဟ. . နင်တို့က ဘကြီးယောက်ကို အဲလောက် အထင်သေးကြတာ၊ ဘကြီး ယောက်က ခု ဘုရားတကာ ကျောင်းတကာ ဖြစ်နေပြီဗျာ့၊ ဒီ 'ငရွှေဖြင်' တို့ကသာ ငယ်ကျင့်မပျောက်ချင်သေးတာ၊ လာ. . ငယ်. ငါ့အစွမ်းပြရဦးမယ်"

သူက ရေစက်လက်နှင့်မျက်နှာကို ပုဆိုးနှင့်သုတ်ရင်း မိလည်ရစ်၏ လက်ကို ပိုင်စိုးပိုင်နင်းဆွဲ၍ ခြံစည်းရိုးဆီသို့ တရကြမ်း ပြေးခေါ်သွားသည်။

ပြီးလျှင် ဘာမပြောညာမပြော ခြံစည်းရိုးအမြင့်ကြီးကို လွှားခနဲ လွတ်အောင် ခုန်ပြလိုက်ပါတော့၏။

ဆယ်တောင်ကျော်မြင့်သော ခြံစည်းရိုးကြီးကို ခုန်ပြလိုက်၍ မိလည်ရစ် အလွန် အံ့ဩသွားရပါတော့၏။

"ဒါကြောင့် အဘက ပြောတာပေါ့"

"ယောက္ခမလောင်းကြီးက ဘာတဲ့လဲ၊ ပြောပါဦး မိလည်ရစ်ရဲ့"

"တလောက သူကြီးကပြောတယ်မဟုတ်လား၊ သူခိုးရွှေဖြင် ကျော်ပြင် ပြော တင်လို့သာ နှက်လိုက်ချင်တယ်တဲ့၊ အဘဆိုတာ ပြန်မပြောရဲလို့သာ။ ဆတ်ဆတ်ကို တုန်နေတာပဲ၊ အဲဒါ အိမ်ကျတော့မှ အန်ထုတ်တော့တာပဲ၊ ရွှေဖြင်က သူခိုးပေမယ့် ဘုရားလောင်းသူခိုးတဲ့"

"ဟား ဟား ဟား. . ယောက္ခမလောင်းကြီးက တော်တော် ချစ်စရာကောင်း တာပဲ၊ ကြည့်. . ကြည့်၊ ဒီရွာစည်းရိုး အမြင့်ဆုံးက ငါခုန်ထွက်မယ်"

သူက ဝါးလုံးတစ်ခုကို ထောက်၍ အမြင့်ဆုံးနေရာမှ သုံးလေးချီ ခုန်ပြနေစဉ် ကလေးအုပ်နှင့် ဆိတ်အုပ်ကြီးပါ ရောက်လာတော့သည်။

"ဟာ. . "

"အို. . "

"ဖျောင်း ဖျောင်း ဖျောင်း. . "

အံ့ဩသူ၊ လက်ခုပ်တီးကြသူများကြားသို့ ကာလသားအုပ်ပါ ရောက်လာ တော့သည်။

"ရှိ. . "

"ပျောင်း ပျောင်း ပျောင်း. . " နှင့်

မောင်ရွှေဖြင်ကို အားလုံး လက်ခုပ်ဩဘာ တီးသူကတီး။

"ဟေ့. . တုတ်ထောက်ခုန်တာပဲ၊ မခဲယဉ်းပါဘူးကွ"

ဂျစ်ကန်ကန်ကာလသား မောင်မှင်က ပြောလိုက်၍ မောင်ရွှေဖြင်သည် သည်တစ်ခါဖြင့် အဝေးမှပြေးလာပြီး တုတ်မထောက်ဘဲ ခုန်ပြလိုက်သည်။

"ဒီကောင်တော့ မဟုတ်မှလွဲရော၊ နတ်ဝင်ပူးနေပြီ ထင်တယ်"

"အေး၊ ဖြစ်နိုင်တယ်ကွ"

"ဒီလောက်မြင့်တဲ့နေရာ တုတ်မထောက်ဘဲခုန်တာ လွယ်မလားကွာ"

"အေးကွ"

"ရွှေပြင်က လူဒူးပဲ"

တစ်ယောက်က ဒူးကိုပုတ်ပြရင်း ပြောနေစဉ်. .

မောင်ရွှေပြင်ကား ဆိတ်အုပ်ထဲမှ ဆိတ်ကလေးတစ်ကောင်ကို မ,၍ ခြံစည်းရိုးကို ခုန်ပြလိုက်ပါတော့သတည်း။

"ဟာ. ."

မောင်ရွှေပြင်နှင့် မလည်ရစ်တို့ သတိတရကြည့်လိုက်သောအခါ မောင်ရွှေပြင်၏ တစ်ကိုယ်တော် စွန့်စားခန်းတွင် သူကြီးအပါအဝင် လူအုပ်ကြီး ဝိုင်းနေတော့သည်။

ယင်းအထဲတွင် လူပုံ နွဲ့နွဲ့သေးသေးနှင့် သူကြီး ဦးဖန်လည်း ပါသည်။

သူက ခန္ဓာကိုယ်သေး၍ ကိုယ်ရည် အမြဲသွေးရသည်။ ရပ်လျှင် ခါးကို လက်နှစ်ဖက် တင်းတင်းထောက်ရပ်သည်။

သူကြီးဆိုတော့လည်း ရွာတွင် ဘုရားပေပဲ။ အားလုံး တုန်နေအောင် ကြောက်ကြသည်။ နေရာ ရှဲပေးကြသည်။

ဆိတ်ကလေးကို မ,၍ ရွာခြံစည်းရိုးကြီးကို ခုန်ပျံနေပုံကို ကြည့်တော်မူပါ၊ ရှုစားတော်မူပါဆိုသော ပုံစံနှင့် နေရာရှဲပေးကြသည်။

သူကြီးကား ဤမျှ စွမ်းပကားထက်သူ လူငယ်ကလေးအား ချီးကျူးအားပေးသည့် မျက်လုံးများနှင့် ကြည့်ရမည့်အစား. .

"သူခိုးကပဲ ခြံခုန် ကျွမ်းရောပေါ့"

သူက ထိုသို့ ပါးစပ်က မပြောပါ။ မျက်လုံးက ပြောလိုက်ခြင်းပါ။

ဒါကိုပင် မောင်ရွှေပြင် လူပါးကလေးက နားလည်လိုက်ကာ သူကြီးနားသို့ ပြုန်းခနဲ ရောက်လာသည်။

"ကန်တော့နော် ဘကြီးဖန်"

ဟုဆိုကာ သူကြီးအား ဆိတ်ကလေးကို ပွေ့ခုန်သကဲ့သို့ ခါးကလေးကို လည်ခနဲ ဖက်မ,၍ ခြံစည်းရိုးကြီးကို ခုန်လိုက်ရာ. .

"ဟယ်. ."

"မြတ်စွာဘုရား. ."

"သူကြီး ပါသွားပြီ" . . နှင့်

တစ်ယောက်တစ်ပေါက် ပြောရင်း သူကြီး ခြံစည်းရိုးအပြင် ရောက်သွားရသည်။

"မင်း. . မင်း. . ငါ. . ငါ. . အသည်းကို အေး. . အေးသွားတာပဲ"

သူ့စကား မဆုံးတတ်မီ ခါးလည်ကို ဇိခနဲပွေ့၍ ရွာထဲသို့ အရောက်ချီခုန်ဆင်းလိုက်ပါတော့၏။

သည်တစ်ခါတော့ ရွာသားတွေထံမှ လက်ခေါက်မှုတ်သံ၊ လေချွန်သံ ပွက်ပွက်ညံ၍ သွားရပါတော့သတည်း။

"ဟင်. . မင်း. . မင်း. . ငါ့များ. . "

သူကြီး ဦးဖန် စကားမဆုံးမီ မောင်ရွှေဖြင်က သူကြီးဦးဖန်ကို သုံးကြိမ်တိုင် ဦးချ၍ ထိုင်ကန်တော့သည်။

"ဘကြီးဖန်၊ ကျွန်တော့်ကို အဲလို မျက်လုံးနဲ့ မကြည့်နဲ့ဗျာ၊ ကျွန်တော် ဝင်ချင်တာက တပ်တော်ထဲဗျ. . တပ်တော်ထဲ။ ဘကြီးယောက်ဆီ ရောက်သွားရတာကတော့ ကံတရားပဲ"

သူက ရင်ကိုဖွင့်လိုက်ပြီးမှ ချာခနဲ လှည့်ပြေးခဲ့ပါတော့သတည်း။

အားလုံး ငေးကြည့်နေကြစဉ် မလည်ရစ်တစ်ယောက်ကဖြင့် မောင်ရွှေဖြင်နောက်ကို အပြေးကလေး လိုက်ပါသွားပါတော့သတည်း။

# ငယ်ချစ်ဟောင်းရယ်

"ဟား. . ဟား. . ဟား. . ရယ်ရတယ် မိလည်ရစ်ရယ်။ နင်တို့ ဘကြီးယောက်ကို အထင်မသေးကြနဲ့၊ ငါ့ကို အခုန်အပျံ အပစ်အပေါက်တွေ တော်သည်ထက် တော်အောင် အဲလို သင်ပေးခဲ့တာလို့ နင့်ကို လက်တွေ့ပြနေတုန်း ဆိတ်အုပ်ရော၊ လူအုပ်ရော၊ သူကြီးစုတ်ရော ရောက်လာကြတာကိုး မိလည်ရစ်ရဲ့"

သူတို့နှစ်ယောက်သည် ရွာအပြင် ကောက်ရိုးပုံတွင် ရောက်ရှိနေကြပါ၏။

မောင်ရွှေပြင်ကား ခြံစည်းရိုးကြီးကို လေးငါးကြိမ် ခုန်လိုက်ရ၍ မောသွားရလေပြီ။

ကောက်ရိုးကျင်းကို ဖဲမွေ့ရာခင်းထားသည့်နှယ် အားရစွာ ပက်လက်လှန်၍ အိပ်ရင်း တိမ်တိုက်တွေ လွင့်မျောနေသော မိုးကောင်းကင်ကြီးကို မော့ကြည့်ကာ အားရစွာ ရှင်းပြလိုက်သည်။

မိလည်ရစ်သည် ဝေဟင်ထက်သို့ ဆိတ်ကလေးနှင့်သူကြီး ပါသွားပုံကို ယခုပင် မြင်ယောင်သကဲ့သို့ တခစ်ခစ်ရယ်ရင်း ကောက်ရိုးမျှင်ကလေးနှင့် မောင်ရွှေပြင့်ရင်ဘတ်ကို တို့မွှေ့ကစားရင်းက. .

"တစ်ရွာလုံးတော့ ဟိုးလေးတကျော်ပဲ မောင်ကြီးရဲ့"

"သူကြီး ဦးဖန် စိတ်က မတော်မရော်ဆိုရင်တော့ အဲလို ဟိုးလေးတကျော် ဖြစ်တာ မကောင်းဘူးဗျာ့"

"ဟုတ်တယ်နော်၊ မောင်ကြီးအတွက် မိလည်ရစ် စိုးရိမ်လိုက်တာတော်"

"မစိုးရိမ်ပါနဲ့ မိလည်ရစ်ရယ်၊ ဘကြီးယောက်က ငါ့ကို ဗေဒင်ဟောလိုက်တယ်ဗျာ့"

"အို. . ဘယ်လို ဟောလိုက်တာလဲဟင်"

"တစ်နေ့ကျရင် ငါဟာ ဧကန်စင်စစ် ဘုရားထူးခံ ဖြစ်ရမယ်တဲ့"

"အို ဟုတ်လား၊ မိလည်ရစ် ဝမ်းသာလိုက်တာတော်၊ မောင်ကြီး ဘုရားထူးခံ ဖြစ်ရင် မိလည်ရစ်လဲ ဖြစ်မှာပေါ့နော်"

"အို. . ငါ ဘုရားထူးခံဖြစ်ရင် ဟောဒီက ငါ့အချစ်ကလေးလဲ ဖြစ်ရမှာပေါ့ မိလည်ရစ်ရယ်"

"အင့်. . "

ဆံတောက်ဖားကြီးနှင့် လုံးကြီးပေါက်လှ မိလည်ရစ်သည် မောင်ရွှေဖြင် ဆွဲပွေ့လိုက်ရာသို့ အင့်ခနဲ ပါသွားပါတော့၏။

"မောင်ကြီးကလဲ တွေ့လိုက်ရင် အဲလိုပဲ"

"မကြိုက်ဘူးလား"

"မေး. . မေး၊ ကတ်သီးကတ်သတ်၊ မကြိုက်ရင် ဟောဒီ မောင်မောင်ဘုရား နား ရောက်နေမတဲ့လား"

"ဟာ. . ဘာတဲ့၊ ဘာတဲ့၊ ဘုရားတစ်လုံးတော့ ရပြီ။ ဘကြီးယောက် ဗေဒင် ဟောတာ နိမိတ်တော့ ပြနေပြီဗျာ"

"အို. . မောင်ကြီးကလဲကွယ်၊ ဟိုမှာ ရေခပ်သွားတဲ့ ကောင်မတွေ ကြည့်သွား ကြတယ်"

"အဝေးကြီးပါဗျ၊ မမြင်ပါဘူး"

"နေပါဦး၊ မိလည်ရစ် ပြောစရာရှိလို့"

"ပြောစေဗျား၊ ပြောစေ"

"ဟင်း. . မောင်ကြီးက မင်းစိုးရာဇာဟန်လဲ လုပ်တတ်ကြီးပဲ"

"အာ. . မိလည်ရစ်ရယ်၊ နင် ဘယ်လိုပြောလိုက်တာလဲ၊ ခု ငါ့ဘဝမှာ လူဆိုး သူခိုး အခေါ်ခံရတာ ရင် အင်မတန်နာတယ်။ ငါ ဖြစ်ချင်တာက ရွှေနန်းတော်ကြီးထဲ ခစားရတဲ့ မြင်းတပ်ဗိုလ်ဟ"

"ဒါဖြင့် ဘာကြောင့် ဘကြီးယောက် အမွေတွေ ဆက်ခံနေရတာလဲ"

"အင်း. . ဘကြီးယောက်ဆီ ရောက်သွားတော့ ငါက ၁၂ နှစ်သား ရှိသေးတာ လေ။ ဘကြီးယောက်ကို လူတစ်ယောက်က သတင်းလာပို့ရင် 'ထွက်ကြဟေ့ ထွက် ကြ၊ အလှူပြန်တွေ ပြန်လာမယ်တဲ့' လို့ သုံးလေးခွန်းပဲ ပြောရတယ်။ နောက်ထဲမှာ မွေးကျွေးထားတဲ့ တပည့်အုပ်ကြီးက မြင်းတွေနဲ့ ဝေါခနဲ ထွက်တာပဲလေ။ အဲဒီထဲမှာ

မြင်းစီးတတ်စ ငါကလဲ ယက်ကန်ယက်ကန်နဲ့ နောက်ဆုံးက ပါသွားတာပေါ့။ ဟိုကျတော့ ဧရာဝတီကမ်းနဖူးမှာ လှည်းယာဉ်လေးတချွမ်ချွမ်နဲ့ ဝတ်စားဖြိုးလိမ်းလာကြတဲ့ ရွာတောင်က သူဌေးမိသားစုကို ဓားပြတိုက်တော့တာကိုးဗျ။ ငါကလဲ ပထမ အမ်းနေတယ်။ သနားနေတယ်။ လန့်နေတယ်။ ဦးနေလကြီးရယ် သူ့မြင်းပေါ်ကနေ ငါ့ကို ခြေတံရှည်ကြီးနဲ့ လှမ်းခတ်လိုက်တာ အသက်ရှူတောင် ရပ်သွားတယ်ထင်ရတယ်။ ဟာ. . ငါလေ ဘယ်အလုပ်မဆို အညံ့မခံချင်စိတ်က အမြဲကြီးစိုးနေတာကွ။ ဒါကြောင့် ဒီဘက်လှည့်ပြီး ချမ်းသာပေးပါ ချမ်းသာပေးပါနဲ့ လုပ်နေတဲ့ ခေါင်းပေါင်းကျားနဲ့ လူကြီးလက်က ဖက်ထုပ်လက်စွပ်ကြီးကို ဓားထောက် တောင်းလိုက်တာပေါ့။ အဲဒီလူကြီးဟာ သူ့ကို သတ်သွားမှာ စိုးလွန်းပြီး ရှိခိုးဦးတင် ပေးသွားတာဟ။ အပြန်ကျတော့ ဦးနေလကြီးက ငါ့ကို မြှောက်မြှောက် နမ်းလိုက်တာ ဒီကတည်းက ငါလဲ ဓားပြတိုက်တတ်သွားရတာပဲ မိလည်ရစ်ရယ်"

"ပျက်အစဉ် ပြင်ခဏတဲ့ မောင်ကြီးရယ်။ ဗေဒင် အဟောကလဲ ကောင်းက ကောင်းနဲ့။ ပြင်လိုက်ပါတော်။ စောစောက သူကြီးက ကြည့်ပါလား၊ မိုးနတ်သားလို ခုန်ပြနေတာတောင် သူက အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်နေတာလေ"

"အထင်သေးတာ အပေါ်ယံပါ မိလည်ရစ်ရယ်။ တကယ်တော့ ၁၉ နှစ်သားသာ ရှိသေးတဲ့ ငါ့ကို ရွံ့ကြောက်ကြီးဗျ။ ဟား. . ဟား. . ဟား. . ၊ ကဲပါ. . နင်နဲ့ငါ တွေ့ရတုန်း အဘဖန်ကို အသာထားပြီး ငါ့နား ကပ်ပါဦးဗျာ့"

မောင်ရွှေပြင်ကား ချစ်သူနှင့် ပါးချင်းကပ်၍ အတွေးတွေက ပျံလွင့်နေပါသည်။

မောင်ရွှေပြင်ကား. .

မြင်းစီး၊ လှံထိုး၊ ဓားပေါက်၊ ဓားခုတ်၊ အခုန်၊ အပျံ၊ တောလိုက်၊ တောကောင်ဖမ်း စသော အကောင်းစား အင်္ဂါရပ်များနှင့်လည်း ပြည့်စုံနေရသူပါ။

ပုံပန်းသဏ္ဌာန်ကလည်း နဖူးဆံစ၊ ရင်ဝကျယ်ကျယ်၊ လက်ရုံးလက်ဆစ်၊ ခထစ်မငေါ့၊ ကော့ကော့မျက်တောင်၊ နှာရောင်စင်းစင်း၊ နားရွက်ပြန့်ပြန့် လူရည်သန့်ကလေးပါ။

ရွှေဘိုတောင် လက်လှတောကြီး ကျေးရွာသားလေးပါ။ မိဘများဖြစ်ကြသော မြင်းသည်တော်သား ဦးကြာဘန်းနှင့် ဒေါ်ဝင်းညိုတို့က မြန်မာသက္ကရာဇ် ၁၁၇၁ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ မိဘများ ရွှေနန်းတော်ကြီးတွင် မင်းမှုထမ်းနေစဉ်

အဘွားအေ၏ အသည်းကျော်ဖြစ်သော မြေးကလေး မောင်ရွှေဖြင်အား ကျောင်းထား ပေးရန်ဟု ခေါ်ထားလိုက်ကြသည်။

ထိုစဉ် ရွှေဘိုနယ်၊ ဝက်လက်နယ်၊ လှတောကြီးရွာ၊ မန်ကျည်းစင် စသော ရွာစဉ်တစ်လျှောက်တွင် မကြာခဏ ဓားပြတိုက်သည်။ သူဌေးများ ညအခါ ကိုယ် ယောင်ဖျောက်၍ ဆွေမျိုးသားချင်းများထံသွား၍ အိပ်ကြရသည်။ သူခိုးဓားပြများက ဆိုးလှသည်။ စိတ်မထင်လျှင် လူကို သတ်သွားတတ်ကြသေးသည်။

ယခုလည်း သားဖြစ်သူက ဘုရင့်မြင်းသည်တော်လေး ဆိုသည်နှင့် မောင်ရွှေ ဖြင်၏ အဘိုးအဘွားတို့အိမ် ဓားပြဝင်တိုက်ပါတော့သည်။

ဓားပြဗိုလ်၏ အမည်ကား 'ဗိုလ်ယောက်' ပါတည်း။

သူ့အဘိုးအဘွားကား ဗိုလ်ယောက်၏ ဓားတလွှားလွှားအောက်တွင် ကြောက် ခြင်းကြီးမက ကြောက်ရွံ့ တုန်လှုပ်နေကြသည်။

၁၂ နှစ်သားလေး မောင်ရွှေဖြင်က မကြောက်ချေ။ စော်ကားလှချည်လား ဟူသောပုံစံနှင့် ဗိုလ်ယောက်ကို စေ့စေ့မော့ကြည့်သည်။ နှုတ်ခမ်းမွေးဖားဖား၊ မျက်ခုံး ထူကြီးနှင့် အသားက မည်းပြောင်လက်နေသော ပုံပန်းကြီးကို ကြည့်၍. .

"ခင်ဗျားရုပ်ကြီးက ဓားပြဖြစ်လို့ပဲ နည်းနည်းခံသာတယ်"

ဟု ရဲဝံ့စွာ ဝေဖန်လိုက်၍ ဗိုလ်ယောက်ကြီး မျက်လုံးတဝင့်ဝင့်နှင့် ရှုံ့ခနဲ ဖြစ်သွားရသည်။

"ဘာကွ"

"ခင်ဗျားရုပ်ကြီးဆိုးသလောက် ကျုပ် အဘိုးအဘွားအပေါ် မဆိုးပါနဲ့ဗျာ။ ကျွန်တော်တို့အိမ်မှာ ရတနာဆိုလို့ ကျုပ်ပဲရှိတယ်"

"ဟ. . လှတောသား ပေါက်စရဲ့၊ မင်းစကား ဆိုလှချည်လား"

"ဒါ အမှန်ပြောတာပဲဗျာ။ ကျုပ် စာကျက်ပျင်းတိုင်း ဘုန်းတော်ကြီးက အမြဲ ဆုံးမတယ်။ မင်း စာကြိုးစားတဲ့၊ မင်းဟာ တစ်နေ့မှာ တကယ့်အဖိုးတန်တဲ့ ရတနာ တစ်ပါး ဖြစ်လာမယ်တဲ့။ အဲဒါကြောင့် ဒီအိမ်မှာ ရတနာဆိုလို့ ကျုပ်ပဲရှိတယ် ပြောတာပါ။ ဦးကြီးရဲ့ ဓားကြီးနဲ့ အဘိုးကို မိုးထားလဲ ဘာပစ္စည်း ဘာရတနာမှ မရှိတဲ့အကြောင်း ပြောတာပါဗျ"

"အံမာ. . လေသံက ထန်ထန်ပါလား။ ဟေ့. . နှဲကြီး သူ့ကိုယ်သူ တင်စား လိုက်တာ ရတနာတဲ့ ဟတ် ဟတ် ဟား. . မြင်းပေါ်တင်ခဲ့ကွာ။ အဲဒီ ရတနာပဲ မြင်းချေး ကျုံးခိုင်းရမယ်"

ဟု ကျယ်လောင်စွာ ပြောကြားလိုက်ရာ အဘိုးအဘွားတို့ ဆတ်ဆတ်တုန်ယင်စွာဖြင့် ရှိခိုးသူကခိုး၊ ငိုယိုသူကငို၊ တောင်းပန်သူက တောင်းပန်သည့်ကြားမှပင် မြေးကလေး မောင်ရွှေဖြင်ကို ဓားပြတွေ တင်ဆောင် ခေါ်ယူသွားကြပါတော့၏။

ထို့ကြောင့်လည်း သူ ၁၂ နှစ်သားကစ၍ ဓားပြဗိုလ်, ဗိုလ်ယောက်ထံတွင် ဓားပြထမင်း၊ ဓားပြဟင်း စသည်တို့ကို စား၍ ဓားပြသင်တန်း မရှင်မလန်း သင်ကြားခဲ့ရခြင်းကား မှန်ပါ၏။

သို့သော် ဗိုလ်ယောက် ဓားပြသင်တန်းတွင် သူ သဘောကျစရာ တွေ့ခဲ့ရသည်။

မြင်းစီးသင်တန်းပါ။

မင်းစီးစိုးစီးပုံစံမှစ၍ အရပ်သား သူဌေးစီးနည်း၊ နောက်ဆုံး သူတို့ ဓားပြတွေစီးနည်း၊ ခွာခြေကို ဖွဖွနင်းစီးပုံ။ ရွာလန့်ရန် ပြန်းပြန်းကွဲ ခွာဒုန်းချစီးပုံ၊ တစ်ခါတရံ မြင်းဝမ်းဗိုက်အောက်တွင် ကပ်စီးပုံမှစ၍ လေ့အဆင်း မြင်းအတက်ပုံစံများကို အားတိုင်းသာ သင်ကြားနေရပါတော့၏။

"ဟော့. . ရတနာ မြင်းချေးတွေ ကျုံးပါတော့လားကွ၊ ဟား ဟား ဟား. . ရတနာတော့ ကုလားချာဖြစ်အောင် ခိုင်းရတော့မှာပဲ။ အားတော့နာပါရဲ့ကွာ"

ဗိုလ်ယောက်က သူ့ကို နောက်ချင် ရိချင်ပုံနှင့် 'ရတနာ. . ရတနာ" နှင့်ခေါ်ရာ နှုတ်ကျိုးနေလေတော့သည်။

မလည်ရစ်၏ ထွေးထွေးတစ်တစ် ကိုယ်လုံးကိုဖက်၍ သူ မြင်းချေး ကျုံးခဲ့ရပုံများ၊ မြင်းစီး မကျွမ်းလျှင် ကြာပွတ်နှင့် တရွှမ်းရွှမ်း အရိုက်ခံခဲ့ရပုံများကို ယခုပင် ခံစားရဘိသကဲ့သို့ ကျောကလေး ယောင်၍ တွန့်ခဲ့ရသည်။

"မောင်ကြီး ဘာဖြစ်တာလဲဟင်"

"နင့် သနပ်ခါးပါးကွက်ဖွေးဖွေးကလေး နမ်းလိုက်ရတော့ ငါ မြင်းတက်ပုံမလှလို့ တရွှမ်းရွှမ်း အရိုက်ခံခဲ့ရတာ သတိရလို့ပါဟာ. . "

"ဟွန်း. . အဘကြာ ပြောဖူးပါတယ်။ ဓားပြတွေ အဖမ်းခံသွားရတာဆို. . "

"ကြည့်စမ်း၊ မိလည်ရစ်နဲ့ ငါနဲ့ သိပ်စိတ်တူတာပဲ။ ငါ့ရင်ထဲမှာလဲ အဘယောက်က တရွှမ်းရွှမ်းရိုက်ပြီး မြင်းစီးသင်ပေးတာကို သွားပြီး သတိရနေတာဟ"

"ဒါနဲ့များ မောင်ကြီးက ဒီ စေပုတ္တရာကို မမေ့နိုင် မညှိုးနိုင် သွားလိုက်ရတာနော့"

"ကျေးဇူးဆိုတာ ကြံဖန်တင်ရတယ် မိလည်ရစ်ရေ။ တပ်တော်ထဲဝင်ရင် မြင်းရေး ၃၇ ချင်း၊ ခု ငါတတ်နေပြီလေ။ ပြီးတော့ ပြည်လျှေ ပြည်မွှား လူဆိုးသူခိုးတွေ ကျက်စားပုံ ကျက်စားနည်းကိုလဲ ငါ သိခဲ့ရတာပေါ့ဟာ"

"မောင်ကြီးဘဝက အဲလောက် ကြမ်းကြမ်းတမ်းတမ်းကြီး မကြီးပြင်းသင့်ပါဘူးတော်၊ အဘကြာက မြင်းစီး လှံထိုးလောက်တော့ သင်ပေးနိုင်တာပေါ့တော်"

"ဒါပေါ့ဟာ၊ ပြည်တန်တဲ့ ပတ္တမြားတစ်လုံး ရတော့ရလိုက်ပါရဲ့။ အလွယ်တကူ မရခဲ့ဘူး။ ခယောင်းတောကို ဖြတ်ပြီးမှ ရခဲ့တာပေါ့ဟာ"

"ခုကော ဒီခယောင်းတောကို မျက်စိလည်တုန်းလား"

"မျက်စိ မလည်သေးပါဘူး။ ဒါပေမယ့် မျက်စိမလည်ခင် ငါ တပ်တော်ထဲဝင်ချင်တယ်ဟာ"

"အဘကြာ ပြောပေါ့"

"ငါ့အဘက သစ္စာကြီးသလားမမေးနဲ့။ အဘယောက်လူ ဖြစ်ခဲ့ဖူးလို့တဲ့ဟာ။ မြင်းတပ်ဝန်ဆီ မထောက်ခံခဲ့ဘူးလေ"

"ဒါတော့ အဘကြာက ရက်စက်ပါတယ်တော်။ ဒါနဲ့ မောင်ကြီးကို အပူကပ်ချင်လိုက်တာ"

"ဘာများလဲ မိလည်ရစ်ရယ်။ ငါ့ဘဝမှာ နင်ဟာ ငါ့အပေါ် အမြင်မများ ထင်ထင်ရှားရှား ချစ်နေသူပါဟာ။ နင့်အတွက်ဆိုရင် ဘာလုပ်ပေးရ လုပ်ပေးရပါ"

"ဩော် . . သန်ဘက်ခါ အဘမွေးနေ့လေ။ လှတောကြီး ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်ပို့ချင်လိုက်တာတော်"

"အဲဒါ ဘာဖြစ်လဲ။ ကျားသားဟင်း ဆွမ်းလောင်းချင်သလား၊ ဆင်သားဟင်း ဆွမ်းလောင်းချင်သလား ပြော . . ပြော။ မောင်ကြီး ဆိပ်လူးမြားက လွှားခနဲ ရင်ညွန့်စိုက်တာနော့"

သူက သားကောင်ပစ်နည်း၊ မြားပစ်ပုံတွေ အမူအရာ စုံလင်စွာ လုပ်ပြနေ၍ မလည်ရစ်က တခစ်ခစ်ရယ်ရင်း . .

"မောင်ကြီးက တကယ် နောက်တတ်တယ်။ ကျားသားဟင်း၊ ဆင်သားဟင်းကြီးတွေ မချက်ရဲပါဘူးတော်။ ယုန်သားထောင်းကြော်၊ ဘူးရွက်ဟင်းချို၊ မန်ကျည်းသီးစိမ်းထောင်း၊ ငါးပိကောင်ကြော်၊ ဒါပါပဲ မောင်ကြီးရဲ့"

"ဟော့ . . မိလည်ရစ်၊ ငါ အကြံရပြီ"

"ဘာများလဲ မောင်ကြီးရဲ့"

"ဘုန်းကြီးကျောင်း ဆွမ်းအုပ်မပို့နဲ့တော့၊ ဘုန်းကြီးငါးပါး ဆွမ်းဖိတ်လိုက်"

"ဘကတော့ သူ့မွေးနေ့ မွေးရက်ကို ဘယ်လိုနည်းနဲ့ ကုသိုလ်ရရပါ မောင်ကြီးရယ်"

"ဘုန်းကြီးငါးပါး ဆွမ်းဖိတ်ပြီး အဘမွေးနေ့လဲ ဖြစ်ပါတယ်။ မောင်ရွှေပြင်နဲ့ မလည်ရစ်တို့ရဲ့ မင်္ဂလာဆောင်လဲ ဖြစ်ပါတယ်လို့ လျှောက်လိုက်မယ်ဟာ"

"အို. . အိမ်ထောင်ရေးကို ဒီလို ပေါ့ပေါ့ဆဆပုံစံနဲ့ ထူထောင်လို့ ကောင်းပါ့မလားတော်"

"ငါ့မှာ ပိုက်ဆံရှိလို့ တစ်ရွာလုံးကို ထမင်းရည်ချောင်းစီး ကျွေးဦးတော့၊ သူခိုးမင်္ဂလာသတို့သားလို့ ဆိုတဲ့ မျက်လုံးတွေနဲ့ ငါ့ကို ကြည့်သွားကြမှာပါဟာ၊ အဲဒီတော့ အကျဉ်းတကာ့ အကျဉ်းချုံးပြီး တို့နှစ်ယောက် မင်္ဂလာဆောင်လိုက်ရအောင်နော်၊ ငါ နင်နဲ့ မခွဲနိုင်တော့ဘူးဟာ"

"နေဦး၊ ကျုပ် အဘကို ပြေးပြောလိုက်ဦးမယ်"

မလည်ရစ်က မောင်ရွှေပြင်လက်မှ ရုန်းနေ၍ မောင်ရွှေပြင်က တင်းကျပ်စွာ ဖက်ထားရင်း. .

"နေပါဦးဟာ၊ ညနေအိမ်ပြန်ရောက်တော့ ပြောတာပေါ့။ ခု ငါ. . ငါ ပြောစရာ ရှိသေးတယ်"

"အို. . သူ သိပ်ကဲတာပဲ၊ ပြောလေ"

မောင်ရွှေပြင်က မလည်ရစ်၏နားနားသို့ ကပ်ကာ တစ်စုံတရာ ပြောသလိုလိုနှင့် ကောက်ရိုးမွေ့ရာတွင် အလျားသင့်လေး တွန်းလှဲလိုက်ပါတော့သတည်း။

# ကြားဖြတ်မှတ်တမ်း

### သူရဲသူခက် ထွက်ပေါ်လာရာ
### ရတနာသိယ် ရွှေဘိုမြို့နယ် တစ်ကြောတစ်လျှောက်ဆီမှ

ရှေးအထက် နှစ်ပေါင်း ၁၀၀ ကျော်ဆီက မြန်မာပြည်တွင် ဂုဏ်ရောင်ပြောင်ဝင်း ကမ္ဘာ့အလင်းရောင် အခေါင်ထွတ်ကြီး ကေရာဇ်ဘုရင်မင်းမြတ်တို့၏ ဘုန်းမီးထွက်ချိန်၊ ဘုန်းရှိန်ထွက်ခိုက်၊ မပြတ်သဒ္ဒါ ရှိခိုးစွာဖြင့် တိုင်းရေးပြည်မှု အစုစုတို့ကို ကြည့်ရှုဆောင်ရွက်၊ မင်းသက်တမျှ အားထားရသည့် ရွှေဘိုတောင် လက်လှတောကြီး ငါးရွာသား၊ မှူးကြီးမတ်ရာ သင်းဝန်များ၏ ယောကျ်ားဇာနည် စွမ်းဂုဏ်ရည်တို့ကို မိရာလူကြီး တစ်သင်းမှီး၍၊ သွင်းပြီးသရုပ် ရေးဖော်ထုတ်လိုက်သော အာဇာနည် စာတမ်း။

### လှတောကြီးရွာ ဖွားရာဇာတိ ဖြစ်ကြသည့်
### အာဇာနည် ပုဂ္ဂိုလ်ကြီးများမှာ. .

၁။ ရွှေ့ဝန်းတော်မှူး၊ ငရိန်ခေါ် သံနီမြို့စား၊ ရတနာသိယ် မြို့ဝန်ဂုဏ်၊ အရွှေ့ဝန်းတော်မှူး၊ ရတနာသိယ် မြို့ဝန်၊ ရဲဘက်မြင်းဝန်၊ သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာ၊ နဝမဌာန ခရိုင်ဝန်ချုပ်၊ ငါရာနဲ ခေါ် သန္တိရွှေ တစ်ဆယ့်သုံးရွာ၊ သစွေ ခြောက်ရွာစသော ဂုဏ်ဒြပ်ရှင်ကား "ဗိုလ်ရွှေပြင်" ဖြစ်ပါသတည်း။

၂။ လက်ျာကြောင်းဗိုလ်
ပစ္စလမြို့ ငရန်မြို့
သင်းဝန်ခရိုင်နှင့်တကွ
တောင်သာမြို့စား မဟာမင်းလှမင်းထင်ထန်ဘွဲ့ရ
"ဦးရှမ်းအိုး"

၃။ ချွန်းတောင်မြတောင်အုပ်
ဗန်းမော်မြို့ဝန်
ဒီပဲရင်းမြို့ဝန်ကြီး
လက်ျာဖြန့်ချိဘွဲ့ဂုဏ်ထူးဆောင်ရ
ရွှေတိုက်ကြပ် ငွေစက်ရုံ စာရေးတော်အုပ်
"ဦးတုတ်ကြီး"

၄။ လက်ဝဲကြောင်းဗိုလ်
မိုးဗြစ်ကဲတော်ကြီး
စော်ဘွားခြောက်ယောက်ချုပ်ကြီး
နေမျိုးသီဟသူရ
ရွှေဘွဲ့ခံ မိုးဗြစ်ကဲတော်မင်း
"ဦးကျော်ခေါင်"

၅။ ရွှေးလက်ဝဲဗိုလ်
လော ဇေယျသန်း မြို့စားကြီး
ရွှေလွန်းကျော် လှေအုပ်
လက်သုံးတော် ကိုယ်တော်ကြီးချုပ်
နေမျိုးမာန်ရှိန်
ခါတော်ဆင်း ရွှေးလက်ဝဲဗိုလ်
"မင်းဦးညို"

၆။ ရွှေဘိုခရိုင် တောင်လက်ဗိုလ်
မြို့သစ်ဝန် ကျားရွာစား
ရွှေပြည်မာန်အောင်တပ်ချုပ်

ကွမ်းရေတော်အုပ်ပိုင်
နေမျိုးသီဟသူရ
လက်သုံးတော်ကြီး
"ဦးကျော်"

။ ရွှေဘိုမြင်းမြေ နဝမ ခရိုင်မှူးကြီး
လက်ဖက်တော်ခန်းပိုင်
မင်းလှထန်အောင် နေမျိုးမှန်ကူဘွဲ့ရ
လက်သုံးတော်ခေါင်းမြင်းစာရေးကြီး
"ဦးထွန်း သတိုး မင်းလှ မင်းခေါင်"
ရာဇာဘွဲ့ရ နေပြည်တော်
နဝမ ခရိုင်ချုပ်ကြီး
ဦးရွှေဖြင်၏ စတုတ္ထသား။

၊ လက်ရေးဗိုလ်ရွှေမြို့တော်
လေပြင်ရှိမြို့ စာရေးကြီးလက်သုံးတော်
နေရာတော်သံ
ရေဦးမြို့သစ်စား
"ဦးဘို"

၊ ရွှေပြည်မှန်ကင်း တပ်ချုပ်ဗိုလ်
ညဥ့်ညီလာခံ ကိုယ်လက်သုံးတော်နေရ
သံမှူးကြီး
ရွှေစားတော်ထမ်း အဝေးဝန်
စာချီမင်း
"ဦးဝန်"

၀။ တပ်အောင်ပြန်
ရွှေတိုက်စာရေးကြီး
ရေဦးမြို့သစ် တပ်ကဲတော်မင်း
"ဦးလှိုင်"

လှတောကြီး ငါးရွာအဝင် တျိုးကန်ရွာတွင် ဘွဲ့ရဇာတိ ဖြစ်ကြသော
နာမတာရှည် အာဇာနည် ပုဂ္ဂိုလ်ကြီးများမှာ. . .

၁။ စုလကျာ်ဗိုလ်
ရွှေတိုက်စိုး
ငွေတိုက်စက်ရုံမှူး
စကု စလင်း မြို့ဝန်
နေမျိုးသိခ် (ဘွဲ့သတ်)
စလင်းဝန်ကြီး
အိမ်တော်ပါ
"ဦးညဏ်ပြား"

၂။ နတ်ရှင်ရေး ဗိုလ်ချုပ်
ကျောက်ဆည် မြစ်သား မြို့စား
ရွှေထီးစိန်အုပ်
နန်းမတော်ကြီး အိမ်တော်သားမှူး
အိမ်တော်ပါ ကိုယ်ရံတော်ကြီးချုပ်
"ဦးအိပ်"

၃။ မင်းလှ ဇေယျသူရဘွဲ့ရ နေပြည်တော် ၁၂ ခရိုင် ရောင်တိုင် စာရင်း
အုပ် ရွှေလှံ့စွဲ (၆၀၀) ချပ် လက်သုံးတော် ကိုယ်ရံရွှေ
ရွှေလှံ့တပ်ဗိုလ်
ကောလင်းမြို့စား
ရွှေမြို့တော်ဝန်
မင်းကြီး မဟာ သက်တော်ရှည်ဘွဲ့ရ
ကျောက်စီတောင်ဝှေးရ
လက်နက်တော်ဝန်ရာထူး
မင်းကြီး မဟာမင်းခေါင် နော်ရထာ ခေါ်
"ဦးချိတ်"

လှတောင်းရွာ အပါအဝင်
ရေထွက်ရွာ သွားရာဇာတိ ဖြစ်ကြပါသော မှတ်သားရန်
အာဇာနည် ပုဂ္ဂိုလ်ကြီးများမှာ. . .

၁။ သောင်းလုံးဗိုလ် တပ်တော်မှူး
လက်သစ် လေ့ကား ပွဲနင်းမှူး ဝါးနက်
ခြောက်စင်းကိုင်း
ရေနံ့သာမြို့စား
အပါးတော်မြဲ
နေမျိုးဦးသျှောင်ဘွဲ့တော်ရှင်
"ရွှေဓားဗိုလ် ဦးဖဲဝါ"

၂။ တိမ်ကြားမင်းခေါင်ဘွဲ့ခံ
"ဦးဘိုးကြိုင်"

၃။ "ဦးထိန်"

အထက်ပါ ပုဂ္ဂိုလ်ကြီးများကား အရည်အချင်းအလိုက် ချီးမြှင့်တော်မူ၍သာ လျှင် ဤဘွဲ့ ဤမြို့ရွာများကို သနားတော်မူခံရသော်လည်း မြန်မာပြည်ကြီးအတွက် မြင်းမြေကထွက်၍ အသက်ကို ပဓာနမထား မိမိကိုယ်ကျိုး ကြီးပွားရန်လည်း မမျှော်၊ နေပြည်တော်ဌာန သာစွအရေးတို့ကိုသာမက မသူတော် မအုပ်စည်းရ အမိန့်တော် အာဏာ ရှည်မြင့်ကြာအောင်၊ အင်ပါယာနိုင်ငံများမှ အာသံ မဏိပူရ၊ အိန္ဒိယ၊ အင်္ဂလိပ် စသော စစ်တောင်း ပန်းဝါ ရခိုင် ယိုးဒယားနိုင်ငံများနှင့် ပြင်သစ်ရန် ဖက်၍. . .

အရှုပ်ကိုရှင်း
ဓားလှံထွင်းက
ပစ်ခတ်ကြသော်လည်း
အရှင်ဘုန်းကြီး ကျွန်ဓားပြီးသည်

ဆိုရိုးစကားအတိုင်း နိုင်ငံတာဝန်ကို ဦးလည်မသုန် ထမ်းရွက်ခဲ့ကြသော လှတောကြီး ငါးရွာ၊ ရွာသားတို့၏ ဝေးနီးသတင်း အာဇာနည် ပုဂ္ဂိုလ်ကြီးတို့ သတ္တိသွေး သတင်းကို စူးစမ်း၍ အာဇာနည်စာတမ်းကို "အသျှင် ဝိသုဒ္ဓါစာရ" (တိုင်းသံဃာ့နာယက) ဂိုဏ်းလုံးဝန်ဆောင် နာယက၊ ဒက္ခိဏာရုံကျောင်းတိုက်၊ လှတောကြီးရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်း ကျေးဇူးဖြင့် ဂုဏ်ထူး ဘွဲ့ထူးများ အတိအကျ ဖော်ပြလိုက်နိုင်ပါသတည်း။

## မင်္ဂလာဆွမ်းနှင့် ကန်တော့ခန်း

"ဟောဗျာ၊ ဒါတွေက ဘာတွေတုန်းဗျ"

သူကြီး ဦးဖန်သည် သူ့ရှေ့တွင် ယွန်းလင်ပန်းနှင့် ဟင်းသုံးလေးခွက်၊ ထမင်းတစ်ပန်းကန် အမောက်ကြီး ခူးထည့်ထားသည်ကို ကြည့်ရင်း စူးစမ်းပုံနှင့် မေးလိုက်သဖြင့်. .

သူ့ရှေ့တွင် ဝတ်ကောင်းစားလှ နှစ်ယောက်သား ဝတ်ဆင်၍ နှစ်ယောက်သား ရိုရိုသေသေ ပုဆစ်တုပ် ထိုင်နေကြသော မောင်နှံစုံတို့သည်. .

"မှန်လှပါ ဘကြီးဖန်ဘုရား။ ဒါက ယုန်ထောင်းကြော်၊ မန်ကျည်းစိမ်းထောင်း၊ ဘူးရွက်ဟင်းချို၊ ငါးပိကောင်နဲ့ ငရုတ်သီးတောင့်ကြော်ပါ ဘုရား။ အိမ်မှာ အဘမွေးနေ့ ဆွမ်းကပ်ရင်း ကျုပ်နဲ့ မလည်ရစ်တို့ မင်္ဂလာဆောင်လိုက်ကြပါပြီဘုရား"

"ဟေ. . "

"ဦးထွန်းအောင်၊ ဒေါ်လှဝင်းတို့က ခွင့်ပြုသလား၊ ရပ်ထဲရွာထဲကော ကျေးသေးသလား"

"မကျွေးပေါင်ပါ ဘုရား"

"ဘာကြောင့်. . "

"သူတို့က မျက်လုံးတစ်မျိုးနဲ့ကြည့်ရင် ကျုပ်ကလဲ ခံချင်မှာမဟုတ်လို့ပါ ဘုရား။ ဘကြီးဖန်ကသာ အကြောင်းပေါ်ရင် မောင်းဆော်ပြီး မင်္ဂလာဆောင်ကြောင်း ကြေညာပေးပါဘုရား"

"ဟော . . မင်းလက်ထက်မှ မြန်မာမှုဖျက်ပြီး မိန်းမတစ်ယောက် ကောက်ခနဲ ယူရတာ တယ်လွယ်ပါလားကွာ၊ တယ်လွယ်ပါလား"

"ဘကြီးဖန် ဝေဖန်ချင်သလိုသာ ဝေဖန်ပါတော့ဘုရား"

"မင်းက တပ်တော်ထဲ ဝင်ချင်တာဆို"

"ဟုတ်ပါတယ် ဘကြီးဖန်ရယ်။ အဘလဲ အားမကိုးတော့ပါဘူး။ ရွှေနန်းရှင်ဘုရား သားတော်က ချိုးတည်ခါတည် ကြက်တိုက်ကောင်းတဲ့လူတွေ ချီးမြှင့်တော်မူတယ်ဆိုလို့ ချိုးခါများကို အမျိုးအရာခွဲခြားပြီးတော့ကို တည်တတ်ပါပြီ ဘုရား။ ဒါတွေလဲ ကျွန်တော့်လက်ရာတွေပါပဲ"

"အင်း. . ယုန်ကလေးတွေ တော်တော်များများ သေရှာမှာပဲ။ ဒါနဲ့ သမင်တို့ ဆတ်တို့ကော မရဘူးလား"

"ရနိုင်ပါတယ် ဘုရား။ မနေ့က ယုန်ချည်းပဲ ပစ်မယ်ဆိုတဲ့နေ့မှ တွေ့လိုက်တဲ့ သမင်တွေ ဆတ်တွေ။ တစ်ကောင်များ ချိုနဲ့သစ်ကိုင်း ငြိနေလို့ ကျုပ်က သွားဖြတ်ပေးလိုက်ရပါသေးတယ် ဘုရား"

"အို . . ဒီလောက် အလွယ်တကူ ရနေတာပဲ"

"တောဝင်ရင် သစ္စာဆိုပါတယ် ဘုရား။ ဒီနေ့အဖို့ရာ သမင်ဆိုရင် သမင်ပဲ လိုက်ပါတယ် ဘုရား။ ယုန်ကလေးတွေ ပေါင်ပေါ်လာပြီး အိပ်နေရင်တောင် ကျွန်တော် မသတ်ပါဘူး ဘုရား။ ဒီနေ့တော့ ယုန်တော်တော်များများ ရှာရမှာမို့ ဆတ်နဲ့သမင် တွေ့ပါလျက်နဲ့ ကတိသစ္စာအတိုင်း မပစ်ခဲ့ရတာပါဘုရား"

"ဟော . . မင်းတို့ မုဆိုးနီတိကလေးက မဆိုးဘူးကွ"

"ဟုတ်ကဲ့ ဘကြီးဖန်။ ကျွန်တော်တို့ ကန်တော့ပါရစေ"

"ဟော . . အေး အေး၊ ကန်တော့ကြ၊ ကန်တော့ကြ"

ဦးဖန်က ကိုယ်သေးသေးကို ခပ်ခန့်ခန့် တင်ပျဉ်ခွေထိုင်ရင်း အကန်တော့ခံသည်။

"ကျွန်တော်တို့ လူငယ်တွေ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ အဘဖန်ရယ်"

သူကြီး ဦးဖန်က. . ဘုန်းကြီးစေ၊ သက်ရှည်စေ၊ သည်လင် သည်မယား အိုအောင်မင်းအောင် ပေါင်းနိုင်ပါစေ စသော ဆုရှည်ကြီးများ ခပ်ရှည်ရှည်လေး ပေးပြီးမှ. .

"ငါ့ကို ဆိတ်အမှတ်နဲ့ ခြံစည်းရိုးကို ကျော်လွှား ဖြတ်ကျော်တာမျိုး နောင်တွင် ရှင်းရှင်း ကင်းစေဗျား"

ဟု ဆုပို ထည့်လိုက်၍ သျှောင်ကွင်းမြိတ် ရှည်ရှည်ကလေးနှင့် မောင်ရွှေဖြင်၊ ဆံတောက်ဖားကြီးနှင့် မလည်ရစ်တို့ ကန်တော့လျက်သားမှ ပြုံးစေ့ပြုံးစေ့ ဖြစ်သွားရပါတော့သတည်း။

သူတို့နှစ်ယောက် ဝတ်ကောင်းစားလှနှင့် သူကြီး ဝိုင်းထဲက ထွက်လာသည်ကို ရွာက လူတွေက ကြည့်ကွက် ကြည့်ကွက်လုပ်၍နေရင်း တစ်ဦးကိုတစ်ဦး မေးဆတ်လျက် ရှိကြပါတော့၏။

"ဒူ. . ဒူ. . ဒူ. . "

သူကြီး အိမ်ဘေးရောက်မှ မောင်းထုသံ တဒူဒူ ကြား၍ သူတို့နှစ်ဦးသား ပြန်လှည့်မည်ပြုနေစဉ်၊ သူကြီးက အိမ်ဘေး လေသာဆောင်မှ သူ့ကိုယ်လေး ပိန်ပိန်တွင် ခန့်ညားစွာ ခါးထောက်၍. .

"သွားကြ. . သွားကြ၊ မင်းတို့ မလာကြနဲ့တော့၊ မလာကြနဲ့တော့"

ဟူ၍ ဆိုလိုက်သဖြင့် သူတို့နှစ်ဦး အသာရပ်ကြည့်နေစဉ် တစ်အိမ်တစ်ယောက် ပြေးထွက်လာကြသည်။ သူကြီးအိမ်ဆီသို့ သုတ်သုတ်ကလေး ဝင်လာကြသည်။ သူကြီးအိမ်ဝင်းထဲ ဖိနပ်ပင် မစီးရဲကြပါ။

တဘက်၊ ခေါင်းပေါင်းပြင်ကာ ပေါင်းကာဖြင့်၊ ချည်စောင် အညာစောင် ခြုံကာ ပတ်ကာဖြင့်၊ သတ်မှတ်ထားသော မျက်နှာစာဝိုင်းရှေ့တွင် ပျပ်ဝပ် ချပ်ချပ်၊ ဝိုင်းလုံးပြည့်ပြည့် ထိုင်ချလိုက်ကြပါတော့၏။

သူကြီးကား သစ်သားကွပ်ပျစ်ကြီးနှစ်ခု ဆက်ထားသည့်အပေါ်မှ ခါးနှစ်ဖက် တင်းတင်းထောက်၍ စကြွေးလျှောက်လိုက်သေးသည်။

"ရွာသူ ရွာသားများ. . "

"ဘုရား. . "

"ယနေ့ အကြောင်းထူး သတင်းကဖြင့်၊ မေတ္တာပေါင်းကူး သတင်းထူးပဲကွယ့်"

"တင်ပါ့"

"အဲ. . သတင်းထူးသာဆိုရတယ်၊ ရွှေဖြင်နဲ့မယ်ရစ် သင်းတို့နှစ်ဦး တပူးတွဲတွဲ ဖြစ်ရင်းဆဲမို့ ဆန်း၍ဖြင့် မထူးလှပါဘူး။ မေတ္တာကူးလူး အထူးပေါင်းဖက် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုက်ကြပြီကွယ့်"

"ဟင်. . "

"ဟာ. . "

"ကွမ်းတစ်ရိုး၊ လက်ဖက်ရည်ခါး တစ်ခွက်၊ တစ်စက်မှ မသောက်လိုက်ရပါလားလို့ ဒေါ်မနဿ မပွားလိုက်ကြနဲ့ကွယ့်။ ကရုဏာ ရှေ့ထားလိုက်ကြပါ။ ယနေ့ မနက် သံဃာတော်ငါးပါး ပို့ဆွမ်းလုပ်ကျွေးရင်း အိမ်ထောင်တစ်ခုကို တည်ထောင်လိုက်ကြပြီဖြစ်တဲ့အတွက် ဦးကြာဘန်းနဲ့ ဒေါ်ဝင်းညိုတို့သား ရွှေပြင်နဲ့ ဦးထွန်းအောင်၊ ဒေါ်လှဝင်းတို့သမီး မိလည်ရစ်တို့ကို လမ်းမှာတွေ့ရင် သင်းတို့စုံတွဲ လင်မယားကပဲလို့ စွဲစွဲကြီး မှတ်သားကြပေတော့။ ဟဲ့. . သံချောင်း မောင်းထုလကွယ်"

သူကြီးက ခပ်ငေါက်ငေါက် လှမ်းအော်လိုက်မှ သံချောင်းသည် ကပျာကယာနှင့် မောင်းကြီးကို တဒူဒူ ထုလိုက်ပါတော့သတည်း။

"ဒူ. . ဒူ. . ဒူ. ."

"ရွာသားများ. ."

"ဘုရား. ."

"ဒါ မင်္ဂလာမောင်းကွယ့်နော်၊ မင်္ဂလာမောင်း။ အခြားအကြောင်း မပြောကြားလိုဘူး၊ အားလုံး ပြန်ကြတော့၊ ပြန်ကြပေတော့"

"တင်ပါ့ဘုရား"

ပြည်တွင် ဘုရင်၊ ရွာတွင် သူကြီး ဘုန်းမီးနေလ လွန်တောက်ပ။

# ကုန်းဘောင်ဆက်မှသည် ပုဂံမင်းသို့

ဦးအောင်ဇေယျသည် ပုဂံမင်းမျိုး၊ မိုးညင်းမင်းတရားကြီးအဆက်။ မုဆိုးဘိုရွာသားပါတည်း။ သူ၏ဆွေမျိုးစုတွင် အကြီးအကဲ ဩဇာအာဏာရှိသူလည်း ဖြစ်ပါ၏။

ဦးအောင်ဇေယျ၏ သတင်း ထင်ပေါ်ကျော်ကြားနေခိုက်တွင် ၁၁၁၄ ခုနှ အင်းဝပြည်ကြီးလည်း ပျက်သောနှစ် ဖြစ်သည်။

မုဆိုးဘိုရွာကို ထန်းလုံးတပ်တွေဝိုင်းကာ ပိတ်ဆို့၍ အနိုင်အမာနေကြစဉ်၊ ဟံသာဝတီမင်း 'ကွေ့ပုဏ္ဏအိမ်' တို့က ဦးအောင်ဇေယျအား သစ္စာပေး ပါးလာသည်ကို လက်မခံဘဲ သူ၏ဆွေမျိုးအသိုက်အဝန်းထဲတွင် မင်းအဖြစ်ကို ခံယူလျက် ၁၁၁၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်နေ့တွင် မုဆိုးဘိုကို မြို့တည်၍ 'ရတနာသိခ်တုန်းဘောင်ပြည်ကြီး' ဟု သမုတ်လျက် ထီးနန်းစိုက်ထူတော်မူသည်။

ဤကဲ့သို့ 'ဥဩအော်မြည် ကုန်းဘောင်တည်' ဟူသော သက္ကရာဇ်ဖြင့် ကုန်းဘောင်ဆက်၏ အဓိပတိထွတ်ခေါင်ကို စတင် ထွန်းကားခဲ့ခြင်းပါတည်း။

ထိုမှစ၍ ကုန်းဘောင်နန်းဆက် နန်းစဉ် 'ကိုးယောက်မြောက်' တွင် အထွတ်ကို ရောက်တော်မူသော ကုန်းဘောင်ရင်သွေးတော်ကား ပုဂံမင်းတည်း။

ရွှေဘိုမင်း ခေါ် သာယာဝတီမင်း ခေါ် ရွှေဘိုဘုန်းပွင့် ကုန်းဘောင်မင်းဘုရင်ကြီးတွင် နန်းဆက်ခံသင့်သော သားတော်များ အမြောက်အမြား ရှိသည့်အနက် ပုဂံမင်းကား မိဖုရားခေါင်ကြီးကမွေးသော သားကြီး ဩရသ ဂုဏ်ပုဒ်ဖြင့် မင်းလုပ်ခွင့် ရရှိခဲ့သည်။

ရတောင့်ရခဲ ရေမြေသနင်း ပြည့်ရှင်မင်းဘဝကို တန်ဖိုးရှိရှိ သမာဓိအဖုံဖုံနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည့်အစား ငယ်စဉ်တောင်ကျေး မင်းသားကလေးဘဝက ကြက်တိုက်၊ ချိုးတည်၊ ခါတည်၊ ထန်းရည်မြမြ စိတ်တိုင်းကျ ပွဲတော်တည်ရင်း အပျော်ကြူးသော မင်းသားထူး ဖြစ်ခဲ့ရပေသည်။

ရတောင့်ရခဲ မင်းစည်းစိမ်ကို ရှင်ဘုရင်သားမို့ ရှင်ဘုရင် ဖြစ်ရသည်ဟူ၍ အလွယ်တကူကြီး ရရှိလိုက်တော့လည်း ဘာတန်ဖိုးမျှ မထားတတ်တော့ချေ။

မင်းသားဘဝကပင် ငါ ရှင်ဘုရင်ဖြစ်လိုက်ရင်တော့ ပသို့ အပျော်ကြူးလိုက်မည်ဟု ကျိတ်၍ စိတ်ကူးယဉ်ခဲ့သူ မဟုတ်ပါလား။

အမှန်စင်စစ် ပုဂံမင်းသားလေးဘဝကတည်းက အပေါင်းဖျက်တော့ ပျက်ဆိုသည့်နှယ် ချိုးတည် ကြက်တိုက်တွင် ဗိုလ်ခေါ်ထိုက်သည့် ကုလား 'ဘိုင်ဆပ်' နှင့် ပေါင်းမိသွားရသောကြောင့်လည်း ပျက်စီးခြင်းလမ်းမကို ခြေချသွားရရှာသည်။

ဘိုင်ဆပ်ကား မင်းသားအကြိုက် စကားလိုက်၊ လွန်စွာ အလိုက်ပြောတတ်လှပေသည်။ အခွပ်အခတ် ကောင်းလှသော တိုက်ကြက်များကိုလည်း ရှာ၍ ရှာ၍ ယူလာတတ်သည်။

ချိုးတည် ခါတည်ကလည်း ကျွမ်းပါဘိနှင့်။ အပျော်ကြူးတတ်သော မင်းသား ချစ်ချင်စရာ ကောင်းနေရတော့သည်။

မင်းသားက သူ့ကို ဘိုင်ဆပ်ဟု ခေါ်ရပုံကလည်း လူလည်ကျလွန်းတော့သည်။ ဘိုင်က သခင်၊ ဆပ်က ဆရာ၊ သခင်ဆရာဟု အခေါ်ခံကာ အကြံကြီးကြီးနှင့်နေသူပါတည်း။

ယခုတလော နေပြည်တော်တွင် ရင်ထိတ်ဖွယ်ရာများ ကြားနေရသည်။

တစ်အချက် ရွှေဘိုမင်းတရားကြီးတွင် စိတ္တဇဝေဒနာများ စွဲကပ်နေခြင်း။

နှစ်အချက် ယခင်က အလွန် ချစ်မြတ်နိုးတော်မူခဲ့သော သားတော်ကြီး ပြည်မင်းသားအပေါ် မယုံမကြည် ဖြစ်နေရခြင်း။

သုံးအချက် မင်းတရားကြီးအလွန်မြတ်နိုးတော်မူသော ယင်းတောဝန်မင်းအား မင်းတရားကြီး ရွှေလက်တော်နှင့် လှံတော်နှင့် ပစ်ပေါက်သတ်လိုက်ခြင်းတို့ပါတည်း။

ထိုကိစ္စနှင့်ပတ်သက်၍ သားတော်ကြီး ပြည်မင်းသားအား ရှေ့တော်ဝင် ခစားရန် အမိန့်တော်ချမှတ်သည်။

သားတော်ကြီးခမျာ အဘယ်မှာ ရုတ်တရက် ခစားရဲပါမည်နည်း။

သူ့နန်းတော် ရာဇပလ္လင်ကို သားတော်ကြီးက လုယူအံ့ဟု ထင်နေသည်။ ဒါက ထားပါတော့။

မကြံလည်း မကြံဝံ့ပါ။

သို့သော် သည်အမှုမျိုးကတော့ သမိုင်းတစ်လျှောက် ဖြစ်လေ့ဖြစ်ထရှိ၍ ထားပါတော့။

ယခုတော့ မိထွေးတော် အနောက်နန်းမတော် မမြလေး (၎င်း မြလေးမေသားအမိ) နှင့် အဝင်အထွက်ရှိသည် ဆိုပုံကဖြင့် ပြည်မင်းသား လုံးဝ မခံနိုင်ပါ။

သူ့တွင် သား ငါးပါးပင် ရှိသည် မဟုတ်ပါလား။

ပြီးတော့ ကြင်ရာတော် ခဲပေါင်ထိပ်ထားဆိုတာကလည်း ဘာအပြစ်မှ မရှိသော ဇနီးကို ကျော်လွှား၍ မိထွေးတော်ဘုရားအပေါ် ဖောက်ပြားမည်တဲ့လား။

အဲ. . တစ်ခုတော့ ရှိရဲ့၊ စာပေသမားအချင်းချင်းမို့ လေးစားမှုပိုကာ သက်ရွယ်တော် မတိမ်းမယိမ်း မိထွေးတော်ကို ခေါ်သည်ကပင် မြလေးမေ တဲ့။

ရွှေဂုန်ကို ချီတော်မူစဉ်ကလည်း ပြည်ကိုယ်တော်နှင့် နန်းမတော် မမြလေးသားအမိတို့က လှေတော်ချင်းချင်း အကူးအလူး အဆက်အဆံရှိသည်တဲ့။ အနောက်နန်း မိဖုရား မမြလေး၏မယ်တော် ဒေါ်မယ်အိက ဟင်းဟောင်း၊ မုန့်ကောင်းများရှိလျှင် ပြည်ကိုယ်ကြီး လှေတော်ပေါ်သို့ သွားပေးလား ပေး၏တဲ့။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံကြိုက်လွန်းတော့သည်။

ရွှေနန်းရှင်ဘုရား စိတ်ဝေဒနာက ပြင်းထန်လာခိုက်တွင် အလွန်ချစ်သောသားတော်ကြီး ပြည်မင်းသားနှင့် အလွန်ချစ်သော ဇနီး မမြလေးတို့အပေါ် အကြည်ဓာတ်မပေါ် အထင်တော်လွဲပါတော့သည်။

သူ့ခမျာ သားတော်ကို ချစ်မြတ်နိုးခဲ့လွန်း၍ နာမည်ပင် မခေါ်၊ အစ်ကိုကြီးဟု ခေါ်ရှာသည်။

“အစ်ကိုကြီး ရှေ့တော်မှောက် ရောက်စေ”

အမိန့်တော်ကြီးက မသက်ာစရာပါ။

ယင်းတောဝန်ကြီးကိုပင် သူ့အိမ်တော် ဝင်ထွက်သည်ဆိုရုံမျှနှင့် ရင်ဝကို ရွှေလှံတော် စွဲစေခဲ့သေးလျှင်၊ သူ့ကို ပသို့ စီရင်လေမည်နည်းဟု စိုးရိမ်ခြင်း အထွတ်

အထိပ်သို့ ရောက်သွားရ၍လည်း၊ အိမ်တော်ဝင်းကို ဆင်နှင့်ဖောက်၍ ဇနီးသည် ခဲပေါင်ထိပ်ထား၊ သားတော်ငါးပါး၊ ကျွန်ရင်း ကျွန်ယုံတော်ကြီးများ၊ အထိန်းတော် အယတော်များ၊ ဆင်သုံးလေးစီးနှင့် နန်းပြင်သို့ အသော့နှင်ကာ တောသို့ ဝင်ပြေး ပုန်းရှောင်ရရှာပါပြီတည်း။

ရွှေနန်းရှင်ဘုရား ဒေါသမီး တဝင်းဝင်းနှင့် ရှိရချေတော့သည်။

လေးဗိုလ်တပ်သားများ ခု ချက်ချင်းလွှတ်၊ သားတော် ပုဂံမင်းသား မတ္တရာက သတင်းပို့။

ပုဂံမင်းသားကား ရေငတ်တုန်း ရေတွင်းထဲ ကျလေပြီတကား။

ဘိုင်ဆပ်ခေါင်းတည်၍ သူ့နောက်တော် ဗိုလ်နက်ကျော် စသော သူ့ ညာလက်ရုံး၊ ဘယ်လက်ရုံး၊ ကြက်တိုက်ကောင်းသော၊ တောလိုက်တော်သော အသောက် အစား သန်၍ မူးဟန်လေး တပြုပြုနှင့် အခွဲ့အတာ အလျှောက်ကောင်းလှသော ငယ်ကျွန်တော်တစ်အုပ်ဖြင့် ပုဂံမင်းသား မတ္တရာသို့ တခမ်းတနား ထွက်တော်မူ ရသည်။

အမှန်စင်စစ် လေးဗိုလ်အဖွဲ့မှာ အပြစ်ရှိသော ပြည်မင်းသား မိသားစုကို မဖမ်းမဆီးရက်ပါ။

တောခြောက်၍ ညာသံပေးလိုက်နှင့် လွတ်သွားလျှင်လည်း သည်မင်းသား မိသားစု လွတ်သွားပါစေတော့ဟု ဝတ္တရားအရ လိုက်ဖမ်းရသော်လည်း အချိန်ကို ရတန်သရွေ့ ဆွဲနေပေသည်။

ပုဂံမင်းသားကမူ ခမည်းတော် ရွှေဘိုမင်းတရားကြီးထံ. .

“ဟောဒီမှာပါဘုရား၊ ပြည်မင်းသား မိသားစုပါဘုရား။ ‘မိုင်းလုံ’ မရောက်ခင် မိခဲ့ပါသည်ဘုရား။ အမှုတော်ကို ဝက်ဝက်ကွဲ ဆောင်ရွက်ခဲ့ပါတယ် ဘုရား”

ဟူ၍ အလွန်တရာ လောကွတ်လုပ်ချင်လှပါသည်။

သို့သော် လေးဗိုလ်အဖွဲ့ လှုပ်ရှားပုံ၊ လိုက်လံရှာဖွေကြပုံကို သတင်းပို့ရုံ ကလေး တာဝန်တစ်ခုသာ ထမ်းဆောင်၍ သည် မတ္တရာစခန်း မင်းတဲ (အိမ်ကြီး) တစ်လုံးပေါ်တွင် အပျော်ကြီးပျော်ရသော အရသာကိုဖြင့် ရုတ်တရက် လက်မလွှတ် ချင်သေးပေ။

ထို့ကြောင့်လည်း စိတ်ထဲကဖြင့် ပြည်မင်းသား မိသားစုကို ရုတ်တရက် မတွေ့ပါစေနဲ့ဦးဟူ၍ ကျိတ်၍ ဆုတောင်းနေသူပါ။

"ကိုယ်တော်လေး ဘုရား၊ မတ္တရာ ထန်းရည်ကျော်နဲ့ ချိုးသားကြော်၊ စနိုက်ကြော်၊ ရေဝမ်းဘဲကြော်၊ ကြက်သားကြော်ပါ ဘုရား။ သုံးဆောင်တော်မူပါ ဘုရား"

ကုလားဘိုင်ဆပ်က သူကိုယ်တိုင် တယုတယ တရင်းတနှီး ပြုစုသည်။ တိုက်ကျွေးသည်။

ရွှေဖလားနှင့် ထန်းရည်ခါးကို မင်းသားသည် ဝမ်းပန်းတသာ လှမ်းယူလိုက်သည်။

"စနိုက်ကြော် ပူပူလေးပါ ဘုရား"

ပုဂံမင်းသား သွားတော်ပြတင်း ဝင်းခနဲဖွင့်၍ ရယ်တော်မူသည်။

ဘိုင်ဆပ်၏ ပုခုံးကို ဗုန်းခနဲ ပုတ်ရင်း. .

"ကိုယ်တော့် ဘိုင်ဆပ်က ဒါတွေ အားထားရတာဗျ"

"အားထားပါဘုရား၊ အားထားပါ။ ကိုယ်တော့်အတွက်ဆိုရင် ဘိုင်ဆပ်တို့ ရင်နှစ်ခြမ်း ပြန်းခနဲ ကွဲသွားပါစေ၊ ဘာလုပ်ရ လုပ်ရပါဘုရား"

"ဟား. . ဟား. . ဟား. . ကိုယ်တော့် ဘိုင်ဆပ်ရယ်၊ အားရတော်မူလှတယ်ဗျာ၊ အားရတော်မူလှတယ်။ ကိုယ်တော် အထွတ်အထိပ် ရောက်ရင်တော့လား"

"မှန်ပါ၊ ကိုယ်တော် ချီးမြှင့်မှ ကြီးပွားချမ်းသာရမယ့် ဗုံးအိုသား ကုလားလေးပါ ဘုရား"

"စိတ်ချ. . စိတ်ချ လိုချင်တဲ့ရာထူး အထူးပေးမယ်ဗျား"

"ဝမ်း. . ဝမ်းသာလိုက်တာ ကိုယ်တော်လေးရယ်။ ဒါ. . ဒါနဲ့ ယင်းတောဝန်ကြီးကို ရွှေနန်းရှင်ဘုရားက အလွန်ချစ်တာပဲ ကိုယ်တော်လေးရဲ့။ ခုတော့ ဘာကြောင့်များ လှံတော်နဲ့ ကိုယ်တော်တိုင် ထိုးသတ်လိုက်ရတာလဲ"

"ဩော်. . ဘိုင်ဆပ်ရယ်၊ ခမည်းတော်ဘုရားက ယင်းတောဝန်ကြီးနဲ့ဆိုရင် ရယ်စရာ မောစရာတွေပြောပြီး ချစ်ကြတာဗျ"

"ချစ်တာကလဲ ဘုရား"

"သည်လိုလေ ဘိုင်ဆပ်ရဲ့။ ခမည်းတော်ဘုရားက အမေးတော် ရှိတယ်လေ။ မောင်မင်းဟာ ပြည်မင်းသားထံ သွားရောက်၍ မြှောက်ထိုးပင့်ကော် ခမည်းတော်ကို ပုန်ကန်ရန် အားပေးနေတဲ့အထဲမှာ ပါဝင်နေသလားလို့ မေးတော်မူတယ်။ တကယ်ဆိုရင်. . မပါဝင်ကြောင်းပါ ဘုရားလို့ လျှောက်လိုက်လဲ တဒင်္ဂတော့ဖြင့် ရှူးခနဲ ဘယ်ဒေါသထွက်ပါ့မလဲဗျာ။ ခုတော့ လျှောက်ထားပုံလဲ နားထောင်ဦး ဘိုင်ဆပ်ရယ်

မှန်လှပါ၊ အရှင့် အရိပ်တော်ကလွဲရင် ပြည်ကိုယ်တော်ပဲ တိုင်းပြည်နိုင်ငံကြီးကို ထိန်းသိမ်းအုပ်စိုးနိုင်မယ့် အရည်အချင်းရှိသဖြင့် အားပေးသင့်၍ အားပေးမိကြောင်း ပါဘုရား. . တဲ့ဗျာ။ ခမည်းတော် ဒေါသဟာ အထွတ်အထိပ် ရောက်သွားတော့ တာပေါ့ဗျာ"

"ကျွတ်. . ကျွတ် မလိမ္မာရှာဘူးနော် ကိုယ်တော်လေး။ ပြီးတော့ ကိုယ်တော် လေးကတော့ကော တိုင်းနိုင်ငံ မထိန်းသိမ်းနိုင်တော့ဘူးလား ဘုရား"

"ကဲပါလေ ဘိုင်ဆပ်လို မလိမ္မာလိုပေါ့၊ ခုတော့ သူ့တရားက သူ့ကို စီရင် သွားပြီဗျာ"

"ကဲပါဘုရား၊ ကိုယ်တော်လေး ဦးနှောက်တော် ရှုပ်ပါမယ်ဘုရား။ ရွှေနန်း ဟော်က ချည်ခင်ရှုပ်ကြီး အသာထားပြီး သုံးဆောင်တော်မူပါ ဘုရား။ ချိုးကြော် ကလေးများ ကြွပ်နေတာပါပဲ ဘုရား"

ဘိုင်ဆပ်သည် အခြားသော ခြွေရံတော် ကာလသားများ မတိုးနိုင်အောင် သူ့ချည်း စကားတွေ တချိုချိုနှင့် လောကွတ်တွေ တပိုပို ရှိရပါတော့သတည်း။

"ဟောဒီ ကြက်ရင်အုပ်ကြော်လဲ သုံးဆောင်ကြည့်ပါ၊ ကိုယ်တော်လေး သုံး ဆောင်ဖို့ ဘုရားကျွန်တော်မျိုးကိုယ်တိုင် ဟင်းမွှေးမဆလာနဲ့ နှပ်ပြီးမှ ကြော်တာပါ ဘုရား"

"အင်း. . အင်း. . ကောင်းလေစွ ဘိုင်ဆပ်၊ ကောင်းလေစွ။ ကိုယ်တော် အကြိုက်တော်ကို သိပါပေတယ်၊ တော်ပါပေတယ်။ ဒုက္ခလဲ ခံနိုင်ပါပေတယ်"

"ကိုယ်တော်လေးရယ်၊ မိန့်ရက်လိုက်တာ။ ဒါကို ဒုက္ခလို့ မထင်ပါဘူးဘုရား။ သုခလို့ပဲ ထင်ပါတယ်ဘုရား"

"ဟား. . ဟား. . ဟား. . ဒီသုခတွေက ဘိုင်ဆပ်ကို တစ်နေ့ အကျိုးပြုပေ ဦးတော့မှာပေါ့ဗျာ"

"ကျေးဇူးတင်လှပါတယ်ဘုရား၊ မိန့်ရုံနဲ့ပဲ ဖိန့်တုန်အောင် အမှုတော်ကို ရိုကျိုးစွာ ရွက်ဆောင်ဖို့ အရန်သင့်ပါဘုရား၊ အရန်သင့်ပါ"

ဘိုင်ဆပ်ကား ပါးစပ်ကပါ ခရာသည်မဟုတ်။ ကိုယ်လက်ဟန်အမူအရာ များကပင် ပုဂံမင်းသား၏ နှလုံးအိမ်ကို ဆီစိမ်သည့်နှယ် ချစ်မြတ်နိုးဖွယ်ကို ဆောင် တတ်သူပါတည်း။

"ကိုယ်တော်လေးတော့ ဝမ်းမသာစကောင်း သာစကောင်း ပြည်ကိုယ်တော်ခုလို ထွက်ပြေးတိမ်းရှောင်နေတာကိုကပဲ ကိုယ်တော်လေး သည်မှ ပျော်ပွဲကျင်းပဖို့ အခင်းသာနေရသလိုဗျာ့"

"မှန်လှပါ၊ ဥပဒ်နဲ့လာဘ် ကပ်နေသလိုပါဘုရား"

"ဟား. . ဟား. . ဟား. . ဘိုင်ဆပ်ကဖြင့်ဗျာ၊ ပြောလဲ ပြောတတ်ပါပေ့"

ဆရာတပည့် လေပေးလေယူတည့်၍ တဟားဟား၊ တဝါးဝါး ဖြစ်နေရပါတော့သတည်း။

# အလွယ်နှင့်အခက်

အိမ်ပြတင်းမှ လှမ်းမျှော်၍မြင်နေရသော ဖိုးလမင်းကြီးကို အငေးသား ကြည့်နေမိသူကား မောင်ရွှေပြင်ပါတည်း။

"ဪ. . ဖိုးလမင်းကြီးရယ်၊ မိန်းမတစ်ယောက်တော့ ကောက်ခနဲ ရလိုက်ပါပြီ၊ ငှက်ပျောသီး အခွံနွှာစားရသလို တယ်လွယ်ပါလား"

"ငါရောက်ချင်လှတဲ့ ရွှေနန်းတော်ကြီးထဲများ အဲလို အလွယ်တကူရောက်ရရင် ဘယ်လောက်ကောင်းမလဲ။ မိန်းမယူရတာ လွယ်ကူသလောက် မင်းခယောက်ျားဖြစ်ဖို့ တော်တော် မလွယ်ပါလားနော်. . "

သူသည် စိတ်ညစ်လွန်းသဖြင့် အသံထွက်၍ပင် ညည်းလိုက်မိသဖြင့် အအိပ်ဆတ်သော မိလည်ရစ် ဖျတ်ခနဲ လန့်နိုးသည်။ မောင်ရွှေပြင်ကား မိလည်ရစ်တစ်ယောက် မြိုက်မြိုက်စွာ အိပ်နေသည်ထင်၍ ပြတင်းပေါက်နားသို့ အသာအယာ ထသွားသည်။

ပြတင်းပေါက်ကျယ်ကြီးတွင် တင်ပျဉ်လွှဲထိုင်၍. .

"အို. . အသင်လောက၊ ကျွန်ုပ်အား ဤသို့ပင် ခိုးသားတိုက်သားဘဝနှင့်ပင် ထားနေတော့မည်လား။ ယနေ့ ရွာထဲက လူငယ်လောကတွင် ကျွန်ုပ်လောက် လှံပစ်၊ မြင်းစီး ကျွမ်းသည့်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်သေးပါ။ သို့နှင့်ပင် ကျွန်ုပ်အား ရွှေနန်းတော် ဂိတ်စောင့်ကလေးမျှ ဖြစ်လာအောင် ဆောင်ကြဉ်းသူ မရှိပါလားနော်"

သူက နှုတ်မှ တဖွဖွရွတ်ဆိုလျက် တမ်းတမ်းတတ ညည်းညူနေမိသည်။

မိလည်ရစ်သည် အကုန်အစင် ကြားလိုက်ရုံမက သူ့ယောက်ျား၏ တပ်တော်သားဖြစ်ချင်လှသော ဝေဒနာကိုလည်း သူက အစင်းသိပြီးပါ။

ထို့ကြောင့် ပြေကျနေသော ဆံထုံးကို သပ်သပ်ရပ်ရပ် ပြန်ပြင်ရင်း. .

"မောင်ကြီး အိပ်မပျော်သေးဘူးလားတော့"

"မပျော်သေးပါဘူး မယ်ရစ်ရယ်၊ ငါလေ ဘကြီးယောက်ဆီမှာ သင်ခဲ့ကြားခဲ့ရတာတွေ ပြစမ်းချင်တယ်ဟာ။ တပ်တော်သားတစ်ယောက် အသာလေး ဖြစ်နိုင်တာပေါ့ဟာ"

"မောင်ကြီးကလဲကွယ်၊ ဒါပဲ စိတ်ဝေဒနာဖြစ်နေတာကိုး"

"မောင်ကြီးက ကြီးမှုဖြစ်ချင်တာ မဟုတ်ပါဘူး။ ငယ်ငယ်တုန်းက စစ်သူကြီး မဟာဗန္ဓုလအကြောင်း ကြားဖူးတယ်လေ။ ဒီနေရာမှာ မောင်ကြီးသာဆိုရင် အင်္ဂလိပ်အမြောက် မထိစေရဘူး။ နေရာပြောင်းပြီး ခုခံမှာပဲ။ အသက်သေခံ တိုက်ပြီး ရှုံးသွားရတော့လဲ ဘာအနှစ်သာရရှိလဲ မယ်ရစ်ရယ်"

သူ့ရှေ့မှ မခို့တရို့ကလေး ရပ်နေသော မယ်ရစ်ကို ဆွဲယူထွေးဖက်ထားလိုက်သည်။

"မောင်ကြီးရယ်၊ ပတ္တမြားမှုန်ရင် နွံမနစ်ပါဘူး မောင်ကြီးရဲ့။ မောင်ကြီး အရည်အချင်းတွေ သူတို့တပ်တော်က ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေ မြင်သွားဖို့ အရေးကြီးတယ်"

"အဲဒါပေါ့ မယ်ရစ်ရယ်။ ငါ့အရည်အသွေးတွေ ဘယ်လိုပြရပ့ါမလဲဟာ"

"ဩော်. . ဒါနဲ့ နက်ဖြန်ဆိုရင် ရွာမှာ ဘုရားပွဲစမယ်။ အဲဒီဘုရားပွဲ စတဲ့နေ့ဆိုရင် မယ်တော်ဘုရား လာတတ်တယ်။ မောင်ကြီး လမ်းခွဆုံက သွားစောင့်ပါလား"

"စောင့်ပြီး ဘာလုပ်ရမလဲဟင်"

"မယ်တော်ကြီးကို ဆီးပြီး မိတ်ဆက်ရမှာပဲ။ ပြီးတော့ ဘုရားကျွန်တော်မျိုးကို တပ်တော်ထဲခေါ်ဖို့ တပ်မှူး၊ တပ်ဗိုလ်တွေဆီမှာ ပြောပေးပါလို့ ပြောင်ပဲ လျှောက်ထားလိုက်ပါလား မောင်ကြီးရဲ့"

"အမယ်လေး. . . မယ်တော်ကြီးကလဲ အစောင့်အယတွေနဲ့ လာတာဗျာ၊ အနားတောင် အသီခံမှာမဟုတ်ဘူး"

"မောင်ကြီးဟာက အားလျှော့တာ အလျှင်ပဲကိုး၊ ကဲ. . ကဲ မောင်ကြီး အိပ်တော့။ မနက်သာ စောစောကတည်းက ရွာခွဆုံက သွားစောင့်နော်"

မလည်ရစ်က သူ့ခင်ပွန်းကို ဖျောင်းဖျောင်းဖျဖျနှင့် အတော် အအိပ်ခိုင်း ယူရသည်။

မောင်ရွှေပြင်ကား အိပ်မယ့်အိပ်တော့လည်း ခေါင်းချလိုက်သည်နှင့် ခေါခနဲ အိပ်ပျော်ခြင်းသို့ ရောက်သွားရပါတော့၏။

နောက်တစ်နေ့နံနက်တွင် မလည်ရစ်ကပင် နှိုးလွှတ်လိုက်ရသည်။ ရှုံ့ကြိုး အိတ်နှင့် ဆန်လျော်တစ်အိတ်ကို ကြိုးသိုင်း၍ လွယ်စေသည်။ ဘူးခြောက်ရေနှင့် ရေတစ်ဘူး။ ဇနီးသည်ပေးလိုက်သော စားနပ်ရိက္ခာကိုယူ၍ နန္ဒာတောင်သို့ သွားသော လမ်းဆုံလမ်းခွသို့ သွားစောင့်သည်။

သူသည် ထမင်းခြောက်ကြော်တစ်ဆုပ် ဝါးလိုက် ရေဘူးက ရေ မျှောချလိုက်နှင့် စောင့်နေသည်။ စိတ်ရှည်ရှည်နှင့် စောင့်သည်။ တော်တော်နှင့် မည်သူမျှ ပေါ် မလာချေ။

ဒါကလဲနော် မယ်ရစ်ပြောတာ ယုံလိုက်တာပဲ။ ကလေးကျနေတာပဲ။ မယ်မယ်ကြီး မနှင်းက သည်ဘုရားပွဲကို လာပေမယ့် ဒီနှစ် ဒီရက်လာမယ်လို့ ဘယ်သူက အကြောင်းပြောနိုင်မှာတဲ့လဲ။

ဟော. . သုံးယောက်ပါလား။ လက်ထဲမှာလဲ ငှက်ကြီးတောင် ဓားတွေနဲ့။

သူက ကုက္ကိုပင်ကြီးပေါ် တလွှားလွှား တက်လိုက်သည်။

သုံးယောက်ကို သေချာစွာ ခုမှ ကြည့်မိသည်။ အဘယောက်ထံ မြင်းစီး အကောင်းအသင်ကြသော ညောင်ပင်သာရွာသားတွေပါတကား။

ဟော. . သူတို့ စကားပြောနေကြတယ်။

"မယ်မယ်ကြီးလာမှာ သေချာရဲ့လားကွ"

"ဟ. . မုံရွာခရိုင် နန္ဒတောင်ရွာဆိုတာ. . ၊ ဒါ သူ့ရွာက ဘုရားပွဲပဲ။ လာတာ မှ သုံးရာဘန်းစရာ ငွေထုပ်နဲ့လာတာဗျ"

"ဟော. . ပြောရင်းဆိုရင်း ချူသံကြားတယ်"

"ဟုတ်ပ့ါဗျာ၊ ရွှေနန်းတော်က ချူလုံးသံ အစစ်ပဲ"

"ဟေ့. . ဟေ့ အရမ်းမလုပ်ကြနဲ့နော်၊ မယ်မယ်ကြီးကို လုံးဝ မနာကျင်စေနဲ့။ ခေါ်ရင် ပြီးရောမဟုတ်လား"

"ဟေ့. . မသွားနဲ့ဦး။ ဒီကုက္ကိုပင်ကြီးအောက်က ဖြတ်သွားမှ လုပ်ငန်း စကြ နေအောင်ကွ"

သူတို့မြင်းများဖြင့် ဧရာမအပင်ကြီးကို မရမက ကပ်၍ ကွယ်လိုက်ကြသည်။

"ဟိတ်. . မလှုပ်နဲ့၊ ပါတာ အကုန်ပေး။ အမြန်ဆင်းကြစမ်း လှည်းပေါ်က"

မယ်မယ်ကြီးကား မောင်ရွှေပြင် ထင်သလို အစောင့်အယများ မပါရှာပါ။ ကိုယ့်ရပ်ကိုယ်ရွာ လာခြင်းဖြစ်၍ ပေါ့ပေါ့ပါးပါး ထွက်လာပုံပါ။

သူတို့သည် လှည်းသမားက ဓားထုတ်နေ၍ နားရင်းကို အုပ်ထည့်လိုက်ကြသည်။ ထိုအခိုက် နွားလှည်းကလေး ငြိမ့်ခနဲ ခုန်သွားရသည်။

"ဟေ့. . ဓားပြကောင်တွေ၊ မယ်မယ်ကြီး ပစ္စည်းတွေ ချလိုက်"

သစ်ပင်ကြီးပေါ်မှ ခုန်ချလိုက်သူ မောင်ရွှေပြင်က အော်ပြောလိုက်သည်။

"ဟေ. . မင်း၊ မင်းက ဘယ်ကကောင်လဲ"

"သိချင်ရင်တော့ ပြောရတာပေါ့ကွာ။ လှတောရွာသား ရွှေပြင်တဲ့ကွ၊ ရွှေပြင်တဲ့"

"ဟာ. . ခုမှ သတိရတယ်။ အဘယောက်ဆီမှာ ဓားပြသင်တန်း တက်နေတဲ့ ကောင်ပဲ၊ သေပေတော့"

မောင်ရွှေပြင်အား ထိုသူက ရှုတ်ချစွာ ဆိုရုံမက လက်က ဓားနှင့် ဇက်ပိုးကို ပိုင်းထည့်လိုက်သည်။

မယ်မယ်ဘုရားဆိုသူမှာ ချိတ်ထဘီ၊ ထိုင်မသိမ်း၊ အနို့တပ်နှင့် ထိပ်ဆံတွင် ဆံထုံးကို ပုံ့ပုံ့ သပ်ရပ်စွာ ထုံးနှောင်ထားသော အမျိုးသမီးကြီးက မကြည့်ရဲသလို မျက်လုံးမှိတ်ထား၏။

"အမယ်လေးဗျာ"

အသံကွဲကြီးနှင့် အော်သံကြောင့် မယ်မယ်ဘုရား မျက်လုံး မရဲတရဲ ဖွင့်ကြည့်ရာ ဓားပြတစ်ယောက် မရှုမလှ ဓားခ၍ သွေးတွေနှင့် မြေကြီးပေါ် ကျသွားရသည်။

"ဟေ. . မင်း. . မင်း အဘယောက် တပည့်ရင်းကိုး"

ငွေထုပ်နှင့် ရွှေကွမ်းအစ်ကို ကိုင်ထားကြသော ကျန်လူဆိုးနှစ်ယောက်က ကြောက်လန့်တကြားဆို၍ အထုပ်တွေချကာ မြင်းဆီသို့ အပြေးသွားကြသည်။

"မယ်မယ်ကြီးကို နှောင့်ယှက်တဲ့အကောင်တွေ သတ်လိုက်ရမလား ဘုရား"

"အလိုလေး. . လေး မသတ်ပါနဲ့ကွယ်။ သူ့မလဲ ပုခုံးမှာ ဟက်တက်ကြီး ဒဏ်ရာရနေပါပြီ။ ဒါနဲ့ မောင်ရင့်နာမည်"

"ရွှေပြင်ပါ ဘုရား"

"အဲ. . အဲ. . ကျေးဇူးတင်လိုက်တာ မောင်ရယ်။ မယ်မယ်ကြီးဟာ ဒီ ဝက်လက်နယ်သူပါ။ သူတို့ ကိုယ့်နယ်က မယ်မယ့်လိုလူကို ခုလို လုပ်သင့်သလားကွယ်။

သားတော်မောင်က မြင်းသည်တော် တပ်စိတ်တစ်စိတ်တောင် ခေါ်သွားဖို့ မိန့်တော်မူရှာတာပါ၊ မယ်မယ်ကိုက မခေါ်ခဲ့တာပါကွယ်။ ရော့. . ရော့ သားကို ဆုတော်လာဘ်တော်များ ပေးပါရစေကွယ်"

မယ်မယ်ဘုရားက ရွှေကွမ်းအစ်ကိုပါ ပေးနေ၍. .

"ဘုရားကျွန်တော်မျိုး ဘာမှမမျှော်ကိုးပါ ဘုရား။ မယ်မယ်ဘုရား နောင်အမှတ်ရအောင် ဟောဒီ ရွှေထုံးဘူးတစ်လုံးပဲ ယူပါမယ်ဘုရား။ ကဲ. . ကဲ လှည်းဆရာ မယ်မယ်ဘုရား နေပူမိတော်မူမယ်၊ သွားကြပေရော့။ ဘုရားကျွန်တော်မျိုး ဟောဒီ လင့်စင်ပေါ်ကတက်ပြီး မျက်စိတစ်ဆုံး ကြည့်နေပါ့မယ်ဘုရား။ စိတ်ချလက်ချ ကြွမြန်းတော်မူပါ"

မောင်ရွှေပြင်က မြေပြင်တွင် ဒူးထောက်၍ ကန်တော့ကျန်ခဲ့ပုံကို မယ်တော်ဘုရားသည် စောစောက ကြုံရသမျှ ရင်တုန်မပြယ်သေးပုံနှင့် ရင်ဖို၍ မျက်စိတစ်ဆုံး ကြည့်လျက် ပါသွားပါတော့သတည်း။

# အပတ်တကုတ် ကျိုးကုတ်ငြားလည်း

"အဘသမက်လဲ ကြည့်ဦးလေ၊ အားအားရှိ မြင်းစီး လှံထိုးပဲ လေ့ကျင့်နေတော့တာပဲ။ မိလည်ရစ်တော့ စိတ်ညစ်ပါပြီ အဘရယ်"

မန်ကျည်းပင်အမြင့်ကြီးတွင် ဒိုင်ခွက်တစ်ခုပုံသဏ္ဍာန် သံပြားဝိုင်းတစ်ခုကို ကပ်၍ မောင်ရွှေဖြင်သည် မြင်းနှင့် အပြေးဝင်လာပြီး လှံတိုနှင့် ဗဟိုပစ်မှတ်တည့်တည့် လှံစွဲရန် အကြိမ်ပေါင်းများစွာ ပစ်ပြီးရင်း ပစ်ရင်း ပြုလုပ်နေသည်ကို မေးဆတ်ပြရင်း မိလည်ရစ်က စိတ်ပျက်လက်ပျက်ကြီး ပြောနေ၍. .

အဘက ပါးစပ်ထဲမှ ကွမ်းထွေးကြီးမကုန်သေးမီ ကွမ်းတစ်ရွက်တွင် ထုံးနှင့်ဆေးများသာ ရောထည့်၍ လိပ်ခေါက်ရင်း ပါးစောင်တွင်းသို့ သွင်းလိုက်ရင်းက. .

"ဟ. . ခု ရွှေဖြင်ပစ်တဲ့အမြင့်ဟာ အတောင် ခြောက်ဆယ်နီးနီး ရှိတယ်ဟ။ နင် သည်းညည်းခံနော်၊ သည်းညည်းခံ။ နင့်လင်ဟာ အဖိုးတန်ကွယ့် အဖိုးတန်"

"ဟွန်း. . အဘတို့ထမင်းကို အခန့်သား ထိုင်စားနေတဲ့လူများ အဘကတော့ ခွင့်လွှတ်တယ်။ ကျွန်မနဲ့ အမေကတော့ စိတ်ကုန်လှပြီ"

"နင်စိတ်ကုန်ရင် မှားမှာပေါ့ဟာ"

"ယောကျ်ားဆိုတာ မိန်းမယူရင် စားဝတ်နေရေး တာဝန်ယူရတယ် မဟုတ်လား အဘရယ်။ အဘတို့လဲ ကျောပြောင်ပြောင် နေလောင်အောင် အမေ့ကို လယ်လုပ် ကျွေးခဲ့တာပဲ"

"သာဖြင့်လဲ အဘ လယ်ထဲဝင်ပြီး လုပ်ပေစေလားကွယ်။ အဘတို့မှာ အလုပ်မနိုင်လို့ စာရင်းငှားတောင် ငှားရသေးတာပဲ"

"အမယ်လေး ကိုရင် အကြံပေး မင်းဘုရား လုပ်မနေနဲ့။ သူ့ရဲ့ လှံထိုး အလွန်ကောင်းတဲ့ လက်ဟာ ဆူးလို ချွန်နေတဲ့ မြေပပ်ကြားအက်ကြီးတွေကို မဆွ မထွန် မယက်နိုင်ဘူးတဲ့ တော်ရေ"

"ဟုတ်တယ် အဘရဲ့၊ လယ်ထဲလဲ ဆင်းခိုင်းလို့မရဘူး"

"အင်း. . ခုမှ ဘုရားလဲမဟုတ်၊ နဂါးလဲမဟုတ်တဲ့ လင်ငုတ်တုတ်ကို ရထား ရှာတဲ့ သမီးလေးပဲ၊ သနားပါတယ်တော်"

"ဟွန်း. . မစားရ မသောက်ရတာတော့ ထားပါတော့။ အဘတို့ကလဲ ကျွေး ထားတာပါပဲ။ ခု မိလည်ရစ်မှာ လင်ရလဲ ဟိုအပျိုတုန်းကဝတ်တဲ့ အဝတ်ပဲရှိတော့ ရွာထဲမှာ၊ ကန်ပေါင်မှာ ရေခပ်ရင်း မဲ့ကြ ရွဲ့ကြတာပေါ့ အမေရယ်"

"လင်ရလဲ မပြောင်၊ မွဲမှောင်မှောင် ရှိသား၊ အနားက ဖာတစ်ရာနဲ့ ရှက်စရာ မက်စရာ နတ္ထိ၊ လင်ရကံ ဆိုးပါဘိ တဲ့ အမေရဲ့။ အဲလို ပြောနေကြတာပါ"

မိလည်ရစ်က ထိုစကားစုကို ပြောရင်း တရှုပ်ရှုပ် ငိုနေပါတော့၏။

မောင်ရွှေပြင်ကား အကြိမ်တစ်ရာခန့် လှံထိုး လေ့ကျင့်လာရ၍ မောမောနှင့် လှေကားအဆင့်အထက်မှ ရေအိုးစင်တွင် ရေမှုတ်လက်တံရှည်ကြီးကို အားရစွာ ကိုင်၍ သောက်နေရာမှ အကုန်အစင် ကြားလိုက်ရသည်။

သူ အမှန်ပင် စိတ်မကောင်းဖြစ်သွားရသည်။ သားအမိ သားအဖတွေက သူ့ကို မမြင်၊ စကားတွေက ဆက်ပြောနေကြသည်။

"အေး. . မောင်၊ မင်းတို့ သားအမိကတော့ ဒီကောင်လေးအပေါ် တယ် အမြင်တိုကြတယ်။ ငါကတော့ အမြင်ရှည်တယ်"

"အမယ်လေး. . ထမင်းပွဲရှေ့ရောက် ကျွေးနေရတာများ ဘာအမြင် ရှည် ရတာတုန်းတော့်"

"မင်းတို့ ပုဂံရာဇဝင် ကြားဖူးမှာပေါ့။ ရွာဦးက ဘုန်းဘုန်းက တရားဟောရင် ထည့်ထည့် ဟောတာပဲဗျာ့၊ ကျန်စစ်မင်းသား အကြောင်းလေ။ ကြောင်ဖြူအရပ်မှာ ရဟန်းမထီးရဲ့ တူမတစ်ယောက်ဟာ အင်္ဂါလက္ခဏာကြီးငယ်နဲ့ ပြည့်စုံပြီး အလွန် လှသတဲ့။ အဲဒါ ဗေဒင်တွက်ကြည့်တော့လဲ တစ်နေ့ သူတကာတို့၏ ရှိခိုးခြင်း ခံရမယ့် သူလေးဆိုတာ သိရသတဲ့။ အဲ. . ဘုန်းရှင်ကံရှင် ရောက်လာမယ့် နေ့လဲ ကြိုသိသတဲ့။ သူ့တူမကို မှာထားသတဲ့။ ဘယ်နေ့ ဘယ်ရက်တွင် အနောက်တောင် ထောင့်က ခင်ပွန်းလောင်း ရောက်လာလိမ့်မယ်။ စားကောင်းသောက်ဖွယ်များ ပြင်

ဆင်ထားပါလို့ မှာကြားထားသတဲ့။ တစ်နေ့တော့ ပြောတဲ့အတိုင်း ကျန်စစ်မင်းသား ဟာ ရောက်လာပြီး ရေပေးပါလို့ တောင်းသတဲ့။ အဲဒီတော့ ရဟန်းတူမ သမ္ဘူလဟာ ကောင်းမွန်စွာ နေရာထိုင်ခင်းပေးပြီး ရေများ စားသောက်ဖွယ်များ ကျွေးမွေးသတဲ့။ အဲဒါ သူတို့မှာ မရှိမဲ့ရှိမဲ့နဲ့ ဘုန်းကြီးရဟန်းများ ပြုစုသလို ပြုစုနေခဲ့တဲ့ အကျိုးကျေးဇူး ကြောင့် နောင်တစ်နေ့မှာ 'ဦးဆောက်ပန်း' ဆိုတဲ့ ဘွဲ့နဲ့ မိဖုရားကြီး ဖြစ်တယ်လေ"

"အဟက်. . အဟက်. . အဘက မှန်းစရာမရှိတော်၊ လူတွေ ဘုန်းမရှိဘဲ တုံးပိကုန်ပါဦးမယ်"

"ဟ. . ဒါကတော့ တကယ့် မြန်မာရာဇဝင်ကို ပြောတာကိုးဗျာ့။ ခုပဲ ရွှေဖြင် ဟာ ရှင်ဘုရင်မဖြစ်တောင် သူ့ပုံစံနဲ့ ဗိုလ်မှူး၊ ဗိုလ်ချုပ်တို့တော့ အသာလေး ဖြစ် နိုင်ပါရဲ့ဗျာ"

"အဘသမက် အဘပဲ အထင်ကြီးနေ။ ရှာဦး ဘုရား၊ ဒက္ခိဏာရုံဘုရားထဲမှာ ကထိန်သက်န်းကပ်ပွဲက အကြီးအကျယ်မဟုတ်လား အဘရယ်။ မိလည့်ရစ်လဲ ဝတ်ကောင်းစားလှကလေး ဝတ်ချင်တာပေါ့. . အဟီး. . ရွှတ်"

မိလည်ရစ်ကား လင်ရ ကံဆိုးလေခြင်း ဟူသော သဘောနှင့် တဟီးဟီး တရွှတ်ရွှတ်နှင့် ငို၍မဆုံးတော့ပေ။

"ဝုန်း. . "

မောင်ရွှေဖြင်က ဘန်းဆင့်ပေါ် ခုန်တက်လိုက်ခြင်းပါ။

"အမယ်လေး. . အမယ်လေး မောင်ရွှေဖြင်၊ ကျုပ်တို့အိမ်ကလေး ကျိုးပါ့ မယ်တော်၊ ကျိုးပါ့မယ်။ စုံခုန်တက်လိုက်တာ ကြမ်းကို ညွတ်အက်သွားတာပဲ"

ယောက္ခမကြီး ဒေါ်လှဝင်းက ရင်ထု၍ ပြောရှာသည်။

"အမေ့သမီးက လင့်အတင်းပြောနေတာကော ကောင်းရဲ့လားဗျာ"

"အတင်းမဟုတ်ဘူးတော့၊ အတင်းမဟုတ်ဘူး။ သတင်း၊ သတင်း သူများ သားသမီးကို ယူထားပြီး အလုပ် လုပ်မကျွေးချင်တဲ့သတင်း တော်ရေ့"

"ဘာသတင်းလဲ။ အဖျင်းအသိမ်စကားတွေ ပြောနေပြီးတော့။ ဒီမှာ အဘ၊ ကျွန်တော်ဟာ ငယ်စဉ်က ဓားပြဗိုလ် ဖမ်းသွားလို့ ဓားပြထမင်းဟင်းကို စားရင်း ဓားပြလုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် မယ်ရစ်နဲ့ရပြီးကတည်းက ကျွန်တော် မင်းမှုထမ်း ဖြစ်အောင် လူတော်လူကောင်းဖြစ်အောင် ဒီပတ်ဝန်းကျင်နဲ့ဝေးအောင် ကျွန်တော် နေခဲ့တာပါ။ ခုတော့ အဘသမီးက ထမင်းကျွေးတာတောင် အထေ့အငေါ့တွေနဲ့။ မိန်းမယူရင် ထမင်းရှာစားတတ်ရတယ် ဘာတယ်တွေနဲ့ သိပ်လွန်လာပြီ အဘ"

"အလိုတော်. . ပြေူးက ပြ။ မောင်ရင်ကပဲ လွန်တယ်ပြောရအောင် ဒွေးလေး သမီးက လင်ရေချိုးဖို့တောင် ခပ်ပေးရှာပါတယ်တော်"

"ဒါလဲ ရခါစကပါ ဒွေးလေးရယ်။ နောက်မလုပ်တော့ပါဘူး"

"မင်းလဲ အလုပ်တစ်ခု လုပ်နိုးနိုးနဲ့ စောင့်စားမျှော်လင့်ခဲ့ရှာတာပဲ။ မင်းက ခုထိ မြင်းစီးလှံထိုးနဲ့ အိမ်ခေါင်မိုးတွေလဲ စုတ်ပြတ်ကုန်ပြီလေ။ လှံထိုးနေလို့ ဘယ်က ငွေစရမှာတဲ့လဲ ရွှေပြင်ရဲ့"

"ခုတော့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ။ အလုပ်လုပ်တော့မယ်လို့"

"အလုပ်၊ ဘာအလုပ်လဲ မောင်ရွှေပြင်ရဲ့"

"ကျွန်တော့်ကို ဘကြီးယောက်သင်ပေးတဲ့ ခိုးဆိုးတိုက်ဆိုးအလုပ်ပေါ့ဗျာ"

"အို. . ဘုရား ဘုရား"

ယောက္ခမကြီး ဦးထွန်းအောင် ရင်ဖိထားလိုက်ရှာသည်။

မိလည်ရစ်ကသာ အုပ်လုံးသိမ်းစ ဆံတောက်ဖားကြီး တဖွာဖွာ၊ မျက်စောင်းကို မကြာမကြာ ထိုးရင်းက. .

"ဟင်း. . တော် ခိုးတိုက်ကျွေးမှာက နောက်၊ ဒီမှာ ဘုရားပွဲက သန်ဘက်ခါတော့၊ သန်ဘက်ခါ။ လူလဲ စုတ်ပြတ်နေတာပဲ။ ဒီမှာကြည့်လေ၊ အပျိုတုန်းက အင်္ကျီပဲ ဝတ်နေရတာ"

"တောက်. . ဒီမိန်းမဟာလေ"

"အမယ်. . မင်းက ငါ့သမီးကို ရှာလဲမကျွေးဘူး၊ ကြိမ်းလား မောင်းလားနဲ့ ပါလား"

"ဟင့်. . ဟင့်. . မိလည်ရစ်ကတော့ ခံဘက်ကချည်းပါပဲ။ အပြောအဆိုလဲ ခံရ၊ လုပ်ကိုင်မကျွေးဘဲလဲ နေရနဲ့. . ဟင့်. . အီး"

"ဒီမှာ မိရစ်။ နင့်ကို အခု လုပ်မကျွေးသေးတာ သူခိုးစားပြကတော ဖြစ်မသွားစေချင်လို့ပဲ။ အဲ. . ရွှေနန်းတော်ထဲက မင်းမှုထမ်းကတော် ဖြစ်စေချင်လို့ပဲ။ ခုတော့ မင်းက အောင့်အည်း သည်းခံစိတ် မရှိဘဲကိုး၊ ဓားပြဗိုလ်ကတော်ပဲ လုပ်ပေတော့ ကွာ။ ရော့. . ရွှေထုံးဘူး။ မယ်မယ်ဘုရားက ဆုချသွားတာ။ ငါ နန်းတော်ထဲ ဝင်ခွင့် ရအောင် သက်သေဆောင်ထားတာလေ။ မင်းက ဆန္ဒတွေပြင်းနေတော့ ထုခွဲပြီး သေဘာရှိ ဝတ်စမ်း၊ စားစမ်း"

"ဟယ်တော့. . မြကျောက်အဖုံးကြီးနဲ့ ရွှေထုံးဘူးကြီးပါလား"

မလည်ရစ်သည် မျက်ရည်တွေ မရမကသုတ်၍ ဝင်းမှည့်နေသော ရွှေထုံးဘူးကို ကောက်၍ယူသည်။

"တောက်. . မယ်ရစ်၊ မယ်ရစ်။ မင်းက ငါ့ကိုချစ်တာမဟုတ်ဘဲ ရွှေကိုသာ ချစ်တာကိုး"

ဟု သွားကြိမ်းသံကြီးနှင့် ပြောရင်း ချာခနဲ လှည့်ဆင်းသွားပါတော့၏။

သူ့မြင်းဝဝကလေး 'ဗိုလ်ယုန်' ယုန်ကလေးကဲ့သို့ ပေါ့ပါးစွာ ပြေးနိုင်သော မြင်းကလေးအား ဒုန်းစီး၍ စေပုတ္တရာဘက်သို့ ဒုန်းစိုင်း၍ နှင်ခဲ့ပါတော့၏။

ဗိုက်ထဲတွင်လည်း ဆာလိုက်သည်မှာ အူတကြုတ်ကြုတ် ဖြစ်နေတော့သည်။

သူက တစ်မနက်လုံး မြင်းစီး၊ လှံထိုး လေ့ကျင့်နေသူ မဟုတ်ပါလား။

ထမင်းဆာလျှင် တစ်ဇလုံ မောက်လျှံနေမှ စားတတ်သူပါ။

ယခုတော့ ထမင်းတစ်လုပ်ကို မြင်နိုင်လွန်းသော မယ်လည်ရစ် လက်ရာကို သူ မစားလိုပါပြီ။

ထို့ကြောင့်လည်း ဆာဆာနှင့် မြင်းကို ဖိ၍စီးခဲ့သည်။

တည်တော၊ မြို့သစ်၊ ခင်ဦး။ ဟော. . စေပုတ္တရာကို ရောက်ပါပြီ။

"အဘ"

သူက ရောက်လျှင်ရောက်ချင်း ရှိခိုးကန်တော့သည်။

သူ့ကို ခိုးဖို့ပင် သင်သင်၊ တိုက်ဖို့ပင် သင်သင်၊ မြင်းစီး ဓားခုတ် လှံထိုး သံတိုင်တွေပေါ် လျှောက်နည်း၊ သိုင်း စသော ကိုယ်ခံပညာ၊ တစ်ဦးတစ်ယောက်က ပစ်လှဲလိုက်လျှင် ခွေးကျမကျ ကြောင်ကျ ကျနည်း၊ ချောင်းနည်း ဖမ်းနည်း၊ တစ်စုံတစ်ယောက်က လည်မျိုညှစ်လျှင် တော်ရုံနှင့် မသေနိုင်အောင် အစ်၍ခံနည်းများကိုပါ သင်ကြားပေးခဲ့သူ ကျေးဇူးရှင်ပင် မဟုတ်ပါလား။

"အိမ်း. . သာဓု သာဓု သာဓု. . ငါ့ဘုရားခန်းကြီး ဝင်ဖူးပါဦးကွ၊ ပြီးတော့ မင်း ထမင်းသိပ်ဆာနေတယ်၊ ထမင်းစားသွား၊ ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ အဘ"

အဘယောက်၏အတတ်ပညာထဲတွင် လူကဲခတ်ပညာကဖြင့် အဆန်းတကာ့ အဆန်းဆုံးပါပင်။

ယခုလည်း သူ အူတကြုတ်ကြုတ် ဆာလောင်လာကြောင်း ပသို့သော အတတ်ပညာများဖြင့် သိနေပါသနည်း။

သူက အဘယောက်အား အံ့ဩဟန်နှင့် တစ်ချက်ကြည့်လိုက်ပြီး မီးဖိုဆောင်သို့ တန်းဝင်ခဲ့သည်။ အရီးခိုင်က ဇလုံနှင့် ထမင်းအမောက် ထည့်ထားသည်။

တဖောင်းချဉ်ချက်၊ ဆတ်သားခြောက်ဖုတ်၊ ချဉ်ရည်၊ ငရုတ်သီးထောင်း။ မောင်ရွှေပြင် ခေါင်းမဖော်တော့ချေ။

"ဝရဲ့လား၊ ထည့်စားဟေ့။ မင်းအဘက ပုတီးကိုင်နေပြီ။ အလျင်လို မဟုတ်တော့ဘူးကွယ့်။ ဒါပေမယ့် တပည့်တွေက တစ်နေ့တစ်နေ့ ဆတ်သားတွေ လာပို့၊ သမင်တွေ လာပို့။ ဟောဟိုမှာ ကျားသစ်ရေကြီးတောင် လာပို့သွားသေးတယ်"

"ကျားသစ်ရေ ပို့တာ ကျွန်တော်ပဲလေ အရီးရဲ့"

"ဟေ. . ဟုတ်သားပဲ၊ မင်းက ကျားသစ်တောင် ပစ်နိုင်တယ်ဆိုတော့ မုဆိုးထက်ကလေးပဲ"

"မပြောစမ်းပါနဲ့ အရီးရယ်။ ကျွန်တော် ကျားသစ်ရခဲ့ပုံ ရှက်လွန်းလို့ပါ"

"အလို. . ကျားသစ်ရတာများ ရှက်ရတယ်လို့တော်"

"ကျားသစ်က အိပ်ပျော်နေတုန်း တူမီးသေနတ်နဲ့ ဝမ်းဗိုက်ကို ပစ်ထည့်လိုက်တာ ပွဲချင်းပြီးပဲ အရီးရဲ့။ အဘကလဲ ကဲ့ရဲ့တယ်။ မင်းက ကျားသစ်ကို ခဲနဲ့ပေါက်နှိုးလိုက်ရတယ်ကွ တဲ့"

"အလိုလေး. . ကျားသစ်က ကျားထက် ကောက်ကျစ်တာပဲ။ မင်း သေသွားမှာပေါ့"

"အဘက ပြောတာကတော့ သေသွားနိုင်တဲ့ လမ်းကလွတ်ပြီး သူ့ကို အသေရခဲ့တာမှ တကယ့်မုဆိုးကျော်တဲ့"

"မင်းအဘကတော့ လွန်ကဲပါတယ်ကွယ်။ ကျွတ်ချိန်တန်တော့လဲ ဘာမဟုတ်တာလေးနဲ့ ကျွတ်တာကွယ့်"

"အဘ ကျွတ်တမ်းဝင်ပုံလေး ပြောဦးမှပေါ့ အရီးရဲ့"

"ကွယ်. . တစ်ခါတော့ လေးမြားနဲ့ ငါ တောကစားချည်ဦးမယ်ဆိုပြီး ထွက်သွားတယ်။ အပြန်ကျတော့ ဝမ်းကကျွတ်စ သမင်ကလေးပိုက်ပြီး ပြန်လာတယ်။ မိန်းမရေ. . ဒီနေ့ကစပြီး ငါ တောလဲမလိုက်တော့ဘူးတဲ့။ အို. . ဘာဒုစရိုက်မှ မလုပ်တော့ပါဘူးကွယ်တဲ့"

"ဝမ်းသာလိုက်တာ တော်ရယ်၊ တော့်ကို ဘယ်သူကများ ချွတ်လိုက်တာလဲဆိုတော့. . ဟောဒီ သမင်ကလေးရဲ့အမေ သမင်မက တဲ့။ သူ့မြား လည်ပင်းကို တိုးလျှိုပေါက်သွားတော့ သမင်မလေး လဲသွားရှာသတဲ့။ ကြည့်လိုက်တော့ သမင်မ

လေးဟာ ဇီး နေ့စေ့ လစေ့ကြီးနဲ့တဲ့။ အဲဒါ လည်ပင်းကို မြားတံစိုက်လျက်ကြီးနဲ့ သူ့သားလေးကို ညှစ်ထုတ်ရှာသေးသတဲ့။ သားလေးလဲ အပြင်ရောက်ကော သမင်မ မျက်လုံးကလေးက ငါ့ကို အသနားခံတဲ့ မျက်လုံးကလေးနဲ့ ကြည့်ရှာသတဲ့။ အဓိပ္ပါယ်ကတော့ မုဆိုးကြီးရယ် အမေကို သတ်ရရင် ကျေနပ်ပါတော့။ ကျုပ်သားလေး အသက်တော့ ချမ်းသာပေးပါနော်လို့ ပြောနေသလိုပဲတဲ့။ အဲတော့ မင်းအဘယောက်က သမင်မလေးရဲ့ခေါင်းကိုသပ်ပြီး စိတ်ချပါကွာ၊ စိတ်ချပါ။ ငါ မင်းကလေးကို ဘယ်တော့မှ မသတ်ပါဘူးလို့လဲ ပြောလိုက်ရော၊ သမင်မလေးဟာ မျက်ရည်တွေနဲ့ စိုက်ကြည့်ရင်း သေသွားရှာတာတဲ့။ မင်းအဘဆိုတာ လေးတွေ မြားတွေယူပြီး အကုန် မီးပုံတိုက်တော့တာပဲဟေ့။ သမင်လေးလဲ ဘေးမဲ့ပေးထားတော့ ခြောက်လသားလောက်မှာ တောဝင်သွားထင်ပါ့ကွယ်၊ ပြန်မလာတော့ဘူး။ အဲဒါ မင်းအဘက အိမ်ကနေပြီး ဆုတောင်းတယ်လေ။ ငါ့လို မုဆိုးမိုက်တွေနဲ့ မတွေ့ပါစေနဲ့တဲ့။ အဲဒီကတည်းက အကျွတ်တရား ရသွားလိုက်တာ။ ကျောင်းဆောက်ဖြစ်သွားတာပေါ့။ ဟဲ့. . ထမင်းထည့်ဦးလေ ရွှေဖြင်"

"ဗိုက်ပြည့်ပါပြီ အရီး"

သူက သူ စားပြီးသား ဇလုံ၊ ပန်းကန်များကို စဥ့်အိုးကြီးနားသို့သွားကာ အားလုံး ဆေးကြောခဲ့သည်။

ဆယ့်နှစ်နှစ်သား ဓားပြအဖမ်းခံသွားရစဉ်က ဤသို့ပင် အရီးက ဓားပြဗိုလ်ကတော်နှင့်မတူ အလွန် သနားကြင်နာတတ်စွာဖြင့် သူ့ကို ယခုလို ကျွေးမွေးသုတ်သင်ခဲ့သည်မဟုတ်ပါလား။

သည်တုန်းက အဘယောက်က အလွန်ကြမ်းသည်။

သူ ထမင်းတစ်ဇလုံ စားရသည်နှင့်မကာမိပါဘူး။ ငုတ်တွေ အခုငါးဆယ်လောက် ကျဲကျဲကြီးစိုက်ထားသည့်အပေါ်မှ အောက်မကျအောင် ကူးကြရ သန်းကြရသည်။ မြားပစ်ပြိုင်ကြရသည်။ လှံထိုးကိုဖြင့် အထူးပညာအနေဖြင့် သင်ကြားရှာပါ၏။

ပြောတော့လည်း အပြောသားပါ။

"မင်းတို့ သင်နေရတာတွေဟာ ဓားပြဗိုလ်အိမ်မို့လို့၊ မင်းတို့က အထင်မကြီးရင်သာ ရှိရပါတယ် မောင်တို့ရာ၊ တကယ်တော့ ငါသင်ပေးတဲ့ ပညာတွေဟာ မင်းညီမင်းသားတွေကို 'အကြီးတော်ကြီး' တွေကသင်ပေးရတဲ့ အဋ္ဌာရသ ၁၈ ရပ် ပညာတွေပဲကွ။ ရွှေဖြင်တို့ သာမောင်တို့ တိုက်မောင်းတို့ကျတော့ ဉာဏ်က အလွန်

ကောင်းတာကလား။ ဒါကြောင့် ဗေဒင်ခေါ်တဲ့ လူ့အင်္ဂါ ဝိဇ္ဇာကြည့်နည်းအတတ်ကိုပါ သင်ပေးထားတယ်လေ။ လက်ဖဝါးက အသားကို ကိုင်ကြည့်လိုက်တာနဲ့ ဒီလူဟာ ချမ်းသာမယ်၊ ရုန်းကန်ရမယ်ဆိုတာအထိ သိတယ်လေ" ဟု ပြောဖူးပါသည်။

သူတို့ကို လက္ခဏာလည်း သင်ပေးခဲ့ပါ၏။ ထို့ကြောင့်လည်း မလည်ရစ်လက်ဖဝါးများကို စမ်းသပ်ကြည့်သော် လက္ခဏာအရေးအကြောင်းက မဆိုးလှသော်လည်း ဆင်ရေကဲ့သို့ မာကျောကျော လက်ဖဝါးအမျိုးအစားကို တွေ့လိုက်ရ၍ စိတ်ပျက်သွားရသည်။

"ဟင်. . ဒင်း လက္ခဏာအတိုင်း ငါက ဓားပြဗိုလ်ပြန်ဖြစ်၊ သူက ဓားပြဗိုလ်ကတော်ပေါ့။ အဲဗျာ. . ငါ့လက်ဖဝါးတွေကျတော့လဲ နူးညံ့ပြီး ရဲနေပြန်ရော။ ဘုရားသိကြားမ,လို့ ငါ ဓားပြ ပြန်မဖြစ်ပါရစေနဲ့။ ဟာ. . ငါ လာတာ ဓားပြတိုက်ဖို့ပဲ။ ဒီလောက် လောဘဇောတိုက်နေတဲ့ မိန်းမကို ငွေထုပ်နဲ့ ပစ်ပေါက်ချင်လာပြီ တကယ် တကယ်"

"ဟဲ့. . ရွှေပြင်"

"လာပါပြီ ဘကြီး"

"ဘာကိစ္စ အရေးတကြီးလာလိုက်တာလဲ"

"ဓားပြတိုက်ချင်လွန်းလို့ပါ ဘကြီး"

"တယ်. . ခွေးကောင်၊ စကားအကောင်းပြောနေတဲ့ဥစ္စာ"

"အိမ်က မိန်းမက သူ့ လုပ်မကျွေးလို့ ထမင်းတစ်လုပ် ဖြောင့်ဖြောင့် မဝင်ပါဘူး ဘကြီးရယ်"

"ငါက ဘာလုပ်ပေးနိုင်လို့လဲကွယ့်"

"မနိုင်းစကောင်း နိုင်းစကောင်းပါ ဘကြီး။ အင်းသူကြီးများ လမ်းညွှန်လိုက်ရင် သူတို့ညွှန်တဲ့နေရာ ငါးတွေ့ကြတာပါပဲတဲ့။ ခုလဲ. . "

"ခုလဲ ဘာဖြစ်လဲ ရွှေပြင်ရဲ့"

"ဒီနေ့ ဘယ်မှာ သွားတိုက်ရင် ငွေရမယ်ဆိုတာလောက်တော့ လမ်းညွှန်ပေးပါ ဘကြီးရယ်"

"ဟဲ့ကောင်ရဲ့၊ ငါ ဒုစရိုက်တွေ လျှော့လိုက်ပြီပဲ"

"ကျွန်တော့်အတွက်တော့ မလျှော့ပါနဲ့ဦး ဘကြီးရယ်"

"မင်း စကား အကပ်မပြောနဲ့"

"ကျွန်တော်က မသေချာတာတော့ လုပ်မနေချင်ဘူး"

"ငါ ဒုစရိုက်တွေ လျှော့ပြီးပြီကွယ့်"

"ကျွန်တော့်အတွက်တော့ ချန်ထားပါဦး ဘကြီးရယ်"

"ဟ. . လျှော့ပြီးတန်းပြီး ကိစ္စကို ချန်ထားလို့ ရမလားကွယ့်"

"ငွေမက်လွန်းတဲ့ မိန်းမမျက်နှာကို ငွေထုပ်နဲ့ ပိတ်ပေါက်ချင်လွန်းလို့ပါ ဘကြီးရယ်"

"တယ်ခက်ပါလား"

"ဘကြီးဟာ သံမဏိစိတ်ထားရှင်ပါ"

"ဒါကြောင့် ပိုခက်တာပေါ့"

"ကျွန်တော် ဘကြီး လက်ညှိုးညွှန်ရာမှ သွားချင်တာက ဆရာ့အမိန့်အာဏာကို ယူတယ်ဆိုတဲ့ သဘောတစ်ခုပါပဲ"

"မင်းက ဇွတ်ကိုး"

"ဇွဲပါ ဘကြီးရဲ့"

"ဒါ ကောင်းတဲ့ဇွဲ မဟုတ်ဘူးကွယ့်"

"ဒါ ကျွန်တော် ၁၂ နှစ်သားက အသက် ၂၀ ထိ ကျင်လည်ခဲ့ရတဲ့ ဘဝပါ ဘကြီး"

"အေး၊ ငါတောင် ပြင်နိုင်သေးတာပဲ"

"ဒီတစ်ခါ နောက်ဆုံးပါ ဘကြီး။ နောက် ဘယ်တော့မှ မလုပ်တော့ပါဘူး"

"ငါတော့ ခံရတော့မှာပဲ"

"ဘာခံရမှာလဲ ဘကြီးရဲ့"

"ဒါတွေ ငါ နောက် ဘယ်တော့မှ မလုပ်တော့ပါဘူးလို့၊ မင်းက တော်တော်ကပ်တာပဲ"

"ကျွန်တော့်အိမ်ထောင်ရေးအတွက်မို့ပါ"

"ကောင်းပြီလေ၊ မင်း စကားတည်ပါစေနော်၊ ဒါ နောက်ဆုံးပဲ"

"ဟုတ်ကဲ့ပါ ဘကြီး"

"ခု မင်း မြင်းပြင်"

"ဟုတ်ကဲ့"

"ကျီးကန်ရွာ အထွက်ကစောင့်။ အဲဒီမှာ ဦးပေါ၊ ဒေါ်ဖွားမြား တဲ့။ နာမည်နဲ့လိုက်အောင် ပေါကြွ မြားကြတယ်။ ဒက္ခိဏာရုံကျောင်းနဲ့ ဘုရားပွဲမှာ ငွေပဒေသာပင် သီးကြလိမ့်မယ်။ အဲဒါ. . "

"ဒီလောက်ဆို ကျွန်တော် နားလည်ပါပြီ အဘ။ အဘ အာပတ်လွတ်အောင် ဆက်မပြောပါနဲ့တော့။ ကျွန်တော် ဦးတင်ပါတယ်။ အရီးကိုလဲ ကန်တော့ပါတယ်"

"ဝုန်း. . "

သူကား လေအလျင်ကဲ့သို့ နေရာမှ ထလိုက်ပါတော့သတည်း။

မောင်ရွှေပြင် ထမင်းတစ်ဇလုံ စားထား၍ အားတွေက ရှိနေသည်။

သူ့မြင်းဝကလေး ဗိုလ်ယုန်ကို လေဟုန်စီးသလို တလွှားလွှားနှင့် လေထုကို ဖြတ်လျက်. .

ကျိုးကန်နှင့် လှတောကား မဝေးလှချေ။ ဦးပေါတို့လှည်း လှတောကြီးငါးရွာ မဝင်မီ ဒုန်းစီးလာရခြင်းပါ။

ဘုရားပွဲရာသီ တပို့တွဲလဖြစ်၍ ရိုးဖြတ်တွေ လယ်ကွင်းအနှံ့ ထိုးထိုးထောင် ထောင်နှင့်၊ ပူပြင်းသောအရပ်ဖြစ်၍ ပပ်ကြားအက် ထူထူကြမ်းကြမ်းကြီးများကို မြင်းကလေး ဗိုလ်ယုန် ကဆုန်ပေါက်၍ ဖြတ်လမ်းက ပန်းတက်ခဲ့သည်။

ကျိုးကန်သူဌေး ဦးပေါ၊ ဒေါ်ဖွားမြားတို့ကား လှည်းချွံလေးကို နတ်စောင်း သံပမာ နားဆင်ရင်း ဘုန်းကြီးကျောင်းတွင် ငွေပဒေသာပင်လှူရန် တပြုံးပြုံးနှင့် လာကြသည်။

ထိုအခိုက် ဗိုလ်ယုန်သည် ဝုန်းခနဲ လှည်းထိပ်တွင် ပတတ်ရပ်လိုက်သည်။ လှံတိုတစ်ချောင်းကို လက်ဝှေ့ယမ်း၍ ကစားရင်း မျက်နှာဖုံးနှင့် လူငယ်တစ်ဦးက လှံနှင့် အချက်ပြ၍ အောက်သို့ အဆင်းခိုင်းသည်။

"မောင်ရင်လေးရယ်၊ ချမ်းသာပေးပါကွယ်။ အဒေါ်တို့ လှူဖို့တန်းဖို့ သွား ကြမှာပါကွယ်"

"ကျုပ်ကို ဈေးဦးပေါက်လှူခဲ့ကြဗျို့။ ဒါပဲနော်၊ ယီးတီးယားတား လုပ်ရင်တော့ ကျုပ်လှံက လူမရွေးဘူး၊ သွေးမရွေးဘူး၊ အချိန်မရွေးဘူးဗျ"

"ဟမယ်လေး. . ကြောက်ပါတယ် မောင်ရင်ရယ်၊ ကြောက်ပါတယ်"

"ကြောက်ရင် ပေးလေ ငွေထုပ်"

"ဟော. . ဟောဒီမှာပါ။ ပုဆိုးနဲ့ထုပ်လာသမျှ ဒါအကုန်ပါပဲ။ နည်းနည်း တော့ ချန်ခဲ့ပါ မောင်ရင်ရယ်"

"အိုး. . ခင်ဗျားကြီး ရှူးသလား။ ကျားရှေ့မှာ ထိုင်ရှိခိုးတဲ့လူလို ဖြစ်နေပြီ။ ဒါအကုန်လား၊ ဒီတောင်းထဲက ဘာတွေလဲ"

"ပဲကြီးတွေပါ မောင်ရင်ရယ်။ ဘုန်းတော်ကြီးတွေ ဆွမ်းကပ်ဖို့ပါ။ ဒါက အသားအိုးပါ"

"အို. . ပဲတောင်းတွေက သုံးတောင်းတောင်လား"

"ကျန်တာတွေက လှူခဲ့မှာပါ မောင်ရင်ရယ်။ ပုဆိုးထုပ်ထဲက ငွေကလေး နည်းနည်း ပြန်မပေးတော့ဘူးလားဟင်"

"လာပြန်ပြီ။ ဝမ်းနည်းပါတယ် အဒေါ်၊ ကျီးကန်သူဌေးကလဲ ငွေသားငါးရာ လောက် ရှိပါလား"

"ဒင်္ဂါးချည်း ရှစ်ရာပါ မောင်ရင်ရယ်။ အဒေါ်တို့ ဒီနှစ်မလှူရတော့ဘူးပေါ့ နော်၊ အဟီး. . လုပ်ရက်ပါပေ့ ဓားပြမင်းရယ်"

"သယ်. . လှံနဲ့ ထိုးလိုက်ရ။ ခင်ဗျား ကျုပ်ကို ရွဲ့နေတာလား"

"ဓားပြမင်း"

"လာပြန်ပြီလား ဓားပြမင်း။ ဓားပြမှာ မင်းရှိသလားဗျား"

"ဩော်. . ဩော်၊ ဒီလိုဆိုတော့လဲ ဓားပြ၊ အဲ. . မောင်ရင်လေးက ပညာအရှိ သားပဲနော်"

"ကျုပ်ကို မောင်ရင်လေးလို့ ဘာကြောင့် ခေါ်တာလဲ"

"အသံကလေးက နုနုငယ်ငယ်ပဲကွယ့်။ ဘယ့်နှယ် ဓားပြဖြစ်နေရတာလဲ ကွယ်"

"ခင်ဗျားကြီး သေချင်လို့ လျှာရှည်နေတာလား၊ သွားစမ်း သွားစမ်း မြန်မြန်"

လှံတိုကို အပြားလိုက် နွားကျောကို သုံးလေးချက် ဆော်လိုက်ရာ လှည်းယာဉ် အကြီးစားကြီး တဝုန်းဝုန်းဆွဲ၍သွားပါတော့သည်။

သူသည် လူသူကွယ်ရာရောက်မှ အထုပ်ကို ဖြေကြည့်ရာ ဒေါ်ဖွားမြား ပြော သကဲ့သို့ပါပင်။ ဒေါင်းဒင်္ဂါးများ ရှစ်ရာကျပ်တိတိ ထွက်၍ လာပါတော့၏။

ဩော်. . ကျီးကန်သူဌေး ကျီးကန်သူဌေး၊ ငွေပဒေသာပင် လုပ်ရှာမလို့တဲ့။ သနားတော့ သနားပါတယ်။ ငါ့မှာလဲ မိန်းမက မကြည်သာတော့ မီရာအလုပ်ကို လုပ်ရတော့တာပဲ။ ဩော်. . ဘကြီးယောက်၊ ဘကြီးယောက်။ အင်းသူကြီးထက် တောင် နေရာမှန်းကောင်းပေတာပဲ။ ငါ. . ငါ ဘကြီးကို ငွေ ၂၀၀ ကန်တော့မယ်။ ငွေတစ်ရာတော့ ခါးပိုက်ဆောင်ထားမယ်။ မိလည်ရစ်ကို ငွေငါးရာ ပစ်ပေါက်ပေး လိုက်စမ်းမယ်ဟု တွေး၍ အိမ်သို့ ပြန်ခဲ့သည်။

မနက်က ပေးခဲ့သော ရွှေထုံးဘူးကြီး ထုခွဲပြီးရောထင့်။

အားလုံး ရွှင်ပြုံးနေကြသည်။

"မောင်ကြီးရယ်၊ မနက်က ထမင်းမစား ဘာမစား ထွက်သွားလိုက်တာ"

မလည်ရစ် အပြုံးတွင် သကာဆင့်နေရသည်။

သူ့အဘက ပို၍ ပြုံးကာ. .

"သမီးရေ၊ နင့်မောင်ကြီးကို မန်ကျည်းဖျော်ရည်ကလေး ပေးပါကွယ်"

"ဟုတ်ကဲ့ အဘ။ ဟောဒီမှာ အဆင်သင့်ပါပဲ မောင်ကြီးရယ်"

မိန်းမကိုက ငွေလည်းရကော ဖြစ်နေလိုက်တာ။

သူက ပျစ်ပျစ်နှစ်နှစ် ပြောချင်စိတ်ကို ယောက္ခမအထီးကြီးကို အားနာ၍ အောင့်အည်းနေလိုက်ရသည်။ သို့သော် သူ မန်ကျည်းဖျော်ရည်ကို တဂွပ်ဂွပ်နှင့် သောက်ရင်း ထပ်မံကြားရသော စကားများကြောင့် သူ့မျက်လုံးများ ဝိုင်းဝန်းသွား ရပါတော့၏။

"မောင်ကြီးအတွက် သတင်းကောင်း ပြောရဦးမယ်။ စောစောကလေးတင် လက်ျာချောင်းဗိုလ် ဦးယုံးအို လာသွားတယ်။ သူက အဘနဲ့ သိပ်ခင်တာပဲလေ"

"ဟင်. . ရွှေနန်းတော်ကြီးဆီက လာကြတာလား"

"ဟုတ်တယ်၊ နာနတ်တောဘက်မှာ ကြက်တိုက်ကောင်းတဲ့ ဦးတက်ပုဆိုတာ လာရှာတာတဲ့"

"ဘာလဲ ပုဂံမင်းသားက ရှာခိုင်းတာလား"

"အမယ်. . တို့မောင်ကြီးကလဲ ရွှေနန်းတော်ထဲက မင်းသားတွေအကြောင်း သိသားပဲနော်"

"ဒီလောက် နာမည်ကြီးတာပဲဟာ၊ သိတာပေါ့"

"အဲဒါ ထားပါဦး သမီးရဲ့။ လိုရင်း ပြောစမ်းပါ"

"ဒီလို. . ဒီလို ဦးယုံးအိုကို အဘက ပြောလိုက်တယ်။ သမက်တော် မောင်ရွှေ ဖြင်ကို နန်းရင်ပြင်အရောက် ချီးမြှောက်ပေးတော်မူပါလို့လဲ ပြောရော၊ သူက ဘာ လုပ်တတ်သတဲ့လဲ တဲ့"

"အဲဒီတော့ အဘကလဲ မင့်အရည်အချင်းတွေ အကုန်ပြောတော့တာပေါ့။ မြင်းစီး၊ လှံထိုး၊ သိုင်းပညာ အရပ်ရပ်၊ အခုန်အပျံအလွှား၊ တောလိုက် တောပစ် လက်တည့်လိုက်တဲ့ဖြစ်ခြင်းလို့ ဆိုတော့ လက်ျာချောင်းဗိုလ်ကြီး သိပ်ကို ဝမ်းသာ အံ့ဩသွားရှာတာပေါ့ဗျာ"

"ဟင်. . အဘ ကျွန်တော့်ကို ရွှေနန်းတော်ကြီးထဲ ခေါ်မတဲ့လားဗျာ"

"ဟာ. . ခု လဆန်းတစ်ရက်နေ့၊ သူ့အိမ်ကိုလာဖို့ လိပ်စာ၊ နေ့ရက် အကုန်ပေးသွားပြီကွယ့်။ ပေးစမ်း. . ပေးစမ်း၊ ပေလွှာလေး"

လက်နှစ်လုံးသာသာ ပေလွှာကလေးတွင် ဦးယုံးအို၊ လက်ျာချောင်းဗိုလ်၊ 'မတဲဒေးဝန်း' ဆုတောင်းပြည့်ဘုရားနီအနီးဟူ၍ ရေးထားသဖြင့်. .

"ဟင်. . 'မတဲဒေးဝန်း' ဆိုတာ ရွှေနန်းရှင်ဘုရား ယတြာချေဖို့ ထွက်ရောက်စံတော်မူတဲ့နေရာ မဟုတ်လား"

"အေးလေ သားရဲ့ 'မတဲဒေးဝန်း' က အကျယ်ကြီးပဲဥစ္စာ။ အဲဒါက ဦးယုံးအိုမိဘအိမ်ပဲ။ အဲဒီမှာ ချိန်းပြီး ရှေ့တော်မှာ ဘယ်လို ပြောရ ဆိုရတယ်ဆိုတာ သင်ဦးမှာပေါ့။ ပြီးတော့ မင်းလဲ မြင်ဖူးသေးတာမှ မဟုတ်တာဟာ၊ ရှေ့တော်မသွင်းမီ လူကဲခတ်ဦးမှာပေါ့ကွ"

"အင်းလေ. . ဒါလဲ ဟုတ်တာပဲနော် အဘ။ အဘရယ် ကျုပ်ဖြင့် ဝမ်းသာလုံးဆို့ပြီး ရင်ထဲ ဘယ်လိုနေမှန်း မသိဘူးဗျာ"

"ဒါနဲ့ ရွှေဖြင် သည်ငွေတွေ ဘယ်ကရလာတာလဲ"

"အဘ သမီးရယ်၊ ကျုပ် အတင်းအဖျင်းကို အမေနဲ့ အမြဲပြောနေကြတာဗျ၊ သူ သည်လောက်ဝတ်ချင်တာ ဝတ်စမ်းပါစေ အဘရာ၊ မေးမနေပါနဲ့တော့"

အမှန်တော့. .

ယနေ့ လက်ျာချောင်းဗိုလ်နှင့်တွေ့၍ ရွှေနန်းတော်ကြီးထဲ လိုက်ရမှန်းသိလျှင် သူ သည်အလုပ်ကို အဘယ်မှာ လုပ်ပါအံ့နည်း။ သူသည် ရွှေနန်းတော်ကြီးထဲ ရောက်ရတော့မည်ဆို၍ ယောက္ခမကြီးအား ထိုင်၍ ဦးသုံးကြိမ်ချသည်။

"အဘရယ်၊ စောစောကများ လက်ျာချောင်းဗိုလ်ကြီးနဲ့ ဆက်ပေးပါတော့၊ ခုနေ အဘသမက် မြင်းသည်တော်ကြီး ဖြစ်နေရောပေါ့ခင်ဗျာ"

"အဲ. . အဘလဲ အသက်ကလေးရလာတော့ ခေါင်းတယ်မကောင်းဘူးကွယ်။ ဒီမိတ်ဆွေကြီးကို လုံးလုံးမေ့နေတာကွယ့်။ ဒါနဲ့ ခု မင်း ဘယ်သွားဦးမလို့လဲ"

"ခဏပါ အဘရယ်၊ မြင်းစာဖိုးလေး သွားပေးလိုက်ချင်လို့ပါ"

သူ့ခဏက စေပုတ္တရာသို့ တစ်ခေါက် အရောက်သွားလိုက်ခြင်းပါတည်း။

အဘက မသက်ာသော်လည်း အမေးမပြုတော့ချေ။ ရခဲ့သော ငွေကိုလည်း လုံးလုံးမသက်ာပါ။ သို့သော် တဟီးဟီးနှင့် သဘောအကျကြီး ကျနေသူကား မလည်ရစ်ပါတည်း။

ဘုရားပွဲတွင် ထဘီစွန်တောင်ဆွဲ၍ ပိုးဖဲကတ္တီပါတို့ဖြင့် နွဲ့လိုက်မည်ဟူ၍ ခဲထားသူ မဟုတ်ပါလား။

အင်း. . ဒီသမီး မလိမ္မာတာနဲ့တော့ ခက်ပါတယ်ဟူ၍ ခေါင်းတဆတ်ဆတ် ဖြစ်နေရပါတော့၏။

နောက်တစ်နေ့တွင် ဘုန်းကြီးကျောင်းသို့ အိမ်လုံးကျွတ်သွားကြသော်လည်း မောင်ရွှေဖြင် မန်ကျည်းပင်ကို ဓားပေါက် ကျန်ခဲ့သည်။

"သိပါတယ်၊ မောင်ကြီးက မယ်ရစ်နဲ့ အလှူရေစက် လက်နဲ့မကွာ မနေချင်လို့ပေါ့လေ၊ ဟုတ်လား"

သွားခါနီး စိတ်မကောင်းသံနှင့် ပြောသွား၍ သူကပင် ပြန်နှစ်သိမ့်လိုက်ရပါတော့၏။

မနက်ဖြန် ဦးယုံးအိုထံ သွားမည်ဖြစ်၍ သူ့ပညာများကို ပြန်လည်နွှေးမည့်အကြောင်း။ ထို့ကြောင့် အိမ်စောင့်နေခဲ့ပါမည်ဟု ကောင်းတတ်အောင် ကြည့်၍ ပြောလိုက်ရပါတော့၏။

မှန်တော့လည်း မှန်သည်။

ပုဂံမင်းသားထံ အမှုထမ်းရန်အတွက် သူမွေးထားသော လိပ်နှစ်ကောင်၊ ပုတ်သင်ညိုကြီးနှစ်ကောင်ကိုပါ ထည့်သို၍ နေပြည်တော်သို့ ယူသွားရန် ပြင်ရဆင်ရသေးသည်။

လိပ်စာ၊ ကန်စွန်းရွက်၊ ပေါက်ပေါက်ဆုပ်ကစ၍ ပုံးတစ်ခုတွင် တစ်ကန့်စီ တစ်စောင်စီ ထည့်သည်။

ဖုံးအိုးကုလား ဘိုင်ဆပ်ပင် ကြက်တည် ချိုးတည်အတတ်ဖြင့် မင်းခစားဖြစ်သေးလျှင် သူလို လူစွမ်းကောင်းပေါက်စလေးသည် အဘယ်ကြောင့် အိမ်ရှေ့မင်းသား၏ သူရဲသူခက် မဖြစ်နိုင်ဘဲ ရှိအံ့နည်း။ သူသည် ချိုသွေးတမြမြနှင့် ရှိနေရစဉ် ဘုရားပွဲပြန်များ ဝင်၍လာကြလေပြီ။

"ကိုရင်ရယ်၊ လိုက်ခဲ့ရောပေါ့"

ဘယ်ရွှေ့ စည်ကားကြောင်း၊ ဘယ်မျှ ခမ်းနားကြောင်း ကျီးကန်သူဌေးငွေပဒေသာပင်ကလည်း အထူးခြားဆုံးဖြစ်ကြောင်း ပြောနေကြ၍. .

"ငွေပဒေသာပင်တွေက ဘယ်နှစ်ခုတောင် ပါတာလဲ မယ်ရစ်ရဲ့"

"သူများငွေပဒေသာပင်က တစ်ရာစု နှစ်ရာစုပါ။ တချို့များ ငွေငါးဆယ်နဲ့ တောင် သီးကြတာပဲ။ ဩော်. . ကျီးကန်သူဌေး ငွေပဒေသာပင်က အကောင်းဆုံး ဖြစ်မယ့်ဖြစ်တာ။ လမ်းမှာ ဓားပြတိုက်ခံရသေးသတဲ့"

"ဟင်. . ဟုတ်လား"

မောင်ရွှေဖြင်သည် အံ့ဩပုံ မအောင့်နိုင်ဘဲ ထွက်သွားရသည်။

"အို. . ဓားပြတိုက်ခံရတယ်လဲ ဆိုသေးတယ်။ ငွေပဒေသာပင် ဘယ်လို သီးသလဲ မယ်ရစ်ရဲ့"

သူသည် တကယ်ပင် နားမလည်အောင် ဖြစ်သွားရသည်။

"အဲဒါပေါ့ ဘုန်းတော်ကြီးရှေ့မှာ လျှောက်ထားနေတော့ ပရိသတ်ဆိုတာ တဝါးဝါး ရယ်မဆုံးဖြစ်နေကြတယ်"

"ဘယ်လိုကြောင့် ရယ်ကြတာတဲ့လဲဗျာ"

"သူတို့က ငွေအနည်းကိုသာ ပုဆိုးနဲ့ထုပ်ပြီး ကျန်တဲ့ ငွေတွေကို ပဲကြီးတွေ နဲ့ရောပြီး တောင်းထဲ ထည့်ခဲ့တာတဲ့။ ဓားပြက စေ့စေ့ကြည့်ပြီး မေးလိုက်သေးသတဲ့၊ ပဲတွေက များလှချည်လားလို့ မေးသတဲ့။ သံဃာတော်တွေ ချက်ကျွေးပြီး ကျန်တာ လှူခဲ့ဖို့ပါကွယ်လို့ပြောတော့ ဓားပြက ယုံသတဲ့လေ ဟီး. . ဟီး. . "

မယ်ရစ်ကပါ လိုက်ရယ်နေ၍ မောင်ရွှေဖြင် မခံချိမခံသာဖြစ်၍သွားရပါ တော့သတည်း။

သူ အညံ့ခံလိုက်ရခြင်း ဟူ၍ပါပင်။

သို့သော် အဘယောက် ပြောဖူးသည်ကို တစ်ချက်သွား၍ သတိရလိုက်လေ သည်။

တချို့လူတွေရဲ့ ပစ္စည်းက သိပ်ဖြူစင်လွန်းရင်လဲ ရန်သူမျိုးငါးပါး မနှိပ်စက် နိုင်ဘူး။ ကြံဖန်ပျက်ရတာပဲ ဟူ၍ပါပင်။

"အင်း. . ကျီးကန်သူဌေးလင်မယား မျက်နှာဟာ အေးချမ်းကြည်လင်လိုက် တာ။ သူတော်ကောင်းစစ်စစ် ပစ္စည်းတွေ ငါ တိုက်ခိုက်မိတာ မှားပြီထင်ပါရဲ့"

မောင်ရွှေဖြင် တွေခနဲ နောင်တရသွားပါတော့၏။

မရွှေရစ်ကဖြင့် ငါ့လင်များ ဖြစ်နေရော့လားဟု ယောင်၍ပင် မထင်လိုက်ဘဲ စိန်ကတ္တီပါ ရွှေဝါရောင်တဘက်ကြီးကို အိမ်ရောက်သည်အထိ မဖြုတ်ရက်ဘဲ ဟသ်ာ ပြဒါးရောင်ထနေသော မှန်အိုကလေးကို ရှေ့လှည့်ကြည့် နောက်လှည့်ကြည့်နှင့်။

"ရွာထဲက ကောင်မတွေ ပါးစပ်အပေါင်းသားနဲ့တော့။ ညည်းလင် အခုန် အပစ် ဝိဇ္ဇာကြီးက ခုတော့လဲ သားမယားကို ဆင်ရပြင်ရကောင်းမှန်း သိရှာသားပဲတဲ့။ ပြီးတော့ လူမှာအဝတ် တောင်းမှာအကွပ်တဲ့။ မယ်ရစ်ရယ်၊ တို့ဖြင့် လူတောင်မှား တယ်တဲ့။ ဟီဟိ. . တကယ်. . တကယ် မောင်ကြီးရဲ့"

အိမ်ထောင်ကျလျှင် ဆံတောက်သိမ်းရစမြဲမို့ ဆံတောက်ဖားကြီး သိမ်းစမို့ ဆံတိုတွေ ဖွာရရာကျနေပုံကပင် အိမ်ထောင်ကျစ မိန်းကလေးဟူ၍ သရုပ်ပေါ်ကာ ချစ်စရာကလေး တစ်မျိုးကောင်းနေရပါတော့၏။

အမှန်တော့ မောင်ရွှေပြင်တွင် စိတ်ကောင်းအမှန် ရှိသူဖြစ်ပါသည်။

အဲလေ. . မယ်ရစ်ခမျာ ငါ့ကို ချစ်ရှာပါတယ်။ သူများလို ကြီးကြီးကျယ်ကျယ် တောင်းရမ်း မယူနိုင်တာလဲ သူ လက်ခံရှာတာပဲ။ မိန်းကလေးဆိုတာ လှချင်ရှာမှာ ပေါ့။ ခုတော့ သူ့ခမျာ ငါနဲ့ အိမ်ထောင်ကျကတည်းက ဖြစ်သလိုကလေး ဝတ်စား နေရတော့ ရပ်ရွာထဲ ရှက်ရှာမှာပေါ့လေ။ ရှက်ရမှာပေါ့။ သူတို့သားအမိ အတင်း ပြောနေသလိုပါပဲ၊ မိန်းမယူတတ်ရင် ငွေရှာတတ်ရမှာပေါ့။ ငွေ. . ငွေ. . ငါ တရား သဖြင့်ကော ရှာတတ်ပါ၏လော။

မောင်ရွှေပြင် စိတ်ထဲတွင် ပုဂံမင်းသားထံ အခစားဝင်ရမည်မို့ ဝမ်းသာ အားရ ဖြစ်နေသလောက် စိတ်တစ်ပိုင်းကလည်း ကျီးကန်သူဌေးကို တိုက်ခိုက်ခဲ့မိ၍ စိတ်ထဲတွင် မလုံမလဲ ဝမ်းနည်းရှက်စိတ်ဝဲ၍ နေရပါတော့သတည်း။

ညနေဘက်တွင် ဘုန်းတော်ကြီးအား သွားရောက် ကန်တော့သည်။ ထိုနေ့ ညကဖြင့် ချစ်ဇနီးကို မှာကြား၍ ဟိုတွင် အိမ်တစ်ဆောင် မီးတပြောင် နေခွင့်ရလျှင် ချစ်ဇနီးအား လာရောက်ခေါ်ယူမည့်အကြောင်းများ ပြောကြား၍ နေပါတော့၏။

ပြီး. . ပြီးတော့ မယ်ရစ်တွင် ကလေးရှိပြီတဲ့။ ဝမ်းသာလိုက်တာ။

နောက်တစ်နေ့ မိုးလင်းသည်နှင့် သူ့မြင်းကုန်းနှီးတွင် သူ့သတ္တဝါများ သစ်သားအံဖုံးနှင့် အစာရေစာ အကုန်ထည့်၍ယူရင်း ပစ္စည်းများ တင်ဆောင်ပြီးမှ ယောက္ခမကြီးနှစ်ယောက်ကို ထိုင်၍ကန်တော့သည်။ ရှေးခေတ်ကဖြင့် တစ်နေရာမှ တစ်နေရာ သွားမည်ဆိုလျှင် ရွာဦးဘုန်းကြီးကိုလည်းကောင်း၊ အမိအဖကိုလည်း ကောင်း၊ ဘုရားနှင့်တစ်ဂိုဏ်းထဲထား၍ ရိုကျိုးစွာ ကန်တော့မြဲပါတည်း။

စစ်ကိုင်းဆိပ်ကမ်းသို့ မိုး စုံးစုံးချုပ်မှ ရောက်သည်။

ဖောင်ကူးတို့က နောက်ဆုံးခေါက်နှင့် ဆုံသေး၍ တော်ပေသေးသည်။

သူက ပုံးထဲမှ လိပ်ကလေးတွေ၊ ပုတ်သင်ညိုကလေးတွေ ပင်ပန်းမည်စိုး၍ မြင်းကို မှန်မှန်စီးလာခြင်းပါတည်း။

ဗိုလ်ယုံးအိုမိဘများက မှာကြားထားပြီးဖြစ်၍ မောင်ရွှေဖြင်ပါဟု ပြောလိုက်သည်နှင့်တစ်ပြိုင်တည်း ဝိုင်းတံခါးများ ဖွင့်ပေးကြသည်။ ကောင်းမွန်စွာ ဆီးကြိုဧည့်၍ ညစာကျွေးသည်။

သူက သူ့မြင်း ဗိုလ်ယုန်ကလေးကို သနား၍လည်းကောင်း၊ လိပ်နှင့် ပုတ်သင်ညိုများ ခလောက်ဆန်နေမည်စိုး၍လည်းကောင်း၊ ယနေ့အဖို့ ရှေ့တော်သို့ ဝင်ခွင့်မရတော့ပါ။

"ဦးလေးယုံးက မနက်တော့ လာကောင်းပါရဲ့နော်  ဦးတော်နှင့် ဒေါ်ဒေါ်ခင်ဗျား"

သူက မြို့ရောက်လာ၍ အယဉ်အကျေး မြို့ဟန်ကလေးကလည်း လုပ်ရသေးသည်။

"အို. . လာမှာပေါ့၊ လာမှာပါ။ သူ မလာလဲ ကိုယ်တော်လေးက လွတ်မှာသေချာတယ်။ မောင်ရင်က လိပ်ချင်း တိုက်တတ်တယ်ဆို"

"ဟုတ်ကဲ့၊ လိပ်တင်မကပါဘူး။ ပုတ်သင်ညိုချင်းလဲ တိုက်တတ်ပါတယ်"

"ဟယ်. . တယ်ဟုတ်ပါလား။ တို့ကြည့်စမ်းရအောင် ပြပါလားကွယ့်"

"ရပါတယ်ခင်ဗျာ။ သူတို့လဲ ညောင်းနေကြတယ်၊ အတော်ပါပဲ"

သူက သစ်သားပုံးတစ်ဘက်ဆီမှ လိပ်တစ်စုံကို ထုတ်၍ တစ်ကောင်နှင့်တစ်ကောင် အတိုက်ခိုင်းသည်။

လိပ်တိုက်ပွဲကို မမြင်ဖူး၍ အဘိုးကြီး အဘွားကြီးတို့ သွားကျိုးများပေါ်သည်ထိ ရယ်နေကြရသည်။

ပုတ်သင်ညိုကမူ ဒေါသကြီးသည်။ ကြောက်စရာ ခပ်ကောင်းကောင်းပါ။ တစ်ကောင်နှင့်တစ်ကောင် ဒေါသတကြီး တိုက်ခိုက်ကြ သတ်ကြသည့်ကြားက ပုတ်သင်ညို သုံးရောင်ခြယ်ပြောင်းသွားပုံကို တစ်ခါမျှ မမြင်ဖူး၍ အထူး အံ့ဩနေကြရပါတော့၏။

ထိုနေ့ညက ကောင်းမွန်စွာ အိပ်စက်၍ နောက်တစ်နေ့တွင် လက်ျာချောင်းဗိုလ် ဗိုလ်ယုံးအို ရောက်လာပြီး ရွှေနန်းတော်မြေထဲ ခြေချဖူးရခြင်းပါတည်း။

မောင်ရွှေဖြင် မကောင်းတတ်၍ပါ။  လက်ခမောင်းသာ တဖျောင်းဖျောင်း ခတ်လိုက်ချင်ပါတော့သည်။

အို. . လောက ငါပဲ ယောကျ်ား မြင်းသည်တော်ကြီး ဖြစ်တော့မှာပါလား ဟူ၍ အော်လိုက်ချင်သည်။

ဦးဆုံး မယ်မယ်ကြီး အဆောင်သို့ ခေါ် သွားသည်။

မယ်မယ်ကြီးသည် ပယင်းစိပ်ပုတီးကြီးနှင့် ပုတီးထဲတွင် စျာန်ဝင်စားနေစဉ် အပျိုတော်နှစ်ယောက်က သားမြီးယပ်ရှည်ကြီးနှင့် ယပ်သွင်းနေကြရသည်။

အသံဗလံတွေကြားမှ မျက်လုံးကို အသာဖွင့်ကြည့်ရာ သူ့ရှေ့တွင် ပျပ်ဝပ် ချပ်ချပ် ရှိသေစွာ ခစားနေကြသော ဗိုလ်ယုံးအိုနှင့် မောင်ရွှေပြင်ကို တွေ့လိုက်ပါ တော့၏။

"ဟဲ့. . ယုံးအိုပါလား၊ သူက ဘယ်သူတုန်း"

"မယ်မယ်ကြီး သေချာရှုစားတော်မူပါဘုရား၊ မယ်ဘုရား မြင်ဖူးသလိုလို မရှိ ပါဘူးလား ဘုရား"

"ဟေ. . အေးဟဲ့၊ မြင်ဖူးလိုက်တာမှ နေ. . နေဦး၊ ရွှေ. . ရွှေပြင် မဟုတ်လား ဟဲ့"

ဗိုလ်ယုံးအို ဝမ်းသာအားရနှင့်. .

"မယ်မယ်ကြီးဘုရား၊ မှတ်ဉာဏ်ကောင်းလှပါလား ဘုရား"

"ဟဲ့. . မှတ်ဉာဏ်ကောင်းလို့ မခံနိုင်ဘူးလေ။ အိမ်ရှေ့မင်း မယ်တော် စားပြ တိုက်ခံရတယ်လို့၊ ရှက်စရာဖြစ်မယ့်ဘေးကို ဟောဒီ မောင်ရွှေပြင်က ကယ်လိုက် တာပေါ့ကွယ်"

ဟောဒီမှာ မယ်မယ်ကြီး သနားတော်မူခဲ့တဲ့ ရွှေထုံးဘူးပါဘုရားဟု ထုတ် ပြချင်လွန်းလှတော့သည်။

ယခုတော့ ရွှေမက်မ ငွေမက်မကို ထုတ်ပေးပစ်ခဲ့၍ သူ သက်သေတော့ဖြင့် မပြနိုင်တော့ပါ။

"ဝမ်းသာလှပါတယ်ဘုရား၊ မယ်မယ်ဘုရား မှတ်မှ မှတ်မိပါ့မလားလို့ပါ"

"မှတ်မိတယ်၊ မှတ်မိတယ်။ ခုလဲ ဆုတော်လာဘ်တော်များ ချရဦးမယ်"

သူက လက်ဝါးကာမိရင်း. .

"သည်းခံတော်မူပါဘုရား။ အိမ်ရှေ့စံဘုရားထံ မင်းမှုထမ်းလိုခြင်းကလွဲ၍ ဘာ လာဘ်လာဘမျှ မမျှော်ကိုးပါဘုရား"

"ဟေ. . သားတော်မှာလဲ လူပျိုတော်သားတွေ ဝိုင်းဝိုင်းလည်လို့ပါလားကွယ်"

"မယ်မယ်ကြီးဘုရား ကိုယ်တော်လေးအကြိုက် ပညာတွေစုံပါတယ်ဘုရား"

"ဟေ. . ဘာတွေတတ်သလဲကွယ့်"

"လိပ်ချင်းတိုက်တာတို့၊ ပုတ်သင်ညိုချင်းတိုက်တာတို့"

"ဟေ. . အဆန်းတွေပါလား။ ဒါဆိုရင် သားတော်ကလေး သဘောတော်ကျပြီပေါ့တော်။ ဟဲ့. . ဟဲ့ မယ်မျိုး သွား သွား သားတော်အဆောင် လျှောက်ချည်ပါ။ သားတော်လေး အဆန်းအပြား လိပ်ပြိုင်ပွဲများ၊ ပုတ်သင်ညိုပြိုင်ပွဲများ ရှုစားတော်မူပါမလားလို့ လျှောက်ခဲ့။ လူတောကြီး ငါးရွာသားလေး ရွှေပြင်က ခြေတော်မိုးလို့ ရှိခိုးကော်ရော်လိုပါကြောင်း လျှောက်ချည်ကွယ်၊ လျှောက်ချည်"

"မှန်လှပါ မယ်မယ်ကြီးဘုရား"

အပျိုတော် မယ်မျိုး သားတော်အဆောင်သို့ ကူးသွားစဉ် မယ်မယ်ဘုရားသည် စွန်ပလွန်သီးယိုများ၊ သီးမွှေးငှက်ပျောသီးများ၊ နန်းတော်သုပ် လက်ဖက်အုပ်များ ကျွေးမွေး ဧည့်ခံရင်း စားပြတိုက်ခံရစဉ်က မယ်မယ်ကြီး ကြောက်လန့်တကြားဖြစ်ခဲ့ရပုံတွေ၊ စားပြကောင် ခါးထိသွားပုံတွေ၊ ကျန်တစ်ယောက်ပါ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျ ပြေးကြပုံတွေ ပြန်လည် ပြောကြားနေတော်မူသည်။

မကြာမီ မယ်မျိုး ရှိခိုး၍ ဝင်လာရင်း. .

"မယ်မယ်ကြီးဘုရား သားတော်မောင် အိမ်ရှေ့စံကိုယ်တော်ကြီးက ဆန်းဆန်းပြားပြား လိပ်တိုက်သမားကို ချက်ချင်း လွှတ်တော်မူပါဘုရားတဲ့ ဘုရား"

"အမယ်လေး"

ရွှေပြင်ခမျာ မယ်မျိုးစကားဆုံးမှ အပူလုံးကျ၍ ပြုံးမြမြဖြစ်သွားရပါတော့၏။

"ဟဲ့. . ဟဲ့. . ယုံးအို၊ ကြားရဲ့လား၊ ခေါ်သွားလေ။ ရွှေပြင် အမြန်လိုက်၊ အမြန်လိုက်"

"မယ်မယ်ကြီး ကျေးဇူးကြီးလှပါတယ်ဘုရား"

ရွှေပြင်ကား ဦးသုံးကြိမ် ထပ်မံချခဲ့ပါတော့သတည်း။

## ပုဂံမင်းသား စံအိမ်တော်

ခြံထဲဝင်လိုက်ကတည်းက အနံ့တစ်မျိုးက မောင်ရွှေပြင်နှာခေါင်းကို လာကလိသည်။

တောနံ့ တိရစ္ဆာန်နံ့။

ရွှေနန်းတော်ကြီးနှင့် လားလားမျှ မဆိုင်သော တောကောင်အနံ့များနှင့်အတူ ကြက်လှောင်အိမ်၊ ငှက်လှောင်အိမ်၊ အလှမွေးထားသော ဦးချိုကားကားနှင့် သမင်ဖို

ကြီးနှင့် သမင်မတစ်စုံ၊ စာ၊ ချိုး၊ ခါတို့ကလည်း သူ့လှောင်အိမ်နှင့်သူ၊ ဘယ့်နှယ် ရွှေလင်ပန်းနှင့် အချင်းဆေးရင်း မွေးတဲ့ သားပါလိမ့်နည်း။ ရှဉ့်ကလေးတွေလည်း ဖမ်းပြီး မွေးထားလိုက်တာ လှောင်အိမ်အပြည့်။ ကြက်တူရွေး၊ ကတ္တဝါ၊ စွန်ရဲ စုံနေတော့သည်။

ကျားသစ်ရေ မခြောက်တခြောက်ကြီးလည်း သစ်တုံးပေါ် နေပြထားသည်။ ပန်းဥယျာဉ်ဆိုရသော်လည်း တိရစ္ဆာန်ရုံ အသေးစားလေးသဖွယ်က ပို၍ပီပြင်နေရပါတော့၏။

"ဟဲ့. . ရွှေပြင်၊ ဟိုကျရင် အစစသတိနဲ့ နေနော့။ သူ့ကျေးတော် ကျွန်တော်တွေက အဟော့အရမ်းတွေ များတယ်"

"ဟုတ်ကဲ့ပါ ဦးလေးယုံး"

သူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ရွှေကျင်ခပ်ခေါင်းပေါင်းပေါ်မှ ဆံထုံးတော်ခပ်ဖွာဖွာနှင့် ပုဂံမင်းသားကား ခပ်ငယ်ငယ်ပင် ရှိပါသေးသည်။

ပြည်မင်းသားထက် ငယ်ပါသည်။ ရွှေဘိုမင်းတရားကြီး၏ သားကြီး ဩရသမဟုတ်ပါ။ သို့သော် မိဖုရားခေါင်ကြီးက မွေး၍ အိမ်ရှေ့အရာ ရရှိခြင်းပါ။

မိဖုရားခေါင်ကြီးတွင် သမီးတော် စကြာဒေဝီ (နောင်-မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်လောင်း) နှင့် ပုဂံမင်းသားနှစ်ပါး ဖွားမြင်သည်။ သမီးလည်း မိဖုရားခေါင် ဖြစ်သည်။ သားလည်း ထီးနန်းအရိုက်အရာ ခံရသည်။ ကံထူးလှစွာသော မောင်နှမပါတည်း။

သို့တစေ ဝမ်းနည်းစရာကောင်းသည်က ပုဂံမင်းကား ရရှိလာသော အခွင့်အရေးကို အလွဲသုံးစားလုပ်ရန် အိမ်ရှေ့စံဘဝကပင် ပတ်ပျိုးနေပါချေပြီတည်း။

ယခုလည်း သလွန်တော်ပေါ်မှ ဖင်တကြွကြွနှင့် ဗိုလ်ယုံးအိုနှင့် မောင်ရွှေပြင်တို့ ဝင်လာရာကို အငမ်းမရ ကြည့်နေသည်။ မောင်ရွှေပြင်ကို သူရရှိခြင်းအားဖြင့် သူရဲသူခက်တစ်ဦး အားကိုးအားထားရလေပြီတကားဟု ဝမ်းသာရမည့်အစားကလေးငယ်တစ်ယောက်ပမာ အသည်းယားစွာနှင့် လိပ်တိုက်ပွဲကို ရှုစားတော်မူနေပုံပါတည်း။

ဟဲ့. . ရွှေပြင် ဓားခုတ်လှံထိုး ဘယ်လောက်တတ်လဲ ပြစမ်းဟဲ့ ဆိုတာမျိုးကို ပြလိုက်ချင်သူပါ။

ယခုတော့ မယ်မျိုးက လိပ်တိုက်ပွဲ ပုတ်သင်ညိုတိုက်ပွဲများ ကျွမ်းသသူ ဖြစ်ကြောင်းပါဘုရားဟု လျှောက်ထားခဲ့သည့်အတိုင်း မျက်လုံးက ရွှေဖြင်ကို အကဲခတ်ရမည့်အစား. .

"ဘယ်မလဲ လိပ်"

"ဘယ်မလဲ ပုတ်သင်ညို"

ဟု မေးနေသယောင်ပါတကား။

ဗိုလ်ရွှေဖြင်ကလည်း ပါးလှပါသည်။ သူ့သစ်သားပုံးနှစ်ခုကို ရှေ့တော်သို့ အသာချလိုက်ပါတော့၏။

"လှတောကြီးငါးရွာသား ရွှေဖြင်လို့ ခေါ်ပါသဘုရား။ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ အခုန်အပျံ ဝိဇ္ဇာကလေးပါဘုရား"

လက်ျာချောင်းဗိုလ် ဗိုလ်ယုံးအိုက မောင်ရွှေဖြင်၏အရည်အသွေးကို အတိုချုံး၍ လျှောက်လိုက်သည်ပင် နားခါးတော်မူလှပုံနှင့်. .

"လက်ျာချောင်းဗိုလ်ကြီးရယ်၊ ဒါတွေက ကိုယ်တော်လေးဆီမှာ အပုံပါ အပုံပါ။ ခမည်းတော်ဘုရားက လက်ရွေးစင်တပ်တော်ကြီးတစ်ခုလုံး ပေးထားတာပါ။ ကိုယ်တော်လေးဆီ ရှားပါးတာက လိပ်. . လိပ်၊ လိပ်တိုက်ပွဲတဲ့။ အဟားဟား. . ပုတ်သင်ညိုတိုက်ပွဲတဲ့ ဟီ. . ဟီ။ ကိုယ်တော်ဖြင့် မကြားဖူးပေါင်ဗျာ။ လုပ်. . လုပ်ပါ။ အဲဒါတွေပဲ ကိုယ်တော်ကလေး ရှုစားချင်ပါတယ်"

စာပြန်ပွဲဖြေဆိုရန် ကျက်အံထားသော ရဟန်းသံဃာတို့ ကကြီးခကွေးဆင်း ဖြေကြားရသည့်နှယ်ပါတကား။

"ဟင်း"

အလွန်တရာ ကြီးပွားတိုးတက်ချင်ရှာသော မောင်ရွှေဖြင်ထံမှ သက်ပြင်းသဲ့သဲ့ကို ချရင်း. .

ဟယ်. . ပုဂံမင်းသားလေးဟာ အပျော်ကြူး၊ ကစားကြူး၊ အသောက်ကြူး တယ်လို့ နာမည်ရှိပြီးသားကပဲဟာ။ ဘာများဆန်းလို့လဲဟု သူက တွေးရင်း. .

"မှန်လှပါ၊ ရှုစားတော်မူပါဘုရား"

ဟု ဆိုကာ သစ်သားပုံးတွင် တစ်ကန့်စီ ထည့်လာသော လိပ်နှစ်ကောင်ကို အသာအယာ ထုတ်လိုက်သည်။

ပေါက်ပေါက်ဆုပ်ကို ကျွေးဟန်ပြ၍ ပါးစပ်တွင် တေ့ပြီးမှ နောက်သို့ ပြန်ဆုတ်လိုက်သည်။

ပုဂံမင်းသား၏အဆောင်တော်ဝယ် တစ်ဘက်လျှင် လူပျိုတော်သား သုံးဆယ်၊ ပေါင်း ခြောက်ဆယ်ခန့် အနားတွင် ပေါက်ကရကိုးဆယ်၊ အရက်အမြည်း၊ အဖီး အသင်း၊ အသည်းအဆုတ် ခွဲခြားပြုလုပ်ထားသော စားသောက်ဖွယ် ယမကာအဖြာ ဖြာတို့ဖြင့် ပွဲကြီးဝှဲချီးစွာ စံနေတော်မူခြင်းပါ။

တောသားလေး ရွှေပြင် အံဝင်ခွင်ကျ ခံစားခွင့်ရရှိနေ၍ တချို့က မလိုတမာ မျက်လုံးနှင့် ကြည့်သူကကြည့်။ ကိုယ်တော်လေး သဘောတော်ကျရင်တော့ နောက် ရောက်တဲ့ လူပျိုတော်သားတို့ထက်သာ၍သွားလေတော့မလားဟု စိုးရိမ်သူက စိုးရိမ်။

ကလိမ်ကျကျ မျက်လုံးနှင့် လူမိုက်ကြည့် ကြည့်သူက ကြည့်။

ပကတိ အရေးမစိုက်သူကဖြင့် မောင်ရွှေပြင်ပါတည်း။

ထန်းလျက်ဖြင့် ပြုလုပ်ထား၍ အလွန်အရသာရှိသော ပေါက်ပေါက်ဆုပ်ကို လိပ်နှစ်ကောင် ဆတ်ဆတ်တုန်မျှ စားချင်လာရန် ဆွရ မြူရသည်။

သူက လိပ်တွေနားကပ်၍ တတွတ်တွတ် ဆီမန်းမန်းသည်။ လိပ်ခေါင်းကြီး တွေ အဆုံး ထွက်ထွက်လာကြသည်။

ရယ်စရာ ရွှံစရာပါ။

သို့သော် ပုဂံမင်းသား မျက်နှာတော်က ရွှံပုံမပေါ်၊ ပြုံးတပျော်ပျော်နှင့် စိတ် တော်ဝင်စားနေသည်။

ဘေးနားက အလိုတော်ရိ လူပျိုတော်သားတို့က လက်တတို့တို့နှင့် အော့ လည်လည် မျက်နှာကြီးတွေနှင့် စောင့်ငုံ့နေကြသည်။

မကြာမီ တစ်လံအကွာစီတွင် လိပ်နှစ်ကောင် ထားပေးပြီး ရှူးတိုက်ပေး၍ ပြိုင်ပွဲကို စပေးလိုက်သည်။ လိပ်နှစ်ကောင် ခြေတွေ ကြွ၍ကြွ၍ သွက်သွက်ကြီး လှမ်းလာကြသည်။

ဘေးနားမှ လူပျိုတော်သားများ တလှုပ်လှုပ် ဖြစ်လာရသလို. .

ရွှေလင်ပန်းနှင့် အချင်းဆေး မင်းမွေးသော သားတော်ကြီးတန်မဲ့နှင့် သလွန် တော်တွင် ခြေတွဲလဲချထိုင်နေရာက မရိုးမရွဖြစ်ကာ ခြေတစ်ဖက်ချင်း တင်လိုက် သည်။

သူ ကြက်တိုက် ငှက်တိုက်ပုံကို မယ်တော် (နန်းမတော်ဘုရား) များ မြင်သွား ခဲ့လျှင် တက်များသွားလေမလား မသိ။

မင်းသား မင်းသမီးဆိုသည်မှာ ပြောပုံဆိုပုံ ကိုယ်ဟန်အမူအရာ လွန်စွာ ယဉ်ကျေးကြရသည် မဟုတ်ပါလား။

ဟော. . ခုပင် ကြည့်ပါဦးတော့။ ပုဂံမင်းသားသည် လိပ်နှစ်ကောင် နီးကပ်လာသည်နှင့်အမျှ မင်းသားလေး ဆောင့်ကြောင့်ထိုင်လျက် ဖြစ်သွားရပါတော့သည်။

ပြီးတော့ အသည်းယားသော ပျော်ရွှင်ခြင်းမျိုးဖြင့် ခါးပုံစကို ဆွဲ၍ ဆွဲ၍ တဟီးဟီး တဟဲဟဲ ဖြစ်နေရသည်။

သူ ခုန်တိုင်း ဆံထုံးတော် ဆံမြိတ်ကွင်းသည် တမြှောက်မြှောက် ခုန်နေသည်။ အဖိုးတန် မင်းညီမင်းသား ဟန်ကလေးကား နှမြောစရာ ကောင်းလိုက်ပါဘိ။

လိပ်နှစ်ကောင်သည် မည်သို့များ လေ့ကျင့်ထားသည်မသိ၊ နောက်ခြေထောက်၍ ခွပ်ကြ၊ သူတို့ပါးစပ်ပြကလေးတွေနှင့် တစ်ကောင်ကိုတစ်ကောင် ကိုက်ကြ၊ လိပ်ခွံမည်းကြီးနှစ်ခု တခွပ်ခွပ် ထိရိုက်ခတ်ကြနှင့် အတော် သဲကြီးမဲကြီး တိုက်နေကြခြင်းပါတကား။

မင်းသားက မည်မျှ သဘောကျနေသည် မသိ။ ရာဇဏ္ဍေ ပျက်လောက်အောင် ပါးစပ်က သွားရည်တွေပင် ကျနေရပါတော့၏။

"ဟာ. . လိပ်ဖြူ ရေရေလည်လည် ခံနေရပါလား မောင်မင်းတို့"

မင်းသားသည် ရှုံးသည့်ဘက်က သနားရတာတို့၊ နိုင်သည့်ဘက်က ဝမ်းသာရတာတို့ ချို ခါး ရသစုံနှစ်ခုလို မြိန်ယှက်စွာ ခံစားတော်မူပါသတည်း။

"ခေါက်"

မင်းသားအိမ်တော် ကြမ်းပြင်တွင် အခွံဖြူ မွဲမွဲကလေး ခေါက်ခနဲ ပက်လက်လန်လျက်ကြီး ကျသွားပါတော့၏။ ဒါကိုပင် လိပ်ခွံမည်းမွဲမွဲနှင့် အကောင်က လည်မျိုကို လိုက်ကိုက်ရန် ဟန်ပြင်နေ၍ မောင်ရွှေဖြင်က အကောင်ချင်း ခွဲလိုက်ရပါတော့၏။

"ရှုစားတော်မူရတဲ့အတိုင်း လိပ်မည်း နိုင်ကြောင်းပါဘုရား"

မောင်ရွှေဖြင်က အိမ်တွင် လေ့ကျင့်လေ့ရှိသောပုံစံနှင့် လက်နှစ်ဖက် ရှေ့သို့မြှောက်၍ ပီပီပြင်ပြင် လျှောက်ထားလိုက်ပါတော့၏။

မင်းသားက လက်ခုပ် စတီးလိုက်၍ လူပျိုတော်သားများ လိုက်တီးကြသည်။

သို့သော် တောသားရွှေဖြင် တွင်ကျယ်ရန်ကောဟူသော မလိုမျက်စောင်းတို့က ကျိတ်ထိုး ထိုးသူတို့က ထိုးလျက်ပါလား။

ထိုအခိုက် ဝိုင်းဝ၌ ရှဲခနဲ ရှတ်ရှတ်ရှတ်ရှတ် အသံများ တန့်သွားရ၍ အားလုံး လှည့်ကြည့်ရာ ပုဆိုးတောင်ရှည်ပေါ်မှ ဝိုင်အဖြူအပါးစား အင်္ကျီရှည်၊ ရွှေချည်ထိုး

ကတ္တီပါဦးထုပ်၊ ပုံတော်ဖိနပ်နှင့် ပုဆိုးစဆွဲ၍ ဝဲ၍ ဝင်လာသော ဘိုင်ဆပ်ကို မြင်လိုက်ရ၍ ပုဂံမင်းသားလေးကပါ ပျာပျာသလဲ. .

"ဘိုင်ဆပ် ကြွပါ ကြွပါ။ ဩော်. . တောကြက်ဖကြီးနှစ်ကောင်လဲ ပါတာကိုး။ အတက်ကြီးတွေကလဲ နည်းတဲ့ အတက်ကြီးတွေ မဟုတ်ပါလား"

မောင်ရွှေဖြင် စိတ်ပျက်သွားရသည်။

သူ ပုတ်သင်ညိုတိုက်ပွဲကလေး မစရမီ ကုလား ဆင်ဖြူတော်လေး ရောက်လာပါပကောလား။

မင်းသားကပင် တယုတယ ရှိလွန်းလှတော့သည်။

ငယ်ကျွန်များက ချက်ချင်းပင် ထန်းရည်ခါးနှင့် ကြက်သားကြော် ရွှေအုပ်များ တစ်အုပ်ပြီးတစ်အုပ် လာချသွားကြသည်။

ကြက်ဖတစ်ကောင်စီကို ခန့်ညားစွာ ပိုက်လာကြသော ကုလားလုလင်ပျို နှစ်ဦးကိုပါ ငယ်ကျွန်များက ထန်းရည်ခါး၊ အကြော်စုံတို့ဖြင့် ဧည့်ခံကြရသည်။

ဘိုင်ဆပ်ကို ယခင်က အသံသာ ကြားဖူးရသည်။ ယခုမှ မြင်ဖူးရပါလား။ သူက မင်းသားကို အတော်ရိုသေသည်။ စကားကလည်း ကြွယ်ပါပေသည်။

"ကိုယ်တော်လေး မတ္တရာကအပြန် ကျန်းခံ့သာလို့ မာတော်မူပါစလို့ အမြဲမေးနေပါတယ် ဘုရား"

"ဘိုင်ဆပ်တို့များ ဆယ်ရက်တိတိ မလာဘဲ နေပဲ နေနိုင်လွန်းပါ့ဗျာ"

မင်းသားအသံက ဝမ်းနည်းပက်လက်ပါ။

"အပြစ်တော်တင်ရင်လဲ ခံရန်အသင့်ပါ ဘုရား။ မတ္တရာက ပြန်ရောက်ကတည်းက ဘုရားကျွန်တော်မျိုးကြီး အပြင်းဖျားတာ ခုနစ်ရက်ပါဘုရား၊ ခုနစ်ရက်ပါ"

"အို. . ကိုယ်တော်ထံ အကြောင်းမကြားဘဲကိုး။ မယ်မယ်ဘုရား ငန်းဆေးက တစ်ခွက်ပဲ သောက်ရမယ် ဘိုင်ဆပ်ရေ၊ စွမ်းတာတော့ မပြောနဲ့တော့"

"သည်လောက်ကောင်းတဲ့ ဆေးရှိမှန်း မသိလို့ပါဘုရား။ ဒါပေမယ့် ဖျားနေရင်း တန်းလန်းကတောင် ဟောဟိုမှာ လည်ဆံမွေးဖွားဖွား တိုက်ကြက်ကြီးများ နှစ်ကောင်ကို အထူးလေ့ကျင့်ထားပေးပါသဘုရား"

"ဩော်. . ဟုတ်ပါ့ဗျား၊ ဒါပေမယ့် ဟောဒီ အဆန်းအပြား လှတောရွာသားလေး သယ်ဆောင်လာတဲ့ လိပ်ပြိုင်ပွဲအပြင် အခု ပုတ်သင်ညိုပြိုင်ပွဲကိုပါ ရှုစားမလို့ ဘိုင်ဆပ်ရေ၊ ဘိုင်ဆပ်လဲ ကြည့်ပါဦးလေ"

ဘိုင်ဆပ် မျက်နှာပျက်သွားရသည်။

ဆင်ပွဲကို ပုရွက်ဆိတ်အလှူက ဖျက်လေပြီတည်း ဟူ၍ပါ။

ရွှေပြင်ကား ဘိုင်ဆပ် အဖျက်လည်း မခံဝံ့ပါ။ ထို့ကြောင့် ပျာပျာသလဲ လက်ဆယ်ဖြာ ပန်ထွာယှက်၍. .

"ကိုယ်တော်လေးဘုရား၊ ပုတ်သင်ညိုပွဲက ခဏတဖြုတ်နဲ့ ပြီးသွားမှာ ဖြစ်ပါတယ် ဘုရား။ ဒါကြောင့် ပွဲကြီးပွဲကောင်း ကြက်ဖလည်ဆံမွေးဖွား နှစ်ကောင်ရဲ့ပွဲကို ဦးဆုံး ရှုစားတော်မူပါဘုရား"

ပုဂံမင်းသားက ဘိုင်ဆပ်ကို ဦးစားပေးပွဲဆိုလျှင် ငြင်းမြဲမရှိ၍ တပြုံးပြုံးနှင့် ခေါင်းညိတ်တော်မူသည်။

ကြက်ပိုက်ကုလား နှစ်ယောက်သည် သူ့ကြက် ကိုယ့်ကြက် ရှူးတိုက်၍ ဟန်ရေးပြနေကြသည်။

ကြက်နှစ်ကောင်သည် မျက်လုံးပွင့်လာကြသည်။

တစ်ဘက်ရန်သူကို အမောက်ဖတ်လတ်ကြီးနှင့် တငမ်းငမ်း လိုက်ကြည့်သည်။ ပြီးတော့ သွေးဆူလာကြသည်။ သခင်လက်မှ ရုန်းဆင်းကြသည်။

"ဖရောက်"

လက်ဖျောက်သံကြီးက ခုခေတ် ခရာထက် အချက်ပေးအားကောင်းလှသည်။

ပွဲစရန် တိုင်ပေးလိုက်ခြင်းပါတည်း။

ခွပ်ပြီ။

ကြက်နှစ်ကောင် ခွပ်ကြပါပြီ။

လေထဲသို့ ပျံဝဲ၍ အတက်ကြီးနှင့် တစ်ဘက် အကောင်၏ မျက်လုံးကို ထိုးဖောက်ရန် ကြိုးစားသည်။ တစ်ဘက်အကောင်ကလည်း အလွန်ကောင်းရကား ရှောင်သည် ရှားသည်ပေါ့။

ဘယ်ရလိမ့်မည်နည်း။

သူက ပြန်အခွပ်တွင် သည်ဘက်ကောင်ကြီး တစ်ချက်နာသွားရသည်။

ပုဂံမင်းသားလေးကား သလွန်ပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ လက်သီး လက်မောင်း တန်းနေပေသည်။

တော်တော်ဝါသနာကြီးရှာသည်ကိုး။

အင်း. . လူပျိုဖော်ဝင်စ ကလေးအရွယ်က ဘယ်လူပျိုတော်သားကများ စိတ်ဝင်စားဖွယ် ဤကြက်တိုက်ပွဲကြီးကို စတင်ပြသပေးခဲ့ပါသနည်း။

သူ့ခမျာ မိဖုရားခေါင်ကြီးက မွေးသော ရွှေမင်းသားလေး မှန်ပါလျက်နှင့် ကြက်တိုက်ဝါသနာထုံနေရရှာသည်။

ဖရှူးဖရှူး ဖွားရရာလန်ကာ ကြက်မွေးတွေ ပလူပျံအောင် ကျွတ်ကုန်ရသည်။

"ကိုယ်တော်လေးဘုရား၊ နောက်တစ်ခါ ကိုယ်တော်လေး ပြန်ကြည့်နိုင်အောင် အသေအကန်း မဖြစ်အောင် သိမ်းတော့မယ်နော် ဘုရား။ ဒီဘက်က ကြက်သွေးရောင်ကြီး နိုင်ပါသဘုရား။ အရေး. . အရေး ကြက်နှစ်ကောင် ပူးသတ်နေကြပြီ ခွဲစမ်း၊ ခွဲစမ်း"

ဘိုင်ဆပ်သည် သူ စပါယ်ရှယ်လေ့ကျင့်ထားသော ကြက်ကြီးတွေ အသေအကန်း မခံနိုင်ရှာပါ။ ပွဲသိမ်းလေပြီ။

"ဟူး ဝူး ဝူး"

"ကြည့်လို့ကောင်းလိုက်တာ ဘိုင်ဆပ်ရယ်။ ကိုယ်တော်တောင် ဝင်ခွပ်ပေးလိုက်ချင်တယ် ဟား ဟား ဟား. . "

"ကိုယ်တော်လေး အမောပြေ ထန်းရည်ခါးလေးပါ ဘုရား"

မှန်သည်။ မင်းသားလေးသည် ကြက်နှစ်ကောင်ခွပ်ရ၍ မောသကဲ့သို့ သူကလည်း ကြည့်ရ၍ မောနေရှာရပါပြီတည်း။

"အဟီး. . မမောပေါင်ဗျာ့၊ ကနေ့တော့ ကြိုတင် စီစဉ်မထားဘဲ ကိုယ်တော် ပွဲကြီးပွဲကောင်းများ ကြည့်နေရပါလားဗျာ"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဒီကြက်နှစ်ကောင် ရလာကတည်းက အဖျားမပြတ်သေးတဲ့ ဘုရားကျွန်တော် လာချင်လိုက်တာ အရှူးတစ်ပိုင်းပါပဲဘုရား"

"အဟဲ. . အဟဲ အရှူးတစ်ပိုင်းက ကြက်လမိုင်းတော့ ကပ်သွားပြီပဲ၊ ဘိုင်ဆပ် ကိုယ်တော် ဘာဆုတော်လာဘ်တော်များ ဆပ်ရပါ့မလဲ"

"နေပါစေ၊ နေပါစေ။ ဘုရားကျွန်တော်မျိုးက တစ်မျိုးပါဘုရား၊ ကိုယ်တော် ကလေး ပေးချင်တဲ့ ဆုတော်လာဘ်တော်တွေစုပြီး တစ်ပေါင်းတည်းမှ ယူမှာပါဘုရား အဟဲ. . အဟဲ"

"ဘယ်တော့ယူမှာလဲ ဘိုင်ဆပ်ရဲ့"

"ကိုယ်တော်လေး အထွတ်အထိပ်ရောက်မှ ယူမှာပါဘုရား"

"ဟား ဟား ဟား. . ဘိုင်ဆပ် အကြံပိုင်တယ်နော့။ ဒါပေမယ့် ဒီစကားကို ကြမ်းကြားလေကြား တိုးတိုးပြောကြဗျာ့။ ခမည်းတော်ဘုရားလဲ ညက ရောဂါတော် တိုးတယ်ကြားရတယ်"

"မှန်ပါ၊ ရွှေနန်းရှင်ဘုရားအတွက် စိတ်မကောင်းပါဘူးဘုရား"

"အေးပေါ့ ဘိုင်ဆပ်ရယ်၊ ခမည်းတော်ဘုရားရဲ့ကျေးဇူးက ကြီးပါပေတယ်။ ပြည်မင်းသား နောင်တော်ကြီးရှိလျက်သားနဲ့ ကိုယ်တော့်ကို အဂ္ဂမဟေသီဒေဝီဘုရားရဲ့ သားတော်ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုတည်းနဲ့ အရိုက်အရာကို ပေးသနားတော်မူရှာတယ်ဗျာ"

"ကိုယ်တော် ဘုန်းရှိန်တောက်ပချိန် နီးပါပြီဘုရား"

ပုဂံမင်းသား အိမ်ရှေ့စံနှင့် ဘိုင်ဆပ်တို့သည် သူ့ရှေ့တော်မှောက်၌ လက်ျာချောင်းဗိုလ် ဗိုလ်ယုံးအိုနှင့် ငရွှေဖြင်တို့ ရှိကြပါလားဟုပင် စဉ်းစားတော်မူမိပုံမရ။ ဘိုင်ဆပ်နှင့်တွေ့လျှင် လောကကြီးကို အားလုံး မေ့သွားရစမြဲပါတည်း။

မောင်ရွှေဖြင်ကား အာဂလူ မဟုတ်ပါလား။ မျက်နှာမွဲအဟုတ် ငုတ်တုတ်ကြီး အဘယ်မှာ အဖြစ်ခံပါအံ့နည်း။

တိရစ္ဆာန်များ မနေသကဲ့သို့ ပုံးတွေ ဂျောက်ဂျက်နှင့် ရွှေ့ပစ်လိုက်သည်။

"ဟဲ့. . ဟဲ့ အသာနေကြ။ ကိုယ်တော်ဘုရားနဲ့ ဘိုင်ဆပ်သခင်တို့ စကားပြောနေကြတယ်"

ရွှေဖြင့်အသံက တိုးတိုးပြောရင်းက ကျယ်ကျယ်ကြီး ထွက်သွားရသည်။

ပုံးအိုသားလေး ဘိုင်ဆပ်သည် သူ့အား ဘိုင်ဆပ်သခင် အခေါ်ခံရ၍ ရင်တလှပ်လှပ် အကြည်ဓာတ်ဆိုက်၍ သွားရပါတော့သတည်း။

"ဩော်. ဟုတ်ပါရဲ့ ကိုယ်တော်လေး။ ကလေးကြိုက်၊ ပူတူတူးကြိုက် ပုတ်သင်ညိုတိုက်ပွဲကလေး ရှုစားဖို့ ကျန်နေပါသေးလား"

ဘိုင်ဆပ်က စ၍ပြောမှပင် ပုဂံမင်းသားလေး စကားအမျှင်ပြတ်တော်မူကာ-

"ဩော်. . လှတောကြီးရွာသားလေး စောင့်နေရှာတာပဲ။ ကဲ. . ကဲ ပွဲစပါလေ။ ကိုယ်တော်ကလဲ ဘိုင်ဆပ်ကို ပြန်ဧည့်ခံရတာပေါ့"

တောက်၊ ပုံးအိုသားလေးက အိမ်ရှေ့ဘုရားထံမှာ ဒီလောက် ကြီးကျယ်နေရရှာတာကိုး။

မောင်ရွှေဖြင် စဉ်းစားရင်းက သူ့အကောင်နှစ်ကောင်ကို အစာနှင့်ဆွ၊ ကြက်မွေးထူကြီးနှင့် ထိုးဆွလုပ်ရတော့သည်။

မောင်ရွှေဖြင်သည် ပုဏ္ဏားရိတ်သီးလေးများကို သည်အကောင် ကျွေးမည်လုပ်ပြီးမှ ဟိုဘက်ကောင်ကို ကျွေးလိုက်ရာ သည်ဘက်အကောင် စိမ်းပြာရောင် အမောက်ကြီး တလှုပ်လှုပ်ဖြစ်လာသည်ထိ ဒေါပွ၍မဆုံးတော့ပေ။

တဖန် ဟိုဘက်ကောင်ကို ကျွေးမည်လုပ်ပြီးမှ သည်ဘက်အကောင်ကို ကျွေးလိုက်ပြန်၍ မျိုးတူရိုးတူ ပုတ်သင်ညိုနှစ်ကောင် အချောင် အမုန်းပွား၍ သွားရပါတော့သတည်း။

ထို့နောက်တွင်လည်း မောင်ရွှေပြင်သည် ပုတ်သင်ညိုနှစ်ကောင်ကို ခြေထောက်တွင် ကြိုးသေးသေးဖြင့် ခိုင်ခံ့စွာ ချည်နှောင်၍ ကြိုးကို ခပ်ရှည်ရှည်ထားပေးပြီး အကောင်နှစ်ကောင် ကိုက်စေ၊ တိုက်စေပါတော့၏။

စလုတ်ဖားဖား အမောက်တကားကားနှင့် ပုတ်သင်ညိုကြီးတွေက အထူးရှာထားပုံ ရပါ၏။ လက်ဝါးတစ်ဆုပ်ခန့်အလုံးနှင့် အမြီးအဆုံးဆိုလျှင် တစ်တောင်ခန့်ရှိသော ပုတ်သင်ညိုကြီးနှစ်ကောင် တိုက်ပွဲစရန် တာစူနေပါပြီ။

ဘိုင်ဆပ်သည် မောင်ရွှေပြင် လုပ်ပုံကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

အာဂကောင်လေးပဲဟု တွေးနေသည်။

ပုဂံမင်းသားလေးကမူ ထုံးစံအတိုင်း သလွန်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီးဖြစ်နေရသည်။ ပုဆိုးခါးပုံစကို နောက်ထဲမှ ခါးကိုပြန်ပတ်လိုက်သည်။ တတ်နိုင်လျှင် ဤကဲ့သို့ တိရစ္ဆာန်များ တိုက်နေကြချိန်တွင် အဝတ်အစားများပင် ချွတ်၍ဆင်းရဲသားတစ်ယောက်လို ခါးတောင်းမြှောင်မြှောင်ကျိုက်၍ ကြည့်လိုက်ချင်ပုံပါ။ မလွှဲသာလွန်း၍ မင်းသားတန်ဆာပလာများ ဆင်နေရသူပါ။ ကြက်တိုက် ငှက်တိုက်ဤမျှ ဝါသနာကြီးသူပါတည်း။

ပွဲစလေပြီ။

ဘိုင်ဆပ်က ထင်ခဲ့သည်။

တိရစ္ဆာန်အသေးအမွှား ကလချာပွဲလေးသာ ဟူ၍ပါ။

"ဟာ. ."

သူကစ၍ မျက်လုံးပြူးသွားရသည်။

အကောင်သာငယ် မာန်စွယ်နှင့်တကားကားပါတကား။

စကတည်းက ဒေါသတကြီးနှင့် အပြေးခဲ၊ အပြေးဟပ်၊ အပြေးလိုက်နှင့် ရုပ်ပျက်ဆင်းပျက်ပါတကား။

သူတို့ ရုပ်ပျက်ဆင်းပျက်ဖြစ်လေ၊ ပရိသတ် ကြိုက်လေ။ အထူးသဖြင့် မင်းသားနှင့် ဘိုင်ဆပ်တို့ မျက်လုံးများ ဖျတ်ဖျတ်ခါနေရပါတော့၏။

ပရိသတ်များ အုန်းအုန်းကျွက်ကျွက် ဖြစ်နေစဉ်. .

တစ်ကောင်သည် အလူးအလဲ ခံနေရသည်။

"ဟာ. . တယ်ဟုတ်ပါလား"

"အလို. . အလို ဒေါသကြီးလှချည်ရဲ့"

"ဟိုအကောင် ဟိုအကောင် အရောင်ပြောင်းသွားပြန်ပြီ"

"သေတော့မယ် သေတော့မယ်"

"ကိုယ်တော်လေး အသေပွဲ အလိုရှိပါသလား၊ အနာပွဲ အလိုရှိပါသလား ဘုရား"

"ဟေ. . ဒါကို မင်းက တတ်နိုင်လို့လား"

"မှန်ပါ ခုဆိုရင် ညာဘက်က ကောင်က နိုင်နေပါပြီ ဘုရား"

အရှုံးအနိုင် ကြေညာရုံပါ။

"ကိုယ်တော်လေးဘုရား၊ အသေပွဲ ရှုစားတော်မူပါလား ဘုရား"

ဘိုင်ဆပ်က တစ်ကောင်ကောင် သေစေချင်နေပုံပါ။

မင်းသားကလည်း ဘိုင်ဆပ် ဖြူလျှင် သူ ဖြူစမြဲပါတကား။

ထို့ကြောင့်ပင်. .

"သဘော. . သဘော ဘိုင်ဆပ်သဘော"

မင်းသားလေးသည် ဘိုင်ဆပ်ကို တုန်နေအောင် ချစ်ပုံရသည်။ ဘာတွေများ အကြိုက်ကျွေးထားပါလိမ့်။

မောင်ရွှေပြင်သည် အလိုက်ကမ်းဆိုး သိရပေတော့မည်။

သူ လေ့ကျင့်ထားသော ပုတ်သင်ညိုလေး၏ အသက်တစ်ချောင်းကို နှမြော လှပါသည်။ သို့သော်လည်း ဆံမွေးဖွားဖွားထနေသော ဘိုင်ဆပ်၏ ကြက်နှစ်ကောင် နှင့်စာလျှင်တော့ သူ့သတ္တဝါ ပုတ်သင်ညိုကလေးများက ငယ်လွန်းလှသည်။

မျက်နှာပန်းမလှချေ။

မွဲခြောက်ခြောက်ဖြစ်မည်လည်း မခံနိုင်ချေ။

ပွဲတော့ စိုစေချင်သည်။ သူ့အကောင်ငယ် တိုက်ပွဲကလေး လှုပ်ခတ်သွားစေ ချင်သည်။

ချစ်စွာသော ဝဲဘက်မှ ပုတ်သင်ညိုလေးရယ်၊ သင့်ကို ငါ မကယ်လိုက်နိုင် တော့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါကွယ် ဟူ၍ ရင်ထဲက တောင်းပန်ရင်း ညာဘက် က ကောင်က လည်ကုပ်ကို အသေတက်၍ ခဲနေသည်ကို သည်အတိုင်း လျစ်လျူရှု လိုက်ရပါတော့၏။

"ဟာ. . တယ်ဟုတ်ပါလား၊ ပုတ်သင်ညိုက ဒေါချည်းပဲ။ ဟိုကောင် အလူး အလဲ ခံနေရပြီ။ ဟ. . ဟ. . ဆိုးလှချည်လား"

ပုဂံမင်းသားလေး ဆွေ့ဆွေ့ရမ်းရမ်း ဝမ်းပန်းတသာနှင့် သလွန်ပေါ် ရပ်နေရာမှ အောက်သို့ ခုန်ဆင်းလိုက်၊ တဖန် ပြန်တက်လိုက်နှင့် အသည်းယား၍ မရိုးမရွ အရသာကို မြိန်ယှက်စွာ ခံစားတော်မူသည်။

တစ်ဘက်သား ရက်ရက်စက်စက် ခံနေရသည်။

တစ်ဘက်က ဗိုလ်ပေါ် ဗိုလ်ဆင့် နိုင်နေကြသည် စသော ဆန့်ကျင်ဘက် အရသာမျိုးကို အလွန် မြတ်နိုးသူပါတည်း။

"ဟာ. . ရွှေပြင်ရဲ့ လည်ကုပ်ကို ခါယမ်းနေပြီ။ ကြည့်လဲ လုပ်ပါဦးကွ"

"ခုမှတော့ မဖြစ်တော့ပါဘူး ဘုရား၊ ဝဲဘက်ကအကောင် သိပ်နာနေပါပြီ ဘုရား။ အသေသာ ဟော. . ရှုစားတော်မူပါ ဘုရား"

"ကုပ်ကိုခဲ၍ ကိုင်ဆောင့်နေပါပြီဘုရား။ သေ. . သေပါပြီ ဘုရား၊ သေပါပြီ"

မောင်ရွှေပြင် ရင်နင့်နင့်နှင့် ခေါင်းငုံ့၍ ဖြေကြားလိုက်စဉ်. .

"အဟေး. . အဟေး တယ်ဆန်းတဲ့ ပုတ်သင်ညို သတ်ပွဲပဲကွယ့်"

"မောင်ရင်က ဘယ်ကလဲ"

အမေးရှိသူက ဘိုင်ဆပ်ပါတည်း။

"လှတောကြီးငါးရွာကပါ ဘုရား"

"လှတောကြီးငါးရွာဆိုတာ ဘယ်နားမှာလဲ"

"ရတနာသိယ်မရောက်မီ တစ်ဆယ့်လေးမိုင် အလိုမှာပါ"

"လှတောကြီး၊ ရေထွက်၊ ကျီးကန်တောင်ရွာ၊ ကျီးကန်မြောက်ရွာ၊ ရွှေကျင်တို့ကို စုပြီး လှတောကြီးငါးရွာလို့ ခေါ်တာပါ ဘုရား"

"ဪ. . တစ်ရွာနဲ့တစ်ရွာ ဘယ်လောက်ဝေးလဲ"

"တစ်မိုင်ခွဲ နှစ်မိုင်စီလောက် ဝေးပါတယ်"

ဘိုင်ဆပ် မျက်စိကျသွားရလေပြီတကား။

မင်းသားကို ဘာပြောလိုက်သည်မသိ။ မင်းသားက တပြုံးပြုံးနှင့်. .

"လက်ျာချောင်းဗိုလ်ကြီးဗျား"

"ဘုရား"

"ကိုယ်တော် လွန်စွာ သဘောတော်ကျပါတယ်။ ယနေ့ကစ၍ ရွှေပြင်အား ကိုယ်တော့် လူပျိုတော်သားအဖြစ် ခန့်အပ်လိုက်ပြီဗျား"

မောင်ရွှေဖြင်သည် ဝမ်းသာလွန်း၍ ရွာမှာဆိုလျှင် ဆယ်တောင်မြင့်သော ခြံစည်းရိုးကြီးကို လွှားခနဲ ခုန်လိုက်မိပေလိမ့်မည်။

သို့သော် ဘိုင်ဆပ်သည် သူ့အား အကောင်းခေါ်ရန် တိုက်တွန်းခြင်းပင် ဖြစ်ပါစေတော့ဟု ဆုတောင်းရပါတော့၏။

"ဟေ့ မောင်ရင်၊ ကိုယ်တော်လေးရှေ့မှာ စစ်ပွဲရှုံးတဲ့ ပုတ်သင်ညို အသေကောင်ကို ယူသွားလေကွာ၊ ကျက်သရေ မရှိဘူး"

လူပျိုတော်သားကြီးတစ်ဦးက ကျိတ်ပြောနေမှ သူက သတိတရ အမြန် သိမ်းဆည်းလိုက်ရပါတော့၏။

လက်ျာချောင်းဗိုလ်အား ရွှေဖလားငယ်တစ်လုံး၊ သူ့အား တစ်လုံး၊ ရွှေဖလား နှစ်လုံး ကောက်ကာငင်ကာ ဆုချတော်မူပါသတည်း။

"ဩော်. . အိမ်ရှေ့လျာ. . အိမ်ရှေ့လျာ၊ ငါ မြင်းစီးလှံထိုး လုပ်ပြလိုက်ရလို့ ရွှေဖလား ဆုချခံရတယ်ဆိုရင် ငါ သိပ်ဂုဏ်ယူမိမှာပဲ။ ခုတော့ လိပ်တိုက်ပွဲနဲ့ ပုတ်သင်ညိုတိုက်ပွဲအတွက်တဲ့။ နိုင်ငံတော်အတွက် ဝမ်းနည်းစရာကြီးပါလား"

အသက်အရွယ် နုနယ်လှသေးသော မောင်ရွှေဖြင်ပင် ထိုသို့တွေးရင်း၊ ဝမ်းနည်းဝမ်းသာ အရသာနှစ်မျိုးကို ခံစားရင်း ပုဂံမင်းစံအိမ်တွင် ခံစားခွင့် ရခဲ့ပါတော့သတည်း။

# ရက်စက်မိန့်ချေ

ဟယ်ခနဲ ရင်နင့်သွားရစေသော သတင်းတစ်ရပ်ကား အမရပူရနေပြည်တော်တစ်ခုလုံး ပျံ့နှံ့သွားရပါတော့၏။

ရွှေဘိုမင်းတရားကြီးခေါ် သာယာဝတီမင်း၊ ရွှေဘိုဘုန်းပွင့်ကုန်းဘောင်မင်းစသော ဘွဲ့ထူးများစွာရှင် ရွှေနန်းရှင်ဘုရားက ရက်စက်ခြင်း အထွတ်အထိပ်ကိုမိန့်ချွေတော်မူလေပြီ။

ထိုသတင်းကား သားတော်ကြီးလည်းဖြစ်၊ လွှတ်တက်မင်းသားကြီးလည်းဖြစ်သော ပြည်မင်းသားနှင့် သားတော်ငါးပါးအား သတ်စေဟူသော အမိန့်တော်ပါတည်း။

နဂိုကပင် ရွှေနန်းရှင်ဘုရားထက် အသက် ၂၃ နှစ် ငယ်တော်မူသော အနောက်နန်းမိဖုရား မမြလေးနှင့် သားတော်ကြီးတို့ အထွက်အဝင်ရှိသည်ဟူသော ပြစ်ချက်။

ထိုခေတ်အခါက ခေတ်ပြိုင် နန်းတွင်းစာဆိုများတွင် နန်းမတော်မမြလေး၊ မြဝတီဝန်ကြီး ဦးစ၊ ပြင်စည်မင်းသားကြီး၊ ပြည်မင်းသားတို့ကား စာပေအနုပညာရှိုးသားစွာ ဖလှယ်ကြခြင်းကို အထွက်အဝင်ရှိသည်ဟူသော ပြစ်ချက်မှ အစတည်ကာ နောက်တော့လည်း ရွှေဂုန်သို့ စုန်စဉ်က သားတော်ကြီး ပြည်မင်းသားသည် ခမည်းတော်ထံ ခွင့်မပန်ဘဲ မန်းစက်တော် သွားမိခြင်းအဆုံး ဒေါသမိုးလုံးပေါက်ကွဲကာ စည်းစိမ်များ ရုပ်သိမ်းခြင်းကို ခံခဲ့ရသည်။

ပြည်မင်းသားမိသားစု ထွက်ပြေးမိခြင်းတွင် တရားစီရင်ချက် အဆုံးသတ်ကာ ပြည်မင်းသားနှင့် သားတော် သတိုးစော ၁၃ နှစ်၊ သားတော် သတိုးမင်းဖျား ၁၁ နှစ်၊ သားတော် သတိုးမင်းလှ ၈ နှစ်၊ သားတော် သတိုးမင်းထင် ၆ နှစ်တို့အား ကတ္တီပါအိတ်တွင်ထည့်၍ လည်မျို တုတ်တိုနှင့်နှက်၍ မသေမချင်း သတ်ဖြတ်စီရင်စေသည်။

ထိုအထဲတွင် ကံထူးသူ သားတော် အငယ်ဆုံးလေး ထိပ်တင်တုတ် ၃ နှစ်မှာ နို့ထိန်းမယ်တော် မယ်ပုက ပါးကွက်အာဏာသားတွေကြားမှ ခဲရာခဲဆစ် ကယ်တင်ခဲ့၍ အသက်ရှင် လွတ်ကင်းခဲ့ပါတော့၏။

ရွှေဘုန်းပွင့်မင်းတရားကြီးလက်ထက်တွင် သေသင့်၍ သေရသူ၊ မသေသင့်ဘဲ သေရသူပေါင်း များစွာပါပင်။

နန်းမတော်မယ်နုမိဖုရား၊ မောင်တော် ဦးအို၊ ယင်းတောဝန်ကြီး၊ ပြည်မင်းသားနှင့် သားတော်များ၊ စကြာမင်းသားလေး။ အခြားလည်း အမြောက်အမြားအပြင် နောက်ဆုံး၌ တစ်ခါက ချစ်လှစွာသော အနောက်နန်းမိဖုရား မမြလေးနှင့်တကွ မိခင် ဒေါ်အိ ဆွေမျိုးတစ်သိုက်လုံးတို့ပါတည်း။ အားလုံး သုတ်သင် ကွပ်မျက်လိုက်ပါတော့၏။

သာယာဝတီ မင်းတရားကြီးသည် မကျေနပ်သူများကို သတ်စေ အမိန့်တော် ချွေရင်းကပင် စိတ်ဝေဒနာတော်များ ဆိုးရွားသည်ထက် ဆိုးရွားကာ သက္ကရာဇ် ၁၂၀၈ ခုနှစ်ထဲတွင် လူပြည်ငြီး၍ နတ်ထီးစံတော်မူ လွန်တော်မူပါသတည်း။

ထိုနှစ်တွင်ပင် ကံထူးလှစွာသော သောက်သောက်စားစား လူ့မင်းသားကလေး ရွှေတောင်မင်းခေါ် 'သီရိသုဓမ္မ မဟာဓမ္မရာဇာ' အရိမဒ္ဒနာ မည်သော ပုဂံ မြို့ကိုစားရ၍ ပုဂံမြို့စား (ဝါ) ပုဂံမင်းသားကလေးအတွက် အထိပ်ရောက်တော်မူပါတော့သတည်း။

မင်းတရားကြီး နတ်ရွာမလားမီတွင် အပိုဆု ရရှိလိုက်သူကား မောင်ရွှေပြင်ပါတည်း။

❖❖❖

"ဟာ. ."

ခြောက်ဆယ်ခန့်ရှိသော လူပျိုတော်သားအုပ်ထဲမှ တစ်ပြိုင်တည်း အံ့ချီးသံကြီး အဟုန်ပြင်းစွာ ပေါ်၍လာရပါတော့သတည်း။

တိုက်ကြက်လှောင်အိမ်များ ပြုပြင်မွမ်းမံနေကြသော လူအုပ်လည်း သည်ဘက်ကို ရောက်၍လာသည်။

မြင်းသည်တော်လေး ဖြစ်လာပြီဖြစ်သော ဗိုလ်ရွှေပြင်ကို တအံ့တသြ ဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ရွှေပြင် တစ်ကိုယ်တော် လှံစွမ်းပြနေသောကြောင့်ပါတည်း။

တစ်နည်းဆိုရသော် ဘုရင်လောင်းလျာကလေး၏ လူပျိုတော်သားတွေကို အားမရလွန်း၍ပါတည်း။

တိုင်းနိုင်ငံကို အုပ်ချုပ်တော့မည့် ဘုရင်သစ်၊ မင်းပျိုမင်းလွင်တွင် သူရဲသူခက်တွေသာ ဝိုင်းရံသင့်နေပါလျက် ခုတော့ဖြင့် ကြက်လှောင်အိမ်ကို အကြီးကြီး ချဲ့ကြ၊ ချိုးလှောင်အိမ်တွေ တစ်တန်းကြီး ထပ်ဆောက်ကြ။ သူ စ,ထား၍ လိပ်တွေလည်း မွေး၊ ပုတ်သင်ညိုတွေလည်း မနေရ။ အားလုံးမှာ ဘုရင်လောင်း၏ ထောင်နန်းစံဘဝ ရောက်နေရသည်။

ဘုရင်လျာ၏ လူပျိုတော်သားကလေးများမှာ အရွယ်ကလည်း ကောင်း၊ အဝစားသောက် အဆီယစ်နေကြရ၍ စိုစိုပြည်ပြည်ကလေးတွေ ဖြစ်နေသလောက် မင်းမှုထမ်းနှင့်မတူ၊ ကစားသမား မုဆိုးသမား ဇိုးသမားများနှင့်သာ တူနေရ၍ သူကဒါ ရှင်ဘုရင်လောင်း အိမ်လားကွဟူ၍ ပြသလိုစိတ်များ တဖွားဖွား ပေါ်လာရ၍ ကြက် သံဇကာအိမ်ကြီးများ တခမ်းတနား ဆောက်နေကြသော လူအုပ် သူ့ထံ ရောက်လာရန် ဖြားယောင်း လှုံ့ဆော်လိုက်ရခြင်းပါတည်း။

အဆောင်တော်တစ်ခုတွင်. .

(၁) လှံလျင်

(၂) ခြေသည်တော်ကိုင် လှံ

(၃) မြင်းသည်တော်ကိုင် လှံ

(၄) ဆင်သည်တော်လှံ

ဟူ၍ လေးမျိုးထားရှိသည့်အနက် လှံလျင်ကို စစ်မြေပြင်၌ သုံးပုံကို ပြလို၍ သူက မြင်းနှင့် အတင်းဝင်လာပြီး ဆယ်ချောင်းပြူး ချိတ်ထားသော လှံများနှင့် တစ်ချောင်းပြီးတစ်ချောင်း ဆွဲထုတ်၍ အတောင် (၆၀) မြင့် ဗဟိုစက်ခွက်ကို တစ်စင်းပြီးတစ်စင်း ပစ်သွင်းရာ၊ ဆယ်ချောင်းလုံး ဗဟိုတည့်တည့်တွင် လက်တံများ လှုပ်ရှားလျက် အနီမှတ်တွင် ကပ်၍ စွဲနေပုံကို မြင်လိုက်ကြရသော လူပျိုတော်သားတိုင်း. .

'ဟာခနဲ'

'ဟယ်ခနဲ'

ကျွတ်ဆိုသံ၊ လက်ခေါက်မှုတ်သံပါ သောသောညံ၍ သွားရပါတော့၏။

"တို့အရှင်သခင်ဟာ အလျင်ကလို တာဝန်မကြီးလှတဲ့ အိမ်ရှေ့စံ သာမည မဟုတ်၊ နေ့ချင်းညချင်း ဘုရင်ဖြစ်မည့်သူပါ" ဟူ၍ ပြောဆိုရင်း. .

"အဲဒီတော့ ပြည်တွင်းရေး၊ ပြည်ပရေး နယ်ခြားအရေးဆိုတာတွေ ဝင်လာတော့မယ် ရောင်းရင်းတို့ လေ့လာထားကြပါဦးဗျနော်"

သူက မလျော့မတင်း ပတ်စာညင်းသလို ဆွဲပြော ပြောယူရသည်။

"ဒါနဲ့ ဗိုလ်ရွှေပြင်က ရွှေကိုယ်တော်လေးက တစ်နေ့ကမှ မြောက်စားလို့ မြင်းသည်တော်ဖြစ်လာတယ်။ လှံအကြောင်း အတော်ကျွမ်းနေသကိုး၊ အဲလေ. . အဲလောက် လှံကျွမ်းတဲ့ ပုဂ္ဂိုလ်လေးမှာ အရိန္ဒမာလှံစကြာအကြောင်း သိမှာပေ့ါနော်။ ဟောဒီက ရောင်းရင်းတို့ ကြားရအောင် ဗဟုသုတပေ့ါဗျာ၊ ပြောစမ်းပါဦး"

မြင်းတပ်ဗိုလ်ပေါက်စလေး ဗလကျော်စွာက မေးလိုက်သည်။

သူက တွင်ကျယ်လိုလှသော ဗိုလ်ရွှေပြင်ကို မနာလိုနေသူ မဟုတ်ပါလား။

"ဟုတ်ကဲ့ ဗိုလ်မင်း။ ကြားဖူးနားဝ ရှိသမျှတော့ ပြောပြပါ့မယ်။ အရိန္ဒမာဆိုတာ ရန်သူကို ဆုံးမတတ်သော မင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဒါကြောင့် အရိန္ဒမာလှံကိုလည်း ရန်သူကို ဆုံးမနှိမ်နင်းတတ်သော လှံလို့ ခေါ်ပါတယ်"

"ဟ. . ရွှေပြင်က ဘယ်ဆိုးလို့လဲ။ ပြီးတော့ အရိန္ဒမာလှံနဲ့ ပတ်သက်တာလေးတွေ ပြောပါဦးကွယ့်"

"အရိန္ဒမာလှံနဲ့ ပတ်သက်တာကတော့ အနော်ရထာမင်းစောအကြောင်း ရှိတာပါပဲ ဗိုလ်မင်းရယ်။ အနော်ရထာမင်းစောကြီးဟာ အပြစ်တစ်ခုကြောင့် မခံမရပ်နိုင်အောင် ဖြစ်သွားရပြီး ကျန်စစ်သားကို အရိန္ဒမာလှံနဲ့ ထိုးလိုက်တယ်လေ။ အနော်ရထာမင်းစောဆိုတာ နည်းနည်းနောနော အရည်အချင်းရှင် မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို လက်ရုံးရည်နဲ့ ထူထောင်ခဲ့တဲ့ မင်းပါ။ သလွန်ပေါ်ကနေ ရှေ့တော်မှာ နှောင်ကြိုးတဲထားတဲ့ ကျန်စစ်သားကို အရိုးမှာ ရွှေပိန်းချထားတဲ့ အရိန္ဒမာလှံစကြာနဲ့ ရင်ဝကို လှမ်းပစ်လိုက်တာ လွဲစရာမရှိပါဘူး၊ လုံးဝ မရှိပါဘူး။ ကျန်စစ်သားမင်းက မလွဲကေန် မင်းဖြစ်ရမယ့် ဘုန်းရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ ဘုရင်ပစ်လိုက်တဲ့ လှံဟာ လွဲရုံမကပါဘူး။ ပါးကွက်အာဇာသားတွေ နည်းပညာနဲ့ အခိုင်အခံ့ ထုံးထားတဲ့ နှောင်ကြိုးထုံးကို သွားထိပါတယ်။ တဲထားတဲ့နှောင်ကြိုး လွတ်သွားတာနဲ့ ကျန်စစ်သားဟာ

ဘုရင်မင်းမြတ် ကိုင်တော်မူတဲ့ ရွှေပိန်းချ အရိုးတပ်လှံစကြာကို ကောက်ခနဲကိုင်ပြီး နန်းတော် လေသာပြတင်းက ခုန်ချ လွတ်မြောက်သွားပါတယ်”

“ဟား ဟား ဟား. . မင်းက ပုဂံရာဇဝင်ကို လှံထမ်းပြီး ပြောနေတာကိုး။ ကဲ. . ကဲ ဆက်ပါဦးကွယ့်”

“နောက်က ခြေမြန်တော် ကုလားခုနစ်ယောက်ဟာ ဘယ်လောက် မြန်တဲ့ လူဖြစ်ဖြစ် မိနိုင်တဲ့ အရည်အချင်းရှင်တွေပါ။ ဒါကြောင့် ကျန်စစ်သားကိုလဲ မိပါတယ်။ ဒါပေမယ့် ကျန်စစ်သားဟာ ဘုန်းရှင်သမ္ဘာရှင်ဆိုတော့ လှံစကြာနဲ့ ကုလားခုနစ်ယောက်ကိုသတ်ပြီး ထွက်ပြေးသွားတဲ့အချိန်ကစပြီး ကျန်စစ်သားဟာ အရိန္ဒမာ လှံစကြာရှင် ဖြစ်ခဲ့တာပါပဲ ဗိုလ်မင်း”

“မင်းဟာက ဟုတ်သေးပါဘူးကွာ၊ ဘုရင်လောင်းလျာ ရွှေနန်းတော်မှာ ဘုရင်ကို ကာပြန်ပြေးတဲ့ ပုဂံပုံဟောင်းကြီးနဲ့ စကားကြောင်းနေတာ အဓိပ္ပါယ်များ ရှိရော့လား ဗိုလ်ရွှေပြင်”

ဗိုလ်ရွှေပြင် မျက်လုံးဝိုင်းသွားရသည်။ သူ့စကား ကိုယ့်စကားဖြစ်နေပါရော့ လားဟူ၍ နောင်တရသွားသည်။

“ကြံကြံဖန်ဖန် ဗိုလ်မင်းရယ်။ ဗိုလ်မင်းပဲ အမေးရှိလို့ လှံအကြောင်း ရိုးရိုး ပြောရခြင်းပါ ဘုရား”

“အဟဲ. . အဟဲ၊ ရိုးရိုးပြောလဲ ပြီးတာပါပဲကွာ။ ဟော. . အနောက်ဝန်းတော်မှူးကြီးပါလား၊ ဘာကိစ္စပါလိမ့်ဘုရား၊ ကြွပါ ကြွပါ”

ဗိုလ်ရွှေပြင်နှင့် စကားပြောရင်းက ခမည်းတော်ဘုရား တပည့်ကျော် အမှုထမ်း ဝါရင့်လှုပြီဖြစ်သော အနောက်ဝန်းတော်မှူး သိခ်ရာဇာကို ပျာပျာသလဲ နေရာထိုင်ခင်းပေးသည်။

အနောက်ဝန်းတော်မှူးက လူပျိုတော်သားအုပ်ကို ဖြည်းညင်းစွာ ကြည့်၍ မျက်နှာမသာမယာနှင့်. .

“အိမ်ရှေ့စံဘုရားရဲ့ တိရစ္ဆာန်ဥယျာဉ်ဆောင်မှာ လှတောကြီးငါးရှာက မောင်ပြင်ဆိုတာ ရှိပါသလား တူတော်မောင်ရယ်”

ထိုအချိန်တွင် ဗိုလ်ရွှေပြင်ကား လှံများ စနစ်တကျသိမ်းဆည်းနေစဉ် သူ့ရှာနာမည်နှင့် သူ့နာမည်ကို သဲ့သဲ့ကြားလိုက်၍ နန်းနံရံတွင်ကပ်၍ အသာ နားထောင်လိုက်သည်။

"ရှိ. . ရှိပါတယ် အနောက်ဝန်းတော်မှူးကြီးရယ်။ မောင်ပြင် မဟုတ်ပါဘူး၊ ရွှေပြင်ပါ။ ဘာ. . ဘာအရေးအခင်းရှိလို့ပါလဲ။ မျက်နှာလဲ မကောင်းပါလား"

"ဘုန်းတော်ကြီးဘုရား အိမ်ရှေ့စံရဲ့ အိမ်တော်ပါတပည့်ကလေးများအပေါ် ပြောမှားဆိုမှားလဲ ဘဒ္ဒေး စိုးပါတယ်ကွယ်။ ဒါပေမယ့်. . "

"အို. . ဘာမှမစိုးရိမ်ပါနဲ့ ဘဒ္ဒေးတော်ရဲ့၊ ပြောစရာရှိတာ ပြောပါ. . ပြောပါ"

"ကိစ္စက ဒီလိုပါ တူတော်မောင်ရယ်၊ ကျီးကန်သူဌေးကတော်ဟာ ဘဒ္ဒေးရဲ့ နှမဝမ်းကွဲတော်ပါတယ်။ မဖွားမြှားပါတဲ့"

"ဟုတ်ကဲ့ မိန့်တော်မူပါ"

"အဲဒါ လွန်ခဲ့တဲ့နှစ်ထဲက လှတောကြီးရွာမှာ ဘုရားပွဲကျင်းပပါတယ်။ အဲဒါ မမက နှစ်စဉ် ငွေပဒေသာပင်သီး လှူတာပါ။ ဒီနှစ်လဲ ငွေကို ပဲတွေနဲ့ရောသွားပြီး ကျပ်ရှစ်ရာကိုတော့ ပုဆိုးနဲ့ ထုပ်သွားပါတယ်။ အဲဒါ လမ်းမှာ ဓားပြအတိုက်ခံရတာ ပါပဲ။ ဒီအမှုဟာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကျီးကန်သူဌေးကတော် မမက သူ့ငွေဒင်္ဂါးတွေမှာ ဆေးအနီစက်ကလေးတွေ တို့တို့ထားလေ့ရှိပါတယ်။ အဲဒါလဲ ဘုန်းဘုန်းက ငွေပဒေသာပင်ကို ကြည့်ပြီး ပြောတာပါ။ ကျောင်းအမကြီး ငွေပြန်ရဖို့ မခဲယဉ်းပါဘူးဗျ၊ အနီစက်ပါတဲ့ ငွေသုံးတဲ့လူကို လိုက်စစ်လိုက်ရုံပေါ့တဲ့။ ဒါနဲ့ လှတောကြီးရွာထဲ လိုက်လေ့လာတော့ ရွှေပြင့်ယောက္ခမ အိမ်ပြင်ဆောက်တယ်၊ ရွှေပြင့်မိန်းမ စိန်ကတ္တီပါခြုံထည် ဝယ်တယ်တဲ့။ အထည်သည် မနီလေးအိမ် သွားမေးတော့ မလည်ရစ်ပေးခဲ့တဲ့ ဒင်္ဂါးတွေအားလုံး. . "

"ဖျောင်း. . ဖျောင်း. . ဖျောင်း. . ဖျောင်း. . "

မြင်းတစ်စီး ဒုန်းစိုင်းသွားသံပါ။

မြင်းတပ်ဗိုလ် ဗလကျော်စွာကား. .

"ခဏနေဉ်း ဘဒ္ဒေး၊ စောင့်ပါဦး"

ဗိုလ်ဗလကျော်စွာက စကားကိုဆုံးအောင် မပြောနိုင်ပါ။ အဆောင်ပေါ်မှ မြင်းတစ်စီးပေါ်သို့ ခုန်တက်ကာ မြင်းခွာသံကို ခါးဖြတ်၍လိုက်သည်။

ပြီးလျှင် မြို့တံတိုင်းမှ လူကိုယ်တိုင်တက်၍ ဗိုလ်ရွှေပြင်စီးလာသော မြင်းကို အသာစောင့်၍ အနား အချိန်ကိုက်ရောက်မှ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပါတော့၏။

ဗိုလ်ရွှေပြင်၏ ပါးချိတ်ကို ကော်ထိုး၍ မြင်းပေါ်မှ ကျစေသည်။

တပ်စိတ်စု မြင်းသည်တော်တို့လိုက်လာကြပြီး ဝိုင်းထားလိုက်၍ ဗိုလ်ရွှေဖြင် ခုခံအားမရှိ အမိခံလိုက်ရပါတော့၏။

ဟယ်. . . လောက ငါဖြစ်ချင်လှသော မြင်းတပ်ဗိုလ်ကလေး ဖြစ်ခါနီးမှ လောကစံလှိုင်းလုံး အဆောင့်အပုတ်ကို ငုတ်တုတ်ခံလိုက်ရပါပြီတကား။

အမှုကား သေးသေးကွေးကွေး မဟုတ်ပါ။ အိမ်ရှေ့စံဘုရားထံ၌ စားပြရောက် နေသည် ဆိုသူကဆို၊ ဗလကျော်စွာက အနော်ရထာမင်းစောကို (ကာပြန်)၍ ထွက် ပြေးသော ကျန်စစ်မင်းသားကို အားကျ၍ တရရ ပြောနေသူပါ ဘုရား၊ အားရင် မြင်းစီးလှံထိုးပဲ ကျင့်နေတာပါဘုရားဟု လျှောက်လိုက်သောအခါ ရွှေဘိုမင်းသည် ကျောသားရင်သား မခွဲခြားဘဲ အရေးယူပါသည်။

သားတော်အိမ်တော်ပါမို့ ခေါင်းမရှောင်ပါဟူ၍ နိုင်ငံတော်အား စံပြ ပြသ လို၍ ထောင်ဒဏ်ငါးနှစ်၊ သာယာဝတီထောင်သို့ ပို့စေဟူ၍ ဗိုလ်ရွှေဖြင်အား အမိန့် ချ စီရင်လိုက်ပါတော့သတည်း။

ဪ. . ဖြစ်ချင်တာက မင်းခစား။

ဖြစ်သွားရတာက ထောင်သားပါတကား။

ရွှေဘိုမင်းတရားကြီး နောက်ဆုံးစီရင်ခဲ့သော အမှုပါတည်း။

# နောင်တော် ညီတော်

“အို. . ညီပုလေး ရောက်နေတာ ကြာပြီလားဗျ”

“နည်းနည်းပဲ ကြာပါသေးတယ်ဘုရား။ နောင်တော် ပုတီးစပ်နေတာနဲ့ ညီပုလဲ လက်ဖက်အုပ်နှိုက်ရင်း အေးအေးဆေးဆေး စောင့်နေတာပါ ဘုရား”

“ဖြစ်မှဖြစ်ရလေ၊ နန္ဒတို့ သီဟတို့က ကိုယ်တော့်ကို ချောင်းဟန့် အချက်ပြလဲ ရသားနဲ့ကွယ်။ ဟဲ့. . ဟဲ့ ညီပုပါ ကိုယ်တော်နဲ့ နံနက်စာ စားမယ်၊ အမိန့်တော်ရှိလိုက်ပါ”

ထမင်းစားဆောင်သို့ မေးဆတ်ပြလိုက်၍ အားလုံး ပျာယာခတ်စွာ စီစဉ်ကြသည်။

မင်းတုန်းမင်းသားကား ညီတော် ကနောင်မင်းသားနှင့် မယ်တော်တစ်ပါးတည်းမှ ဖွားမြင်ကြသည်ဖြစ်၍ အလွန်ချစ်ကြသည်။

ပုဂံမင်းတရားကြီး အမရပူရရွှေမြို့တော်တွင် မင်းစည်းစိမ် ခံစားကတည်းက နားမနှစ်မြို့ဖွယ်တွေ ကြားကြားနေရ၍ သည်ညီတော် နောင်တော်သာမက တစ်နန်းတော်လုံး စိတ်ညစ်နေကြရသည်။

“နောင်တော် ကြားပြီးပါပြီလား ဘုရား”

“ကြားပြီးပါပြီကွယ်။ ဘိုင်ဆပ်ကို မြို့ဝန်ခန့်တယ်ဆိုတာလေ ကြားလို့တောင် မတော်ပါဘူးကွယ်”

“မှန်လှပါဘုရား၊ သူ့ အထွတ်ရောက်တာ ဘာမှမကြာသေးဘူး။ ဘုရားညီတော်ဖြင့် ကြားစက ဒေါသထွက်လွန်းလို့ ဆတ်ဆတ်တုန်နေရပါသဘုရား”

"တရားဖက် တရားဖက် ညီပုရေ၊ တရားဖက်တော့ အမျက်ပြေသတဲ့။ နောင်တော် ပုဂံမင်းသား အထွတ်အထိပ်ရောက်သွားတော့လဲ သူ့အချိန် သူ့သဘောပေါ့ ညီပုရယ်၊ တို့ ဘာတတ်နိုင်တော့မှာလဲ"

"လူတွင်ကျယ် လုပ်တတ်လွန်းလို့ပါ ဘုရား။ သူနဲ့ မြို့ဝန် ဘာဆိုင်လို့လဲ။ ရာထူးတောင်းလဲ ကြည့်တောင်းပေါ့ နောင်တော်ဘုရားရယ်"

"ဩော် . . ဗုံးအိုကုလားတွေဟာ သာမညတွေ မဟုတ်ဘူးကွယ့်။ ကုန်းဘောင်ခေတ်ဦးက သုံ့ပန်းတွေအဖြစ် တစ်ရွာလုံး ပါလာကြတာလေ။ သည်ကုလားမျိုးနွယ်က ဘက်တော်သားတွေနေဖို့ ဒီ ဗုံးအိုဆိုတဲ့ ရွာကို သီးသန့်ပေးသနားတော်မူခဲ့တာတဲ့။ ဘိုင်ဆပ်ဟာ မင်းပေါက်စိုးပေါက်ဆိုတော့ စကားပြောကလဲ သိမ်မွေ့၊ ရွှေနန်းရှင်နောင်တော်အကြိုက် ကြက်တိုက်၊ ချိုးတည် ဆိုတာတွေလဲ ဆရာကြီးလုပ်နေပြီလေ ညီပုရဲ့။ အဲဒီတော့ ပုဂံနောင်တော်ဘုရားဟာ ကြက်တိုက်တာကလွဲလို့ အတော်ရိုးတာ ညီပုရဲ့"

"မှန်ပါ။ သူ ရိုးလို့သာ မစဉ်းမစား ဘိုင်ဆပ်ကို မြို့ဝန်ခန့်ခြင်းပါ ဘုရား"

"နာမည်ရင်းက 'ဘိုင်ဆင်' ပါ ညီပုရယ်။ ဘယ့်နှယ် ဘယ့်နှယ် ဆရာသခင် ဘိုင်ဆပ် တွင်နေရပါလိမ့်ဗျာ"

"အမရပူရ ဒုတိယ မြို့တည် နန်းတည် ရွှေဘိုမင်းတရားကြီးဖြစ်တဲ့ ခမည်းတော်ဘုရားက သာသနာတော် စည်ပင်ပြန့်ပွားအောင် လုပ်ထားသမျှ နောင်တော်ပုဂံဘုရင်က ပါဏာတိပါတ သူ့အသက် သတ်တာတို့ အပေါင်းမှားတာတို့ကြောင့် ရှေ့အတွက် နိုင်ငံတော်ကြီးဟာ ရင်လေးစရာပါ နောင်တော်ဘုရား"

မင်းတုန်းမင်းသားသည် သူ့ညီတော်ကလေး၏ အတွေးအခေါ် ကောင်းပုံ၊ နိုင်ငံအတွက် စေတနာထားပုံများကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း . .

"ညီပုလေးဟာ လူငယ်သလောက် အတွေးအခေါ်တွေက ထက်မြက် တန်ဖိုးရှိပါပေတယ်။ နောင်တော် ပုဂံမင်းလို ဗရုတ်ဗရက်မင်းတစ်ပါး စိုးစံနေတာထက်စာရင် ညီပုလေးပဲ အထွတ်အထိပ် ရောပါစေတော့ဗျာ"

"မဟုတ်မဟပ် ဘုရား။ နောင်တော်ကြီး အဖအရာပါဘုရား။ အထွတ်အထိပ်ကို ရခြင်းရရင် နောင်တော်မှတစ်ပါး အခြားမမြင်ပါဘုရား"

"အမယ်လေး . . အမယ်လေး၊ နောင်တော် ညီတော် ချစ်နေလိုက်ကြတာ၊ သူနန်းထိုင်ပါ၊ ကိုယ်နန်းထိုင်ပါနဲ့ ကြမ်းကြားလေကြားကွယ်၊ ဒီစကားတွေ မပြောကြပါနဲ့ သားတော်တို့ရယ်။ မယ်တော်ဘုရား ကျောချမ်းလွန်းလို့ပါ"

သူတို့မယ်တော်ကြီး ရောက်လာ၍ ညီတော် နောင်တော်နှစ်ယောက်လုံး သလွန်ကိုဖယ်ပေး၍ ရိုသေစွာ ထိုင်ကန်တော့ကြသည်။

"ကိုယ့်အဆောင်ပေါ်မို့ ကိုယ့်စိတ်ထဲရှိတာ ပြောမိပါတယ် မယ်မယ်ဘုရား။ နောင် ဆင်ခြင်ပါ့မယ် ဘုရား"

မင်းတုန်းမင်းသားက အလွန် လိမ္မာရေးခြားရှိသူပီပီ နောင်တော် ဘုရင်ကို ကရုဏာဒေါသော ပြောမိသည်များကိုပင် တောင်းပန်နေရှာသည်။

"ပွဲဦးထွက် စီရင်ချက်တစ်ခုတော့ ချလိုက်ပြန်ပြီကွယ့်။ မရွှေလေ၊ ရွှေနန်းရှင်ရဲ့ မယ်တော် လာသွားတယ်။ လှတောရွာသား မောင်ရွှေမြင်ဆိုတာ ကာယဗလလဲကောင်း၊ မြင်းစီးကလဲ ကျွမ်း၊ ငုတ်ပေါ် လျှောက်တာတို့၊ အုတ်ခုံကို လက်နဲ့ရိုက်ခွဲတာတို့၊ သိုင်းကစားဘက်ကလဲ လှံသိုင်း၊ တုတ်သိုင်း၊ သိုင်းရိုက်၊ သိုင်းက၊ သိုင်းကစား၊ သိုင်းကွက်နင်းမကျန် အထူးခြားဆုံးကတော့ လှံပစ် အလွန် တော်လှသတဲ့ကွယ်။ ချိုးတည်ခါတည်အုပ်ထဲမှာ အတတ်ပညာရှင် သူရဲကောင်းလေးဟာ ကစားစရာ သူငယ်တော်ရုပ် ဖြစ်နေတာပေါ့။ သားတော် လုံခြုံရေးအတွက် မရွှေက ပို့ထားတာပါတဲ့ကွယ်။ ခုတော့ ကမ္ဘောကမ္ဘာက ဓားပြတိုက်မှုမှာ သူပဲဆိုပြီး စွပ်စွဲပြီး သာယာဝတီထောင်ကို စံပြ ငါးနှစ် ချလိုက်သတဲ့ကွယ်"

"အိုး. . ကျွတ်ကျွတ်၊ သူရဲကောင်းလေး နှမြောစရာပါလား မယ်မယ်ဘုရား"

"နှမြောစရာပေါ့ သားတော်ကြီးရယ်။ မရွှေဆိုတာ သူပို့ထားတာမို့ ပိုထိခိုက်ရှာတယ်။ ဘိုင်ဆပ်မြို့ဝန် ခန့်ကတည်းက ဘိုင်ဆပ်စကားပဲ နားထောင်တာပါပဲတဲ့ သားတော်တို့ရယ်"

"နိုင်ငံအတွက် ရင်လေးစရာကြီးပါ ဘုရား"

"ဒါတော့ဒါပေါ့ သားတော်တို့ရယ်။ ခုနေတော့ ဘုရင်သစ်က ပြည်မနှစ်ပါဘူးလို့ ဘယ်သူ ပြောဝံ့မှာတုန်းကွယ်"

"မှန်ပါဘုရား။ မယ်မယ်ဘုရား အမိန့်ရှိလို့ ဖျာ့သားတော်တို့ လှတောကြီးရွာသား ရွှေမြင်ကို စိတ်ဝင်စားလှပါသဘုရား"

"သားတော်တို့လဲ ခုနေတော့ မကယ်နိုင်ကြတော့ပါဘူးကွယ်။ တရားခံသုံးယောက်နဲ့ မြင်းသည်တော် တပ်စိတ်တစ်စိတ်နဲ့ သာယာဝတီထောင်အရောက် သွားပို့ကြပါပြီကွယ်"

"အမှုစစ်သေးလား ဘုရား"

"အဲဒါပေါ့ မရွဲက မခံချင်နေတာ။ တရားစစ်ဖြစ်ပြီးမှဆိုရင် သတ်စေအမိန့်လဲ ခံရခံရပါ။ ခုတော့ မတရားခံလိုက်ရရှာတာပဲလေ။ ဟော. . ခင်ဘုန်း ထမင်းပြင်ပြီးပါပြီတဲ့၊ လာကြ. . လာကြ သားတော်နှစ်ပါး"

မယ်တော်ဘုရားသည် ဖခင်ဘုရင်ကြီး မျက်ကွယ်ကတည်းက သားတော်လေးနှစ်ပါးတော့ ရေစုန်ရေဆန် မျောပါပြီဟု ရင်ထုငိုကာ ကရုဏာပို့ခဲ့ရသည် မဟုတ်ပါလား။

ယခုလို ကြုံကြိုက်တုန်း သားတော်နှစ်ပါးကို ငယ်စဉ်ကဲ့သို့ ခွံ့ကျွေးမတတ်ကောင်းနိုးရာရာကလေးများကို လက်တော်ကလေးနှင့် နွှာကာ ဖဲ့ကာ ထည့်ပေးရှာပါတော့၏။

ဩော်. . မာတာမိခင် ကျေးဇူးရှင်ကား လောက်လောက်လားလား သားယောကျ်ားပင် ကလေးထင်၏တဲ့။

# ထောင်နန်းပျော်ကလေး ခင်သူဇာ

သာယာဝတီထောင်ပိုင်ကြီး ဗိုလ်မှူး ဇေယျသခ်ၤ၊ ထောင်ပိုင်ကတော် ဒေါ်ခင်မိတို့ကား ရွှေဘိုဘုန်းပွင့်ကိုယ်တော်တိုင် ခန့်ထားခဲ့ခြင်းဖြစ်၍ တန်ခိုးတော်က ထက်ပါပေသည်။

ဗိုလ်မှူး ဇေယျသခ်ၤမှာ ပင်ကိုယ်ပုံစံက နူးနူးညံ့ညံ့ပါ။

သို့သော် ထောင်ပိုင်ဆိုသည့် ဘဝသည် နူးညံ့ သဘောကောင်း၍ မရပါ။ ဆိုးတေမိုက်မဲ၍ သည်ထောင်သို့ ရောက်လာကြသောသူများကို အုပ်ချုပ်ရမည့်သူဖြစ်၍ သူတို့ထက်ပင် ဆိုးရွားပြမှ တန်ကာကျတော့သည်။

သူတို့နေထိုင်ရာ အိမ်ကြီးကား ထောင်ဝိုင်းထဲတွင် နှစ်ဆောင်ပြိုင်ကြီး ဖြစ်ပါ၏။ သူတို့အိမ်ကို တဖန် သစ်သား ဝင်းထံရုံမြင့်ကြီးများနှင့် ကာရံထားသည်။

မှန်တာပြောရလျှင် ရောက်ခါစ ဤမြေလတ်ဒေသတွင် မပျော်ပါ။ သားသမီးကလည်း မရသေးပါ။ ထို့ကြောင့် ခြံကြီးကို အသီးမျိုးစုံစိုက်၍ ပျော်အောင် နေခဲ့ရာကအစ ထောင်ပိုင်ကြီးခြံသည် နာမည်ကြီးလှသည်။ သူ့ခြံကြီးထဲတွင် မရှိတာဆို၍ လုံးဝမပါရအောင် ရှောက်၊ ပိန္နဲ၊ မာလကာ၊ သဘော်၊ သရက်၊ မရမ်း၊ ငှက်ပျော၊ သြဇာတို့အပြင် ဆေးဘက်ဝင်သော ဂမုန်းမျိုးစုံလည်း စိုက်ပျိုးထားသည်။ ထိုအပင်များကို ထောင်သားတွေ အလှည့်ကျ ရေလောင်း ပေါင်းသင်ကြရသည်။

ထောင်သားများကိုယ်တိုင်လည်း ဤခြံကြီးထဲရောက်လျှင် ပျော်ရွှင်ကြသည်။

မောင်ရွှေပြင် ထောင်ကျပြီး လပိုင်းအတွင်းတွင် ရွှေဘိုမင်းတရားကြီး နတ်ထီးစံလွန်တော်မူသည်။

ထောင်ပိုင်ကြီးကား အရှင်ရင်း သခင်ရင်းဖြစ်၍ မျက်ရည်မဆည်နိုင်ရှာပေ။

"စိတ်ဝေဒနာ ယဉ်ယဉ်ကလေးဖြစ်ခဲ့လို့ ရက်စက်တဲ့ဘုရင် တွင်သွားရတာပါ ကွယ်ရို့။ တို့အရှင်ဟာ ရေကြောင်းကို လှေလောင်းနဲ့ ချီတော်မူတဲ့နေရာတော့ အစီအမံ အကွပ်အကဲ စံပြထိုက်တဲ့ မင်းတစ်ပါးပေပဲ"

ဟူ၍ မြည်တမ်း ငိုကြွေးရှာသည်။

မောင်ရွှေပြင်ကမူ သူ့အား သာယာဝတီထောင်သို့ ရက်စက်စွာ ချလိုက်သော မင်းအဖြစ် ကိုယ့်အရှင်ဆိုရသော်လည်း ထောင်ပိုင်ကြီးကဲ့သို့ မျက်ရည်များ ကဖြင့် ထွက်မလာပါ။

ထောင်ပိုင်ကြီး ဗိုလ်မှူးဖေယျသင်္ခါတွင် အိမ်ထောင်ကျပြီး ဆယ်နှစ်ကြာမှ သမီးကလေး ခင်သူဇာကို ရရှိခဲ့ခြင်းပါ။

ထို့ကြောင့် သမီးကလေး ခင်သူဇာ နွဲ့သမျှဆိုးသမျှ ခြွေရံသင်းပင်းများသာမက ထောင်သားများပါ ခံကြရသည်။ ဆယ်နှစ်ဆယ့်တစ်နှစ်ကပင် ဟိုဦးလေးကြီး ကပြ၊ ခင် ကြည့်ချင်လို့ဟု ဆိုလျှင် အခြားထောင်သားများက သီချင်းဆိုပေးပြီး ထောင်သားတစ်ယောက်က ကပြရလေသည်။

ထိုအလေ့အကျင့်ကလေးကား အပျိုဖော် ဝင်သည်ထိ မပျောက်ချင်သေးပေ။ မိခင်ဒေါ်ခင်မိက တတွတ်တွတ် ဆုံးမသွန်သင်သော်လည်း တကယ်တမ်း စဉ်းစား ကြည့်လျှင် သူ့သမီးလေးသည် သည်ထောင်သားကမ္ဘာတွင်ပင် လူဖြစ် ကြီးပြင်းလာ ရရှာ၍ သနားကြင်နာစိတ်များက ရင်ထဲက ပြည့်လျှံလာရတော့လည်း နောက်ဆုံး ခွင့်လွှတ်လိုက်ရသည်။

ထောင်သား အသစ်တစ်ယောက် ဥယျာဉ်လုပ်ငန်း ဆင်းလာပြီဆိုလျှင် သူက ဆီးခိုင်းတော့သည်။

"ဦးက ဘာလုပ်တတ်သလဲ၊ ခင့်ကို လုပ်ပြရမယ်"

"သခင်မလေး၊ သူက မြွေအလမ္ပါယ်ဆရာပါ။ မြွေပဲ ကစားတတ်ပါတယ်" ဟု ဆိုလျှင်ပင် ချမ်းသာမပေး။

"ခင်တို့ခြံကြီးက အပုံကြီးကျယ်ပါတယ်။ မြွေတစ်ကောင် ရအောင် ရှာချည်ပါ။ လိုအပ်တဲ့ပစ္စည်းတွေ ဗိုလ်မှူးလေးတို့က ရှာပေးပါလေ"

ဟု ခိုင်းတတ်သဖြင့် ထောင်ကွပ်၊ ထောင်ကဲ ဗိုလ်မှူးလေးများက ပခြုပ်၊ မီးညှပ်ကစ၍ ရှာပေးရသည်။

မြွေဖမ်းမိလာသောအခါ အဆိပ်ထုတ်ပြရသည်။ မြွေနှင့် ကစားပြရသည်။ နှဲမှုတ် မိ၍ အခြားမြွေများ ထွက်လာကြ၍ ခင် ဘဘဘုရားက ဆူယူရပါတော့၏။

ဤသို့သော ခင်သူဇာပါ။

ယနေ့လည်း ခန့်ညား၍ ယောကျာ်းပီသလှသော မောင်ရွှေပြင်ကို မြင်သော်

"သူက လူအသစ်နော် ဦးဦး"

ထောင်ကွပ်ကြီးကို သူက ဦးဦးချင်းထပ်ကာ မေးမဆုံးတော့ပေ။

"ဟုတ်ပါတယ် သခင်မလေး။ မောင်ရွှေပြင်တဲ့၊ လှတောရွာသားပါ"

"ဘာမှုလဲ ဦးဦးရဲ့"

"ဓားပြမှုပါ"

"ဟင် . . ဓားပြမှု၊ ဒီလောက် စိုပြည်ပြီး ကျန်းမာရေးကောင်းနေတာ ဘာကြောင့် ဓားပြတိုက်စားရတာလဲ"

"အမှုကို မစစ်ဘဲ သာယာဝတီထောင် တန်းပို့တာပါ သခင်မလေး"

"ဟင် ဒါတော့ ဘယ်တရားမလဲ"

"ဟုတ်ပါတယ်သခင်မလေး။ တိုက်တယ်၊ မတိုက်ဘူး ဘာမှ ငြင်းဆိုပိုင်ခွင့် မရှိပါဘူး။ အိမ်ရှေ့စံဘုရားအိမ်မှာ မြင်းတပ်ဗိုလ်ဖြစ်မယ့်ဆဲဆဲ ဒီလိုဖြစ်ရတာပါ သခင်မလေးရယ်"

"အို . . နာလိုက်တာနော်၊ ဘာတွေတတ်လဲဟင်"

"မြင်းစီးတတ်တယ်၊ လှံထိုးတတ်တယ်၊ ဒိပြင်လဲ အများကြီးပဲ"

"ဒိပြင် အများကြီးဆိုတာ ဘာလဲဟင်"

"အဲပါဗျာ၊ သခင်မလေး လှံတစ်ချောင်း၊ မြင်းတစ်စင်းသာ မ,စတော်မူပါ"

"ဦးဦး၊ ကိုရွှေပြင်တောင်းတာ ပေးလိုက်ပါ။ ခင် လေသာဆောင်က ကြည့်မယ်နော်"

သခင်မလေး ခင်သူဇာ့နောက်တွင် ဒေါ်တုတ်ကြီးနှင့်မျက်ခြယ်တို့က အမြဲလိုက်ရသည်။ ဒေါ်တုတ်ကြီးဆိုသည့်အတိုင်း ထောင်သားတစ်ယောက်ယောက်က ခင်သူဇာကို စိုက်မကြည့်လိုက်နှင့် ဘာကြည့်တာလဲဟုဆိုကာ ပါးတွေ နားတွေ နပန်ကျင်းပစ်လိုက်သည်။

မျက်ခြယ်ကလည်း အမည်ကသာ သွယ်လျလျပါ။ လူကတော့ မယ်ဗလလေးပင်။ သာမန်ထောင်သားတစ်ယောက်ကို ဆွဲမွေ့နိုင်အား ရှိသည်။

ဒေါ်တုတ်ကြီးလက်နှင့် တွေ့ဖူးသော သူများမှတစ်ဆင့် ထောင်သားလောက တွင် သူ့လက်သံပြောင်ပုံကို သွေးလန့်နေကြသည်။

သူ့ဖခင်အနေဖြင့် ဤသို့ မထားလည်း မဖြစ်တော့ပေ။ ထောင်ပိုင်ကြီးသမီး ၏ အဖော်ဆို၍ ထောင်သားတွေပင် ရှိသည်။

ကွမ်းရုံတွေကြား ဟိုရောက်သည်ရောက်နှင့် ခပ်မိုက်မိုက် ထောင်သားတစ်ဦး တလေနှင့် တွေ့သွားပါက မခက်ပါလား။

ခင်သူဇာကလည်း ဆိုးသည်။

ထောင်သားသစ်တွေက ဘာမျှမလုပ်တတ်ဘူး ဆိုလျှင် ကြက်ဖခွပ်ခိုင်းတော့ သည်။

ထောင်သားများကလည်း ချစ်စရာ ခင်သူဇာလေး ခိုင်းသမျှ လုပ်ကြရင်း သူတို့ကိုယ်သူတို့ ထောင်သားဘဝကိုပင် မေ့လျော့ကာ ပျော်ရွှင်သွားရပါတော့၏။

ရွှေဖြင် မြင်းရေးပြမည်ဆို၍ မြင်းတော့ ပေးသည်။

ထောင်သားတစ်ယောက်အဖို့ လက်နက်ကိုင်ဆောင်ခွင့်မရှိ၍ လှံ မရချေ။

သူ လက်တည့်ပုံအစွမ်းအစ ပြချင်ခါမှ ထောင်သား လှံမကိုင်ရတဲ့။ အဲလေ ဒါလဲ ဟုတ်တာပေါ့။

ခင်သူဇာသည် ဒေါ်တုတ်ကြီးနှင့် မျက်ခြယ်တို့ ခြံရံ၍ လေသာဆောင်က ကြည့်ကြသည်။

"သခင်မလေးရယ်၊ ဓားပြက ဘာအစွမ်းများ ပြတတ်မှာမို့လဲဟင်"

"ဟဲ့. . ဓားပြ ဓားပြနဲ့ အမှုမစစ်ဘဲ အမိန့်တော် တန်းချလိုက်တာတဲ့"

"အဲလေ. . အဲဒီတုန်းက ရွှေနန်းရှင်ဘုရား တော်တော် နာမကျန်းဖြစ်နေတဲ့ အချိန်နေမှာပေါ့"

"ဟော. . ဟော မြင်းပေါ် လေးဘက်ထောက်လို့ပါလား"

"ဟုတ်ပါ့နော်"

"သူမို့လို့ပဲ လိမ့်မကျတယ်"

"ဟယ်. . မတ်တပ်ရပ်ပြီတော့"

"အလို. . ခြေတစ်ဖက်တည်း ထောက်ထားပါလား"

"ကျွတ်. . ကျွတ် ဘဘရဲ့မြင်း ရဲလျှန်ကို သူ ယဉ်အောင် လုပ်တတ်တာ တစ်ခုတည်းနဲ့ အံ့သြနေရပါပြီ တုတ်တုတ်ရယ်"

"ဟုတ်ပါတယ် သခင်မလေး။ ဒီဓားပြ လူမှဟုတ်ရဲ့လား မသိပါဘူးဘုရား"

"လူပါ တုတ်တုတ်ရယ်၊ လူမှ လူအစစ်ပါ။ ခင့်ကိုတောင်. . "

"အို. . ခင့်ကိုတောင် ဘာဖြစ်လဲဟင်၊ ပြောပါ ခင်ရဲ့"

တုတ်တုတ်က လေသာဆောင်က ရုတ်ခနဲ ခုန်ဆင်းပြီး ထောင်သကောင့်သားကို. .

"ထောင်သကောင့်သားကို လည်မျို ညှစ်လိုက်ရမလားဘုရား"

"အို. . မဦးမချွတ် တုတ်တုတ်ရယ်။ ခင့်ကို ဘာမှမလုပ်ပါဘူး၊ သခင်မလေး ဘာလုပ်ပြရပါ့မလဲလို့ မေးတာပါ"

ခင်သူဇာက လျှောချရင်း စိတ်ထဲတွင်မူ ရယ်ချင်သလို၊ မခံချင်သလို၊ ကြည်နူးသလို အပျိုဖြန်းကလေး စိတ်လှုပ်ရှားသွားရသည်။

မောင်ရွှေဖြင်က သူ့ကို စေ့စေ့ကြည့်၍ မျက်စိမှိတ်ပြသည် မဟုတ်ပါလား။

ကြွက်သားအဖုဖု၊ ရင်အုပ်ပြန့်ပြန့်၊ နှာတံစင်းစင်း၊ ရွှန်းစိုစို အသား၊ မျက်လုံးတောက်တောက်တို့ဖြင့် အခြားထောင်သားများနှင့် လုံးဝမတူ တစ်မူထူးခြားသော သွင်ပြင်များက ခင်သူဇာ့စိတ်တွင် လှုပ်ရှားရိုက်ခတ်စေသည် မဟုတ်ပါလား။

ထို့ကြောင့် သူ့ကို မျက်စိမှိတ်ပြ၍ ချိတ်တိတ်တိတ် ပြောင်ကျီစယ်ခြင်းကို တုတ်တုတ်နှင့် မျက်ခြယ်ရှေ့၌ အရိပ်အမြွက်မျှ မပြလိုက်ပါပေ။

"ဟော. . ဟော၊ မြင်းဝမ်းဗိုက်အောက်ကို ကပ်စီးသွားပါလား"

"အိုး. . မြင်းစီးကလဲ တော်လိုက်တာ"

"ကြည့်. . ကြည့်၊ မြင်းဝမ်းဗိုက်ကတက်ပြီး ခြေတစ်ဘက်မြှောက် စီးသွားပါလား"

"ဟာ. . မြင်းပေါ် မှောက်လျက်စီးသွားပြန်ပြီ"

"ဟာ. . ပက်လက်လဲ စီးနိုင်တာပဲ"

"အဲဒါ မြင်းရေး ၃၇ ချင်းထဲမှာပါတဲ့ အကွက်တွေပဲ၊ ဘဘဘုရား မြင်ရင် သိပ်သဘောကျမှာ။ ဟိုတုန်းက ထောင်မှူး ထောင်ပိုင်ဆိုတာ သားတော်ကြီးမှ ခန့်တာတဲ့၊ ဘဘဘုရားက မြင်းခင်းသဘင်မှာ ပထမ ဗိုလ်စွဲတာတဲ့၊ အဲဒါ သာယာဝတီ မင်းတရားကြီးက အလွန်သဘောကျပြီး သည် သာယာဝတီထောင်ပိုင်ကြီးနဲ့ ပို့လိုက်တာတဲ့ တုတ်တုတ်ရဲ့"

"သခင်မကြီး ပြောဖူးပါတယ်ဘုရား၊ ဒါကြောင့် ရွှေနန်းရှင်ဘုရား နတ်ရွာလားတော်မူတဲ့အကြောင်း စာချွန်တော် လာပို့တော့ သခင်ကြီး ငိုလိုက်တာလေ၊ မျက်ရည်ကို တော်တော်နဲ့ ဖြေမဆည်နိုင်ရှာဘူး"

“ဒါပေါ့ ကိုယ့်အရှင်သခင်ကိုး။ ဘာဘာဘုရားလို အချီးအမြှင့်ခံရတဲ့လူ မပြော နဲ့တော့။ သူတို့ကို အပြစ်ပေးလိုက်လို့ သာယာဝတီထောင် ရောက်လာတဲ့ အကျဉ်း သားတွေတောင် ငိုကြသေးတာပဲ”

“အို. . ဝါးချွန်နဲ့ သစ်ပင်အမြင့်ကြီးကို လှမ်းထိုးနေပါလား”

“အာ. . လူမှဟုတ်ရဲ့လား တုတ်တုတ်ရယ်”

“ဟော. . သခင်မလေးပဲ စောစောကပြောတော့ လူပါပဲဆို”

“အဲ. . အဲ. . ခစ်”

ခင်သူဇာသည် ပါးစပ်ကလေး လက်နှင့်ပိတ်၍ ရယ်သည်။

ဤ သာယာဝတီထောင်ကြီးသည် လူဆိုးလူမိုက်တို့ နေပြည်တော်နှင့် အခြား ပြည်နယ်များမှ စုဝေးရောက်ရှိနေကြသည့်ကြားက သတင်းမွှေးကလေးတစ်ခုကဖြင့် ဆီးကြိုနေသည်။

ထိုသတင်းကား ထောင်ပိုင်ကြီး၏ သမီးကလေး ခင်သူဇာ၏ အလှသတင်း ပါပေ။

“မင်းတို့ကို ခိုင်းလိမ့်မယ်။ မြေပေါက်၊ သစ်ပင်စိုက်၊ ပေါင်းသင်၊ ခြံစည်းရိုး ခတ်၊ အိမ်သာကျင်းတူး၊ အို. . ဘယ်လောက် မောအောင် လုပ်ရလုပ်ရ၊ ထောင်ပိုင် ကြီးသမီးလေး ခင်သူဇာက မောင်ကြီးတို့ကို ချင်းသုပ် အလှူလုပ်ပါတယ်၊ လက်ဖက် သုပ် အလှူလုပ်ပါတယ်၊ ပဲလှော်သုပ် အလှူလုပ်ပါတယ်၊ ဖရဲသီးစိတ် အလှူလုပ် ပါတယ်ဆိုပြီး ပုလဲတန်းကလေးလို သွားလေးဖော်ပြီး ရယ်ပြလိုက်တာနဲ့ နဖူးကချွေး ခြေမရောက်အောင် ဒီးဒီးကျခဲ့သမျှ တစ်ချီတည်း အမောပြေသွားရသည်ဟု ပြော စမှတ် ပြုခဲ့ကြပါသည်။

ယခုလည်း မြင်းရေး ၃၇ ချင်း ၈ စိတ်ကျော်လောက် ပြသသွားသော ရွှေပြင် ကို ဆီထမင်း၊ ပဲပြုတ်ကြော်များကို ရေနွေးကြမ်း လင်ပန်းကြီးလိုက် ချကျွေးပါတော့ သည်။

“မောင်ကြီးရွှေပြင် မြင်းရေးကစားတာ ဘာဘာဘုရား မြင်စေချင်တယ်၊ သိပ် သဘောကျမှာပဲ”

သူ့ကို မျက်စိမှိတ်ပြလိုက်သည်ကို စိတ်ဆိုးဟန်မရှိ။ သူငယ်ချင်းများက စ, နောက် ကျီစယ်သလို သူက မေ့မေ့ပျောက်ပျောက် သဘောထားပုံကို ရွှေပြင် အမှန် အံ့ဩသွားရသည်။

အမှန်တော့ သူသည် သားတစ်ယောက်ဖခင် မလည်ရစ်၏ ခင်ပွန်းလင်ပါ။

ခိုးကာမှခိုး၊ တိုက်ကာမှ တိုက်ရော၊ ကံငါးပါးကို အလွန်လုံသူပါ။

ယခုကိစ္စက သူ့ဆရာရင်း ပုဂံမင်းလည်း နန်းတက်ရော၊ သူက ထောင်နန်းစံနေရသည်ဆိုတော့ မမျှမသိပ်နိုင်အောင် မချင့်မရဲဖြစ်ရသူပါ။

ထို့ကြောင့် သူ့အသွေးနှင့် သူ့အပွေးကို စိတ်ဝင်စားသော မိန်းကလေး ခင်သူဇာကို သူ့လွတ်မြောက်ရေးအတွက် စည်းရုံးလိုက်ရပါသည်။ ခွင့်လွှတ်တော်မူကြပါ ကိုယ်စောင့်နတ်ကြီးများရယ်။

မိန်းမပျိုကလေးတစ်ဦးကို ဖျက်လိုဖျက်ဆီးစိတ်နှင့် နောက်တီးနောက်တောက် ပြုလုပ်ခြင်းဖြင့် လုံးဝမဟုတ်ပါ။

ပြီးတော့ သူကြားထားသော သတင်းတစ်ရပ်မှာ ခင်သူဇာအား ဇီးကုန်းမြို့ဝန်သားနှင့် ပေးစားရန် လူကြီးချင်း ကမ်းလှမ်းထားကြသည်တဲ့။ နောက်တစ်ခုက သူလိုထောင်သားတစ်ယောက်သည် မင်းသားကလေးလိုပင် လှဦးတော့ ထောင်ပိုင်ကြီးသမီးက အငြိုးတော်ပြေ၊ ပျော်တော်ဆက် ကြက်ဖ ခွပ်ခိုင်းချင်ရင်သာ ခိုင်းမည်၊ ဘယ်သူက တန်းတူနေရာတွင် စဉ်းစားပါမည်နည်း။

ယခုလည်း သူ့ကို မူနွဲ့နွဲ့ကလေး ပြုံးပြနေသော ခင်သူဇာကို သူက စည်းရုံးသော မျက်လုံးအစုံနှင့် ပြန်ကြည့်လိုက်ပါတော့သတည်း။

# ဘုရင်သစ်နှင့် ဝန်သစ်

"ရွှေဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရွှေနန်းရှင်ဘုရား"

"အမယ်. . ကိုယ်တော် ဘိုင်ဆပ်က သူများတကာတွေလို ရှိသမျှ ဂုဏ်တွေနဲ့ ချီးပင့်တော်မမူပါနဲ့ဗျာ။ ကိုယ်တော်က ဘိုင်ဆပ်ကို ချစ်ပြီးသားပါဗျာ့"

"မှန်လှပါ၊ ကျေးဇူးတွေအနန္တ ကြီးလှပါသ ဘုရား။ ကိုယ်တော် ဘယ်ရွှေ့ ချစ်ကြောင်း ဘုရာ့ကျွန်တော်ကို မြို့ဝန်ခန့်တာတစ်ခုတည်းနဲ့ ယုံကြည်ပါသဘုရား"

"ကိုယ်တော်က ဘယ်တော့ ကတိဖျက်ဖူးလဲဗျာ။ ဒါနဲ့ မတ္တရာစံအိမ်ကို အစောင့်အယ ချမထားဘူးလားဗျာ့"

"ထားပါသဘုရား။ ဒါနဲ့ ဒီအိမ်ကို အိမ်စောင့်ထားဖို့ ရွှေပြင်ဆိုရင် ကောင်း မလားလို့ပါဘုရား။ သူကတော့ တိရစ္ဆာန်တွေလဲ အစာကျွေးတတ်လို့ပါ ဘုရား"

"ဩော်. . ကိုယ်တော်ဘိုင်ဆပ် မသိသေးဘဲကိုး"

"အမိန့်ရှိမှ သိရမယ့်သူပါ ဘုရား"

"အနောက်ဝန်းတော်မှူးကြီး အပြောပဲ။ သူ့အစ်မ မဖွားမြား လှည်းကို ဓားပြ တိုက်တဲ့အထဲ ရွှေပြင်ပါသတဲ့လေ"

"အို. . ဖြစ်နိုင်ပါ့မလားဘုရား"

"ဖြစ်နိုင်တာမဖြစ်နိုင်တာလဲ ခမည်းတော်ဘုရား ဝေဒနာတော် ခံစားဆိုးရွား နေစဉ်က ဆိုတော့ အမှုတောင် ပီပြင်အောင် မစစ်လိုက်ရပါဘူး ဘိုင်ဆပ်ရယ်၊ သာယာဝတီထောင် ပို့လိုက်တာပါပဲ"

"အို. . ကျွတ်. . ကျွတ်၊ နှမြောစရာပါဘုရား။ ကြက်တိုက် ငှက်တိုက် ကျွမ်း တယ် ရွှေနန်းရှင်ဘုရားရဲ့"

"ကိုယ်တော်က ပိုနှမြောတာပေါ့ဗျာ။ အဲပါလေ စံဖေတို့ စံငွေတို့ညီအစ်ကို လဲ ရှိကြပါတယ်။ ကိုယ်တော် ဘိုင်ဆပ်တပည့်ကျော်တွေ ကာစင်တို့ မူးတူးတို့လဲ ရှိကြသားပဲဗျာ။ ထောင်ကျသွားတဲ့လူကို တမ်းတနေလို့ အလကားပါပဲ ဘိုင်ဆပ်ရယ်"

"ကိုယ်တော် သဘောမပေါက်ဘူးနော်"

"ဘာများလဲ ဘိုင်ဆပ်ရဲ့"

"ကိုယ် အထွတ်အထိပ်ရောက်တဲ့အခါ ကိုယ့်လုံခြုံရေးလဲ အရေးကြီးတယ် နော့်။ မင်းတုန်းမင်းသား ညီတော် ကနောင်မင်းသားက ခပ်ထက်ထက်ရယ် ဘုရား"

"ဟား ဟား ဟား. . ညီပုများ ကိုယ်တော် အတွေးထဲတောင် ထည့်ပြီး စိတ် မပူမိပါဘူး ဘိုင်ဆပ်ရယ်"

ရှင်ဘုရင်က တဟားဟား ရယ်ပွဲဖွဲ့နေ၍ ဘိုင်ဆပ်သည် ရှင်ဘုရင်အတွက် စိုးရိမ်ချက်တွေ များသွားရပါလားဟု သတိဝင်ကာ စကားတစ်ပတ် လျှော့လိုက်ရပါ တော့၏။

"ကဲ. . ရွှေနန်းရှင်ဘုရား အသောက်အစားကဏ္ဍကလေးပြီးရင် အခွပ်အခတ် ကလေးတွေ ရှုစားတော်မူပါဦးဘုရား"

ကာစင်နှင့် မူတူးတို့ကို ဒူးကို သေသပ်စွာတုပ်၍ တိုက်ကြက်ဖ (လိပ်ပွန်း) အမျိုးအစား အဖြူကြီးတွေ ရှေ့တော်သို့ တစ်ကောင်စီ ချလိုက်ကြပါတော့သတည်း။

❖❖❖

မလည်ရစ်ခမျာ မောင်ရွှေပြင်၏သားဦးလေး 'မောင်တက်ခါး' မွေးပြီး လမလဲ မီပင် မောင်ရွှေပြင် ထောင်ကျသည် ကြားရသည်။

ထိုမျှနှင့် ပြီးသွားလျှင် ကျန်ရစ်သူများအဖို့ ဖြေသာပါသေးသည်။

ယခုတော့ ရွှေနန်းတော်မှ ရဲမက်တော်များ ရောက်လာပြီး အိမ်တွင်းမှ အမြတ်တနိုးထားသော ရွှေယွန်းဆွမ်းအုပ်များမကျန် အဖိုးတန်ပစ္စည်း အကုန်ဆွဲချ၍ ဓားတွေနှင့်ခုတ်၊ အိမ်နီးနားချင်းတွေ ပစ်ပေးနှင့်။ ခေါင်မြင့်မြင့် အိမ်အမိုးကိုလည်း ဖြိုချလိုက်ကြသည်။

မလည်ရစ်ကား သွေးနုသားနုနှင့် အော်၍အော်၍သာ ငိုတော့သည်။ ဦးထွန်း အောင်၊ ဒေါ်လှဝင်းတို့ခမျာလည်း သူတို့သတ်မသွားသည်ပင် ကျိတ်၍ ဝမ်းသာ နေရရှာသည်။

ခိုးဆိုးတိုက်ဆိုး လုပ်ခဲ့သူအား မည်သို့သော အစိုးရက ခွင့်လွှတ်ပါလိမ့်မည်နည်း။

ရဲမက်တော်များ ပြန်သွားမှ သမီးကို ဆားနန္ဒင်းတိုက်ကြ၊ နှမ်းထုပ်ရှူစေပြီး ဝိုင်းဝန်းနှစ်သိမ့်ကြသည်။

အိမ်နီးနားချင်းများကလည်း သူတို့အား ရဲမက်တွေစွန့်ကြွသွားသော သစ်စေးတောင်းကြီးတွေ၊ ဖျာလိပ်တွေ၊ တောင်းသေတ္တာတွေ ပြန်လာပေးကြရှာပါ၏။

ဖခင်ကမူ သမီးအား ကရုဏာဒေါသောနှင့် အပြစ်တင်ရှာသည်။

"ယောက်ျားက အဖိုးတန် ရထားတာပဲ မိလည်ရစ်ရဲ့။ ဟိုတုန်းက ဘုန်းစွမ်းနဲ့ လူစပါဗျာ။ သူကသာ ထမင်း အခန့်သား စားနေရမလား၊ အားအားရှိ မြင်းစီး လှံထိုးလုပ်ရမလား၊ ခြံစည်းရိုးအခုန် လေ့ကျင့်ရမလားနဲ့ ယောက်ျားကို ထိကပါး ရိကပါးတွေ ပြောလာတာများတော့ ယောက်ျားက ဖြစ်ချင်ရာဖြစ်ဆိုပြီး ဓားပြထွက် တိုက်တော့တာပေါ့။ ကျုပ်တို့ ကံဆိုးချင်တော့ ဒေါ်ဖွားမြားက အနောက်ဝန်းတော်မှူး ကြီးရဲ့ နှမဝမ်းကွဲတော်တယ်လေ။ ဒါကြောင့် အဲဒီလောက် ပေါက်ရောက်သွားတာ ပေါ့။ ခုတော့ဗျာ၊ သူ့ယောက်ျားအပေါ် အငြှုအစူကောင်းတာနဲ့ ယောက်ျားလုပ်သူ လဲ မင်းမှုထမ်းလုပ်နေရာက ထောင်ကျ၊ ကိုယ်လဲ ခိုးဆိုးတိုက်ဆိုးမယား ဖြစ်ရ၊ ခု တစ်ခါ ရဲမက်တွေက မတရားရတဲ့ ပစ္စည်းဆိုပြီး လာပြီး ဒဏ်ခတ်သွားပြန်တော့၊ဟီး. . သမီး မလိမ္မာလို့ ငါတို့အားလုံး ဒုက္ခရောက်ရပါပြီကွယ်"

ဟု ဆိုကာ ယောက်ျားကြီးတန်မဲ့နှင့် ငိုရှာသည်။

မလည်ရစ်ကမူ. .

"ဒါ. . ဒါ သူ့အပြစ်ပေါ့ အဘရဲ့။ သားမယား ယူထားပြီး ရှာကျွေးရမှန်း မသိတဲ့လူကို မပြောလဲ ဆယ်နှစ်ဆယ်မိုး ထိုင်စားပြီး နန်းတော်ထဲက စာချွန်တော်နဲ့ အခေါ်လွှတ်မှာကို စောင့်နေမယ့်လူ အဘရဲ့"

"ဟ. . လူဆိုတာ သူ့အချိန်နဲ့သူ အကျိုးပေးတာ။ အချိန်မကျသေးရင် ဘာမှ လုပ်လို့မရဘူး ဟေ့"

"သူ့အချိန်ကလဲ ဘယ်တော့ကျမှာတဲ့လဲ အဘရယ်။ စောင့်ရတာ သေ သေ ရချည်ရဲ့"

"နင် ပါးစပ်ပုပ်ကြီးနဲ့ တော်တော် ပြောနော်။ တယ်. . ငါက သွေးနုသားနုမို့၊ တယ် ပြောချင်တာ မဟုတ်ဘူး"

ဦးထွန်းအောင် ဒေါ်သမထွက်မိရန် အပြင်သို့ တမင်တကာ ရှောင်သွားရှာပါတော့၏။

မှန်သည်။ လူတော်လူကောင်းကလေး သမက်တော်ထားရသော်လည်း သမီးလုပ်သူ မလိမ္မာ၍ ယခုတော့ ကောင်လေးလည်း သာယာဝတီထောင်. .၊ သာယာဝတီထောင် တဲ့။

"နေပြည်တော်ကနေပြီး ဆယ်ရက်ခရီးလောက် သွားရတာ၊ နည်းတဲ့ခရီး မဟုတ်ပါဘူးဗျာ"

ဦးထွန်းအောင်သည် တစ်ကိုယ်တည်း တွတ်ထိုးရင်း ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို တထောင်းထောင်း ဖွာရှိုက်လျက်ရှိပါတော့၏။

# ချိုမြိန်သော အသီးကို စားရခြင်း

"မောင်ကြီး ရွှေပြင်"

"ဗျာ. . သခင်မလေး၊ ဘာခိုင်းချင်ပါသလဲ"

"သခင်မလေးကို အားလုံးက ဘုရားထူးကြတယ်။ မောင်ကြီး ရွှေပြင်က ဘာကြောင့် ဘုရား မထူးတာလဲ"

"သခင်မလေး ငရဲကြီးမစိုးလို့ပါ"

"အလို. . ဘာကြောင့်လဲ"

"မောင်ကြီးက မနက် အစောကြီးတိုင်းထပြီး မယ်တော်မိနတ်သားနဲ့ နတ်သဘင်အစည်းအဝေး တက်နေကြတဲ့ နတ်တွေအတွက် ဓာရဏပရိတ်တော် အခေါက်တစ်ရာ ရွတ်လှူတဲ့သူမို့ပါ"

"ဩော်. . ဩော် ဒါကြောင့်လား၊ ထားပါတော့လေ။ ဒါနဲ့ မောင်ကြီးကို ပထမဦးဆုံး ခါတွေ့တဲ့နေ့က သခင်မလေးကို ဘာကြောင့် မျက်စိမှိတ်ပြတာလဲ"

"သံခြေချင်းကြီးခတ်ပြီး အလွန်တရာ ရင်တုန်စရာကောင်းတဲ့ ထောင်သား ဘဝ ခံယူနေတဲ့အချိန်မှာ နတ်သမီးကလေးလိုလှတဲ့ ထောင်ပိုင်ကြီးသမီးလေးကို မြင်လိုက်ရတော့ မောင်ကြီးဒုက္ခတွေကို တဒင်္ဂမေ့သွားရတယ်။ ပြီးတော့ သိပ်ရေငတ်ပြီး ဆာနေတုန်းမှာ ချိုမြိန်သော အသီးတစ်ခုကို စားလိုက်ရသလို မောင်ကြီးရင်ထဲ ပျော်ရွှင်အားရှိသွားရပါတယ်။ ဒါကြောင့် မျက်စိမှိတ်ပြမိပါတယ်။ ခွင့်လွှတ်တော်မူပါ"

"ဟင်း. . သခင်မလေးက ခွင့်လွှတ်ပါတယ်နော်။ တုတ်တုတ်တို့ကိုတောင် ပြောမပြဘူး"

"အမယ်လေး၊ သည်တုတ်တုတ်တော့ ချမ်းသာပေးပါခင်ဗျာ။ သူ့ထဘီနဲ့ အုပ်တာပဲဆို"

"သခင်မလေးအပေါ် စော်ကားမော်ကား လုပ်ရင်တော့ မခံဘူး။ ဘုန်းနိမ့်အောင် ထဘီနဲ့အုပ်တော့တာပဲ"

"ကြောက်စရာကြီးဗျာ"

"အဟင်း. . အဟင်း တစ်ခါတလေ လက်ကြီးကို လိမ်ချိုးလိုက်တာ။ လက်ဖတ်လတ်ကြီး ဖြစ်ပြီး အော်နေကြရတာ မောင်ကြီးရဲ့။ ဘဘဘုရားက ဒီလောက်မကြမ်းဖို့ ပြောထားရတယ်"

"သခင်မလေး ဘဝက ထောင်သားတွေနဲ့ ကစားနေရတော့တာကိုး"

"ထောင်သားဆိုတာ လူဆိုးတွေမှန်း သိပါတယ်။ ဒါပေမယ့် သူတို့လဲ လူပဲလေ။ စိတ်ချမ်းသာပါစေတော့လို့ပါ"

"သာဓုပါဗျာ သာဓု သာဓုပါ"

"ဒါနဲ့ မောင်ကြီးရွှေဖြင် မိန်းမရှိတယ်နော်"

"ရှိပါတယ် သခင်မလေး"

"နာမည်က ဘယ်သူတဲ့တုန်း"

"မလည်ရစ်လို့ ခေါ်ပါတယ်"

"အဟင်း. . အဟင်း နာမည်က အဆန်းပဲနော်"

"နာမည်ဆန်းသလို လူကလဲ ဆန်းပါတယ်။ တစ်ခါစားရင် အမဲသားတစ်ပိဿာချက် ကုန်ပါတယ်"

"အို. ."

"ဟုတ်ပါတယ် သခင်မလေး။ မောင်ကြီးက ငွေမရှာဘူးဆိုပြီး တစ်မနက်တည်း မန်ကျည်းပင် ခုနစ်ပင်လောက်တက်ပြီး မန်ကျည်းရွက်ခူးတော့တာပါပဲ။ သွားရောင်းပြီး အမဲသားတစ်ပိဿာခွဲ ဝယ်လာတာပါပဲ။ တစ်အိမ်လုံးက ငါးဆယ်သားနဲ့လောက်ပြီး သူ့အတွက် မနက်ငါးဆယ်သား၊ ညနေငါးဆယ်သား ခြိုးခြံစားရတာပါ"

"အဟာစ်. . အဟာစ် ဒီလောက်အစားကောင်းတာ၊ ဝမှာပဲနော်"

"ဝလဲဝ၊ ဆိုးလဲဆိုးပါတယ် သခင်မလေးရယ်။ မောင်ကြီး သာယာဝတီထောင်ရောက်ရတာ သူ့ကြောင့်ပါ"

"သူ့ကြောင့်"

"အဲလေ. . သူလင်ရတော့လဲ အပျိုတုန်းက အဝတ်တွေနဲ့ ရှက်လှချည်ရဲ့တဲ့။ အပျိုတုန်းက ဘယ်လိုနေနေ အရေးမကြီးဘူးတဲ့။ အိမ်ထောင်ကျရင် လူတွေက သိပ်အကဲခတ်တာတဲ့။ အဲဒါတွေပဲ တတွတ်တွတ်ပြောနေတာ သခင်မလေးရဲ့"

"အင်း. . မိန်းမတွေဘက်က တွေးကြည့်တော့လဲ ဟုတ်တာပဲ မောင်ကြီးရဲ့။ မိဘတွေ အိမ်ထက်မသာတောင် လျော့လို့တော့ မကောင်းဘူးလေ"

"သခင်မလေးကလဲ အမျိုးသမီးတွေဘက်က ထောက်ခံနေပြီကိုး။ မှန်ပါတယ်ဗျာ။ မောင်ကြီးက တစ်ခါလာ မြင်းစာကျွေး၊ ရွာစည်းရိုးခုန်နဲ့ လုပ်နေလို့ ထမင်းက အလိုလို ခြေပေါက်မလာဘူးလေ။ အဲဒီတော့ ခိုးမိတိုက်မိတာပေါ့ဗျာ"

"ဒိပြင် ရောင်းကောင်း ရောင်းဝယ် လုပ်စားပါတော့လားရှင်"

"ရောင်းကောင်း ရောင်းဝယ်အတွက် အချိန်မပေးတော့ပါဘူးဗျာ။ ရွာဘုရားပွဲက ကြားနှစ်ရက်ပဲ လိုတော့တာကိုး။ အင်း. . ခုတော့ သူလဲ ဒီငွေတွေ သုံးရတာနဲ့ မကာမိအောင် စိတ်ဆင်းရဲနေရပါပြီ သခင်မလေး။ မယ်ရစ်မှာလဲ ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ပါ သခင်မလေးရယ်"

ခင်သူဇာသည် များစွာ သနားသွားရသည်။

သူ့အရွယ် သူ့ပုံပန်းနဲ့ လူပျိုပြောလည်း ရတာပါပဲ။ ခုတော့ ရိုးသား မြင့်မြတ်ရှာတယ်။ မှန်တဲ့အတိုင်း ပြောတာပဲ။

ထိုအတွက် မောင်ရွှေပြင် အမှတ်ရသွားရသည်။

နောက်တစ်ချက်မှာ ခင်သူဇာ၏စိတ်ဓာတ်ပါတည်း။

မောင်ရွှေပြင်ကို မြင်စက ရွှန်းလက်သော မျက်လုံးများနှင့် စိုက်ကြည့်ရင်း၊ အကြည်ဓာတ်လွှမ်းသော မျက်လုံးများနှင့် စိုက်ကြည့်စဉ်က သူ့ကို မျက်လုံးမှိတ်ပြလိုက်ပုံကြောင့် သူ့တွင် တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသော ပီတိစိတ်ကလေး တစ်ကိုယ်လုံး ပျံ့သွားရသည်။ ထို ပီတိအရသာကလေးကို ယခုတွေးလျှင် ယခု ပြန်ခံစားရမြဲပါ။

ဘဘဘုရားက မှာဖူးပါသည်။

"ထောင်သားတွေ ခေါ်က,ခိုင်း၊ သီချင်းဆိုခိုင်းနဲ့၊ ဒါပဲနော် သူဇာ၊ ဒီ သာယာဝတီထောင် ရောက်လာတဲ့လူဆိုရင် မင်းသားတောင် မကြိုက်နဲ့ ကြားလား" တဲ့။

"ဟုတ်. . ဟုတ်ကဲ့ပါ ဘဘ"

ထိုစဉ်က သူက ပျာပျာသလဲကြီး အဖြေပေးခဲ့သလို သာယာဝတီထောင် ရောက်လာသူများကို ဘယ်သောအခါမှ သူ့အချစ်စာရင်း အိမ်ထောင်ဘက်စာရင်း တွင် မသွတ်သွင်းခဲ့ပါ။

သို့သော် သူတို့နှစ်ဦး တွေ့လျှင်တွေ့ချင်း မောင်ရွှေပြင်ကလည်း ချိုမြိန်သော သစ်သီးကို စားရသကဲ့သို့ပါတဲ့။ သူမကလည်း မောင်ရွှေပြင် မျက်စိမှိတ်ပြစဉ်က ရင်တွင်းလှုပ်ခတ် မေတ္တာဓာတ်တို့ စိမ့်ယိုခဲ့ရပါ၏။

ထိုခံစားချက်ကလေးနှင့်ပင် သဇင်တိုင် ကျစ်နေသော မောင်ရွှေပြင်အနား စကားလာပြောနေခြင်းပါ။

မျက်ခြယ်နှင့် တုတ်တုတ်တို့က ဝဲယာရံနေကြရသည်ဆိုသော်လည်း သူက လက်ဝါးကလေး ကာပြခဲ့လျှင် နေခဲ့ရမြဲပါ။

ယခုလည်း ဒေါ်တုတ်တုတ်သည် ကိုယ်ဖိုင့်ဖိုင့်ကြီး တလှုပ်လှုပ်နှင့် ခင်သူဇာ့ အနားသာ ပြေး၍ လာချင်နေပုံပါတည်း။

"သခင်မလေး"

"ပြောလေ"

"ဇီးကုန်းမြို့ဝန်သားလေး နန္ဒကျော်ထင်ဟာ သိပ်ကံကောင်းတာပဲနော်"

"မောင်ကြီးက နာမည်တွေတောင် သိနေပါရောလား"

"ထောင်သားတွေ စုမိကြရင် သခင်မလေး ခင်သူဇာအကြောင်းပဲ ပြောနေ ကြတာပါ"

"သူတို့က ဘာတဲ့လဲဟင်"

"မျောက်က ကပြရတဲ့ စံရတို့၊ ငိုချင်း ချပြကြရတဲ့ ဖိုးခတို့ကတော့ ထောင် ပိုင်ကြီး သမီးတော်ကလေးက အဲလို ထောင်သားတွေအပေါ် အရေးတယူကလေး ခိုင်းတတ်တာကိုက လေးစားကြည်ညိုစရာ ကောင်းပါတယ်တဲ့"

"မောင်ကြီးရွှေပြင်ကကော"

"မောင်ကြီးလဲ ဒီလိုပါပဲ။ မြင်းစီး လှံထိုးချင်နေတုန်း အဲဒါတွေ လုပ်လိုက်ရ တော့ ကိုယ် ထောင်ကျနေတာတောင် မေ့သွားရပါတယ်ခင်ဗျာ"

သူတို့နှစ်ယောက်က ရှိုးရှိုးသားသား စကားပြောကောင်းနေကြသည်ကို တုတ် တုတ်နှင့် မျက်ခြယ်တို့ စိုးရိမ်နေကြသည်။

တုတ်တုတ်က ထောင်မှူးကလေးကို လက်တို့၍ တစ်စုံတရာ ပြောလိုက် သည်။

မကြာလိုက်ပါချေ။ ထောင်မှူးလေးက သခင်မလေးထံ ဒူးညွတ်၍ခွင့်တောင်းကာ မောင်ရွှေပြင်ကို ခေါ်သွားပါတော့၏။

ဒါ. . ဒါ တုတ်တုတ် လက်ချက်ပဲဟု ခင်သူဇာ ဟန်မလုပ်နိုင်အောင် စိတ်ဆိုးပါသည်။

သို့သော် မောင်ရွှေပြင်နှင့်ခင်သူဇာ၊ ခင်သူဇာနှင့်မောင်ရွှေပြင် ဟူ၍ စကားပုံကြီးကားမည် စိုး၍ သူက ငြိမ်နေလိုက်ပါတော့၏။

ဆယ်ရက်တိတိ မောင်ရွှေပြင်ကို မတွေ့မှ မေးကြည့်ရာ ပဲခူးရိုးမတောင်ခြေကျောက်ပါးစပ်အနီး ကြသောင်းဝါးများ သွားခုတ်သည့်အဖွဲ့တွင် ထည့်လိုက်သည်တဲ့။ ကောင်းရော။

"ဒါ. . ဒါ တုတ်တုတ်လက်ချက် မဟုတ်လားဟင်။ တုတ်တုတ်လက်ချက် မဟုတ်လား"

သူ့သခင်မလေး ဒေါသဖြင့် ဝင်းဝင်းတောက်နေကြောင်း ဒေါ်တုတ် ရိပ်မိပါသည်။

သူက ခါးကြားတွင် အမြဲဆောင်ထားသော တစ်ထွာသာသာ နှစ်ဘက်သွားဓားမြှောင်ကို ရွှိခနဲ ထုတ်ပေးလိုက်ရင်း. .

"မကျေနပ်ရင် ဒေါ်တုတ်ကို ခုတ်ထည့်လိုက်ပါ သခင်မလေးရယ်။ မောင်ရွှေပြင်ဟာ ထောင်သားသာဆိုတယ် ထောင်သားရုပ် မပေါ်ပါဘူး။ အလွန်ရည်မွန်တဲ့လူငယ်တစ်ဦးပါ။ သခင်ကြီးကလဲ မှာထားပါတယ်။ နန္ဒကျော်ထင်ကလေးနဲ့ စေ့စပ်ထားသမျှ ပြဿနာတစ်ခုခု ပေါ်လာပြီး ပျက်ရင်တော့ ခင်ဗျားကြီး အသေပဲ တဲ့။ ဒါ. . ဒါကြောင့် စိုးရိမ်လို့ပါ သခင်မလေးရယ်"

"အို. . ဘာစိုးရိမ်တာလဲ"

"ဟို. . ဟို သခင်မလေး မျက်လုံးတွေဟာ သူ့ကို သနားပါတယ်။ ထောင်ဘာလို့ကျရတာလဲလို့ ပဟေဠိတွေ ပေါ်နေပါတယ်။ ကရုဏာသက်နေပါတယ်။ ဒေါ်တုတ် ရှင်းရှင်းပြောပါ့မယ် သခင်မလေးရဲ့။ မတော်တဆ ရွှေပြင့်အပေါ် ရွှေမေတ္တာ ညွတ်ပါးသွားရင် ဘယ်လိုလုပ်မလဲ ဘုရား၊ သာကြောင့်ပါ သခင်မလေးရယ်"

"ဒေါ်တုတ်၊ အရူးမကြီး သွားစမ်း၊ သွားစမ်း။ သူ့မှာ မိန်းမနဲ့၊ ကလေးနဲ့။ ဘာကြောင့် ညွတ်ရမှာလဲ"

"အချစ်ဆိုတာ မျက်စိကန်းပါတယ် သခင်မလေး။ ဟိုနေ့က သခင်မလေးကို မျက်လုံးမှိတ်ပြတာ ဒေါ်တုတ် မြင်ပါတယ်။ သခင်မလေးမျက်နှာ ကြည့်လိုက်တော့

ပြုံးပြုံးပျော်ပျော်ကလေး ဖြစ်နေတာရယ်၊ ဒိပြင် ထောင်သားငါးယောက်ရှေ့မှာလဲ ဖြစ်လို့ ဒေါ်တုတ် ချုပ်ထားလိုက်တာပါ။ ပြီးတော့. . "

"ပြီးတော့ကော ဘာဖြစ်သေးလဲ၊ ဒေါ်သိကြီးက သိနေလိုက်တာ။ ပြော. . ပြောစမ်းပါဦး"

"မြင်းရေး ၃၇ ချင်း ပြတဲ့နေ့ကလဲ သခင်မလေးမျက်နှာဟာ ဘယ်တုန်းကမှ အဲလောက် မကြည်နူးဖူးပါဘူး။ တစ်ချိန်လုံး ပြုံးပျော် ရွှင်မြူးနေပါတယ်။ သတိထားတော်မူပါ။ အလွန်တရာ လှပတဲ့ ခင်သူဇာကလေးဟာ နန္ဒကျော်ထင်အတွက်က လွဲရင် ဘယ်သူ့အတွက်မှ အဖြစ်မခံနိုင်လို့ပါ သခင်မလေး။ မီးကို မလောင်ခင်က တားရတာပါ"

ခင်သူဇာသည် ဒေါ်တုတ်၏ လက်ဟန် ကိုယ်ဟန်တွေနှင့် ရဲရဲတောက် လျှောက်ထားချက်ကြောင့် မျက်နှာလေး ညှိုးကျသွားရှာသည်။ ပြီးတော့ ဘာကြောင့်ရယ်မသိ၊ ဒေါ်တုတ်ကိုယ်လုံးကြီးကိုဖက်၍ တရှိုက်ငင်ငင် ငိုလိုက်မိပါတော့သတည်း။

"တိတ်. . တိတ်ပါ သခင်မလေးရယ်။ ဒေါ်တုတ်က ကလေးဆယ်ယောက် အမေပါ။ သိပ် လူကဲခတ်ကောင်းလွန်းသွားရတာ ခွင့်လွှတ်ပါကွယ်။ ချစ်၊ ချစ်. . စိတ်ထဲမှာ ချစ်လာတဲ့ စိတ်ရှိရင် စိတ်ထဲမှာပဲ အဝချစ်လိုက်။ တဖြည်းဖြည်းနဲ့ သူ့အကြောင်း တွေးယူပါ သခင်မလေး။ တစ်အချက် ထောင်သား (အကျဉ်းသား)၊ နှစ်အချက် အိမ်ထောင်ရှိသောသူ၊ ဒီနှစ်ခုတည်းနဲ့ သာယာဝတီ ထောင်ပိုင်ကြီးရဲ့ တစ်ဦးတည်းသော သမီးကလေးရဲ့ချစ်သူ လုံးဝ မဖြစ်ထိုက်သူပါ။ မဖြစ်ထိုက်သူပါ သခင်မလေးရယ်"

ခင်သူဇာကို ကျောမှ ပွတ်သပ်ချော့မော့ရုံမက တံကောက်ကွေးမှ ပွေ့ချီ၍ ကလေးငယ်ချော့သလို ယီးထိုး၍ ချော့မော့လိုက်ပါတော့၏။

သည်လို ချော့နည်းကတော့ အလကားနေရင်းလည်း ချော့လေ့ရှိပါသည်။

အပျိုဖော်ဝင်စ ကလေးစိတ်ကလေး မကုန့်တကုန်မို့ ခင်သူဇာ မျက်တောင်စင်း၍ ငြိမ်ကျသွားပါတော့သတည်း။

ဒေါ်တုတ်က ပါးသည်။

သည်ကြားထဲ ဇီးကုန်းမြို့ဝန်သားလေး နန္ဒကျော်ထင်ကို နှစ်ကြိမ်လောက် ပရိယာယ်ဆင် ဖိတ်ကြားခဲ့သည်။

ထောင်ပိုင်ကတော် ဒေါ်ခင်မိကလည်း ကျန်းမာရေးမကောင်းလှပေ။ အရိုးပဒေသာနှင့် ဒေါ်တုတ် စီစဉ်သမျှ လိုက်နာဆောင်ရွက်သည်။

ဆင်မကြီး ဆင် နီကြောင်ကြောင်ကလေး မွေးသည်ကို အကြောင်းပြ၍ ဆင်ဖြူတော်ကလေးနီနီး မွှမ်း၍ နန္ဒကျော်ထင်တို့သားအဖကို လာကြည့်စေသည်။

ထမင်းကျွေးခြင်း၊ တစ်ညဥ့် အိပ်စေခြင်း၊ နန္ဒကျော်ထင်နှင့် ခင်သူဇာတို့ ကြွေအံကစားစေခြင်း၊ ပန်းဥယျာဉ်ထဲတွင် ကြာမြင့်စွာ ထားခဲ့ခြင်းတို့ဖြင့် တစ်ဘက်ကလည်း နန္ဒကျော်ထင်ကို မြှောက်ပေးခဲ့သည်နှင့်။ ထိုအရက်နှစ်ဆယ်ခန့်အတွင်း ခင်သူဇာနှင့် နန္ဒကျော်ထင်တို့ ရင်းရင်းနှီးနှီး ဖြစ်သွားရပါတော့၏။

အရက်နှစ်ဆယ်ကျော်ကြာမှ မောင်ရွှေပြင်တို့အဖွဲ့ ပြန်လာကြသည်။ ထောင်အဝင်တွင် သူတို့ လေသာဆောင်မှ မြင်နေရသည်။

ပဲခူးရိုးမ၏ အဖိုးတန် ရတနာများဖြစ်သော ကြသောင်းဝါး၊ မျှင်ဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ဝါးဖြူ ဝါးယား၊ သိုက်တူမျှင်တူ စသော ဝါးမျိုးစုံတို့ လှည်းပေါင်း အစီး ၂၀ ခန့် မျက်စိတစ်ဆုံး ကြည့်၍မဆုံးတော့ပေ။

မောင်ရွှေပြင်ကား လေသာဆောင်မှ ခင်သူဇာကို စတင် လက်ပြလိုက်၍ အခြားအကျဉ်းသားများကလည်း ပြကြသည်။

ဒါကတော့ မဆန်းပါ။ ထောင်သားများကို ချစ်သော ခင်သူဇာ အလေ့ပါ တကား။

'ကွိ' ခနဲ လှည်းတန်းကြီး ရပ်သွားရ၍ ဒေါ်တုတ်က စိတ်ပူဟန်နှင့် ကြည့်နေကာမှ တောခြသေ့တစ်ကောင်ဟန်မျိုးဖြင့် မောင်ရွှေပြင် တင့်တယ်စွာ လျှောက်လာရင်း လေသာဆောင်အောက်မှနေ၍. .

"ဒေါ်ဒေါ်တုတ်ခင်ဗျား၊ သခင်မကြီးအတွက် ကျောက်ပါးစပ်နားက 'ရှဥ့်မတက်အရွက်' ရခဲ့လို့ပါ၊ တွေ့ခွင့်ပြုပါခင်ဗျား"

"ဟင်. . 'ရှဥ့်မတက်' ရခဲ့တယ်။ ဝမ်း. . ဝမ်းသာလိုက်တာ။ သခင်မကြီးက ဝါးခုတ်အဖွဲ့သွားတိုင်း မှာတာ တစ်ခါမှ မရခဲ့ဖူးဘူး"

သူက အပေါ်တက်သော အံဖုံးတံခါးကြီးကို ဖွင့်လိုက်သည်။

"မောင်ကြီး ရွှေပြင်"

"သခင်မလေး"

တစ်ဦးနှင့်တစ်ဦး လေးလုံးစီသာ ခေါ်လိုက်ကြခြင်းပါ။ သို့သော် ထိုစကားစု လေးလုံးသည် လေးနက်၊ ရှိုင်းပြလွန်းလှ၍. . အလိုလေး၊ ဘုရား ဘုရား၊ သည်ကြား ရက်မှာ နန္ဒကျော်ထင်များ အဝင်အထွက်ရှိမသွားကြရင် တစ်ဦးနဲ့တစ်ဦး ပြေးဖက်လိုက်ကြလေမလားပဲ ဟူ၍ ပူပန်သလဲ တွေးနေရှာသည်။

"ဟာ. . မောင်ကြီးရွှေမြင်က တောနဲ့ တည့်တာပဲ။ ဝစိုတောင် လာသေးရဲ့ နော်"

"အညာတောသားပါ သခင်မလေး။ နန်းတော်ထဲ ပညာပြချင်တာကလွဲလို့ တောအရသာမှ ခုံမင်တာပါ"

"လက်. . လက်ထဲက ဘာတွေလဲ"

အင်ဖက်ကြီးနှင့် သပ်ရပ်စွာ ထုတ်လာသော အထုပ်ကို ခင်သူဇာကပင် စ၍ ပြန်မေးနေ၍. .

"ရှဉ့်မတက် အရွက်ပါ။ သခင်မကြီး လတ်လတ်ဆတ်ဆတ် သုံးဆောင်ရအောင် ဝင်ပေးပါရစေလို့ အကြုပ်တော်ကြီးကို မနည်း တောင်းပန်ခဲ့ရပါတယ်"

ထိုအခိုက် ပိန်လျလျ သခင်မကြီးထွက်လာပြီး အထုပ်ကြီးကို ဝမ်းသာအားရ ဆီးယူသည်။

"ကျေးဇူးကြီးပါပေ့ မောင်ရွှေမြင်ရယ်။ ဝါးခုတ်သူတွေ သွားတာ မှာသာ မှာတယ်။ တစ်ခါမှ မပါဘူး။ တစ်ခါလဲ မှားနေလို့၊ နောင်တော့ မမှာရဲတော့ပါဘူး"

"ဒါကတော့ ကျားပါးစပ်ဝန်းကျင်မှာ ပေါက်တာပါ မမှားပါဘူး ဘုရား။ ယခု အမြန် သုံးခွက်တစ်ခွက်တင်ကျို သုံးဆောင်တော်မူပါ"

"အို. . သုံးဆောင်ရမှာပေါ့ကွယ်။ သခင်မကြီးကို နည်းပေးသူ သမားတော်ကြီးများတောင် ရှာမပေးနိုင်ကြဘူးကွယ့်။ ကျားရဲ တိရစ္ဆာန်ပေါလို့တဲ့ကွယ်"

"သခင်မကြီးကို ဦးတော်တင်ပါတယ်။ ဝါးလှည်းတွေတန်းလန်းမို့ ခွင့်ပြုပါဦး ဘုရား"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

"သခင်မလေး"

"မောင်ကြီးရွှေမြင်"

"ခွင့်ပြုတော်မူပါ"

"ဟုတ်. . ဟုတ်ကဲ့ပါရှင်။ မယ်ဘုရားအတွက် ရခဲ့တာ ကျေးဇူးတင်လို့ မဆုံးပါဘူး မောင်ကြီးရယ်"

နှစ်ယောက်သား ခရာတာတာကလေးတွေ နှုတ်ဆက်နေကြပုံကို ဒေါ်တုတ် ကြည့်ရင်း မျက်မှောင်ကြုတ်လျက်. . အကြံထုတ်လျက်. . ။

ထောင်မှူးကတော် ဒေါ်ခင်မိကား ရှဉ့်မတက် အရွက်အရိုးတို့ကို လက်တစ်ဆစ်ခန့် အပြုတ်ခိုင်း၍ ကျန်အရွက်အရိုးများကို ယွန်းဘူးထဲသို့ ရိုသေစွာ

ထည့်သိမ်းနေစဉ် ဒေါ်တုတ်ကား သခင်မလေးကို မျက်ခြယ်နှင့်ထားခဲ့၍ စကားတွေ ပြောနေပေသည်။

"သခင်မကြီးဘုရား။ ဒါ ရှဉ့်မတက်ရွက် မှန်ရင်တော့ မောင်ရွှေပြင်ကို မြက်မြက်ထက်ထက် ဆုချင်သင့်ပါသ ဘုရား"

"မှန်တယ်၊ မှန်တယ်။ မေဘုရား လက်ထက်က သုံးဖူးပါတယ်။ သခင်မပဲ ဂရုစိုက် ကျိုပေးရတာ။ ဟဲ့. . ဆန်ဝေ၊ အမြှုပ်ဖြူဖြူကလေးတွေ ထွက်လာလား ကြည့်စမ်း"

"ထွက်ပါတယ်ဘုရား"

"လက်နဲ့တို့ကြည့်စမ်း ချဉ်ဖြုံးဖြုံးကလေး နေလားလို့"

ဆန်ဝေက သူ့သခင်မ ခိုင်းသည့်အတိုင်း လိုက်လုပ်ရင်း. .

"မှန်ပါ၊ ချဉ်ဖြုံးဖြုံးကလေးပါ ဘုရား"

"ဒါဆိုရင် မှန်နေပြီ ဒေါ်တုတ်၊ မောင်ရွှေပြင်ကို ဘာဆုချရမလဲ ဟင်"

"သူ့ကို ထိုက်ထိုက်တန်တန် ဆုချချင်ရင်တော့ အောင်ဘာလေမဲချပြီး ထောင်ကသာ လွှတ်ပေးလိုက်ပါဘုရား"

"အလို ထောင်ကိစ္စတွေ မောင်မောင်က ဝင်စွက်တာမကြိုက်ဘူး ဒေါ်တုတ်ရဲ့"

"သခင်မကြီးဘုရားက သမီးပျို သားပျိုရှင်ဆိုတာ သိပ်မရိုးပါနဲ့ဘုရား။ သခင်မလေးက မောင်ကြီး မောင်ရွှေပြင်ချင်း ထပ်နေတာ နန္ဒကျော်ထင် မြင်တွေ့သွားလို့ မကောင်းတတ်ပါဘုရား"

"ဟေ. . ဒီလိုလား"

သူပင် ခိုင်း၍ ဖင်ပေါ့သည်၊ ရှင်ပျသည်၊ မြင်းရေး ၃၇ ချင်း တတ်ကျွမ်းသည်၊ လှံထိုး အလွန်တည့်သည် ဆိုရုံမျှနှင့် မောင်ရွှေပြင်ကို တပြုံးပြုံးလုပ်နေမိသေးလျှင် သမီးလေး လောကွတ်တွေပိုတာလည်း အပြစ်မတင်သာဘူးလေ။ အကျဉ်းသားတွေ စုနေတဲ့အထဲမှာ သူက အကျဉ်းသားနဲ့မှ မတူတာဘဲ။

မကြာမီ ဆန်ဝေက ဘော်ငွေနှင့်လုပ်ထားသော ပန်းကန်စုံတွင် ရှဉ့်မတက် ရည်များ ယူလာ၍ သူက ဝမ်းသာအားရ သောက်လိုက်ပြီးမှ. .

"ဆေး စစ်တယ်၊ စစ်ပါတယ်။ လည်ချောင်းထဲကို ကျသွားပုံကိုက ချဉ်ပူပူ ကလေးရယ်"

"ဆေးမြစ်မှန်ရင်လဲ ဝမ်းသာပါတယ် ဘုရား။ ဘုရားကျွန်မ သမီးလေး အဆောင် သွားပါတော့မယ်"

"သြော်. . မတုတ် ပြောတာ သခင်မကြီးသဘောပေါက်ပါတယ်၊ မောင်မောင့်ကိုတော့ ဆေးမြစ်အကြောင်း ပရိယာယ်ဆင် ပြောရမှာပဲ။ ကဲ. . ကဲ သွားပေတော့"

ထောင်ပိုင်ကြီးသည် သုံးလေးရက်အတွင်း ဇနီးသည် သိသိသာသာကြီး ပြောင်တင်းလာသည်ကို စေ့စေ့ကြည့်ရင်း. .

"ဟင်. . ရွှေဖြင် ရှာလာတာလား။ ဝါးကောင်းတွေလဲ ပါလိုက်တာ ဂိုဒေါင်နဲ့ အပြည့်ပဲ။ အင်း. . 'ကျောက်ပါးစပ်' ကို မရောက်ကြလို့ အလျှင်လူတွေ မရခဲ့တာနေမှာပေါ့ မိရယ်။ အဲလေ. . မိပြောသလောက် အောင်ဘာလေမဲနဲ့ လွှတ်ဖို့ဆိုတာ နေပြည်တော်က အထောက်စကားလေးလဲ နည်းနည်း နားထောင်ရဦးမယ်ဗျာ့"

ဟူ၍လောက်သာ မတင်မကျ ပြောလိုက်ပါတော့၏။

နောက်တစ်လခန့်ကြာသော် ထောင်ပိုင်အမျုးကတော်ကြီး အဝတ်အစားများပင် ဝတ်မရတော့လောက်အောင် ဝစိုလာရပါတော့၏။

ထောင်ပိုင်ကြီးလည်း သူပြောများလှသော ရှဥ့်မတက်အရွက် တန်ခိုးကို အံ့ဩရတော့သည်။

ရှဥ့်မတက်ရွက်ဟုဆိုကာ ညာသော ထောင်သားက ညာရဲသေးသည်။ ပဒိုင်းရွက်များ ညာခူးလာပါက မခက်ပါလား။

ခုတော့ မောင်ရွှေဖြင့် စွမ်းရည်လည်း သိနေသည်။ အမှုမစစ်ဘဲ ရောက်လာပုံလည်း သိနေ၍၊ အင်း. . တစ်ယောက်တည်း လွှတ်၍ဖြင့် မတော်မသင့်ချေ။ ထို့ကြောင့် သခင်မဘုရားကြီး မွေးနေ့တွင် အခြား အကျင့်စာရိတ္တကောင်းသူ နှစ်ဦးနှင့် မောင်ရွှေဖြင်တို့ သုံးဦးအား လွှတ်စေ အမိန့် ပေးလိုက်ပါတော့၏။

အမိန့်ထွက်သည်နှင့် နယ်စပ်သို့ တန်းထွက်ရသော မောင်ရွှေဖြင်မှာ ခင်သူဇာအား နှုတ်ဆက်လိုလှပါသည်။

သို့သော် ဒေါ်တုတ်ကြီး၏ ရွှေတောင်စက္ကူပမာ အကင်းပါးပုံကို ခေါင်းတညိတ်ညိတ်ကြားမှ မချိပြုံးကလေးနှင့် ထောင်ပိုင်ကြီး၏ သုံးဆောင်ပြိုင် အိမ်ကြီးကို လှမ်းမျှော်ကြည့်ရင်း. .

"လူချင်း မဆုံဆည်းနိုင်ပေမယ့် သံယောဇဉ်ကြိုးကလေးကတော့ တန်းကျန်ခဲ့ရပါပြီ သခင်မလေးရယ်။ နေခဲ့ပေတော့ဗျာ၊ နေခဲ့ပေတော့"

ဟူ၍သာ ရော်ရမ်း၍ နှုတ်ဆက်လိုက်ရပါတော့သတည်း။

# ပြည်တော်ပြန် အေးချမ်းလိုပေမယ့်

"ဟယ် . . ရွှေပြင် လွတ်လာပဟဲ့၊ ငါးနှစ်ဆိုပြီး တစ်နှစ်လောက် ကြာတာပဲ လို့."

"အောင်ဘာလေမဲနဲ့ လွတ်လိုက်တာတဲ့၊ ရှိန်းမကားက ဗိုလ်ကျားလဲ လွတ်တဲ့ အထဲ ပါသတဲ့၊ ကံကောင်းလိုက်ကြတာ၊ ဝမ်းသာပါတယ်ဗျာ၊ ဝမ်းသာပါတယ်"

"ဗိုလ်ကျားတို့ ရွှေပြင်တို့မျှား ပုဂံမင်း ဆက်သုံးရင် နိုင်ငံတော်လုံခြုံမှုအတွက် သိပ်ကောင်းမှာပဲဗျာ"

"ရာဇဝတ်ကောင် ထောင်ထွက်တွေ ရွှေနန်းတော်ထဲ ဘယ်သုံးမလဲဗျာ"

"အဲလိုမပြောပါနဲ့ဗျာ၊ ဗိုလ်ရွှေပြင်ဆိုတာ မခိုးချင် မတိုက်ချင်လို့ကို မြင်းစီး လှံထိုး လေ့ကျင့်နေတာပါ။ သူ့မွေးစားမိဘက ဓားပြပဲဗျ။ စေပုတ္တရာမှာ ဆရာ ယောက်ကြီးဆိုတာ အဌာရသ (၁၈) ရပ်မကဘူး အရပ်တစ်ရာလောက် သင်လွှတ် လိုက်တာဗျာ။ သူ့အိမ်မှာ ခြင်းတို့ တောင်းတို့ အကုန်ရက်တာပဲ။ ဒါပေမယ့် ဒါတွေ နဲ့လဲ အသက်မမွေးချင်ဘူးတဲ့၊ မိန်းမဆန်တယ်တဲ့။ ပန်းပဲပညာလဲ တတ်တာပဲ။ ဒါကတော့ အရင်းမ,တည်ဖို့ လိုပြန်ရော။ ယောက္ခမကြီးကလဲ မတတ်နိုင်။ မိဘတွေ ကလည်း မတတ်နိုင်တော့ ပန်းပဲဖိုနား မကပ်နိုင်ဘူးလေ"

ရွာထဲတွင် မောင်ရွှေပြင်နှင့် ဗိုလ်ကျားတို့အကြောင်း ပြောနေကြစဉ် မောင် ရွှေပြင်ကား သားကြီး မောင်တက်ခါးကို ပိုက်၍ ဝမ်းသာကြည်နူးရသလောက် သူတို့ အိမ်စုတ်ကလေးကို ကြည့်၍ မခံမရပ်နိုင်အောင် ခံစားရသည်။

"မောင်ကြီးသားက မောင်ကြီးအတိုင်းပဲတော့။ မြင်း မြင်ရင်လဲ လက်ညှိုး တထိုးထိုးနဲ့။ ဓားဆိုရင်လဲ မီးဖိုထဲက ထမင်းချက်ဓားတောင် မချန်ဘူး။ သူ ကစားမယ်တဲ့၊ မနည်းဆွဲထားရတယ်"

"မင်း သားတော့ မပြောနဲ့ဟော့၊ စိတ်ဆိုးရင် သစ်ပင်နဲ့ ခေါင်းနဲ့ ဆောင့်တော့တာပဲ စိတ်ကလဲကြီးပ့ါဗျာ"

သူနှင့်တူ၍ မြင်းနှင့်ဓားကို သဘောကျသည်ဆိုသဖြင့် ဝမ်းသာသွားရသော်လည်း သစ်ပင်နှင့်ခေါင်းနှင့် တိုက်ကြောင်း၊ မိုက်ရူးရဲဆန်ပုံကိုတော့ သူမကြိုက်ပေ။

"မယ်ရစ်ရယ်၊ သားခေါင်းတွေ ကွဲကုန်အောင်ဗျာ။ အဲလို ဒေါသကြီးတာကို ရယ်ကာမောကာ သဘောကျမပြကြနဲ့လေ။ နောက်ဆိုရင် အဲလိုချည်း လုပ်နေမှာပေ့ါ"

"ဟင်း. . ခေါင်းမာတာ မောင်ကြီးနဲ့ တူတာပဲဥစ္စာ"

မိလည်ရစ် စပ်ဖြီးဖြီးနှင့် လင် ထောင်ကလွတ်လာ၍ ဝမ်းအသာကြီး သာနေကြခြင်းပါတည်း။

"အဘတို့လဲ ငွေသားလေး အနည်းအကျဉ်းတော့ ကျန်ပါသေးတယ်။ ရော့ သားက ပန်းပဲဖို လုပ်ချင်ရင်လဲ လုပ်ပါလားကွယ်"

ယောက္ခမကြီးက တော်ရှာပါသည်။ ထောင်ထွက် သမက်ကို အာမခံချက်ကလေး ပေးရှာသည်။

"အဘရယ် ပန်းပဲဖိုဆိုတာ စစ်မက်မဖြစ်ရင်လဲ အရောင်းထိုင်းတယ်။ စစ်မက် ဖြစ်ရင်လဲ မင်းသားတွေခိုင်းသမျှ လက်လည်အောင် မလုပ်နိုင်ရင် တစ်ပြစ်အဘရဲ့၊ အဲ. . ဘယ်မြို့စားကြီး၊ ညာမြို့စားကြီး၊ နေပြည်တော် ငွေလိုက်ယူလှည့်ဆိုရင်လဲ လိုက်ရတာ အလုပ်ပျက်အကိုင်ပျက်ပဲဗျာ"

"နို့. . မောင်ရွှေဖြင်က ဘာလုပ်ချင်တာလဲ"

"မြင်းတပ်ဗိုလ်ပဲ လုပ်ချင်တာ အဘရဲ့"

"သားရယ်၊ အပြစ်ပေးခံထားရတဲ့ လူတစ်ယောက်ဟာ ရွှေနန်းတော်ကြီးနားပြန်ကပ်ဖို့ လွယ်မယ်တဲ့လားကွယ်"

"လွယ်တာ မလွယ်တာတော့ ကံတရားပဲ အဘ။ ပုဂံဘုရင်က လိပ်တိုက်တော်တဲ့ ရွှေဖြင်ကို ပြန်သတိရဖို့ကတော့ တစ်နည်းပဲရှိတယ်"

"ဘာနည်းလဲကွယ့်"

"နောက် အဘတို့ ဟိုးလေးတကျော် သိကြမှာပါ"

"ဘာအလုပ်မို့လဲ မောင်ကြီးရဲ့။ မယ်ရစ်လေ အလျင်လို မဟုတ်တော့ပါဘူး တော်။ အမဲသား တစ်ပိဿာချက်လဲ မစားတော့ပါဘူး။ မောင်ကြီးကိုလဲ အလုပ်မရှိလို့ ဘာမှမပြောတော့ပါဘူး။ သားလေးလဲ ရပြီ။ အိုးမကွာ အိမ်မကွာ နေပါတော်။ မယ်ရစ် ဈေးရောင်းကျွေးပါ့မယ်"

"အမယ်၊ မယ်ရစ် တယ်လိမ္မာနေပါလား။ အဘ သမီးက ဈေးရောင်းကျွေး မတဲ့ဗျား။ ဒီမှာ မယ်ရစ်၊ ဈေးရောင်းဖို့ စိတ်မကူးပါနဲ့ဟာ။ တစ်နေ့ မင်းကတော် စိုးကတော် ဖြစ်အောင်သာ ဆုတောင်းပါ"

"ဟွန်း. . သာယာဝတီပြန်က ပြောရှာတယ်။ တော်လုပ်ပုံက ရွှေနန်းတော်ကြီးနဲ့ ဝေးသထက် ဝေးပါ့တော်"

"ဟော့. . မင်း ပါးစပ်ပုပ်ကြီးနဲ့ စကားဆက်မပြောနဲ့၊ ရပ်စမ်း"

မောင်ရွှေဖြင်ကား လက်ညှိုးကြီး မားမားတန်း ထိုးရင်း ဒေါသတကြီး အော်ပြောလိုက်၍ ဦးထွန်းအောင်က. .

"ဟောဒီကလေးမဟာ ယောက်ျားကို မချစ်တာလဲ မဟုတ်ဘူး။ ပြောလိုက်ရင် ပိဿာလေးနဲ့ နံဘေးပစ်သလိုပဲဗျာ့"

ဖခင်ကြီးက ဖာရှာထေးရှာပါသည်။

"ပြောပါစေ အဘရယ်။ ခုတော့ ဟောဒီသားလေး မျက်နှာနဲ့ ကျွန်တော်က အစစ သည်းခံပါတယ်ဗျာ၊ သည်းခံပါတယ်"

သူသည် စကားကို အေးအေးဆေးဆေး ဆက်မပြောဘဲ ရွှေကျင်ဘက် ပလိုင်းကံဘက်သို့ မြင်းတစ်စီးနှင့် လျှောက်သွားနေသည်။

## မန်ကျည်းစင် ဈေးနေ့

စစ်ကိုင်းနှင့်ကပ်လျက် တည်ရှိသော မန်ကျည်းပင် ငါးရက်တစ်ဈေးကား ကြက်ပျံမကျ စည်ကားမြဲပါတည်း။ မန်ကျည်းစင်၌ သူဌေးများ အလွန်ပေါသည် မဟုတ်ပါလား။

ကိုရွှေဖြင်ကား သတ္တိရှိသော သူ့လူယုံနှစ်ဦး ဖြစ်သည့် ရွှေဘုံသာဆိုသည့် လူအပြင် အင်ကြင်းပင် ပလိုင်းကံမှ ဘိုမှန်ဆိုသူတို့နှင့်အတူ မန်ကျည်းပင် ဈေးကြီးထဲသို့ ဒုန်းစိုင်းဝင်ခဲ့ကြပါတော့၏။

ရုတ်တရက် လူတွေ လန့်ဖျပ်သွားရစဉ် ကိုရွှေဖြင်က နှစ်ဘက်သွား လှံကို လှံစကြာ ကစားပြီး ဝင်သွား၍ အားလုံး မြေပြင်တွင် ပြားပြားဝပ်နေကြရသည်။

ဘိုမှန်နှင့်ရွှေဘုံသာတို့က စိန်ရွှေကုန်သည်များထံမှ ခြေကျင်း၊ လက်ကောက်၊ ဘယက် စသော ရွှေထည်၊ စိန်ထည်များ၊ ပိုးဖဲကတ္တီပါများ၊ အိတ်ကြီးအိတ်ငယ်တွင် မြင်းတစ်စီးနှင့် သပ်သပ်တင်၍ စိမ်ပြေနပြေ တိုက်ခိုက်ကြခြင်းပါ။

ဈေးတစ်ဈေးလုံး ကမ္ဘာပျက်သည့်နှယ် အော်သူအော်၊ ထွက်ပြေး၍ စစ်ကိုင်းမြို့ဝန်ထံ အကြောင်းကြားသူ ကြားနှင့် စည်မျက်နှာပြင်ကဲ့သို့ ကျယ်ပြန့်သော မြေပြန့်ကြီးတွင် စစ်ကိုင်းဈေးထက်ပင် စည်ကားလှသော မန်ကျည်းစင် ဈေးကြီးကား ပုရွက်ဆိတ်အုံ တုတ်နှင့်ထိုးသည့်နှယ်ပါတကား။

ကိုရွှေဖြင်ကား သူ့အစွမ်းသတ္တိကို ပြချင်လွန်း၍ အပြစ်မဲ့သော ဈေးသည်များအပေါ် ကိုယ်ရည်သွေးနေရခြင်းပါတည်း။

"ဈေးသည်အပေါင်း သူတော်ကောင်းတို့"

"ဘုရား. . ဘုရား. . ကြောက်ပါပြီ၊ လန့်ပါပြီ၊ ဓားစကြာကြီး ခဏရပ်ပါဦး၊ ကြောက်လွန်းလို့ပါဘုရား"

"ပွတာပဲ၊ ဘုရားတွေ အများကြီး အထူးခံရပြီ။ ကျုပ်နာမည် ဗိုလ်ရွှေဖြင်တဲ့၊ မှတ်ထားကြနော်"

"ဟုတ်. . ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"ကျုပ်တို့က သုံးယောက်တည်း၊ ဆိုင်တွေက များတယ်။ တိုက်ရတာ မလွယ်ဘူး ကြားကြရဲ့လား"

"ကြား. . ကြားပါတယ်ဘုရား"

"လှည်းငါးစီး အမြန်စီစဉ်ပေးကြ"

"ဟုတ်. . ဟုတ်ကဲ့ပါ"

"ဆိုင်ပေါ်မှာ ရှိတဲ့ပစ္စည်း သုံးပုံ ပုံ၊ တစ်ပုံစီ တင်ကြ၊ ကြားလား၊ သွားကြလေ၊ စီစဉ်ကြ"

"ဟဲ့. . ဟဲ့ လှည်းငါးစီးတဲ့။ လာပါပြီ၊ လာပါပြီ။ အသက်တော့ ချမ်းသာပေးပါ"

"ကျုပ်ကလဲ လူမသတ်ချင်ပါဘူး။ ကျုပ် အစွမ်းအစပဲ ပြချင်တယ်။ ထည့်ကြ၊ ထည့်ကြ"

"ဟုတ်. . ဟုတ်ကဲ့"

ပစ္စည်းသုံးပုံတစ်ပုံ သွားထည့်ကြသည်။ အာလူး၊ ပဲ၊ ဆန်၊ ဆေး လှည်းငါးစီး အနင့်သား ပြောင်းဆန်နေတော့သည်။

"ဟော. . ဟော စစ်ကိုင်းဝန်မင်း တပ်တော်သားတွေ လာကုန်ပါပြီ"

"ဟင်. . "

"ဒိန်း. . ဝုန်း. . ရှိ. . "

လက်နက်သံတို့ ညံနေတော့သည်။

"ဒါ. . ဒါ တစ်ယောက်ယောက် သတင်းပို့လို့နေမှာပေါ့"

"ကျုပ်. . ကျုပ်တို့တော့ မပို့ရပါဘူးဗျာ"

"ဟေ့. . လှည်းငါးစီး လှတောကြီးရွာအရောက် ပို့ကြ၊ သွား. . သွား၊ မြန်မြန်"

ကုန်အပြည့်နှင့် လှည်းငါးစီးကား လမ်းမပေါ်မှ ဒုန်းမောင်းသွားကြသည်။

စစ်ကိုင်းဝန် ဦးသွယ်၏ တပ်သားငါးဆယ်သည် ဈေးထဲသို့ တရကြမ်း ဝင်၍ တိုက်သည်။

ဗိုလ်ရွှေပြင်က လှံစကြာ တစ်ချက်မွှေ့လိုက်တိုင်း အတုံးအရုံး တပ်သားလေးဆယ်ကျော် ပြုတ်ပြုတ်ပြုန်း၍ မြင်းပေါ်မှ ကျကြသည်။ ဈေးသည်များလည်း မြေစာပင် အဖြစ်မခံနိုင်၍ ကစဥ့်ကလျား ဆိုင်ပစ်၍ ပြေးကြသည်။

သူတို့ လူငါးဆယ်တပ်က အမြောက်၊ စိန်ပြောင်းနှင့် ပစ်ကြသည်။

ဗိုလ်ရွှေပြင်နှင့် အဖော်နှစ်ယောက်ကား ဒိုးကလေးများပမာ ယမ်းငွေ့တွေကြားမှ မြင်းနှင့် ဘွားခနဲ ပေါ်လာပြီး စစ်ကိုင်းဝန်တပ်သားတွေကို လှံစကြာတစ်ချက်လှည့်လိုက်ရာ ခေါင်းတခြား ကိုယ်တခြားဖြစ်၍ သွားရပါတော့၏။

စစ်ကိုင်းဝန်မင်း၏ တပ်သားများသည် မြင်းများ ကစဥ့်ကလျားနှင့် ပြေးကုန်ကြသည်။

ဈေးတန်း ဈေးခုံတွေ မှောက်ထိုးခွက်လန် ဖြစ်ကျန်ခဲ့ကြသည်။

စိန်ပြောင်းသမားသည် အားရပါးရ ပစ်မည်ပြုစဉ် ဗိုလ်ရွှေပြင် ပစ်လွှတ်လိုက်သော လှံတိုတစ်ချောင်းက စိန်ပြောင်းသမား ရင်တွင်စွဲ၍ ပွဲချင်းပြီး ပက်လက်လန်သွားပါတော့၏။

"ဟာ. . "

"အို. . "

နှင့် လူသုံးယောက်၏ အရည်အချင်းကို တပ်တော်သားများ မခံနိုင်တော့ဘဲ ငါးဆယ်တပ်သည် နောက်ဆုံး၌ (၄၁) ယောက်တိတိ ကျဆုံး၍ တချို့ပြန်ပြေးကြ၊ ဒဏ်ရာရကြနှင့် စစ်ကိုင်းဝန်မင်းဘက်က မရှုမလှ ခံလိုက်ရသော ပွဲကြီးတစ်ရပ်ပေတကား။

စစ်ကိုင်းဝန်မင်းအမြင်က သုံးယောက်နှင့် ငါးဆယ်ဖြစ်၍ ကြောင် ပုစွန်ကြော် ဝါးသလို တဖြုတ်ဖြုတ် ခါးပြ နိဂုံးချုပ်ပြီဟု ထင်နေရာမှ ယခုတော့ သူ့တပ်သား လေးဆယ့်တစ်ယောက် စင်းစင်းသေရသောအခါ မျောက်မီးခဲ ကိုင်မိသလို ဆတ် ဆတ်တုန်ကာ လူငါးဆယ်တပ်ကို ထပ်မံ လွှတ်လိုက်ပြန်ပါသည်။

ဗိုလ်ရွှေဖြင်ကား ဆားတောင်တွင် တစ်ထောက်နားနေစဉ် မိတ်ဟောင်းဆွေ ဟောင်းများ ဖြစ်ကြသည့် ဦးချင်းဘို ခေါ် အဘိုးသက်ကျားတို့အဖွဲ့နှင့် တွေ့သည်။

ဗိုလ်ရွှေဖြင်က သူတို့နှင့်အတူ ကြက်သားဟင်းများနှင့် ညစာ စားရုံမက မန်ကျည်းစင်ဈေးမှ တိုက်ခိုက်ခဲ့သည့်အထဲမှ သက္ကလတ်စ ပဝါများပါ မျှတ ခွဲဝေ ပေးနေကြစဉ် စစ်ကိုင်းဝန်မင်း၏ စိတ်မကျေပွဲ မြင်းတပ်ငါးဆယ်က ထပ်မံ ရောက်ရှိ လာပါတော့၏။

ဦးချင်းဘိုတို့မှာ အလိုလို စည်းရုံးပြီးသားဖြစ်သွားရ၍ ဝိုင်းဝန်း တိုက်ထုတ် လိုက်ရာ မြင်းတပ်ငါးဆယ် ကျွမ်းပျံမှောက်ခုံ ကျသူ ကျ၊ ရွှေလသာသာတွင် ဓားချင်း ခတ်သံ ချွင်ချွင်မြည်ကာ တကယ် လူအင်အားချင်း မမျှသော တိုက်ပွဲပါတည်း။

သို့သော် အံ့ဩစရာ ဗိုလ်ရွှေဖြင်၏လှံစကြာ တရကြမ်းဝင်ပြီဆိုလျှင် ရှေ့တိုး ရဲသူတို့ သေဖို့သာ ပြင်ရပေတော့မည်။ သည်တော့လည်း နေ့လယ်က မန်ကျည်း စင်ဈေးတွင် တိုက်ပွဲကဲ့သို့ တပ်ပြုတ်မခံနိုင်တော့၍ လူသုံးဆယ်ခန့် တအားကြုံး၍ စစ်ကိုင်းသို့ ပြန်လစ်ပြေးကြပါတော့၏။

စစ်ကိုင်းဝန်မင်း ဦးသွယ် ထိုညက အိပ်ပျော်ဖွယ်ရာ မရှိတော့ပါ။

ရွှေဖြင် ဓားပြ စော်ကားလှသည်။ ငါ့လက် ငါ့ဓားလွယ်ဖြင့် အလွယ်တကူ ခုတ်ပိုင်းလိုက်မည်။ မဆိုင်းမကြာ (ထောင်ပြည့်) သောတပ်နှင့် လိုက်တော်မူမည် ဟု အောင်စည် အောင်မောင်းဆောင်လျက် ပြင်ဆင်နေပေတော့သည်။

တပ်တော်ကြီး ပြင်ဆင်ရင်းကပင် အကြံတစ်ခုရသည်။

လှဲတော်ရှာသူကြီးထံ စာလွှာဆင့်၍ ကြိမ်းဝင့်စေရသော် ကောင်းပေလိမ့် မည်ဟု အကြံရကာ. .

မှ-

စစ်ကိုင်းမြို့တော်ဝန်

အပြင်းအထန် မှာကြားတော်မူလိုက်သည်။

သို့-

ရွှေဘိုတောင်လက် လှတောကျေးရွာ
သူကြီး ဦးဖန် သိစေအပ်ပါသည်။

လွန်ခဲ့သည့် လဆန်း ၃ ရက်နေ့က မန်ကျည်းစင် ဈေးကြီးကို ရဲတင်းစွာ ဝင်ရောက် တိုက်ခိုက်ခဲ့သော ရွှေပြင်အား ငါ့လက်တော်အရောက် အသေရရ၊ အရှင်ရရ အပ်နှံရမည်။ အကယ်၍ ဤရက်သတ္တပတ်အတွင်း မအပ်နှံနိုင်ပါက ရွာကို တစ်ထောင် တပ်တော်ဖြင့် မြေလှန်၍ တိုက်ခိုက် ချေမှုန်းမည်။

အမိန့်တော်. .

ဦးသွယ်
စစ်ကိုင်းမြို့ဝန်
တပို့တွဲလဆန်း (၁၄) ရက်

ဟူသော ပေလွှာကို ဦးဆုံး အပို့လွှတ်လိုက်ပါတော့သတည်း။ ထိုအခါ သူကြီး ဦးဖန်သည် မောင်း တဒူဒူထု၍ လူစုပါတော့သည်။ အမှန်စင်စစ် ထိုအချိန်က ကိုရွှေပြင် သူ့အိမ်၌ ရှိနေပေသည်။ မောင်းထုသံ ကြားသော် နတ်နှိုးဆော်သကဲ့သို့. .

"မိန်းမရယ်၊ မင်းပဲ သွားလိုက်ပါတော့။ ငါ သားလေး ပုခက်လွှဲနေပါ့မယ်" ဟု ဆိုကာ မလည်ရစ်ကို လွှတ်လိုက်သည်။

မလည်ရစ်ကား အဝတ်ကောင်းလည်း ကြိုက်၊ အစားကောင်းလည်း ကြိုက်မို့ ဖဲစူရတီ လုံချည် အပြောက်အပြောက်ကို ကောက်စွပ်၍ ပြေးထွက်ခဲ့သည်။

"အမယ်. . အမယ်၊ ဓားပြမယားက တယ် သားနားနေပါလား။ ဖဲစူရတီကတ္တီပါတဘက်နဲ့၊ နင့်လင်ကောဟင်. . နင့်လင်။ နင့်လင်ကြောင့် တစ်ရွာလုံး မြေလှန်ခံရတော့မယ် မိလည်ရစ်ရဲ့။ တစ်ရွာလုံး မြေလှန်ခံရတော့မယ်"

သူကြီးက ဆီး၍ ငိုညည်းညည်းယောင် ပြောလိုက်သဖြင့် ဂိုက်နှင့်ဆိုက်နှင့် လာမိရှာသော မိလည်ရစ် ကလေးငယ်ပမာ လျှာကလေး တစ်လစ်ထွက်၍. .

"ဟို. . ဟို မောင်ကြီး မရှိလို့ပါ သူကြီးမင်းရယ်"

"သူတို့က မြေလှန်မယ်ဆိုပေမယ့် လှည်းနှစ်စီးတိုက် ပစ္စည်းတွေ ရွာထဲ ဝေငှလိုက်တာပါပဲ။ ဒွေးလေးသင်အတွက်တောင် သက္ကလတ်စတစ်ထည်စာ အပို့ လွှတ်ခဲ့တာပါ"

"ဟုတ်သားပဲ သူကြီးမင်းရယ်။ ကောင်လေးလဲ ဝေငှစားရှာတာပါ"

"အေး၊ ခင်ဗျားကြီးတို့က ပဲပုပ်ကလေး၊ အာလူးကလေး ရတာ ကြည်နူးနေ၊ တစ်ရွာလုံး ဓားပြဖြစ်တာတော့ မပြောတော့ဘူးလားဗျာ။ ကျုပ်မိန်းမ မသင်ကို သက္ကလတ်စ ပေးတယ်ဆိုတာလဲ ခုမှ သိရတာပါဗျာ။ ကျုပ်နဲ့တွေ့ရင် အဝေးကြီး၊ မယူရေးချ မယူဘဲ"

သူကြီးက လူပိန်သလောက် အက်တင်အပြည့်နှင့် ပြောနေ၍ ရွာသားများ လက်တတို့တို့နှင့် ပြောဆိုနေကြသည်။

"အေး. . ဒီနေ့ မောင်းထုတာကတော့ ဒီသတင်းပဲ။ ခင်ဗျားတို့ ရွှေဖြင်ကို အပ်မလား"

"မအပ်ဘူး"

"မအပ်ဘူး"

တိုင်ပင်ထားသလို လက်သီးလက်မောင်းတန်း၍ ပြိုင်အော်ကြသည်။

"ဒါဖြင့် မြေလှန်တာ ခံမယ်ပေါ့"

"မခံဘူး"

"မခံဘူး"

"ဟ၊ မင်းအစိုးရကို မင်းတို့အဘများ အောက်မေ့နေကြသလား။ ဟာ. . ဟ၊ သွားနွဲ့နေလိုက်ကြတာ၊ ရွှေဖြင်ကို မရရင်တော့ မြေလှန်မှာပဲ"

"ဒါဖြင့် ကျုပ်တို့ ဘယ်ပြေးရမလဲ"

"လှည်းတွေ နွားတွေနဲ့ ဘယ်မှပြေးလို့မရဘူး။ ရင်စည်းခံကြပေါ့"

"တောက်. . တော်တော်ဒုက္ခပေးတဲ့ အကောင်"

သူကြီးမင်း တက်တခေါက်ခေါက်နှင့် မချိမဆံ့ ရှိချေသည်။

ထိုအခါ ပုစွန်ဆီရောင် ကတ္တီပါတဘက်ကြီးနှင့် မလည်ရစ် နေရာမှ ရုတ်ခနဲ ထလိုက်သည်။

"ဟေ. . နင် ဘာပြောမလို့လဲ"

"ရွာဘက်က အကြံပေးမလို့ပါတော်"

"ပြောစမ်း၊ ပြောစမ်း။ ဘယ်လို အကြံပေးမလို့လဲ"

"မောင်ကြီးရွှေပြင်ကို တစ်နေရာရာ သွားနေပါစေမယ်တော်၊ ကျုပ်ယောက်ျား ကို တောင်းပန်ပေးပါ့မယ်"

"ဟော၊ မရှိဘူးဆိုတာ ယုံပါ့မလားဟ။ တပ်မတော်က ဝင်ရှာမှာပေါ့"

"ရှာလေ၊ တွေ့တော့ သတ်ပစ်လိုက်ပေါ့"

"နင်က ရွှေပြင့်မယားပီပီ သတ္တိကောင်းနေလိုက်တာ။ နင့်လင်က မသွားဘူး ဆိုရင်ကော"

"ကျုပ်တောင်းပန်မယ်လို့ ပြောပါပြီကောလား တော်"

မလည်ရစ်ခမျာ ယနေ့အဖို့ တစ်ရွာလုံးတွင် သူ အသားနားဆုံး ဖြစ်နေရ သော်လည်း မျက်နှာအငယ်ရဆုံး ဖြစ်နေရှာသည်။

"ကောင်းပြီ ရွှေပြင်ကို မေးပြီး ငါ့ကို ချက်ချင်းစကားပြန်၊ ကြားလား။ အေး၊ ငါကတော့ မိတာနဲ့ အသေရရ အရှင်ရရပဲနော်။ မဟုတ်လဲ ဖမ်းရမယ့်အတူတူ မပြောမရှိစေနဲ့ဗျာ့"

"ဟုတ်ကဲ့ပါတော်"

"ကဲ. . ကြားကြတဲ့အတိုင်းပဲ။ ဒီရွာမှာ ရွှေပြင် မနေဖို့ သူ့ဇနီးက တာဝန်ယူ သွားပြီ။ အဲ. . ကျုပ်ကတော့ အမှုထမ်းအရာထမ်းဆိုတော့ ဥပဒေဘက်တော်သားပဲ။ ဟောဒီ စစ်ကိုင်းမြို့ဝန် အမိန့်စာအရ၊ အသေရရ အရှင်ရရ ဖမ်းရမှာပဲနော်"

"ဒူ ဟူ. . ဟူ. . "

နောက်ဆုံး ဒူ ဟူ ဟူ ကား ပြန်ကြတော့ဟု ပြောသည်နှင့် တစ်ပုံစံတည်း ဖြစ်၍ အားလုံး တစ်ယောက်ပြီးတစ်ယောက် ထ၍ ပြန်သွားကြပါတော့၏။

အတန်ကြာသော် ဗိုလ်ရွှေပြင်ကား သူ့ဇနီး အကြံတော်ကြီးကို ခါးခါးသီးသီး ငြင်းဆိုနေချေသည်။

"မယ်ရစ်ကတော့ကွာ၊ ငါ ထွက်ပြေး တိမ်းရှောင်နေရတယ်ဆိုတာ ငါ သတ္တိ တစ်ပြားမှ မရှိတဲ့ကောင် ဖြစ်သွားမှာပေါ့ကွ"

"ရွာအတွက်ပါတော်၊ အများအတွက်ပါ။ ကျုပ်ကလေ၊ တော် သာယာဝတီက ပြန်လာကတည်းက၊ သားလေးမွေးပြီးကတည်းက အနားက တစ်ဖဝါးမှ မခွာချင်ရိုး အမှန်ပါတော်။ ကျုပ်. . ကျုပ် မခွဲချင်ပါဘူး. . ဟင့်. . ဟီး. . "

မိလည်ရစ် ငိုရှာသည်။

သူ့လက်ဖဝါးကြီးနှင့် မျက်ရည်များ သုတ်သုတ်ပစ်ရင်း သားကို နို့တိုက်ရင်း သူကြီးက သူ့ယောကျ်ားကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းကြောင်းကိုလည်း ပြန်ပင် ပြောမထွက်တော့ပါ။

“ကောင်းပြီလေ၊ မင်း အကြံပြုတဲ့အတိုင်း ငါ သွားပါ့မယ်။ ထွန်းရှိတို့ရွာ သွားနေမယ်။ အဲ. . ဒါပေမယ့် မင်းတစ်ယောက်တည်း နားလည်ဖို့ ပြောရဦးမယ်။ ရွှေဖြင် သတ္တိခဝါချပြီးတော့ မသွားဘူးဗျ နော်”

“ဟင်. . တော်. . တော် သူကြီးကို သတ်မလို့လားတော်”

“ဟား. . ဟား. . ဟား၊ ဒီသူကြီးက ငါ့လက်နဲ့ တွန်းလိုက်ရင်တောင် သေသွားနိုင်တာပဲ။ ဗလမတူသူကို အနိုင်မယူလိုပါဘူးကွာ။ ငါ့အစီအစဉ်က တခြားပါ။ ကဲ. . ငါ့အဝတ်အစားတွေ နည်းနည်းပါးပါး ထည့်ပေးကွာ။ ငါ့သားလေးကို ငါ မခွဲရက်ဘူးကွာ၊ သိပ်ချစ်စရာကောင်းတာပဲ”

“မောင်ကြီးရယ်၊ ကလေးတင် မပြောပါနဲ့။ ဒီက ကောင်မလဲ ထည့်ပြောပါဦးတော့”

“ငါ ပြောချင်ပါတယ်ကွယ်၊ မင်းက တစ်ရွာလုံးနဲ့ မင်းလင်ကို လဲလိုက်တာပဲလို့”

“ဟင့်. . ဟင့် ဒီလို မပြောပါနဲ့တော်၊ တော့်ကို ကျုပ်ချစ်ပါတယ်”

“ကဲပါကွယ်၊ ထားပါတော့။ သွားခါနီး လာခါနီး ငါကလဲ စကားနာ မထိုးလိုပါဘူး။ အဲ. . ညဉ့်သုံးယံ တစ်ချိန်ချိန်မှာ ကျုပ် သွားတော့မယ်နော်။ မင်း အိပ်ရေးပျက်နေလိမ့်မယ်။ မနှိုးတော့ပါဘူး။ ခုကတည်းက တစ်ခါတည်း နှုတ်ဆက်ထားတာပါ”

ကိုရွှေဖြင်၏စကားသည် ဘာမျှမဟုတ်၊ ရိုးရိုးပြောလိုက်ခြင်းကပင် မလည်ရစ် အဖို့ ငိုချင်စရာကြီးဖြစ်ကာ တအစ်အစ် ငို၍မဆုံးတော့ပေ။

ဖယောင်းတိုင်များကား မီးငြိမ်းခါနီးတွင် ပို၍ တောက်တတ်သည် မဟုတ်ပါလား။ ယခုလည်း. . ။

နောက်တစ်နေ့တွင်ပင် မလည်ရစ် ပေးထားသော ကတိအတိုင်း သူကြီး ဦးဖန်သည် မြို့ဝန်ထံ ကိုယ်တိုင် လျှောက်ထား အသနားခံလွှာ ပြန်လည် တင်သွင်းရသည်။

မြို့ဝန်ကား လုံးဝ မကျေနပ်ချေ။

"တောက်၊ လူလည်ကျသကွာ။ ရွှေပြင်ဆိုတဲ့ အကောင်က ခြံစည်းရိုး ဆယ်တောင် ကြောင်ခုန်သလို ခုန်နိုင်နေတာပဲ။ သူ့သူကြီး သူ့မယား သူ့ရွာကို ဝင်ချင်တဲ့အချိန် ဝင်မှာပေါ့ကွ၊ လျှာမရှည်နဲ့ မောင်မင်း။ မနက်ဖြန်ခါပင် တပ်တော် တစ်ထောင်နဲ့ ရွာကို မြေအလှန်ပဲ။ ဒါပဲ။ ပြန်ပေတော့"

"မြို့ဝန်မင်းဘုရား"

"လျှာမရှည်နဲ့ သူကြီး၊ မြန်မြန်ထွက်စမ်း"

ဦးဖန်ကား ဘာမျှ စောဒက မတက်ရဲရှာချေ။ ကြောက်လန့်တကြားနှင့်သာ ပြန်ခဲ့ရပါတော့၏။

ထိုသတင်းကို ဗိုလ်ရွှေပြင် အလျှင်ကြားခဲ့ပြီးလေပြီ။ သို့သော် မြို့ဝန်မင်း ကိုယ်တိုင် ပါမပါ သူ့ညီလေး (၁၄) နှစ်သားလေးကို အစုံစမ်းခိုင်းရသည်။

"အစ်ကိုရေ မြို့ဝန်ကိုယ်တိုင် ချီလာပြီဗျာ့၊ ပြေး. . ပြေးပေတော့"

သူ့ညီလေးက စိုးရိမ်တကြီး လာ၍ပြောရှာသည်။

"ကဲ. . ညီလေး ပြန်တော့၊ အစ်ကို့အတွက် စိတ်ချပါကွာ၊ စိတ်ချစမ်းပါ"

ညီလေးပုခုံးကို နှစ်သိမ့်၍ ပြန်လွှတ်လိုက်ပါတော့၏။

စစ်ကိုင်းမှနေ၍ တောအထပ်ထပ် တောင်အရပ်ရပ်ကို ဖြတ်ကျော်၍ မြို့ဝန် ကိုယ်တိုင် ရှေ့ဆုံးမှ ချီတက်လာပါပြီ။

ဆားတောင်သို့ရောက်သော် မြင်းများ ပင်ပန်းနေကြလေပြီ။

မြို့ဝန်ဦးသွယ်ကား. .

ဘာမဟုတ်သော ရွှေပြင်မည်သော အညတရ ဓားပြတစ်ဦးအတွက် တပ်တော်ကြီးနှင့် ချီရလေခြင်းဟု ရှက်မခံချင်ဖြစ်၍နေရပါတော့သတည်း။

ဒေါသနှင့် စိတ်ရောမွှေသောအခါ အလွန်ပင်ပန်းနေရလေပြီ။ သူက ရှေ့နား ရောက်သော် တစ်ထောက်နားမည် စဉ်းစားနေစဉ်. .

"တောက်"

"ဟီး. . ဟီး. . ဟီး. . "

အသံတစ်ခုနှင့်အတူ မြင်းဟီသံကြီးကား တောလုံးပဲ့တင်၍ မြို့ဝန် စီးလာသော မြင်းကြီး ပတပ်ရပ်၍ ဟီဟီအော်ရင်း မြေပြင်သို့ ဘိုင်းခနဲ လဲကျသွားပါတော့သတည်း။

"ဟာ. . ရဲမက်ကျော်၊ ကျုပ်မြင်းကြီး ရဲမက်ကျော် သေ. . သေပြီလား မသိဘူး"

မြို့ဝန်ဦးသွယ်ကား သူ မြင်းပေါ်က ကိုးရိုးကားရား ကျသွားသည်ကို ဂရုမပြု နိုင်ရှာပါ။

မြားတံတစ်စင်း ခေါင်းထိပ်တည့်တည့်တွင် ကပ်စိုက်သွားသည်ကိုသာ တုန်ယင်စွာကြည့်ရင်း လဲကျမတတ် ထိခိုက်သွားရှာသည်။

"ဟောဒီမှာ စာပါဘုရား၊ ပေလွှာတစ်ခုပါ"

"ဟင်. . ဒီနားမှာ ရန်သူရှိတယ်ပေါ့"

"ဖတ်. . ဖတ်ကြည့်ပါဦးဘုရား၊ ဘုရားကျွန်တော်မျိုး ဖတ်ပြပါ့မယ်"

မြို့ဝန်ကြီး ဦးသွယ်

လူလည်မကျနဲ့
ခင်ဗျား မြင်းသည်တော်
ရဲမက်ကျော် သေရွာမြန်းအောင် လှမ်းတဲ့လို့ဆော်
နဖူးမှာနော် ကွက်ကွက်ကလေးပေါ်
လမ်းတော်အတိုင်း ပြန်လှည့်မကွေ့ရင်
ခင်ဗျား သေနေ့စေ့လေပြီတည်း။

ရွှေဖြင်

ဟူ၍ ထင်ရှားစွာရေးထားသည်ကို တွေ့လိုက်ရပါတော့၏။

"ဘုရားကျွန်တော်မျိုးတို့ မခံချင်လွန်းလို့ပါဘုရား၊ တပ်တော်နဲ့ တောကို နင်းလိုက်ရမလား ဘုရား"

"အမယ်လေး. . အမယ်လေး၊ ငါသေသွားမှာပေါ့၊ ကြည့်စမ်းပါဦး၊ သူမပစ်ခင်က နဖူးမှာ ပစ်မယ်လို့ ရေးထားတာ နဖူးပဲမှန်ပြီး ငါ့မြင်းကြီး သေရှာပေါ့၊ သေရှာပေါ့၊ ဒါကြောင့် ငါ့စိတ်တော့ အလေးသားပါ။ ကဲ. . ကဲ မြင်းကြီး မြှုပ်နှံဖို့ လုပ်ကြပါတော့ကွယ်၊ တပ်တော်လဲ ပြန်လှည့်ကြပါစို့၊ ဒီဓားပြစုတ်ထက်သာတဲ့ ပွဲတိုင်းကျော် ရဲမက်ကျော်ကြီး သေပါပေါ့လား၊ သေပါပေါ့လား"

မြို့ဝန်မင်း ယောက်ျားကြီးတန်မဲ့ မျက်ရည်များ ဖြိုင်ဖြိုင်ဝေဝေ ကျလာရရှာပါတော့သတည်း။

ငွေရောင်ဆမ်းသော လမ်းမကြီးပေါ်မှ မြင်းတစ်ကောင် တဒုန်းဒုန်း စီးရင်း လှတောကြီး ရွာရှေ့ရောက်သော် အသံကျယ်ကြီးနှင့် အော်ပြောသွားပါ၏။

"ညီလေးရေ၊ တစ်ထောင်တပ်ကြီး ဆုတ်သွားပြီကွယ့်၊ ဆုတ်သွားပြီ၊ အေးချမ်းစွာ ပြန်ကြ၊ ပြန်ကြ၊ ရွာပြင် မထွက်ကြနဲ့တော့ဗျို့၊ ပုန်းအိပ်စရာ မလိုတော့ဘူး။ မြို့ဝန်ကြီး လာစရာ မြင်း မရှိတော့ဘူး၊ မြင်း မရှိတော့ဘူး"

သူက ကျယ်လောင်စွာပြော၍ မြင်းကို 'အင်ဒိုင်း' ဘက်သို့ ဒုန်းစီးသွားပါတော့သတည်း။

# ရွှေနဖူးစာ တစ်ခါလည်ပြန်

"ဒေါက်. . ဒေါက်. . ဒေါက်"

"ထွန်းရှိ. . ထွန်းရှိ"

ကိုရွှေပြင်ကား သူငယ်ချင်း ထွန်းရှိကို ခပ်တိုးတိုး ခေါ်သည်။

ထွန်းရှိကား ကာလနဂါးပမာ အိပ်မောကျ၍နေလေပြီ။

အဖေကြီးနှင့် အမေကြီး နိုးမည်စိုးသောကြောင့် သူက အသံကို အုပ်၍ ခေါ်နေရသည်။

"ဘယ်သူတုန်း"

မိန်းကလေးသံပါ။

သူက ဝမ်းသာအားရနှင့်. .

"မနက်က လာတဲ့ ရွှေပြင်ပါ၊ ထွန်းရှိ သူငယ်ချင်းပါ"

"ဪ. . နေဦး"

မိန်းကလေးအသံသည် ချိုလွင်သော်လည်း ပြောနည်းပြောဟန်က ပြတ်သားသည်။

"ဪ. . နေဦး" ဟူသော အသံက အမိန့်ပေးသံလိုလို။

မနက်က သေချာမမြင်ဖူးလိုက်ပါ။ တံကောက်ကွေးကျော်သော ဆံပင်ရှည်ကြီးနှင့် အသားဝင်းဝင်းလတ်လတ်နှင့် အပျိုကလေးတစ်ဦးဟန်သာ မြင်လိုက်ရသည်။

"ဂျောက်"

သူက တံခါးကို ဖွင့်ပေးလိုက်သည်။

သူ့နှာဝတွင် သင်းမြမြ ရွှေဘိုသနပ်ခါးနံ့ကလေးက ထောင်းခနဲ သူ့ရင်ထဲ ဝင်သွားရသည်။

အလို. . နွဲ့နွဲ့နှောင်းနှောင်းကလေးပါလား။ ထွန်းရှိမှာ နှမလေးရှိသကိုး။ ငါ တည်းမိတာ အားနာလိုက်တာ။

"အစ်ကိုကြီး နှိုးပေးရမလား"

"အာ. . ရ. . ရပါတယ်၊ မနှိုးပါနဲ့တော့ဗျာ"

"ဒါဖြင့် လာ. . လာ"

သူ့အသံက အစ်မကြီးက မောင်လေးကို ခေါ်သည့်အသံပါ။

သူ ခေါ်သွားရာသို့ ကိုရွှေပြင် ပါသွားပါသည်။ ရေနံဆီမီးခွက် အရောင်နောက်မှ သူ့ကိုယ် ကြော့ကြော့ရှင်းကလေးသည် အနိမ့်အမြင့် ဟန်ကလေးများက ထင်ရှားလျက် ချစ်စရာမိန်းမပျိုအသွင်ကလေးပါတည်း။

"အစ်ကိုကြီးက မှာထားပါတယ်။ ဘယ်အချိန် ပြန်လာလာ ထမင်းကျွေးပါတဲ့၊ အဲဒီမှာ လက်ဆေးစားပါ အစ်ကိုရွှေ"

အစ်ကိုရွှေ. . တဲ့။

သူ့ကို မည်သူမျှ ဤသို့ မခေါ်ဖူးပါလား။ ရင်ထဲ သိမ့်ခနဲ ခံစားရသည်။

"ဝက်သားနဲ့ သရက်သီးချောက်ချက်၊ ခွေးတောက်ရွက် ဟင်းချို၊ ငရုတ်သီးအကြွပ်ကြော်၊ ဟင်းချိုကတော့ နွေးရုံပဲ"

"ရပါတယ်ဗျာ၊ ဟင်းတွေကလဲ ကျုပ်အကြိုက်ချည်းပါပဲ၊ အို. . ငရုတ်သီးကြော်က ကြက်သွန်ဖြူနိုင်းချင်းနဲ့ ကြော်ထားတာကိုး၊ သိပ်စားလို့ ကောင်းတာပဲဗျာ"

"အုံက အကြိုက်မှ တွေ့ပါ့မလားလို့"

"နာမည်က အုံ တဲ့လား"

"ဟုတ်ကဲ့"

"ဆန်းတယ်နော်"

"ဦးဖွဆိုတဲ့ စကားကြီးနဲ့တူတယ်၊ မန္တာန်ဆန်တာပေါ့"

"အဟင်း. . ကိုထွန်းရှိမှာ နှမလေးတစ်ယောက်ရှိမှန်း မသိရပါလားဗျာ"

"အစ်ကိုကြီးနဲ့ အစ်ကိုရွှေက လမ်းမှာ ဆုံခဲ့ကြတာပဲဆို"

"အင်ဒိုင်းကို လာတိုင်း လာတိုင်း မိုးက ချုပ်ချုပ်သွားလို့ပါဗျာ"

"ခုလဲ မိုးချုပ်ကြီး ရောက်လာတာပဲနော်"

"အုံ့ကို အားနာစရာဗျာ"

"အစ်ကိုကြီးသူငယ်ချင်းမို့ လေးစားတာထက် အစ်ကိုရွှေ သတ္တိဗျတ္တိရှိပုံတွေ အုံက သိပ်အားကျတာပဲ၊ အုံက ယောကျ်ားလေး သိပ်ဖြစ်ချင်တာ"

"ဟုတ်လား၊ ယောကျ်ားလေးမဟုတ်လဲ သင်ကြားလို့ရတဲ့ ပညာတွေပါဗျာ"

"အဟင်း. . အစ်ကိုရွှေက မြင်းစီး လှံထိုး သင်ပေးမလို့လား"

"အုံက ရယ်လိုက်တော့ သိပ်ကျက်သရေရှိတာပဲ"

"အုံ့ကို အဲလိုပြောတာ များကြပါတယ်၊ အစ်ကိုရွှေ့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရမှာက ထမင်းတွေ ညအချိန်မတော် အ၀စားနေတဲ့ ရွှေဖြင် ပါဗျ"

"ဦးရွှေဖြင် တဲ့၊ နာမည်က သိပ်ခန့်တယ်တော်"

"ဟော. . အုံက ကျွန်တော်ပြောသလို လိုက်ပြောတာလား"

"မဟုတ်ပါဘူး၊ 'ဖြင်' ဆိုတဲ့ စကားထွက်သံကြီးက ခေါ်ရတာ အားရှိတယ်"

"တကယ်လားဗျာ"

"အုံက ငါးပါးသီလ အမြဲထိန်းပါတယ်၊ ညာမပြောတတ်ပါဘူး"

"ကျွန်တော့်နာမည်ကြီးက ကြမ်းသလားလို့ပါ"

"ဟင့်အင်း. . မကြမ်းပါဘူး။ သူ့ရဲ့သူ့ခက်နာမည် ပီသတယ်။ အုံ ဒီနာမည် ကို ချစ်တယ်"

"အုံ ကျွန်တော့်နာမည် ချီးကျူးတာ နှစ်ခါရှိပြီနော်။ ကျွန်တော် သိပ်ပျော် တာပဲဗျာ"

"ပျော်တယ်"

"ဟုတ်တယ်။ မိန်းကလေးလှလှကလေးတစ်ဦးက ကျွန်တော့်နာမည် ထူပျစ် ပျစ်ကို ချစ်တယ်လို့ ဒီတစ်သက်မှာ ဒီတစ်ခါပဲ ခံစားဖူးလို့ပါ"

"ထမင်းထည့်ဦးလေ"

"တစ်ဇလုံချောတော့မှာပဲ"

"ဆန်တစ်ပြည်ချက်စား စစ်သားကြီးများလို့ ဆိုထားတာပဲ။ စစ်သား ဖြစ်ချင် တဲ့လူကြီး မဟုတ်လား"

"ဟား. . အစ်ကို စစ်သားဖြစ်ချင်တာ အုံ ဘယ်လိုသိလဲ"

"အစ်ကိုကြီးက အမြဲပြောတာကိုး။ စစ်သားဖြစ်အောင်၊ ရှေ့တော်ရောက် အောင် မားပြတိုက်တာဆို"

"ဩော်. . ညီမလေး အုံရယ်၊ အစ်ကို့အကြောင်းကို အကုန်အစင် သိနေတာ ပါလားနော်"

"အို. . အစ်ကိုရွှေ မဆေးနဲ့"

"ဘယ့်နှယ်ဗျာ လက်ပေလက်စနဲ့ ဆေးပါရစေ"

"အုံက အိမ်ရှင်ပဲဥစ္စာ"

"အိမ်ရှင်က သနပ်ခါးဖွေးဖွေးလေး၊ ဟင်းနံ့တွေ ပေကုန်အောင်ဗျာ"

သူဆေးမယ် ကိုယ်ဆေးမယ်နှင့် လုကြရင်း လက်နှစ်ခု၊ လက်မောင်းနှစ်ခုတို့ ထိယှက်သွယ် ပွတ်တိုက်မိသွားရပါတော့၏။

"ဘာနဲ့အစ်မ နိုးသွားတော့မှာပဲ"

"ဩော်. . ဟုတ်ပါရဲ့၊ ကဲ. . ကဲ ရွှေပြင် အရှုံးပေးပါပြီဗျာ။ ဆေးပါတော့"

သူက အားနာပါးနာ လွှတ်ပေးလိုက်ပါတော့သတည်း။

ဖီးကြမ်း ငှက်ပျောသီးများ ထပ်မံကျွေးနေ၍. .

"ညတော့ ခက်ပြီ အုံ့ရေ"

"မခက်ပါဘူးနော်၊ အိမ်သာသွားချင်ရင် အုံ လိုက်စောင့်မှာပေါ့"

"ဟောဗျာ၊ သိပ်ပွင့်လင်းတဲ့ အပျိုလေးပဲ"

"အစ်ကိုရွှေကတော့ သိပ်ရှက်တတ်တဲ့ ကလေးအဖေပဲ"

"ဟောဗျား၊ ဒါလဲ သူသိလိုက်တာပဲနော်"

"ဘာလဲ၊ လူပျိုယောင်ဆောင်ချင်လို့လား"

ဗိုလ်ရွှေပြင် မျက်နှာမဲ့မဲ့ကလေးနှင့်. .

"သူငယ်ချင်းနှမလေးအပေါ် အဲလို လူပျိုယောင် မဆောင်ရက်ပါဘူးဗျာ"

"အစ်ကိုရွှေ သာယာဝတီက ပြန်လာတော့ သားလေးရနေတာ သိပ်ဝမ်းသာမှာပဲနော်"

"နေပါဦး၊ ထွန်းရှိက အစ်ကို့အကြောင်းကို ဘယ်လောက်အထိများ ပြောထားတာလဲဗျာ"

"အကုန်လုံးပဲ၊ အစ်ကိုရွှေ ငယ်ငယ်က ဗိုလ်ယောက်ကြီးဆီ ရောက်သွားတာက အစပဲ"

"အံ့ဩတယ်ဗျာ"

"ဘာ အံ့ဩတာလဲ"

"အပျိုဖြန်းကလေးတစ်ဦးက ကိုယ်နဲ့ ဘဝအလှမ်းကွာတဲ့ လူအိုတစ်ယောက် အကြောင်းကို ဘာကြောင့် ဒီလောက် သိနေရတာလဲလို့ပါ"

"ဩော်. . ဘာကြောင့်လဲဆိုတော့၊ အစ်ကိုထွန်းရှိက ခြေတစ်ဘက် မသန်ဘူးလေ။ အဲဒီတော့ သူရသတ္တိနဲ့ ပြည့်စုံတဲ့ အစ်ကိုရွှေ့ဘဝကို သိပ်အားကျနေရှာတာပါ။ ပုံပြင်လို တစ်နေ့တစ်မျိုး ပြောနေတာ အစ်ကိုရွှေရဲ့"

"ဩော်. . ဩော် ဒါကြောင့်ကိုးခင်ဗျာ့"

"ဟွန်း. . အစ်ကိုက တော်တော်နော်၊ နှမက ကျွန်တော့်ကို ပိုခင်နေရင် အခက်ဗျာ့"

"ဟာ. . အစ်ကိုရွှေ ဟာသရသမြောက်အောင် တော်တော် ပြောတတ်တာပဲ။ ကဲ. . အိပ်တော့"

"အပြင်လိုက်ပို့မယ်ဆို"

"အဲ. . ဟုတ်သား။ လာလေ၊ ရေနံဆီမီးခွက်တော့ ယူလို့မရဘူး။ လေက သိပ်တိုက်တာ"

"ဟာ. . ချိုင့်တွေ ကျင်းတွေပါလား"

"လာ. . အုံ့လက်ကို ဆွဲခဲ့"

"ဟာ. . "

"ဘာ ဟာလဲဟင်"

"အုံ့လက်ကလေးတွေဟာ ကတ္တီပါသားကျနေတာပဲ"

"ပြောကြတာပဲ။ အရောင်ကလဲရဲတော့ ဘာဆိုလား ဖြစ်တတ်တယ်တဲ့"

"ကြည့်. . ဒီစကားတော့ ညီမလေးအုံက ရှက်သွားပြန်ပြီနော်၊ ဟောဒီလို ကတ္တီပါသား လက်မျိုးက မင်းကတော် စိုးကတော်ကြီး ဖြစ်တတ်တယ်တဲ့ဗျာ့"

သူက သူ့လက်ပြန့်ပြန့်ကြီးနှင့် ဆုပ်ထားရင်း ပြောလိုက်၍. .

"ကဲ. . ဗေဒင်ဆရာ အိမ်သာတက်တော့လေ"

"အာ. . မှောင်ထဲ တစ်ယောက်တည်း နေရဲရဲ့လား"

"နေရဲပါတယ်"

"ခဏနော်"

အပျိုကလေးတစ်ဦးက သူ့ကို နောက်ဖေးတည်နေရခြင်းပါတကား ရယ်စရာ လိုလို။

သို့သော် သူ ပွင့်လင်းပုံကလေးက ချစ်စရာ။ သူနှင့် ပိုမိုရင်းနှီးသွားရ သယောင်ပါတကား။

ဩော်. . အပျိုနှင့် လူအို အချိန်ပို အကာလ ညအခါ၌ တွေ့ဆုံရခြင်းပါ တကား။

# အငြိုးကြီးသူနှင့် ဘုန်းတက်သူ

"အလို. . စစ်ကိုင်း မြို့ဝန်ကြီးပါလား၊ ဘာကိစ္စများထူးလို့ ပျာယီးပျာယာ ရောက်ရှိလာရပါသလဲဗျာ။ မယ်မယ်ဘုရား၊ မြို့ဝန်ကြီး ဦးသွယ်လေ။ ခမည်းတော် ဘုရားလက်ထက်ကတည်းက လူဟောင်းကြီးတွေပါ ဘုရား"

"သြော်. . သြော် ရွှေနန်းတော်ကြီးထဲ ဝင်ထွက်သွားလာနေတာ မြင်ဖူးပါရဲ့"

"တင်ပ့ါ၊ မယ်မယ်ကြီးလဲ ဦးတော်ခိုက်ပါတယ်ဘုရား၊ ကိစ္စက ဒီလိုပါဘုရား၊ ရွှေဘို လှတောကြီးရွာသား ရွှေပြင်ဟာ ထကြွသောင်းကျန်းနေလို့ပါဘုရား"

"ပြောပါဦး ဝန်မင်းရဲ့၊ ဘယ်လိုများ သောင်းကျန်းနေလို့လဲ မြို့ဝန်ကြီးရဲ့"

"တပို့တွဲလဆန်း ၃ ရက်နေ့က မန်ကျည်းစင် ဈေးနေ့မှာ လူသုံးယောက် တည်းနဲ့ မွေသွားလိုက်တာ ရစရာမရှိပါဘူး ဘုရား"

"အင်း. . အင်း. . ရွှေပြင်ဆိုရင် အကောင်းကို မထင်ကြဘူး၊ ပြောပါဦး မြို့ဝန်ကြီးရဲ့"

"ဘုရားကျွန်တော်မျိုး တပ်တော်ဟာ လူငါးဆယ် သွားပြီး တိုက်ခိုက်တာ (၄၁) ယောက် သေဆုံးပါတယ်ဘုရား"

"အို. . လက်စွမ်းထက်လှချည်လားဗျာ့"

"မှန်လှပါဘုရား၊ ဒါနဲ့ လူငါးဆယ် ထပ်လွှတ်တော့လဲ မြင်းတပ်ဆယ်စီး အလူးအလဲ ပြန်လာရပါတယ်ဘုရား။ တစ်ခါ ဘုရား ကျွန်တော်မျိုးကြီးက မခံချင်လို့ တစ်ထောင်တပ်နဲ့ချီတော့ လမ်းမှာတင် ဘုရားကျွန်တော်မျိုးကြီးရဲ့ မြင်းလိမ္မာ ရဲမက် ကျော်ငယ်ထိပ်မှာ မြားသင့်ပြီး ကျဆုံးခဲ့ပါတယ်။ ဆက်လိုက်ရင် ဘုရားကျွန်တော်မျိုး ကိုပါ သတ်ပစ်မည်ဆိုပါ၍ တစ်ထောင်တပ် ပြန်ခေါက်ခဲ့ရပါတယ် ဘုရား"

"ဟယ်. . ရွှေပြင်ဟာ သူရသတ္တိ ထူးခြားလှချည်လား"

"မယ်မယ်ကြီးကိုလဲ ကယ်ဖူးပါတယ်တော်၊ သာယာဝတီထောင်ကတောင် အောင်ဘာလေမဲနဲ့ လက်ရွေးစင် ပြန်လွှတ်လိုက်တာပဲ သားတော်ကြီးရယ်၊ ဒီလို သူရဲကောင်းမျိုး မွေးစမ်းပါ သားတော်ရယ်၊ နိုင်ငံတော် လုံခြုံဖို့က အရေးကြီးတယ် နော် သားတော်ရဲ့၊ သိပ်ကို အရေးကြီးပါတယ်"

တောက်၊ ဒီမယ်မယ်ကြီးနဲ့ လာတွေ့ရတာ ဒုက္ခပါပဲလား။

စစ်ကိုင်းဝန် ဦးသွယ် စိတ်ပျက်ဖွယ် လာတိုးနေရပါ၏။

သူကလည်း အညံ့မခံပါ။

"မယ်မယ်ကြီးဘုရား၊ သက်သက် ခိုးဆိုးတိုက်ခိုက်တာပါ ဘုရား"

"သူရဲသူခက်ဆိုတာ လူဆိုးလို့ထင်ရတဲ့ သူတွေဆီမှာ တစ်ခါတရံ သွားတွေ့ ရတယ်ကွယ့် စစ်ကိုင်းဝန်မင်း၊ ရွှေဖြင်ဟာ သားတော်တပည့်ဟောင်းပါ၊ ရွှေနန်းတော် ကြီးသာ ပြန်ပို့လိုက်၊ သားတော်ကို မယ်မယ်ဘုရား ရအောင် သုံးခိုင်းပေးမယ်၊ ဘယ့်နှယ်တော် ဒီလို သူရဲကောင်းမျိုး နယ်စပ်ပို့လိုက်မှာပေါ့၊ နိုင်ငံတော်အတွက် ဘယ်လောက် အကျိုးရှိမလဲကွယ်"

"ဘုရားကျွန်တော်မျိုးကြီး ခေါ်လို့ လိုက်ရဲမှာမဟုတ်ပါဘူး ဘုရား"

"ဒီက ဗိုလ်မှူးနှစ်ယောက် ထည့်လိုက်ပါ့မယ်၊ လူတစ်ယောက်တည်းကို တောင် တပ်နဲ့ဖမ်းတာ မရဘူးဆိုတာ နည်းတဲ့သတ္တိလားကွယ်"

"မယ်မယ်ဘုရား စီစဉ်တာ သင့်တော်လှကြောင်းပါဘုရား။ လိပ်တိုက်ပွဲတို့၊ ပုတ်သင်ညိုတိုက်ပွဲတို့ လုပ်ပြတာ သားတော် သဘောတော် ကျရပါသ ဘုရား"

အင်း၊ ဘုန်းကြီးရှူးနဲ့ လေ့လူးတော့ ထပ်တွေ့ကြချည်သေးရဲ့။

စစ်ကိုင်းမြို့ဝန် စိတ်ထဲမှာ အခဲမကျေတိုင်း ဘုရင်ကို မျက်စောင်းမထိုးရဲ၍ ကန်တော့ပြီးသာ ပြန်ခဲ့ရပါတော့၏။

ဩော် . . ဗိုလ်ရွှေဖြင်အတွက် စိတ်လိုက်မာန်ပါ သွားတိုင်ကာမှ ဗိုလ်ရွှေဖြင် နန်းတော်ထဲရောက်ဖို့ ဖြစ်ခဲ့ရပါပေါ့လား။

မြို့ဝန်မင်း ဦးသွယ် သက်ပြင်း တဖူးဖူး မှုတ်ထုတ်မိရုံမှတစ်ပါး ဘာမျှ မတတ် နိုင်ရှာတော့ပါတကား။

## ချစ်သူကိုယ်တိုင်သာပြင် ကျွေးချင်မွေးချင် ပေးကမ်းချင်စိတ်ဇောလျှိုင်

ဦးဘိုးမှုံကား အင်ဒိုင်းရွာတွင် ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးပါ။ သူ့ဇနီးမရှိတော့သော နောက်ကွယ်တွင် သားကြီး ထွန်းရှိ၊ သမီး အုံတို့နှင့် သားအမိ သားအဖ သုံးယောက်တည်း နေထိုင်ကြရှာသည်။

စပါးစိုက်၊ နှမ်းစိုက်နှင့် တောင်သူအလုပ်သာ လုပ်ရင်း ခြေမသန်သော သားကြီး ထွန်းရှိသည် လက်ရုံးရည်နှင့် အမှုတော်ထမ်းနေကြသော မင်းမှုထမ်းများ၊ သူရဲကောင်းများကို အလွန် အားကျနေသူပါတည်း။

ဗိုလ်ရွှေဖြင့်ကိုလည်း သူက လိုက်၍ လောကွတ်လုပ်လွန်းမက လုပ်၍ ဗိုလ်ရွှေဖြင်က နောင်တွင်မနေသာဘဲ ခင်လာရရှာသည်။

ယခုတစ်ခါ အိမ်ရောက်ပြန်တော့လည်း သူသာမက နှမလေး အုံက စ၍ ဖခင်ကြီး ဦးဘိုးမှုံအထိ သူ့ကို ခြေမြေမကျ ဂရုစိုက်ကြလွန်းသည်။

နွားကြော့ကြော့တစ်စင်း က၍ တောမသွားမီ ပေးထားလိုက်သည်။

မောင်ရွှေဖြင် ဘုရားသွားမလား၊ ကျောင်းသွားမလား၊ ရွာဦးကန် သွားကြည့်မလားနှင့် ဦးဘိုးမှုံတို့ သားအဖက လယ်တောမသွားမီ လိုက်ပို့ချင်လွန်း၍ ပျာယာခတ်နေကြတော့သည်။

သူက ဘယ်ကိုမှ မသွားလိုပါ။ အဘတို့သားအဖသာ လယ်တောသို့ ဖြောင့်ဖြောင့်တန်းတန်း သွားကြပါဟူ၍ ဖွတ်အတင်းလွှတ်သည်။

သူတို့ကလည်း သမီးပျိုကလေး တစ်ယောက်တည်း ထားခဲ့ရတာပါလားဟု တွေးနေကြပုံမပေါ်။

သမီးတင်ပေးလိုက်သော ထမင်းတောင်းကိုတင်၍ လှည်းခြူသံတည်းတည်း မောင်ရွှေဖြင်ကို လက်တခါခါပြ၍ ထွက်သွားကြပါတော့၏။

"အဘတို့သားအဖက သိပ်ရိုးတာပဲနော်"

"ဘာကို ရည်ရွယ်ပြောတာလဲ အစ်ကိုရွှေရဲ့"

"ဩော် . . ငါ့သမီး အပျိုလေးနား အရွယ်ကောင်းသော လုလင်ကြီး တစ်ယောက် ရှိပါလားလို့ တွေးမှတွေးမိကြရဲ့လား မသိပါဘူးဗျာ"

အုံက ခေါင်းကလေးငုံ့၍ ရှက်စနိုးဟန်ကလေးနှင့် . .

"ဒါတော့ အစ်ကိုရွှေ့သိက္ခာကို ယုံလို့နေမှာပေါ့ရှင်"

အုံသည် ကျောက်တုံးကြီးပေါ်တွင် တရော်ထုံးကြီးကို သက်တောင့်သက်သာ ထုရင်း ပြောနေ၍ . .

"ဘာတွေလုပ်နေတာလဲ အုံ"

"ရွှေညော့်သည်ကို ခေါင်းလျှော်ပေးမလို့လေ"

"ဗျာ"

"သျှောင်ထုံးတော် ချေးသိုင်းနဲ့ ဖြီးတိုင်းကျွတ်နေတာ အမြင်မတော်လို့ပါ၊ အစ်ကိုရွှေ ရေနွေးကြမ်းလေး သွားသောက်နေလိုက်ပါဦး"

"အို . . အစ်ကိုလဲ ကူမှာပေါ့ဗျာ"

"အဟစ် . . ဟစ် . . ခေါင်းလျှော်ရည်ဇလုံကိုင်ပြီး ဘုရားစာ ရွတ်မလို့ပါ၊ အစ်ကိုရွှေ ဘယ်က ဘယ်လို ကူညီလို့ရပါ့မလဲ"

"အဲဒါ ဘာအတွက်လဲဟင်"

"ရွှေညော့်သည်ကြီး သွားလမ်းသာလို့ ပြန်လမ်း ချောပါစေ၊ သတင်းကောင်း များ ကြားပါရစေ၊ ရန်သူတော်တွေနဲ့ ဝေးကွာပါစေ၊ ရွှေညော့်သည်ကြီး သားတစ်ရာ မြေးတစ်ဖြာနဲ့ ဘုန်းကြီးသက်ရှည်ပါစေလို့ ဆုတောင်းပေးမလို့ပါ အစ်ကိုရွှေရဲ့"

"အုံက ဆန်းတယ်ဗျာ"

"ဘုရားစာရွတ်တာ ဆန်းသလား အစ်ကိုရွှေရယ်"

"ခုမှတွေ့တဲ့ ညော့်သည်အပေါ် အသည်းထဲ နှလုံးထဲကနေပြီး ကောင်းနေ တော့ နည်းနည်းဆန်းတာ မဟုတ်ရပါဘူးဗျာ၊ သိပ်ကို ဆန်းတာပါ"

"အစ်ကိုရွှေဘက်ကတော့ ဟုတ်မှာပေါ့လေ၊ အုံ့ဘက်က ဟိုးလွန်ခဲ့တဲ့ ငါးနှစ် လောက်ကပေါ့၊ အဲတော့ အုံက ဘာရှိဦးမလဲ၊ (၁၃) နှစ်လောက်ကလေးပေါ့၊ အင်ဒိုင်း ရွာ ကန်ပေါင်ရိုးမှာ အစ်ကိုကြီးကို မြင်းအမျိုးမျိုး စီးပြနေတာလေ၊ အဲဒီတုန်းက

လယ်ကန်သင်းရိုးမှာ ထိုင်ကြည့်နေတာ အုံ့ပေါ့ အစ်ကိုရွှေရဲ့၊ အဲဒီကတည်းက ဟောဒီ သူရဲကောင်းကြီးနဲ့ သိပ် မိတ်ဆွေဖြစ်ချင်ခဲ့ရတာပါ အစ်ကိုရဲ့"

"ဩော်. . ဩော်. . အစ်ကိုဟာ အုံ့ရဲ့ စိတ်ကူးယဉ် သူရဲကောင်းပေါ့နော်"

"ဟုတ်တာပေါ့လေ၊ စိတ်ကူးယဉ် သူရဲကောင်းပဲ တော်ရ တော်ရပါ၊ အစ်ကိုရွှေ သူရဲကောင်းကြီးနဲ့ ကျွမ်းဝင်ချင်ပါတယ်၊ အဘနဲ့ အစ်ကိုကြီးတို့ကလဲ သိကြတယ်"

"သိကြတယ်"

"ဟုတ်တယ်လေ၊ ကလေးဘဝကတည်းက အုံ့က အမြဲ မှာနေတာပါ၊ အစ်ကိုကြီး သူရဲကောင်းကြီး အိမ်ခေါ်ခဲ့ပါ အစ်ကိုကြီးရဲ့လို့၊ အုံ့က သူရဲကောင်းရူးလေး ဆိုပါတော့ အစ်ကိုရွှေရယ်"

ကိုရွှေပြင်သည် ဤအပျိုမလေးကို အလွန်ပင် သနားသွားရပါသည်။

ဩော်. . အိုးအိမ်တောင် မရှိတဲ့ အချိန်မှာ လာတွေ့ရင်တော့ ဘယ်လောက်များ ကောင်းလိုက်မလဲကွယ်။

ရွှေပြင်. . ရွှေပြင် မင်း သတိထားနော်။ မလည်ရစ်လဲ ရှိတယ်။ သားလေးလဲ ရှိတယ်။ ယောက္ခမကြီး ဦးထွန်းအောင်ကလဲ ကောင်းရှာတယ်။

သားလေး မောင်တက်ခါးကလေးကလဲ ငါနဲ့တူလိုက်တာ။

မင်း. . မင်း သုံးရက်ရှိပြီ။ ဘာကြောင့် မိန်းကလေးရှိတဲ့အိမ်မှာ အကြာကြီး နေရတာလဲကွာ။ မဟုတ်မှလွဲရော၊ အုံ့ရဲ့ ရေပူ ရေချမ်း ကမ်းတာလေးတွေ မင်း သာယာနေတယ်မဟုတ်လား။

မင်းစိတ် အလိုမလိုက်နဲ့နော်။ မင်းဟာ အိမ်ထောင်သည်ကွ။ သာယာဝတီ တုန်းကလည်း ခင်သူဇာကို ဘာလိုလို မျက်စိမှိတ်ပြခဲ့တယ်။ ဒေါ်တုန်ကြီး ဆွဲမွေ့တာ ကံကောင်းလို့ မခံရတာ မဟုတ်လား။

စိတ်ကိုထိန်း၊ ထိန်း၊ ထိန်း။ သားမယားအပေါ် သစ္စာမဲ့ရင် မကြီးပွားတတ်ဘူးတဲ့ ဆရာတော် ဆုံးမဖူးတယ်။ ငါ. . ငါ သိပ်ကို ကြီးပွားချင်တဲ့သူ၊ ကြီးပွားချင်တဲ့ သူပါ။ အဲတော့ အုံ့နဲ့ နီးနီးကပ်ကပ် မနေနဲ့။

မနေ့ကလည်း လက္ခဏာကြည့်ပေးရင်း သူ့လက်ဖဝါးတွေ မင်း ဘာကြောင့် ပွတ်ကြည့်နေရတာလဲ။

အို. . အဘယောက် သင်ပေးတဲ့ ဗေဒင်ပညာအရ လက်ဖဝါးအသားအရေ အမျိုးအစားကို ရိုးရိုးကြည့်တာပါ။ ရိုးရိုးကြည့်တာပါ။

အေး၊ ရှီးရှီးကြည့်တာကလဲ ကောင်မလေးကို ဘာလို့ စိုက်ကြည့်ခဲ့ရတာလဲ။

ဒီအချိန်က ငါ စိတ်တွေ လှုပ်ရှားနေခဲ့ရတာ အမှန်ပါပဲ။

မလည်ရစ်ကို ဖျစ်ညှစ်ပြီး ဖက်ရမ်းလိုက်သလို. .

အုံ့ကိုလဲ ငါ့စိတ်တေလေက မွှေးနေမိတယ်။

သူ့ရဲ့ ကိုယ်ဖောင်းဖောင်းကလေးကို ငါ့ရင်ခွင်အောက်မှာ ဖိမွှေ့လိုက်ချင်စိတ်တွေ မင်း ဖြစ်ခဲ့တယ် မဟုတ်လားဟင်။

ဆင်ခြင်ပေါ့ကွာ၊ ဆင်ခြင်ပေါ့။ ချဉ်သီးနဲ့ဆား အတူမထားနဲ့။

ငါကလဲ လူအို၊ အချစ်အရသာ သိနေတဲ့လူ။ သူက အပျို၊ အချစ်အရသာကို ဘယ်လိုပါလိမ့်လို့ မျှော်လင့်နေတဲ့ သူ။ တမ်းတသူနဲ့ မျှော်လင့်သူတို့ တပူးတွဲတွဲ တောက်လျှောက်တွဲရင် အကျိုးကိုယ်စီ နည်းတတ်သည် တဲ့။

အရှင်မြတ်ဘုရား၊ တရားဟောရင် သူကလည်း သူ့ရည်ရွယ်ချက်နဲ့ တည့်တည့် ဟောတာတွေဟာ ခုတော့ လာတိုက်ဆိုင်နေပါပေါ့လား။

"ဟော. . အစ်ကိုရွှေက ဒီမှာကိုး၊ အုံ့ လိုက်ရှာနေတာ၊ လာ. . လာ အင်္ကျီကို ချွတ်လိုက်၊ ရေလဲပုဆိုးနဲ့ လာခဲ့နော်၊ တရော်တွေ ချွဲလိုက်တာ အစ်ကိုရွှေရယ်။ ပျစ်ချွဲနေတာပဲ၊ ကန်တော့နော် အစ်ကိုရွှေ ဆံပင်ကြီး ဖြေချလိုက်တော့မယ်၊ အစ်ကိုရွှေက ဆံပင်က ကောင်းချင်လျက်နဲ့ ဂရုမှမစိုက်တာ၊ မိန်းမက ကလေးနဲ့မအားရင် တစ်ပတ် တစ်ခါတော့ လျှော်ရတယ် အစ်ကိုရွှေရဲ့"

အေးခနဲ အရသာနှင့်အတူ သူ့ခေါင်းကို လက်သည်းလေးနှင့်ခြစ်လိုက်၊ ဘီးနှင့်ခြစ်လိုက်နှင့် ချေးပျစ်ပျစ်တို့က ကြွက်သားအဖုဖုနှင့် ထုထုပြီး ခရာချင်စရာ မောင်ရွှေဖြင်၏ပုခုံး၊ ရင်အုပ်စပ်ဆီသို့ ယိုစီးကျဆင်းနေကြပါတော့၏။

"အုံ့ကို အားနာစရာဗျာ"

"ဟွန်း. . အားနာစကား မပြောနဲ့ အစ်ကိုရွှေ၊ အုံ့ကိုက ပြုစုပေးချင်တာ၊ မမလည်ရစ်ကများ ခွင့်ပြုရင်. . အဲလေ ပတ်ဝန်းကျင်က ခွင့်လွှတ်ရင်ပေါ့၊ အစ်ကိုရွှေကို အဲလို အမြဲ လာ ပြုစုချင်ပါတယ်"

"သြော်. . အုံ့ရယ်"

သူသည် စိတ်ထဲ၌ မချင့်မရဲဖြစ်ရလွန်း၍ အုံ့၏လက်ကို ဆုပ်ကိုင်ထားမိသည်။

စိတ်တစ်ပိုင်းသည် ချုပ်ရင်းတည်းရင်းက စိတ်တစ်ပိုင်းက လွင့်နေသည်၊ ပြယ်နေသည်။ ခိုင်ကျည်နှလုံး အသုံးမကျ ဖြစ်ချင်နေသည်။

ဟော့. . ရွှေပြင် ကြီးပွားချမ်းသာချင်ရင် မှတ်ထား၊ ကိုယ့်သားမယားအပေါ် ဘယ်တော့မှ မဖောက်ပြားနဲ့။

ဆတ်ခနဲ ဆွဲထားသော လက်ကလေးကို လွှတ်လိုက်သည်။

ဖျတ်ခနဲ အုံ့ကို ကြည့်၍. .

"ခွင့်လွှတ်ပါ အုံ. . ခွင့်လွှတ်ပါဗျာ"

ဟု ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ဟွန်. . 'သီရိမာ' ဟာ ပြည်သူပြည်သားတွေအတွက် သူ့ဘဝနဲ့ သူ့အလှကို ပေးလှူခဲ့တယ်တဲ့၊ အုံကတော့. . "

သူက စကားပြောမည်ပြုပြီးမှ ရပ်သွားရ၍ ဗိုလ်ရွှေပြင် မချင့်မရဲ ဖြစ်ရကာ-

"အုံကတော့ ဘာဖြစ်လဲ ဟင်၊ ဘာဖြစ်လဲ"

"အုံ့အလှနဲ့ အုံ့ဘဝကို သူရဲကောင်း ဦးရွှေပြင်အား ပူဇော်ပါဆိုရင် အုံကတော့ ဦးဆုံး ပူဇော်မယ့် သူပါ"

"အို. . "

တရော်တွေ၊ ရေတွေ ရွှဲနေသော သူ့ကိုယ်ထဲသို့ အုံကို ဆွဲယူ ပွေ့ထွေးထားလိုက်မိသည်။

စိတ်လွတ်သွားရသည်။

"အုံရယ်၊ စိတ်ကူးယဉ်တတ်စ ၁၃ နှစ် သမီးကလေးကတည်းက အစ်ကို့ကို စွဲလမ်းနေတာ ကြားရတော့ ရင်ထဲမှာ တစ်မျိုးပဲဗျာ၊ ဇာစ်မျိုးပဲ။ အစ်ကို အုံ့ကို မြင်မြင်ချင်း စိတ်လှုပ်ရှားခဲ့ရရိုး အမှန်ပါ။ ဒါပေမယ့် ကံငါးပါးကို ထိန်းကျောင်းတဲ့ ယောကျ်ားကောင်းအနေနဲ့ အစ်ကို့စိတ်ကို ချုပ်တည်းခဲ့ပါတယ်ကွယ်။ ခုတော့. . ခုတော့ အစ်ကို မချုပ်တည်းနိုင်တော့ဘူး"

သူက အုံ၏ ပါးပြင်ကို မွှေးတကြုကြုများ ပြုမိမှားပါတော့၏။

မိခင် မရှိရှာသော အုံသည် ယောကျ်ားလေးတစ်ဦးအား ဤမျှ လောကွတ် မပြုလုပ်သင့်ကြောင်း သင်ကြားပေးမည့်သူ မရှိရှာပါတကား။

ဗိုလ်ရွှေပြင်အဖို့ ရုတ်တရက် နမ်းရှုပ် မွှေးထွေးနေမိစဉ် မောင်တက်ခါး မျက်နှာကလေး မြင်လာရ၍ နေရာမှ ဝုန်းခနဲထ၍ ရေတွင်းဘက် ပြေးသွားပါတော့သတည်း။

အုံသည် ရှက်မျက်နှာ ရဲရဲကလေးနှင့် ရေလိုက်ငင်ပေးပြန်ပါသည်။

ဩော်. . သာမန်ယောက်ျားတို့ ရှောင်ခဲနိုင်ခဲစွသော ဖြစ်ရပ်များကို ရှောင်ခဲ့ ရှားခဲ့ရခြင်းကား လွယ်ကူသည်တော့ မဟုတ်ပါပေ။

သူ ဆုံးဖြတ်လိုက်သည်။ ယခုပင် လှတောကြီးရွာသို့ ပြန်ပါတော့မည်ဟု သူက ဘုရားကန်တော့ရင်းက အုံ့ကိုလည်း တောင်းပန်ခဲ့ပါသည်။

ကျောလယ်ရောက် ဆံပင်ရှည်ကို ဖားလျားချ၍ ထိပ်မှ မျက်နှာသုတ်ပဝါနှင့် သပ်ရပ်စွာ စည်းပက်၍လည်းကောင်း၊ ခေါင်းတုံးကော်လာ၊ ရှပ်လက်ရှည်ကိုလည်း ကောင်း၊ ရှမ်းဘောင်းဘီကို တစ်သွယ် ဆင်မြန်းထားသော ကိုရွှေဖြင်ကား တောတန်း ကလေးကို ပတ်၍ မြင်းဒုန်းစီးလာသည်။ မြင်းအဆောင့်တွင် ဆံပင်များ နောက်ထဲ သို့ တလွင့်လွင့်နှင့် လုလင်ပျိုဟန် အသွင်ဖြင့် ထွားကျိုင်းနုနယ်သော ကိုရွှေဖြင်အား လူတိုင်းက သမင်လည်ပြန် ကြည့်၍ သွားကြရပါတော့သတည်း။

ရွာသို့ရောက်သော် နေမွန်းတည့်လေပြီ။

"ဟော. . မောင်ကြီး ပြန်လာပြီ"

မလည်ရစ်သည် သားကြီး မောင်တက်ခါးကို ပွေ့ချီ၍ ဝမ်းသာအားရ ပြေး ထွက်လာသည်။

"အို. . မောင်ကြီးက ဆံပင်ဖားလျားနဲ့ပါလား"

"သားကြီး လာဦးကွ၊ မင်းအမေက ဇွတ်နှင်လို့ သွားရတာပါ သားရယ်၊ ဖေဖေက မသွားချင်ပါဘူး၊ သားနဲ့မယားနား ခွဲခွာခဲ့သမျှ အတိုးချနေမယ်လို့ စိတ် ကူးလာတာပါကွယ်"

အင်ဒိုင်းသူ အုံ့ထံ ရိတီတီဖြစ်ခဲ့ရလေခြင်းဟု စိတ်မကောင်းလှစွာဖြင့် သူက တမ်းတမ်းတတ ယူကျုံးမရသံနှင့် ပြောနေခါမှ. .

"မောင်ကြီး ကြည့်ရတာ လန်းလန်းဆန်းဆန်းနဲ့၊ ဘယ်က ခေါင်းလျှော်လာ တာလဲ ဟင်"

သူသည် သည်မေးခွန်းကိုပင် ထပ်တလဲလဲ မေးနေသဖြင့်. .

"ဩော်. . မိန်းမကလဲကွာ၊ သားနဲ့ခွဲနေရတဲ့ အရေးကြီးတဲ့အကြောင်း ပြော နေမှ အရေးမကြီးတာပဲ ထပ်တလဲလဲ မေးနေတာကိုး၊ ထွန်းရှိတို့အိမ်က ခေါင်းလျှော် လာတာလေ၊ မခြောက်ခင် အိမ်ပြန်ချင်တော့ မြင်တဲ့အတိုင်းပဲ"

"ဖူး. . ရော့ တဘက်"

"အုန်းဆီ ပေးစမ်း၊ ငါ လူးလိုက်စမ်းမယ်"

မလည်ရစ်က အုန်းဆီပုလင်းကို လှမ်းပေးရင်း မသင်္ကာပုံ ထုံပေပေကြီး ရပ်၍ ကြည့်နေပါတော့၏။

တကယ်ဆိုလျှင် 'ပေး. . မောင်ကြီး၊ ကျွန်မ လူးပေးမယ်' ဟုဆိုကာ ဆံပင်ရှည်ကြီးကို သပ်ကာ ရှင်းကာ လူးပေးပါတော့ကော။

ယခုတော့ သူ့ယောကျ်ားက ခရီးပန်းလာ၍ ရှုံ့ရှုံ့တွတွဖြစ်နေဘဲ လန်းဆန်း၍သာဖြစ်နေ၍ မျက်မှောင်ကုတ်ကာ စဉ်းစားနေသည်။

အဖေ အုန်းဆီလူးရာသို့ လေးဘက်သွား မောင်တက်ခါး ရောက်လာရင်း အုန်းဆီဘူးကို လက်နှင့် တိုက်ပစ်လိုက်ရာ အုန်းဆီတွေ ဝေါခနဲ ဖိတ်စင်ကုန်ပါတော့၏။

"ကလေးကို ခေါ်ပါတော့လားကွာ၊ ဒီမှာ ဆီလူးရတာတစ်ဖက်နဲ့ ကလေးကို မဆွဲလိုက်မိဘူး"

"ဟွန်း. . ရွာကိုမြေလှန်ရင် တော့်ကို ဖမ်းသွားမှာစိုးလို့ ကျုပ်က စေတနာနဲ့ လွှတ်တာပါနော်၊ တော်တော်ရော်ရော်တွေ ကြားနေရပါဦးမယ်"

"အို. . မယ်ရစ် စကားက ဘာကိုဆိုလိုတာလဲကွ"

"ဘာမှမဆိုပါဘူးနော်၊ အတွင်းတော် ရန်ရှောင်ရင်း ဆံတောက်ဖားဖားနဲ့ အချောစားလေးတွေနဲ့ တွေ့နေပါ့မယ်တော်"

"တယ်. . ဒီမိန်းမ၊ တွေ့ရာ မပြောစမ်းပါနဲ့ကွာ၊ ကဲ. . ကဲ မောင်ကြီး ရေချိုးမယ်"

"အို. . အပူရှပ်တတ်တယ်၊ ခဏနေဦး၊ ရော့. . ရော့ ရေနွေးကြမ်းနဲ့ မြေကြွက်ကြော် စားနှင့်ပါဦး"

ယခုမှ မြေကြွက်ကြော်များထုတ်၍ ရေနွေးကြမ်းခတ်လိုက်ပါတော့သတည်း။

# ဘုန်းစွမ်းနှင့် လူစ

ကိုရွှေပြင် အိပ်ရာမှ ဖျတ်ခနဲ နိုးသွားရသည့်အချိန်ကား သန်းခေါင်ကျော်စ ပါတည်း။

သူသည် ခရီးတစ်ခုကို မြင်းစီး၍ မောပန်းစွာ စီးရင်းက ဖျတ်ခနဲ မြေပေါ်မှ လေထဲသို့ ဗွေ့ခနဲပါကာ ကောင်းကင်ဖျားသို့ လွင့်တက်သွားရပါတော့သတည်း။

ဝီခနဲ အရှိန်မြင့်စွာမြင့်စွာ တက်၍တက်၍ သွားရသည်တဲ့။

သူ့အသည်းများ အေးခနဲ ဖြစ်၍ သွားရသည်။ ပြီးတော့ လခြမ်း ပန်းရထား တစ်စင်း လွင့်ပါး၍လာနေသည်။ သူ့နားသို့ရောက်သော် ရွှေချည်မျှင်၊ ငွေချည်မျှင် တို့ဖြင့် ပန်းရထားပေါ်မှ မိန်းမပျိုကလေးတစ်ဦးက လက်ကမ်းထားသည်။

သူက ကလေးမလက်ကို ဖမ်း၍ မမိချေ။ ကပ်သွားလိုက်၊ ဝေးသွားလိုက်နှင့်။

"ကိုကိုကြီးဘုရား. . ကိုကိုကြီးဘုရား၊ ရွှေလခြမ်း ရထားပေါ် ခုန်တက်ခဲ့ပါ ဘုရား၊ ခုန်တက်ခဲ့ပါ"

မိန်းမပျိုကလေးတစ်ဦးက မလည်ရစ်တော့ မဟုတ်ပါချေ။

သူကလည်း လေထဲ အသည်းအေးအောင် ဝဲဝဲဝေ့ဝေ့ ဖြစ်နေရ၍ မိန်းကလေး အော်သည့်အတိုင်း ရွှေလခြမ်းရထားပေါ် ခုန်၍ တက်လိုက်ပါတော့သတည်း။

"အို. . ကိုကိုကြီး ကံကောင်းလိုက်တာ၊ ကံကောင်းလိုက်တာ၊ အခုန်လဲ သိပ် တော်တာပဲနော်"

သူ့မျက်လုံးများက ဖျတ်ခနဲ ပွင့်၍ သွားရပါတော့သတည်း။

ထို့ကြောင့်လည်း ငုတ်တုတ်ထ၍ထိုင်သည်။

အိပ်မက်ဆိုသည်ကား ဖမ်း၍ကိုင်၍ မရပါတကား။

သူက တစ်ကိုယ်တည်းပြုံးရင်း ပြန်၍အိပ်လိုက်ပါတော့၏။

ထိုနေ့က သူသည် ရေမိုးသန့်စင်ပြီးသော် ညာလက်ရုံးနှင့် အပေါ်မျက်ခုံးတို့ တဆတ်ဆတ် လှုပ်နေသဖြင့် ထူးခြားသောနေ့ပေတကားဟု တွေးရင်း ဝတ်ကောင်း စားလှများကို ရွေး၍ဝတ်ဆင်ကာ ဘုရားရှေ့၌ ပဌာန်းပရိတ်တော်ကို ရွတ်ဖတ်နေစဉ် ဘွားခနဲ သူတို့အိမ်ရှေ့မှ မားမားကြီးပေါ်လာသူကား သူကြီးမင်းဦးဖန်ပါတည်း။

ရုတ်တရက်သော် သူတို့ဇနီးမောင်နှ နှစ်ယောက်လုံး အတောင်တပ်၍ ပျံပြေး ချင်အောင် မျက်နှာကလေးများ ဖွေးသွားရသည်။

သို့သော် သူကြီး၏အပြုံးကား ချိုသာ ညက်ညောလွန်း၍ အနည်းငယ် အကြောက်ပြေသွားရသည်။

ပြီးတော့ သူကြီးကိုယ်တိုင် သာရေးနာရေး မရှိဘဲ မလာစဖူး ထူးကဲလှပါတော့ ၏။

"ဟဲ့. . မောင်ရွှေပြင်"

"ဘုရား"

"ဟဲ့. . ရွှေပြင်"

"ဘုရား"

"ဟဲ့. . ရွှေပြင်"

"ဘုရား"

"ဟား. . ဟား. . ဟား. . မင်း မကောင်းစားခင် အမှတ်တရ ဘုရား သုံးကြိမ် ထူးသံလေး ငါ မှတ်ထားလိုက်ပြီနော်၊ မှတ်ထားလိုက်ပြီနော် ဟေ့. . "

"ခင်ဗျာ၊ ဘာ. . ဘာ အကြောင်းထူးလို့လဲ ဘဒ္ဒေးရယ်"

"နေပြည်တော်က ဗိုလ်မှူးကြီး မဟာနော်ရထာနဲ့ ဖြတိုက်ဝန်မင်းတို့ အိမ် ရောက်နေကြပြီ"

"ခင်ဗျာ"

"မင်းကလဲ သွေးလန့်နေလိုက်တာ၊ မယ်မယ်ကြီးဘုရားက အခေါ်တော် လွှတ်တာတဲ့"

"အို. . ဟုတ်ပါရဲ့လား ဘဒ္ဒေးဖန်ရယ်"

"ငါက မင်းကို ညာရမှာလားကွ၊ စစ်ကိုင်းမြို့ဝန် ထောင်တပ်နဲ့ ဝိုင်းဖမ်းလို့ မရတာ သူရဲကောင်းပဲတဲ့၊ သူ့သားတော် ရွှေနန်းရှင်နား ခစားရမယ်တဲ့လေ၊ ဒီလို သူရဲကောင်းမျိုး ရွှေနန်းတော်က လက်သပ်မွေးထားရမယ် တဲ့"

"ဟယ်. . ဝမ်း. . ဝမ်းသာလိုက်တာ မောင်ကြီးရယ်၊ ညက ညက ဒါကြောင့် အိပ်မက် မက်တာပေါ့"

"ဟော့. . မယ်ရစ်ရဲ့ ပြောပါဦး ဘယ်လိုမက်တာလဲ"

"မန်ကျည်းရွက် တက်ခူးရတယ် တဲ့"

"ဟာ. . သေလိုက်ပါတော့၊ ဒါ နင်တက်ခူးနေကျပဲဥစ္စာ၊ ဟား. . ဟား. . ဟား ငါ့အိပ်မက်က ဒီထက်ကောင်းတယ်"

"အမယ်လေး. . အိပ်မက်တွေ ပြီးတော့မှ ကောင်းကြ၊ ဗိုလ်မှူးကြီးနဲ့ ဖြတိုက်ဝန်မင်းတို့ ရောက်နေကြတယ်၊ အမြန်လာကြဟေ့၊ အမြန်လာကြ"

သူကြီးသည် လူညွှက်သလောက် ဟန်များသူပီပီ ရွာသားတစ်ဦးကို ရွှေနန်းတော်ကြီးက လာ၍ ခေါ်နေသည်ဆို၍ ဝမ်းပန်းတသာ ပုဆိုးစကို ခပ်ကားကား ဆွဲကိုင်၍ အရှေ့မှ ယွန်းနှင့်လေပြီတည်း။

သူကြီးအိမ်တွင် အိမ်ရှေ့မျက်နှာစာ သစ်သားကွပ်ပျစ်ပေါ်တွင် ကော်ဇောများ ခင်းထားသည့် စားပွဲဝိုင်းတစ်ခုတွင် စားစရာများ စုံနေအောင် တင်ထားပေးသည်။

ငါးကြော်၊ ဆိတ်သားပြုတ်ကြော်၊ ငါးရံ့ခြောက်ဖုတ်၊ ပြောင်းဖူး၊ ငှက်ပျောချဉ်၊ ဖီးကြမ်း၊ ရေနွေးကြမ်း ရှိသမျှထုတ်၍ ကျွေးထားဟန် ရှိသည်။

ဗိုလ်မှူးကြီးနှင့် ဖြတိုက်ဝန်တို့ကား မောင်ရွှေပြင်ကို မျက်လုံး ဒီဂရီကုန်နှင့် ကြည့်ကြသည်။

မောင်ရွှေပြင်မိသားစုက မြေပြင်တွင် ထိုင်၍ကန်တော့ကြသည်။

"ရှိပါစေ ရှိပါစေ၊ လာကြ လာကြ၊ ဟောဒီ ကွပ်ပျစ်စွန်းမှာ ထိုင်ကြပါကွယ့်"

"ရွှေပြင်ဆိုတာ မင်းကိုး"

"မှန်ပါ့ ဘုရား၊ ဒါ ဇနီးမိလည်ရစ်နှင့် သား မောင်တက်ခါးပါ ဘုရား"

"အေး. . အေး၊ မင်းတို့မိသားစု ကံဇာတာတက်တဲ့ အချိန်ပဲကွယ့်၊ ရွှေနန်းရှင်က တော်တော်ပါ၊ မယ်မယ်ကြီးဘုရားက လူတစ်ထောင်တပ်နဲ့ ဝိုင်းလို့မရတဲ့ သူရဲကောင်းကို သူ့သားတော်ရဲ့ ကိုယ်ရံတော် ဖြစ်စေရမယ်တဲ့၊ ဘယ့်နှယ်လဲ ဝမ်းမသာကြဘူးလား"

"မှန်ပါ၊ ဝမ်းသာလှကြောင်းပါ ဘုရား"

"ဝမ်းသာတာကတော့ စာမဖွဲ့နိုင်အောင်ပါ ဘုရား၊ မောင်ကြီးရွှေပြင်က မြင်းရေး ၃၇ ချင်း၊ လှံရေး ၃၇ ချင်း အကုန်အစင် တတ်တာပါ ဘုရား"

"ဒီလို ပညာကောင်းတွေ ရှိနေလျက်နဲ့ ဘာကြောင့် မန်ကျည်းစင်ဈေးကို ဝင်တိုက်ရတာလဲကွယ့်"

"ထင်ပေါ်မှ စင်တော်ကောက် ဖြစ်အောင်လို့ပါ ဘုရား"

"တယ် အကြံပိုင်လှပါလားကွယ့်"

"အခု အသက် (၃၁) နှစ်ရှိပါပြီဘုရား။ အတတ်ပညာများ ရွှေနန်းဖျားတောင် မရောက် အိုမင်းပြီး ပျောက်ကွယ်သွားရတော့မယ်ပုံပါ ဘုရား၊ ဒါကြောင့် ငါးဆယ် တပ်နဲ့ နှိမ်သူတို့ စားတွေသာ လိမ်၊ နောက် ငါးဆယ်တပ်နဲ့ တိုးသူတို့လဲ စားရှိုးကျိုး၊ နောက် ထောင်တပ်နဲ့ချီ ဘုရားကျွန်တော်က မြားနဲ့လှမ်းအပစ် မြို့ဝန်မြင်း ခေါင်း ဆစ်ကို အမှန်၊ ဒဏ်ပြန်အပစ်ခံရလို့ တပ်တော်ကြီး သွေးလန့်ပြေးကြတာပါ ဘုရား၊ နောက်တစ်ခါ ရှေ့တိုးရင်တော့ မြို့ဝန်ရဲ့ နှလုံးသားကို ချိန်ကိုက်ပြီးပါ ဘုရား"

"အဲ. . အဲဒီ အစွမ်းအစတွေ မြို့ဝန် ကြောက်သေးပါပြီး လာလျှောက်လို့ မယ်တော်ဘုရား အကုန်ကြားလိုက်ရတာပေါ့၊ သိပ်အားရစရာကောင်းတဲ့ စွမ်းရည် ပဲတဲ့၊ သားတော်အနား ထားမလား၊ နယ်စွန်က သူပုန်တွေ နှိမ်မလား၊ တစ်ခုခု အသုံးချရတာပေါ့တဲ့"

"အဲ. . ရွှေနန်းရှင်ဘုရားကလဲ သာယာဝတီထောင်မသွားခင်က အကြောင်း တွေ သတိရတော်မူတယ်တဲ့၊ မင်းက လိပ်တိုက်ပြတယ်ဆို၊ ပုတ်သင်ညိုတိုက်ပွဲလဲ ပြဆို"

'သေလိုက်ပါတော့ ရွှေရှင်ဘုရင်အသစ်ရယ်' ဟု မောင်ရွှေပြင် စိတ်ထဲမှ ရေရွတ်ရင်း ပြုံးမိရှာသည်။

ဗိုလ်မှူးကြီးနှင့် ဖြတိုက်တော်ဝန်တို့ အမေးကို တင့်တယ်လျောက်ပတ်သလို ဖြေကြားရင်း နေပြည်တော်က ဧည့်သည်တော်များ နံနက်စာကျွေးရန် ပြင်ဆင်ရာ သို့ ဝင်ရောက် ဝတ်ဖြည့်ရသည်။

တစ်ပိဿာခွဲခန့် ကြက်ကြီး အမြန်လုပ်၍ မီးမျှင်း ရဲရဲကြီးနှင့် အနူးအနပ် ချက်ကြ၊ မြေကြွက်ကြီးများ ကြော်ကြ၊ ရွှေဘိုငါးပိချက်ကို ချက်ကြနှင့် တစ်ရွာလုံး လည်း မောင်းထု၍ ကြေညာသည်ထက်ပင် ကျော်ကြားသွားရပါတော့သတည်း။

"မောင်ကြီး တော်တော်ဘုန်းကြီးပြီနော်။ ကျုပ်နဲ့ သားကြီးကို မမေ့နဲ့"

"အေးပါ မယ်ရစ်ရဲ့"

"ရွှေနန်းတော်ကြီးထဲမှာ သားမယား ခေါ်ခွင့်ရှိတာနဲ့ ကျုပ်တို့ ခေါ်နော်"

"အင်းပါဗျာ"

"မောင်ကြီးက စွမ်းရည်သတ္တိတွေနဲ့ ရွှေနန်းသူတွေ အထင်ကြီးအောင် လုပ်ပြမနေနဲ့နော်"

"ဟာ. . ကြုံကြုံဖန်ဖန်ကွာ"

"တော်. . တော် ဝမ်းမသာဘူးလား ဟင်"

"အာ. . သာတာပေါ့ကွာ"

"ဘ. . ဘဝင်ကော မြင့်မသွားဘူးလား ဟင်"

"အဲ. . နည်းနည်းတော့ မြင့်သလိုပဲ၊ အဟဲ. . အဟဲ"

"အို. . သူများအပေါ်ပဲ မြင့်နော်။ ကျုပ်တို့အပေါ်တော့ မမြင့်နဲ့"

"မြင့်ရမယ့်သူလားကွာ"

"တော်. . တော် မိန်းကလေးတွေ သဘောကျအောင်၊ စန်းပွင့်အောင် မလုပ်နဲ့နော်"

"လုပ်ပါဘူးကွာ"

"တော့်ကို ဘာရာထူး ပေးမှာလဲဟင်"

"ပြောတတ်သေးဘူးကွ"

"ကျုပ်တော့ လွမ်းနေမှာပဲတော်"

"နောက်ခေါ်မှာပဲဟာကွယ်"

"သွားခါနီး ကျုပ် စိတ်အေးရအောင် ကျိန်စမ်းပါတော်"

"ဟ. . ဘာကျိန်ရမှာလဲ"

"ကျုပ်ကလွဲရင် မင်းသမီးကလေးက လိုက်ကြိုက်ရင်တောင် ပြန်မကြိုက်ပါဘူးလို့၊ ဘုရားစူး မိုးကြိုးပစ်လို့"

"တယ်ခက်ပါလား"

"အမယ်လေး၊ ဒါက အရေးကြီးတယ်၊ ကျိန်ပါတော်"

"ဘုရားစူး မိုးကြိုးပစ်ဟာ. . "

"ကျိန်ပုံကြီးကလဲ ဆားမပါတဲ့ အမဲသားဟင်း ကျနေတာပဲ"

"ဟား. . ဟား. . ဟား. . ငါ့မိန်းမကတော့ကွာ၊ လင်ကို ဒီလောက် အရေးတကြီး မှာနေတာတောင် သူ ကြိုက်တဲ့ အမဲသားကို မမေ့ရှာဘူးဗျာ့"

"ဟွန့်. . မောင်ကြီးက လှောင်တာလား"

"မလှောင်ရပါဘူးဗျာ၊ ချစ်စနိုးပြောတာပါ"

"အဟင်း. . အဟင်း"

"ဟော. . သွားကြစို့၊ သူကြီး လာခေါ်နေပြီ"

သူက ယောက္ခမကြီးတွေကို ဦးသုံးကြိမ်ချသည်။

ဆုတွေ တစ်သန်းဖိုးလောက် ပေးလိုက်ကြရှာသည်။

ဩော်. . ယောက္ခမကြီးများ ကျန်းမာ၍ ချမ်းသာကြပါစေ။ မယ်ရစ်လည်း သမီးလေး မွေးပါစေ။ သားတစ်ယောက် သမီးတစ်ယောက်ဆိုတော့ ကျက်သရေ စုံတာပေါ့ဟု တတွတ်တွတ် ချစ်မှာတမ်း ကျူး၍ ခရီးထူး ခရီးမြတ်ကြီး ထွက်ခဲ့ရပါ တော့သတည်း။

ရွာလုံးကျွတ် ထွက်ကြည့်ကြရာ မောင်ရွှေဖြင် နေပြည်တော် မြန်းခန်းကား တကယ့် အခမ်းအနားကြီးသဖွယ်ပါတကား။

မလည်ရစ်ကား ကလေးကြီး ခါးထစ်ခွ၍ ပြေးလိုက်လိုက်၊ တတွတ်တွတ် မှာကြားလိုက်နှင့် ယနေ့အဖို့ရာဖြင့် အားလုံး ရင်သပ်ရှုမောဖြစ်၍ ကျန်ခဲ့ကြရပါ တော့သတည်း။

# ပြည်တော်ဝင်

သူက နံ့သာဖြူတုံး၊ သနပ်ခါးတုံး၊ ပျားရည်၊ နံ့သာပု၊ ကြံသကာ၊ မြေကြွက်ကြော်၊ ထန်းလျက်ဖြူဆုပ်များနှင့် မယ်မယ်ကြီး အဆောင်သို့ ဝင်သည်။

"ဟဲ့. . ရွှေပြင် မဟုတ်လား"

"မှန်လှကြောင်းပါ မယ်မယ်ကြီးဘုရား။ မယ်မယ်ကြီး ဘုရားကျွန်တော်မျိုးလေးကို မမေ့တာဘဲ ဝမ်းမြောက်လှပါပြီဘုရား"

"အမယ်လေး. . မေမေကြီးကို ဓားပြတွေ တိုက်နေတုန်း မိုးပေါ်က ကျလာသလို လာကယ်တဲ့ မောင်ရင့်ကို မေ့နိုင်ပါ့မလားကွယ်"

"မေမေကြီး ကျေးဇူးတွေလဲ ညစဉ် ဦးခိုက်လျက်ရှိကြောင်းပါ ဘုရား"

"အေး. . အေး၊ မင်း ဘာတာဝန်ယူချင်သလဲ ရွှေပြင်ရဲ့"

"မြင်းတပ်ဗိုလ်ရာထူး လိုချင်ပါတယ်ဘုရား"

"ပုဂံခေတ် ပုံစံနဲ့ ထုံးတမ်းစဉ်လာကတော့ ခြေဆယ်ပွဲရမှ မြင်းသည်တော်ဖြစ်တာကွယ့်၊ ဒါနဲ့ မင်း မြို့ဝန်ရဲ့ လူတစ်ထောင်တပ်ကို အနိုင်ရလိုက်တယ်ဆို"

"မှန်ပါ့ဘုရား၊ ကျွန်တော်မျိုးက သူ့မြင်း ငယ်ထိပ်ကို ပစ်သတ်မယ်လို့ မပစ်ခင် ကြိုတင် စာရေးပြီးမှ ပစ်တာပါဘုရား"

"မင်းက ဘာကြောင့် အဲဒီလောက် လက်မှန်းတည့်နေရတာလဲကွယ့်"

"လေ့ကျင့်တာပါပဲ ဘုရား"

"ဒါတွေက ဘာတွေလဲကွယ့်"

"ဒါက ပျားရည်ပါဘုရား။ ဒါက ထန်းလျက်ဖြူ ကြံသကာပါ ဘုရား။ ဒါက နံ့သာပု ငှက်ပျောသီးပါဘုရား။ ဒါက မြေကြွက်ကြော်ပါ ဘုရား၊ ဆူဝနေပါတယ် ဘုရား"

"ဘုရား. . ဘုရား မြေကြွက်ကြော်တဲ့၊ ကြားရတာနဲ့ လျှာတွန့်လှသကွယ်"

"မတွန့်ပါနဲ့ဘုရား၊ ဒီကောင်တွေက ဆန်စပါးပဲ စားတာပါ ဘုရား၊ သန့်ရှင်း မွှေးကြိုင်လို့ပါ ဘုရား"

"မယ်ဘုရားတို့ နန္ဒာရွှာမလဲ စားကြပါရဲ့၊ မယ်ဘုရားကတော့ သားတော် ရွှေနန်းရှင်တစ်သက် နန်းထဲရောက်နေတော့ ဒါတွေ မစားတတ်တော့ဘူးကွယ့်။ ပျားရည်ပုလင်းတော့ ဆေးသောက်နေရလို့ ဝမ်းသာပါတယ်ကွယ်၊ ဒါနဲ့ သားတော်ကြီးဖို့ကော ဘာပါလဲကွယ့်"

"မှန်ပဲ့။ လမ်းမှာ တွေ့ခဲ့ရတဲ့ ကဏန်းတစ်စုံ၊ ဖားတစ်စုံ၊ ပုတ်သင်ညိုအဖြူ တစ်စုံ ရှားရှားပါးပါး ရခဲ့ပါတယ်ဘုရား"

"အင်း. . ရွှေပြင် ရွှေပြင်၊ ကြီးပွားဦးမှာပါတော်။ လူကြီးကြိုက် လူငယ်ကြိုက် အကုန်ပါတာပဲကိုး။ လာ. . လာ သားတော်ကြီး အဆောင်တော်ကို ကြွမြန်းတော်မူမယ်။ ဟဲ့. . ဟဲ့. . ကြွက်ကြော်တဲ့၊ အပျိုတော်တွေထဲက ကြိုက်တဲ့လူတွေ စားလိုက်ကြ၊ နံ့သာဖြူတုံးတွေ သနပ်ခါးတွေ ရေဆေးပြီး နံ့သာပေါင်း ကျွန်းသေတ္တာထဲ ထည့်ထားလိုက်ကြ"

မယ်တော်ကြီး မယ်ရွှဲကား ဘာမင်းသမီး၊ ဘာမိဖုရားမှ မဟုတ်ပါချေ။

ကံကောင်းချင်တော့ ပုဂံမင်းသား မယ်တော် နတ်ရွာစံတော်မူသွားရ၍ သားတော်ကြီး အထွတ်အထိပ်ရောက်သော် နို့ထိန်းမယ်တော်က နေရာရ၍ ဘုန်းသမ္ဘာ စန်းလက် တက်နေရခြင်းပါတည်း။

မိဖုရားတစ်ပါး စည်းစိမ်မျိုး ခံစားနေရသော်လည်း စိတ်လောနေလျှင် ထဘီ စွန်တောင်ဆွဲ၍ တလွှားလွှား လမ်းလျှောက်နေပုံကား နန္ဒာရွှာသူ ပုံသဏ္ဍာန် ပေါက် ပေါက်သွားရသည်။

ယခုလည်း ရွှေပြင်အား သားတော်ထံ အပ်ချင်ဇောနှင့် နန်းမဆောင်အရပ် ရပ်ကို ဖော့ဖြူလိပ်ကလေး လက်ကြားညှပ်၍ အားပါးတရ လက်လွှဲသွားနေပုံကား မိဖုရားအစစ်နှင့် ကွာခြားဘိတော့သည်။

သို့တစေ သူ့ကုသိုလ်က ထူးခြားလှသည်။

ရွှေဘိုမင်းတရားခေါ် ရွှေဘိုဘုန်းပွင့်ခေါ် သာယာဝတီမင်းခေါ် အမရပူရမြို့ ဒုတိယ နန်းတည်ဘုရင်မင်းတရားကြီး၏ မိဖုရားကြီးများ သွေးတော် သားတော်များ ထက် ထူးချွန်နေရပေသည်။

အဘယ်ကြောင့်ဆိုရသော် သူ နို့ချိုတိုက်ကျွေးခဲ့ရသော သားတော် ပုဂံမင်း က အထွတ်အထိပ် နန်းရိပ်ဗဟို ဖြစ်ခဲ့ရသောကြောင့်ပါတည်း။

ယခုလည်း သူ့သားတော်ဘုရင်အဆောင်၊ ထွက်လိုက ထွက်၊ ဝင်လိုက ဝင် အချိန်မရွေး အာဏာတော်ရှိနေရသည် မဟုတ်ပါလား။

ပုဂံမင်းကိုယ်တော်တိုင်ကလည်း မည်မျှပင် ချီးတည် ကြက်တိုက်လုပ်ငန်း တွေနှင့် မွေ့လျော်စေကာမူ သူ့နို့မယ်တော် အမေရွှဲကိုဖြင့် အသည်းစွဲ ချစ်တော်မူရှာသည်။ ကျေးဇူးသိတတ်ခြင်းလည်း မည်ပါသည်။

အမေရွှဲ၏ 'သွေးနို့' ရည်ဖြင့် သူသည် မားမားမတ်မတ် မင်းသားမြတ်ဘဝ ကနေ ယခု ရှင်ဘုရင် ဖြစ်ခဲ့ရသည်ကို အမြဲ နှလုံးပိုက်မိပုံပေါ်သည်။ ယခုလည်း မယ်တော်ဘုရား ဝင်လာသည်နှင့် သူ့သလွန်ပေါ်မှ ချက်ချင်း ထပေးနေ၍. .

"သားတော်ကြီး ထိုင်ပါ၊ မယ်မယ်ဘုရားက သည်ဘက်က သလွန်က ထိုင်ပြီး စကားပြောလို့ အဆင်ပြေပါတယ်" ဟု ဆိုကာ ဘေးသလွန်ကို မနည်း ထိုင်ခွင့် ယူနေရသည်။

ပုဂံမင်းကား ဤနေရာ၌ အလွန် ချီးကျူးစရာပါတကား။

အခြား အခြားသော သားတော်များကား မယ်တော်မိဖုရားများကလည်း သက်ရှိထင်ရှား ရှိနေသဖြင့် သလွန်အောက်မှ သားတော်ကိုပိုက်၍ ထိုင်ရမြဲပါ။

မိဖုရားများကား ကိုယ့်သားတော်ကို ပေးထား၍ နို့ထိန်းမယ်တော်များကို ရွှေထုပ်ကိုဆုပ်၍ ဆုချင်လျှင်သာ ချမည်၊ ဤသို့ သလွန်တော်တွင်ဖြင့် တက်၍ ထိုင်ခွင့်မရှိပါ။

ယခုတော့ မယ်တော်မိဖုရားအရင်းအစား အမေရွှဲ အကုန်ခံစားခွင့်ရနေခြင်း ပါတည်း။

"သားတော်မောင်ကို မော်ဖူးလိုက်ပါဦး၊ ဘယ်သူလဲဆိုတာ"

မယ်တော် မယ်ရွှဲက လက်ကလေးတစ်ဘက်ပိုက်၍ တစ်ဘက်က ဖော့ဖြူ လိပ်ကလေးခဲ၍ ပြုံးစစနှင့် မိန့်လိုက်သဖြင့် သားတော်ဘုရင် မျက်လုံးများက ပျာပျာ သလဲ ရွှေပြင်ထံ ကြည့်ပေးရှာသည်။ မယ်တော်ကို အလိုတော်လိုက်ခြင်းလည်း မည် ပါသည်။

"အလို. . သာယာဝတီထောင်က အတောင်ပေါက်ပြီးများ ပြန်ရောက်လာသလား မောင်မင်းရယ်"

ရယ်သဲ့သဲ့ စ,တော်မူခြင်းပါ။ မန်ကျည်းစင်စျေး မွေသွား၍ ထောင်တပ်နှင့်လိုက်ရကြောင်း သိတော်မူပြီးပါ။

မောင်ရွှေပြင်က ရိုသေစွာ လက်ဆယ်ဖြာ ပန်ထွာမိုး၍. .

"ထောင်ပိုင်ကတော်ကြီး ဒေါ်ခင်မိ မွေးနေ့ (ဘေးမဲ့ဒါန) မှာ ရှိန်းမကားက ဗိုလ်ကျားတို့နဲ့အတူ သုံးယောက် လွတ်ငြိမ်းခွင့်ရခဲ့ကြောင်းပါ ဘုရား"

"ဟေ. . တယ်ကံထူးပါလားကွယ်၊ ဒီတုန်းကလဲ အနောက်ဝန်းတော်မှူးက လူတွင်ကျယ်လုပ်ပြီး ခမည်းတော်ဘုရားထံ နားဖောက်သွားတယ်လေ၊ ခမည်းတော်ဘုရားကလဲ ကျန်းမာရေး ဆိုးရွားချိန်ကိုးကွယ့်"

"တင်ပ့ါဘုရား၊ ခမည်းတော်ဘုရားကိုလဲ အပြစ်တော် မတင်ဝံ့ကြောင်းပါဘုရား"

"ခုလဲ လူတစ်ထောင်တပ်ကို ခါထွက်သွားအောင် မောင်မင်း တတ်စွမ်းတယ်ဆို၊ ဒါ မှန်သလားကွယ့်"

"မှန်ပါ၊ သူတို့က မြေလှန်မယ်ဆိုတော့ ဘုရားကျွန်တော့်ကြောင့် တစ်ရွာလုံး ဒုက္ခဖြစ်ကုန်မှာ စိုးလို့ အမြည်းအစမ်း မြားတန်းတစ်ခု လွှတ်လိုက်ရုံပါ ဘုရား"

"ဟေ. . ဒါ အမြည်းအစမ်းပဲ ရှိသေးတယ်၊ ဟုတ်လား"

"မှန်လှပါ ဘုရား၊ ဘုရားကျွန်တော်မျိုးက သစ်ပင်ပေါ်ကပါ ဘုရား၊ မြို့ဝန်နှလုံးသား မြားချက် ချိန်ပြီးသားပါဘုရား"

"အလိုလို. . မယ်မယ်ဘုရား လှတောရွာသားက တယ်ဟုတ်ပါလား"

"ဟုတ်ပါတယ် သားတော်၊ ခြေဆယ်ပွဲနဲ့ ညီမျှပါတယ် သားတော်၊ မြင်းတပ်ဗိုလ်ကလေး ခန့်ပြီး သုံးကြည့်ပါလား သားတော်ရယ်၊ သားတော်အနား ထားမလား၊ နယ်စွန်နယ်ဖျား ပို့မလား၊ နည်းတဲ့သတ္တိလားကွယ်"

"သားတော် သဘောပေါက်ပါတယ် ဘုရား၊ သားတော် မြင်းတပ်ဗိုလ်မက ခန့်ချင်ပါတယ်ဘုရား၊ ဒါပေမယ့် ထုံးစံတော်များ မလွန်ကဲရအောင် မြင်းတပ်ဗိုလ်နဲ့ပဲ ထားကြည့်ပ့ါမယ် ဘုရား"

"ဝမ်းသာလိုက်တာ သားတော်ကြီးရယ်"

"ကဲ. . သံတော်ဆင့်မင်း ဦးဖိုးအိုနဲ့ ပြတိုက်ဝန်မင်းတို့၊ ဗိုလ်မှူး မဟာဗလတို့ ကြီးမှူး၍ 'ဗိုလ်ရွှေပြင်' အဖြစ် မြင်းတပ်ဗိုလ် ခန့်အပ်စေဗျား"

"ကျေးဇူးတော်မြတ် ကြီးမားလှကြောင်းပါဘုရား၊ တိုက်စရာ ခိုက်စရာဟူသမျှ ရင်စင်း၍ တိုက်ခိုက်ပေးရန် အသင့်ပါဘုရား"

"ဒါဖြင့် အဆင်သင့်လိုက်လေ ဗိုလ်မှူးမဟာဗလ ဘုရား တောင်တွင်းကြီး ခရိုင်တစ်ရိုးမှာ ဟိုးဟိုး ကျော်ကြားနေတဲ့ တောင်လတ်ဗိုလ်မြင့်ကို ပွဲဦးထွက် အနှိမ် ခိုင်းရရင် မကောင်းပါလား ဘုရား"

"မှန်လှပါ၊ အသင့်လျော်ဆုံးပါ ဘုရား၊ တလောက တပ်တော်တော့ လှိမ့်ပြန် ခဲ့ရပါတယ် ဘုရား"

"မှန်လှပါဘုရား၊ ဗိုလ်မြင့်ကို အနိုင်ပိုင်းနိုင်အောင် အစွမ်းကုန် ကြိုးစားပါမည် ဘုရား"

ထိုအခိုက် ကြက်ပွဲမှ ဝါးခနဲ ညံသွားရသော အသံများကြောင့် ပုဂံမင်း မျက်လုံးတို့ကား အရောင်တောက်၍ ထွက်လာရပါတော့၏။

မှူးကြီးမတ်ငယ် ရွယ်ရွယ်လတ်လတ်တို့ကား ကစားဝိုင်းတွင် တချို့ အသောက်အစားပွဲက တစ်ဖုံ၊ ဗလီပွဲကလည်း ကြေးတန်း လက်ရင်း ငွေထောင်ချီ၍ ကြက်နီနှင့် ကြက်နက် လက်ရင်း ငွေအတူထားသူက ထား၊ လူကြွားကြီး ဦးရှမ်းအိုက ဟိုယိုင်သည်နင်းနှင့် လက်ရင်းကြေး ဘယ်လောက်များသလဲ၊ ကြက်အကောင်းစား နှင့် ထန်းရည်ဖိုး ယူမည်ဟု သူတစ်ဘက် ကိုယ့်တစ်ဘက် ရန်ဖြစ်အုံ့မှုံးမှုံး အသံများ ဆူလာရ၍. .

"မောင်မင်းတို့ ခုချက်ချင်း တိတ်ကြစမ်း၊ တစ်ဘက်စီ ဝင်ထိုင်ကြ"

"တင်ပါ့ဘုရား"

"ငြိမ်ငြိမ်မကြည့်နိုင်ရင် ထိပ်တုံး ခတ်ပစ်လိုက်မယ်"

"ကြောက်လှပါဘုရား"

"ဒါဖြင့် အဲဒီနားကဟာတွေ သိမ်းစမ်း"

"တင်ပါ့ဘုရား"

"ရွှေဖြင်"

"ဘုရား"

"စောစောက မယ်မယ်ဘုရား ကြွမသွားခင်က ဘာတဲ့၊ မင်းမှာ လမ်းက ကောက်လာတဲ့ ဘာဆိုလား ပါတယ်ဆို"

"အကောင် အနုပ်ကလေးတွေပါ ဘုရား"

"အို. . တစ်ခါတုန်းကလဲ ပုတ်သင်ညို အကောင်နုပ်ပေမယ့် ဘယ်လောက်ကြည့်လို့ ကောင်းသလဲဗျာ၊ လုပ်ပါ။ ကိုယ်တော်လူပျိုတော်သားတွေလဲ ငြိမ်ကုန်ကြပါပြီ"

"မှန်ပါ ကဏန်းနှစ်ကောင်ပါ ဘုရား"

"အယ်. . လုပ်ပါ၊ ကြည့်ရအောင်. . ကြည့်ရအောင်"

တစ်ယောက်တည်း ခုန်ဆွခုန်ဆွဖြစ်မတတ် ဘုရင်ကလေးကား တိရစ္ဆာန်တိုက်ပွဲကို ကြည့်ချင်လွန်း၍ ဆတ်ဆတ်တုန်နေပါတော့၏။

စိန်ကောင်း ကျောက်ကောင်း ရောင်းဝယ်ရာ ဆေးရိုးသည်က ကန့်လန့်ကန့်လန့် ဆိုသကဲ့သို့ပါတကား။

တောင်တွင်းကြီးတွင် ထကြွသောင်းကျန်းနေသော ဘိုမြင့်ကို မည်သို့ဦးဆောင်တိုက်ရပါ့ဟု စိတ်များ လန်းဆန်းတက်ကြွနေစဉ် ယခုတော့ ကဏန်းနှစ်ကောင်တိုက်ပွဲကို စ,ရဦးတော့မှာပါတကား။

သူက တိရစ္ဆာန်အဆွက အလွန်ကျွမ်းကျင်ရကား ကဏန်းနှစ်ကောင် မျိုးတူရိုးတူချင်း တစ်ကောင်တစ်ကောင် မကြည့်ချင်အောင် ဆွရပါတော့၏။

ကိုရွှေပြင်၏ ကျားလျားသော ကိုယ်လုံးကြီးသည် ပညာသားပါပါ ငယ်၍နူးညံ့၍ သွားရပါတော့၏။

ကဏန်းနှစ်ကောင် မျိုးတူရိုးတူတို့အား ပသို့များ စလိုက်သည်မသိ။ ခြေလှမ်းကျဲကြီးတွေနှင့် ရင်ဆိုင်ကြပါတော့၏။

"ချွင်. . "

"ချွင်. . "

ရှေ့သို့ ငွေစများ တစ်ပုံစီကျလာရပြီး လောင်းကြေးများ ထပ်ကြပါတော့၏။

ပုဂံမင်းတရားကြီးကား သောက်သောက်စားစား တပည့်ရမ်းကားကြီးများကို ကိုယ်လုံးတော် လှုပ်သည်အထိ ရာဇက္ကန္ဒြေမဲ့အောင် ရယ်တော်မူ၍ သဘောတော်ခွေ့နေရလေသတည်း။

ကဏန်းနှစ်ကောင် တိုက်ပွဲ စ,လေပြီ။

ကိုရွှေပြင် တော်ပုံကို မင်းတရားပင် ခြွင်းချက်မထား သဘောတော်ကျသွားရသည်။

ကဏန်းလက်မကြီးတွေနှင့် တစ်ကောင်နှင့်တစ်ကောင် အသေဆော်ကြညှပ်ကြ သတ်ကြပါလား။

အချင်းချင်း ရန်စောင်ချင်စိတ် ပေါက်လာအောင် လုပ်တတ်သော ပညာသည် လွယ်သယောင်နှင့် အခက်ဆုံးပါတကား။

ကဏန်းနှစ်ကောင် သတ်ပွဲကား ပုဂံမင်းတရားကြီး၏ ပျော်တော်ဆောင်ကြီးတစ်ခုလုံး သိမ့်သိမ့်ခါသွားရတော့၏။

အတိုချုံး၍တင်ပြရလျှင် သည်ညာဘက်မှ အကောင်သည် ဘယ်ဘက်မှအကောင်လက်ကို ကတ်ကြေးနှင့် ဖြတ်သလို ဖြတ်ချလိုက်ပါတော့သတည်း။

"ဖျောင်း. . ဖျောင်း. . "

"ဂွမ်း. . ဂွမ်း. . "

"ဘုန်း. . ဘုန်း. . "

နှင့် ကြေးထပ်၍နိုင်သူ၊ အထင်မှား၍ ရှုံးသူတို့အသံများ ဝက်ဝက်ကွဲသွားရပါတော့၏။

နောက် သူ့တွင် ပါလာသော အကောင်များအပြင် ပိုးဟပ်ပင် ချမ်းသာမပေးပြိုင်ပွဲကလေး ကျင်းပပေးခဲ့ရပါတော့၏။

ထိုနေ့က ပုဆိုး ဝတ်စုံနှစ်အုပ်၊ ငွေရေမှုတ် တစ်ခု။ ဆုတော်လာဘ်တော်ရ၍ သံတော်ဆင့်မင်းတို့မှတစ်ဆင့် မြင်းတပ်ဗိုလ် 'ဗိုလ်ရွှေပြင်' ဘွဲ့ကို စတင်ရရှိခဲ့ပါတော့သတည်း။

# တောင်တွင်းဘိုမြင့် အလွန်ဝင့်

ဘိုမြင့်ကား အမှန်စင်စစ် သရေခေတ္တရာသားတည်း။

တောင်တွင်းဘက်တွင် သွားလာကျက်စား ဗိုလ်ကျရဖန်များသောအခါ သူ့ကိုယ်သူ ဒွတ္တဘောင်မင်း ဝင်စားကျင်လည်လာသူဖြစ်ကြောင်း ကြွေးကြော်ရုံမက တောင်တွင်းသူ အပျိုချောကလေးများအား မြင်းနှင့်တင်၍ ခိုးခိုးပြေးလေ့ရှိကြောင်း။ ပစ္စည်း၊ ရွှေ၊ ငွေတင်မက မိန်းကလေးများကိုပါ မြင်းပေါ်တင်ပြေးရင်း ရာဇဝင်ကြွေးဆပ်တာဟေ့။ ဟိုး. . ဘဝက ငါ့ကို တောင်တွင်းသူ ပန်ထွာဒေဝီက မသန့်မစင်တဲ့ မျက်နှာသုတ်ပဝါနဲ့ ဆက်ပြီး လှူညွန့်တုံးအောင် လုပ်ခဲ့တယ်။ ခု ဒါကို ငါက ကလဲ့စား ပြန်ချေနေတာဟု ကြွေးကြော်သွားလေ့ရှိသည်။

သက္ကရာဇ် ၁၂၁၁ ခုနှစ်၊ အင်္ဂလိပ်တို့နှင့် နယ်ချင်း ကပ်လျက်ရှိသော တောင်တွင်းဝန် စာရေးများ ရွှေဖဝါးတော်အောက် ဝင်ရောက်၍ သံတော်ဦးတင်ပုံက ဘိုမြင့်၏ သောင်းကျန်းနေပုံများ ဖြစ်ပါ၏။

ဘိုမြင့်ကား ဓားပြီး၊ သေနတ်ပြီးကြောင်း။ အဆိုးဆုံးမှာ တောင်တွင်းဝန်ငရွှေတီးအား ဓားဆွဲ၍ အသေသတ်ကာ ရွှေငွေ၊ လက်ဝတ်လက်စားများ ယူသွားကြောင်း၊ နောက်လိုက် သေနတ်ကိုင် လူငါးရာနှင့် အင်္ဂလိပ်နယ်ဘက်သို့ ပြေးကပ်ခိုအောင်းနေပါကြောင်း၊ သည်ဘက်တွင် အလစ်အလစ်၌ ဝင်ရောက်လာတတ်ပြီး

ရွှေငွေပစ္စည်းများသာမက မိန်းမပျိုကလေးများကိုပါ အဓမ္မ သိမ်းပိုက် ခေါ်ဆောင်သွားလေ့ရှိကြောင်း၊ ဤသို့ သောင်းကျန်းနေသော ဘိုမြင့်အား ရေမြေသနင်း ပြည့်ရှင်မင်းက လျစ်လျူရှုမထားဘဲ လာရောက် သုတ်သင် ရှင်းလင်းပေးပါမည့်အကြောင်း ရှိခိုး၍ လျှောက်ထားသွားကြပါသည်။

ဤအရေးအခင်းတွင် တပ်ထွက်ခြင်းတွင် ဗဟုသုတ ဘာမှမရှိသေးသော ဗိုလ်ရွှေပြင်ကို လွှတ်မည်ဆို၍ အားလုံး အံ့အားသင့်နေကြသည်။

ဗိုလ်မှူးတေဇကဲ့သို့ တိုက်ရည်ခိုက်ရည်နှင့် ပြည့်စုံသည့် စစ်ပါးဝနေသူများပင် တပ်လန်လာခဲ့ရသည် တဲ့။

ဘိုမြင့်က သူတို့ တပ်တော်ဘက်သို့ ပျားပိတုန်းတွေ လွှတ်ပေးနေလေ့ရှိ၍ ပျားတုပ်ခံရပြီး အဆိပ်ပြင်း၍ သေသူတောင် သေကုန်ကြတော့လည်း နာမည်ကြီး ဗိုလ်တေဇာ နောက်တော်သားများကို ငဲ့၍ တပ်ပြန်ဆုတ်ခဲ့ရသည် တဲ့။

"ဗိုလ်မှူးကြီးတေဇာ ဆိုတာ တိုက်ရည်ခိုက်ရည်မှာ အလွန်တော်တာတောင် တပ်လန်ပြန်ခဲ့ရတာ။ ဗိုလ်ရွှေပြင် မြင်းတပ်ဗိုလ်ပေါက်စတော့ အသာကလေး ဆုတ်ခဲ့ရမှာ မြင်ယောင်ပါသေးရဲ့ဗျာ"

"သူက မြားပြီး၊ ဓားပြီးတဲ့ဗျာ"

"ခင်ဗျားတို့က ဘိုမြင့်ပဲ မွှမ်းနေကြတာကိုး၊ ဒီကသွားမယ့် ကိုယ့်ဘက်တော်သားလဲ မွှမ်းကြပါဦးဗျာ့"

"အဲဒါလဲ ဟုတ်တယ်၊ ဟုတ်တယ်။ မြို့ဝန်မင်းရဲ့ မြင်းကို မြားနဲ့ မပစ်ခင် ကတည်းက ဘယ်နေရာ ပစ်မယ်ဆိုတာ စာနဲ့ ကြိုရေးထားတာတဲ့၊ သူ့လဲ အထင်မသေးကြနဲ့နော်"

"ကံချော်လို့ နန်းပေါ် ရောက်လာတာပါ။ ဓားပြတိုက်ကောင်းတိုင်း စစ်တိုက်ကောင်း ဖြစ်လာမယ်တဲ့လား"

"ရန်သူနဲ့ ရင်ဆိုင်တဲ့နေရာမှာ သူနိုင်ကိုယ်နိုင် အပြိုင်ကြနိုင်တာဟာ နည်းကောင်းတစ်ခုတော့ ရှိလို့ပေါ့ဗျာ"

"ကဲ. . ကဲ စကားပွဲ သိမ်းကြစို့၊ ခု ဒီကိစ္စမှာ မယ်မယ်ဘုရားက ရွှေငါးဆယ်သားရှိ ခွက်ကြီးကို ဆုချီးမြှင့်လိုက်တာတဲ့ဗျာ့"

"သားတော် ရွှေနန်းရှင်ရှေ့မှာ မယ်မယ်ဘုရားတော့ အရှက်မခွဲပါနဲ့လို့ မှာလိုက်တာတဲ့၊ ဗိုလ်ရွှေပြင်ကလဲ အပြတ်ကြတော့မှာပေါ့ဗျာ"

စကားဝိုင်း ငြိမ်သွားရလေပြီ။

ဗိုလ်ရွှေပြင် တောင်တွင်းဘိုမြင့်အား နှိမ်နင်းရန် ထွက်တော့မည်။

အစီအမံ အခန့်အခွဲများက အားလုံး အမြန်ဆုံး စီစဉ်ပေးနေရသည်။

တပ်တော်ဦး၌ ဆင် (၆) စီး၊ အမြောက်ကြီး (၃) လက်၊ သေနတ်ကိုင်တပ်သား (၅၀၀)၊ ဓားလှံဝမ်းပါတ် ခြေလျင်တပ် (၁၀၀၀)၊ တပ်ပေါင်းစု (၃၀၀)၊ လူယုံကိုယ်ရံတော် (၂၀၀) ဆင်၊ မြင်း၊ ဓား၊ လှံ၊ သေနတ်နှင့် အမြောက်တပ် စုစုပေါင်း (၂၀၀၀) တပ်ကြီးကို ဗိုလ်ရွှေပြင်နှင့် အခြား ဗိုလ်ကြီးနှစ်ဦးအမှူးပြု၍ ချီတက်သုတ်သင်ရန် ကိုးခရိုင်ကို ဖြတ်၍ စတင်ခရီးထွက်လေတော့သတည်း။

# အလွမ်းလက်ဆောင်

"ဒါ. . ဒါ ကိုရွှေပြင်တို့ အိမ်လားတော်"

အသက်သုံးဆယ်ခန့် နွားနို့ခဲသည် မယ်စာသည် နာမည်နှင့်လိုက်အောင် အသံစာစာကလေးနှင့် မေးရင်း ဝင်လာသည်။

ဝေးလံသောအရပ်မှ လာရ၍ ခေါင်းခုကိုဖြုတ်၍ ယပ်ခတ်သည်။ မျက်လုံးကမူ စိမ့်နေအောင်အေးသော စစ်ကိုင်းရေအိုးကြီးဆီသို့ ရောက်နေသည်။ အတန်ကြာသော် မအောင့်နိုင်ဘဲ ရေထသောက်နေစဉ် မလည်ရစ်သည် ဗိုက်တစ်လုံးကလေးတစ်ယောက်နှင့်အတူ ထွက်လာသည်။

"ဘယ်ကလဲ"

ရေဝင်သောက်မိ၍ ဈေးသည်မ ရှန်တန့်တန့် ဖြစ်သွားရသည်။

"ကိုထွန်းရှိတို့အိမ်က နို့ခဲငါးဆယ်သား ဝင်ပေးသွားပါ မှာလိုက်လို့ပါတော်၊ ရော့. . နွားနို့ခဲ၊ ချိန်ပြီးသားပါ"

"ဘာလဲ၊ ပိုက်ဆံပေးရမှာလား"

"အို. . ကြံ့ကြီးစည်ရာတော်၊ ဟိုက စေတနာနဲ့ အပို့ခိုင်းလိုက်တာ။ ကျုပ်သွားမယ်"

မယ်စာက ရုပ်ကလည်းကြမ်း၊ စကားပြောအပေါက်ကလည်း ဆိုးနှင့် ခပ်သုတ်သုတ် ခပ်မောက်မောက် ထွက်သွားသည်။

မှန်သည်။ သူ့ရုပ်ကိုယ်က ရင်မောက်မောက် တင်ကောက်ကောက်နှင့် ကြည့်လိုက်လျှင် ဘဝင်ကိုင်နေသော ဈေးသည်ပုံစံမျိုးတည်း။

မလည်ရစ်က စဉ်းစားသလိုလေး ကြည့်၍ကျန်ခဲ့စဉ် ဒွေးလေးလှသည် ပြောင်းဖူးဖက်ကိုဖွာ၍ ယောင်ပေပေနှင့် ဝင်လာသည်။

"စောစောက အင်ဒိုင်းက နို့ခဲသည် မစာ မဟုတ်လား"

"ဟုတ်မှာပေါ့၊ နာမည်လဲ မသိပါဘူး ဒွေးလေးလှရယ်"

"အဟင်း. . ကြားလိုက်ပါတယ်အေ။ အင်ဒိုင်းက ထွန်းရှိတို့အိမ်က နို့ခဲ အပို့ခိုင်းလိုက်တာ မဟုတ်လား"

"ဟင်. . ဒွေးလေးက ဘာကြောင့်သိနေတာလဲ"

"အဲဒီတုန်းက အမေနေမကောင်းလို့ အင်ဒိုင်း ရောက်နေတာကိုး"

"သြော်. . သြော်. . ကြားလိုက်တယ်"

"ကောင်မကလေးက မြန်မာဆန်ဆန်၊ သူ့မောင် ထော့ကျိုးက ဘိုဆန်ပုံတော့ သြချရတယ်တော်"

"ဘယ်လို ဘိုဆန်တာလဲ ဒွေးလေးရဲ့"

"မောင်ရွှေဖြင် လာတည်းတာကို သူ့နှမ မိအုံက ဇနီးမယားလောက် အပြုစု ခိုင်းတာတော့"

"ဟင်. ."

ကိုယ်ဝန်ကြီးနှင့် မလည်ရစ် ရင်ဝအလုံးကြီး ဆောင့်သွားရရှာသည်။ လင် ဇောမျှား တယ်ဆိုးပါလားနော်။

"ဘယ်. . ဘယ်လို ဒွေးလေးရဲ့"

"သည်လိုဟေ့၊ ထွန်းရှိက ထော့ကျိုး၊ ခြေမသန်ဘူး။ အဲဒီတော့ ယောကျ်ား ပီသတဲ့လူတွေကို သိပ်အားကျရှာတယ်။ မောင်ရွှေဖြင်က သူ့ကို လမ်းတွေ့လဲ မြင်း ရေး၊ မားရေး၊ လှံရေး အကုန်ပြသွားတတ်တာကိုး။ သူ့နှမကို ပြောသတဲ့။ ကိုရွှေဖြင် ကို စောင့်ကြည့်တဲ့၊ တစ်နေ့ကျရင် ထိပ်တန်းရောက်မှာတဲ့"

"ဟင်. . အဲလိုပြောတာလား"

"ပြောရုံ ဘယ်ကမလဲ။ ညည်းကပဲ အပုန်းခိုင်းလို့ ဆို၊ အင်ဒိုင်း ရောက်လာ တယ်လေ။ သူ့မိဘနဲ့ မောင်က မိုးလင်းရင် လယ်တောဆင်းတာလေ။ သူတို့ နှစ်ယောက်တည်းပေါ့"

"ဟင်. . နှစ်ယောက်တည်း"

"အေးလေ၊ မိအုံတို့ အဖြစ်သည်းပုံများ မောင်ရွှေဖြင်ကို ခေါင်းတောင် လျှော် ပေးတာတော့"

"ဘုရားရေ. . "

"အဲဒီတော့ ရွာထဲက အိမ်တွေက ကျိတ်ပုန်းလေး ချောင်းကြည့်နေတာပေါ့။ ထောလပတ်ရွက်၊ ကောက်ညှင်းဆန်၊ တရော်ကင်ပွန်း၊ နံ့သာဖြူ ကရမက် အစုံ ထည့်ပြီး လျှော်တာတဲ့တော့"

"အလိုလေး. . "

"ဒါတင် ဘာကဦးမလဲ။ မိအုံက ပြောတယ်တဲ့၊ အစ်ကိုရွှေက ရယ်ခဲတယ်တဲ့၊ ရယ်လိုက်ရင်လဲ ရင်ထဲဖို. . ဖိုသွားတာပဲတဲ့။ သူ့မိန်းမတော့ သူ့ရတာ သိပ်ကံကောင်းတာပဲတဲ့။ မိန်းမဆိုတော့ ခဏခဏ ရယ်ပြနေမှာပဲတဲ့။ ခဏခဏ ရင်ဖိုတဲ့ အရသာ ခံစားရမှာပဲတဲ့"

"ဟင်. . သောက်ကောင်မ"

နို့စို့နေသော တက်ခါးကို ကြမ်းတမ်းစွာ တွန်းပစ်ပြီး စောစောက တင်ထားသော နို့ခဲပြားကြီးကို အမြန်ပြေးယူ၍. .

"နောက်ပိုးမကြီးလက်ဆောင် သွားပေတော့" ဆိုပြီး သဲတွေပေါ် လွှင့်ပစ်လိုက်ပါတော့သတည်း။

"ဟယ်. . နှမြောစရာ မိရစ်ရယ်။ ညည်းမစားရင် ငါ စားပါရစေဟယ်"

ဟုဆိုကာ သဲထဲ သွားကောက်သူက ကောက်နေစဉ် မလည်ရစ် လင်စိတ်တို့ ငယ်ထိပ်သို့ ပေါက်လေပြီတကား။

ဒွေးလေးလှလည်း ဒေါသကြီးသော မိလည်ရစ်ကို ဆက်မပြောရဲတော့ဘဲ နို့ခဲတွင်ကပ်နေသော သဲများ ဆေး၍ ချက်ပြုတ်ရန် ပြရင်း သူ့သမီးကို စကားတွေ ဆက်နေပြန်သည်။

"ပြောမယ့်သာ ကိုယ့်ရွာသူဘက်က မခံချင်လို့ပြောရတာအေ။ မိအုံနဲ့မိရစ် တကယ်ကွာတယ်"

"ဘာကွာတာလဲ အမေရဲ့"

"မိအုံက တယ်သိမ်မွေ့တာပဲ။ အစားလဲ မကြူးဘူး။ သားလေး ဖားလေးရရင် အဖေနဲ့ သူ့အစ်ကိုပဲ ထည့်ပေးရှာတာ။ သူကတော့ ငါးပိဖုတ် သံပုရာရည်ဆမ်းစား ရှာတာ များတာပါပဲအေ"

"မလည်ရစ်ကတော့ အမဲသား တစ်ပိဿာချက် တစ်ယောက်တည်းစားတာ နာမည်ကြီးပဲ အမေရယ်"

"ဟဲ့. . လူက ဘီလူးလောက်စားနေတော့ ဘယ်တတ်နိုင်ပါတော့မလဲကွယ်"

“ရှူး. . တိုးတိုးပြောပါ အမေရယ်၊ ကျုပ်တော့ မလည်ရစ်ပါးစပ်ကို ကြောက်တယ်တော့”

“ယောက်ျားလဲ ရှာပေးနိုင်တော့ တစ်မျိုး၊ ရှာမကျွေးနိုင်တော့ တစ်မျိုး၊ ဦးလေးထွန်းအောင်ကြီးကမှ တော်သေး”

“ဒွေးလေးတို့သားအမိ အတင်းပြောလဲ တိုးတိုးပြောကြနော်၊ ကျုပ်က မောင်ကြီးဆီက လှံပစ်သင်ထားတာတော့်”

တစ်ဘက်အိမ်ပေါ်မှ ကလေးကို ပျစ်ရွဲကြီး နို့တိုက်ရင်းက လှမ်းပြောနေ၍ ဒွေးလေးလှတို့ သားအမိ လျှာထုတ်ရင်း နှုတ်ပိတ်သွားကြပါတော့၏။

# သူ့အစွမ်း ကိုယ့်ပညာ

တောင်တွင်းကြီးသူပုန် ဗိုလ်မြေင့်ကား ကောနေသော ကန်ချိုင့်ကြီးထဲတွင် သူ့အဖွဲ့နှင့်သူ ရွာတည်နေသည်။ သူတို့နားသို့ သူစိမ်း မကပ်ရဲချေ။

ဗိုလ်မြေင့် အိမ်ကို ဝိုင်းထားကြသည်။

တစ်နေ့ နံနက်စောစောတွင် ရွှေခွက်ကို ဆောင်းထားသော ရသေ့တစ်ပါး သပိတ်ကို ပိုက်၍ ဗိုလ်မြေင့် အိမ်ရှေ့၌ ရပ်သည်။

ဗိုလ်မြေင့်နှင့် မယားငယ်ကလေးများကား အိပ်စက်နေဆဲပါ။

မယားကြီး မဒေါနသာလျှင် ဆွမ်းကွမ်းများ ပြင်ဆင်ရင်း အိမ်သို့ ကြွလာမည့် ဆွမ်းခံကိုယ်တော် သုံးပါးကို ငံ့လင့်နေသည်။

ဤသို့ နိစ္စဘတ် ကုသိုလ်ပြုခြင်းကို ဗိုလ်မြေင့် လုံးဝမကြိုက်ချေ။ လူမိုက်နဲ့ ဘုန်းကြီး ဘာဆိုင်လို့လဲကွာဟု ရယ်ကျဲကျဲနှင့် မယားကြီး မဒေါနကို စ,သည်။

သို့သော် ရွာစဉ်တစ်လျှောက်မှ တစ်နေ့တစ်ယောက် ပါပါလာတတ်သော 'မနောက်တိုး' ကလေးတွေနှင့် သူက ကျီစယ်ချင်တိုင်း ကျီစယ်နေစဉ် အိမ်က ကြက်မကြီးတော့ ဘုရား တရား သံဃာ ဝေယျာဝစ္စတွေနှင့် နေပါစေတော့ဟု ဒါလေးတော့ဖြင့် ခွင့်ပြုထားသည်။

ယနေ့လည်း မင်္ဂလာနံနက်ခင်းတွင် ရွှေဒေါက်ခြာနှင့် ရသေ့ထူး ရသေ့မြတ်အား သဒ္ဓါတရား ထက်သန်စွာ ဆွမ်းနှင့်ဟင်းများ လောင်းထည့်လိုက်စဉ် . .

"ဒကာကြီးမြင့် ခုတလော ဂရုစိုက်နေပါစေဗျား"

"အို. . ဘာမြင်လို့ပါလဲ ဘုရား"

"ထောင်တပ်ကြီး နေပြည်တော်က ချီလာပါရောလား ဒကာမကြီးရဲ့"

"အဟင်း. . ကိုမောင်မြင့်က သူ့သံချပ်ကာအင်္ကျီ ရှိနေသရွေ့ မကြောက်သေးထဲကပါ ဘုရား"

"ရန်ကုန်က ကုလားဖြူတွေပေးတာပဲဘုရာ့။ အထက်ပိုင်းတင်ပါ ဘုရား"

"အိမ်း. . သာဓု သာဓု သာဓု. . ၊ ရသေ့ကြီးတို့နဲ့ မဆိုင်တာတွေ မသိချင်ပါဘူးကွယ်"

"တင်ပ့ါ မသိချင်တာပဲ ကောင်းပါတယ်ဘုရား။ ကိုမောင်မြင့်က သိပ်ဒေါသကြီးတာ ဘုရာ့"

မန်ကျည်းပင်ကြီးအောက် ကွပ်ပျစ်ကြီးပေါ်တွင် ဆွမ်းလောင်းရင် စကားပြောနေကြခြင်းဖြစ်၍ မည်သူ ကြားအံ့နိုင်ပါမည်နည်း။

ဒေါ်ဒေါနကား ရွှေဒေါက်ခြာနှင့် ရသေ့ကြီးကို ဖူး၍မဝသလို ကျန်ခဲ့ပါတော့၏။

ဗိုလ်ငမြင့်ကား နေမြင့်စွာ စည်းစိမ်ယစ်ပြီးမှ အိပ်ရာမှ အညောင်းဆန့်၍ နိုးလာသည်။

ဒေါ်ဒေါနကား ရေပူရေချမ်း ကမ်းရင်းက ယနေ့ အိမ်တွင် သူတော်စင်တစ်ဦး ထူးမြတ် ကြည်ညိုဖွယ်ရာ ရောက်ရှိလာကြောင်း ပြောလိုက်ချင်သမျှ လျှာကို ယားနေတော့သည်။

သို့သော် သူစိမ်းမဝင်ရဟု အမိန့်ထုတ်ထားသည့်ကြားက ဘယ်သူစိမ်းက ရောက်လာဘိသနည်းဟု အပြစ်တင်မည်စိုး၍ သူက နှုတ်တယားယားကြားမှ ငြိမ်နေလိုက်ရသည်။

"သွား၊ ကောင်မလေး ရှက်နေတယ်။ မင်းကိုယ်တိုင် ခေါ်ချည်ပါ။ မျက်နှာသစ်ဖို့ နေရာလေး ဘာလေး ပြငီးမှပေ့ါကွ"

ဒေါ်ဒေါနသည် လူဆိုးမယားအဖြစ် မည်မျှ အရေထူနေစေကာမူ ဒါမျိုးကလေးတွေ လက်တွေ့ မြင်တွေ့လုပ်ကိုင်ပေးရသောအခါ ရင်နာရှာသည်။

ရင်နာ၍ကော ယောကျ်ားကို လက်တုံ့ပြန်ရန် စိတ်ရှိသလား ဆိုတော့လည်း မရှိရှာပါ။

"အင်း. . ငါ့ဘဝကတော့ မယ်သီလရှင် ဝတ်လိုက်ရင် အကောင်းဆုံးပါပဲ" ဟူ၍ တရားသံဝေဂများ များပြီး တရားကျနေရရှာသည်။

ယခုလည်း အခန်းဝမှာ ဆံပင်ရှည်တစ်ထွေးကြီးနှင့် ၁၈ နှစ်အရွယ် မိန်းကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်မိရှာသည်။

ဩော်. . မိကောင်းဖခင် သားသမီးလေး ပုံစံပါ။ ရှက်ရွံ့ရွံ့နေပုံကလေးက သနားစရာ။

အနိုင်ကျင့်ခေါ်လာ၍သာ ပါလာရရှာသည်။ အဘယ်မှာ ဓားပြ အစော်ကား ခံချင်ပါမည်နည်း။

"လာ. . လာ. . တူမလေး၊ ဟောဟိုဟာ အိမ်သာ။ ဒါက ရေချိုးခန်း မျက်နှာ သစ်ရင်တော့ အဲဒီ အိုးတုတ်ကြီးထဲက ခပ်သစ်လိုက်ရုံပဲနော်"

သူက ချိုသာစွာ လမ်းညွှန်ခဲ့ပါတော့၏။

"ချွမ်. ."

အပြင်က တစ်စုံတရာ ကျကွဲသံကြောင့် ပြေးထွက်လာရာ ဗိုလ်မြင့်သည် ပန်းကန်ကွဲကြီးကို ငုံ့ကြည့်ရင်း ဒေါသတကြီး ပန်းကန်ကွဲတွေ ခုံဖိနပ်ကြီးနှင့် ထပ် ထပ်ကြိတ်သည်။

"လက်ပြတ်ကြီး ရှပ်ဦးကွာ၊ ရှပ်ဦး"

သူ့လက်ကိုလည်း ဒေါသတကြီး ခုံတွင် တဘုန်းဘုန်း ချပါတော့သတည်း။

"မတော်တဆ ကျတာပဲရှင်။ ရှင့်လက်တွေ နာကုန်မှာပေါ့"

ဒေါ်ဒေါ်နက ဒေါနပန်းကလေးကဲ့သို့ပင် သင်းသင်းသာသာကလေး ဟန့် တားရှာသည်။

"ခင်ဗျားကြီးတို့ ဘာသိလို့လဲ၊ နေပြည်တော်က ထောင်ကျော်တပ်ကို အုပ် ချုပ်လာတာ ဗိုလ်ရွှေမြင်တဲ့ကွ။ တိုက်ရည်ခိုက်ရည် နှစ်ပြားသားမှ မရှိဘဲ ငါ့နယ်ထဲ လာတယ်ဆိုတော့ မန္တာန်၊ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ပညာတွေ ကျွမ်းသသူသာ ဖြစ်ရမယ်ကွ၊ ဖြစ်ရမယ်"

"သူတို့က မန္တာန်လက်ဖွဲ့အားကိုးတွေ။ ရှင်က တိုက်ရည်ခိုက်ရည် ရှိပြီးသား ပဲရှင့်၊ ဘာမှ ကြောက်နေစရာ မလိုပါဘူး"

"ရိုးရိုးသားသားဆို မကြောက်ပါဘူးကွာ။ ဉဏ်နီဉဏ်နက် ဆင်မှာပဲ ငါ ကြောက်တယ်။ ကဲ. . ကဲ မောင်းထုကွာ၊ မောင်းထုခိုင်း 'ရန်ပယ်ကွင်း' မှာ သီတင်း ကျွတ်ပွဲတော် ရှိတယ်"

"ပွဲခင်းတော့ မဖျက်ဆီးပါနဲ့ရှင်"

"ဖြန်း. ."

"အမယ်လေးတော်"

မယားကြီးဒေါ်ဒေါနု ပါးကို ဖြန်းခနဲ လွှဲချလိုက်ခြင်းပါတည်း။

သူက လှည့်မကြည့်အားပါ။ မျက်နှာဖုံးများ စွပ်ကြ၊ လေးမြား၊ တူမီးသေနတ်များ လွယ်ကြ၊ သူက ရှင်ဘုရင်လိုလို၊ စော်ဘွားလိုလို၊ ဆင်စီးပြီး ထွက်ရာ၊ ဆင်နောက်မှ လူယုံတော် ဗထီနှင့် သံလုံးတို့ အဲမောင်းလှံကြီးများနှင့် လိုက်ရသည်။

ဆင်နားကပ်လာသူကို လှံရှည်ကြီးနှင့် ဖွက်ခနဲ ထိုးချင်ထိုးပစ်တတ်ကြသူများပါ။

"ဗထီ၊ သံလုံး အားလုံး သတိကြပ်ကြပ် ထားကြနော်။ တပ်တော်က ရွှေမြင်တဲ့၊ သေချင်လို့ ကျားတော ရောက်လာကြ ထင်ပ့ါကွာ"

"ဟုတ်ပါတယ် သခင်။ သေချင်လို့ ကျားတော ရောက်လာတာပါ"

"ဗထီ၊ မင်းအသံ ဘာဖြစ်နေတာလဲ"

"မုန့်ဆီကြော်တွေ သွားစားလို့ အသံကွဲနေတာပါ သခင်ကြီး"

"ဟော့. . ဟော့ ဟိုမှာ ထောင်တပ် ပွဲခင်းဝက စောင့်နေပါလား။ ဆက်သွားရမလား၊ ဒီက ဆင်းတိုက်မလား"

"သတ္တိနည်းရာကျပါတယ်၊ တစ်ယောက်ချင်းချင်း ဆော်ကြတာပေ့ါ သခင်ကြီးရဲ့"

သံလုံးအသံက ပြတ်ပြတ်သားသား။

ဗထီက အသံဝင်နေ၍ ချောင်းတဟွတ်ဟွတ် ဆိုးသည်။

"ငါလခွီးတဲ့မှပဲ၊ မင်းကလဲ အရေးထဲ ချောင်းတဟွတ်ဟွတ်နဲ့"

"မတည့်တာ သွားစားမိလို့ပါ သခင်ကြီး။ ဟော. . ဟော တပ်တော်နဲ့ တစ်ယောက်တစ်ပြန် စကုန်ကြပါပြီ"

ဗထီကား အသော့နှင်သော ဆင်ကြီးပေါ်မှ ရှေ့တိုးနောက်ငင် ပါသွားသည်။

ပွဲလည်း ကမ္ဘာပျက်သည့်နှယ် အော်ကြ ဟစ်ကြနှင့်၊ သူ့ဘက်ကိုယ့်ဘက် ညာသံပေး၍ တိုက်ကြ၊ စူးစူးဝါးဝါး အော်သံတစ်ခုကတည်း လူတွေ အသည်းကျိန်းမတတ်။ သံလုံးကား သူ့လှံရှည်ကြီးနှင့် ဆင်ပေါ်မှနေ၍ တစ်ချက်ချင်း လိုက်ထိုးနေပါတော့၏။ ထိုသို့ အနိုင်ကျင့်၍ ကောင်းနေစဉ် သည်ဘက်မှ ဗထီသည် ဗိုလ်ငမြင့်၏ တင်ပါးထဲသို့ သူ့လှံတိုကို စိုက်ချလိုက်ပါတော့၏။

"အမ်း မယ်လေး ဗျာ့"

သူက လည်မျိုကိုမော့၍ ဓားမြည့်မြည့်နှင့် ထောက်ရင်း. .

"ငါ ဗထိမဟုတ်ဘူးကွ၊ ရွှေဖြင်၊ ရွှေဖြင်။ မြင်းတပ်ဗိုလ် ရွှေဖြင်၊ မင်းတင်ပါး ထဲက လှံကို အမြန် ပြန်ထုတ်စေချင်ရင် မင်းလူတွေကို အမိန့်ပေးစမ်း။ လက်နက် ချဖို့"

"အင် အင် အိ အား"

သူက သံလုံးအားကိုးနှင့် လှည့်စောင်းစောင်း လုပ်နေ၍ သံလုံး၏ကျောကို ဓားနှင့်ခွဲ၍ ဆင်ပေါ်မှ ကန်ချလိုက်ပါတော့၏။

စောစောက လူတွေကို နိုင်လိုမင်းထက် လှံရှည်ကြီးနှင့် တစွတ်စွတ် ထိုးခဲ့ သမျှ ဆင်ပေါ်မှ ကားရားကြီးကျ၍ သေလေပြီတကား။

ဗိုလ်မြေင့်သည် ကြောက်သေးများ ဖြန်းဖြန်းပါ၍. .

အသံနက်ကြီးနှင့် ကုန်း၍ အော်ပါတော့သည်။

"လက်နက်ချ၊ အားလုံး လက်နက်ချကြ၊ ငါ သေတော့မယ်၊ နဖူးနဲ့ မြေကြီး ကပ်. . ကပ်လိုက်၊ ငါ. . ငါ သေသွားလိမ့်မယ်"

အားလုံး သူ့အမိန့်ကြောင့် မြေပြင်တွင် ဝပ်လိုက်ကြသည်။

သံချပ်ကာအင်္ကျီလွတ်သော တင်ပါးထဲ လှံတိုကြီး ထိုးစိုက်ထား၍ သေလု မတတ် ကြုံးရှုန်းအော်သည်နှင့် သူ့တပည့်အားလုံး လက်နက်ချလိုက်ပါတော့၏။

ဗိုလ်ရွှေဖြင် တပ်တော်သားများ ဝမ်းသာအားရ ကပ်လာကြပြီး သံခြေကျင်း၊ သံလက်ထိပ်တို့ လှမ်းပေးသမျှ အကုန်ခတ်ပြီးမှ လှံကိုဆွဲထုတ်ရာ သွေးများ ဝေါခနဲ ကျ၍ ဒဏ်ရာကြီး အကြီးအကျယ် ရသွားပါတော့၏။

"ရဲဘော်တို့. . ဗိုလ်မြေင့်ကို မိထားပြီ၊ မိထားပြီ။ အားလုံး ဝမ်းမသာကြဘူး လား"

"ဝမ်းသာပါတယ်၊ ဝမ်းသာပါတယ်"

"သူ့ကို သနားတဲ့လူ ရှိသလား"

"မရှိပါဘူး၊ မရှိပါဘူး"

"ကျုပ်တို့အိမ် မီးရှို့သွားတာ သူပါ"

"ကျုပ်သမီးလေး ဆွဲခေါ်သွားတာ သူပါ"

"ကျုပ်တို့ရှိသမျှ စည်းစိမ်ကို တိုက်ခိုက်သွားတာ သူပါ"

"ကောင်းပြီ. . ကောင်းပြီ၊ ရန်ပယ်ကွင်းထဲလဲ လန့်ပြီး ဆိုင်းသံတွေ ရပ်ဂူန် ကြပြီ၊ မြေဝိုင်းဇာတ်လဲ ပြန်ကပါ၊ ရုပ်သေးကလဲ ပြန်ကပါ၊ ယိမ်းတွေလဲ ပြန်ကကြပါ၊

ဘုရားပွဲလာ ပရိသတ်ကြီး ရဲရဲတင်းတင်း သွားကြ လာကြပါ။ ဗိုလ်ငမြင့် ဘက်တော်သားတွေ အကုန်ဖမ်းချုပ်ထားပြီးပါပြီ၊ သူ့ညာလက်ရုံး သံလုံးလဲ သေပြီ"

"ဝေး. . ဟေး. . ဟေး. . သံလုံး သေပြီတဲ့"

"ဆင်ပေါ်က လှံနဲ့ အမြဲလိုက်ထိုးတဲ့ လူယုတ်မာကြီး သေတာကောင်းတယ်"

"ဗိုလ်ရွှေပြင် ကျန်းမာပါစေ"

"ဗမာ့တပ်မတော်သား့တွေ အောင်မြင်ပါစေ"

"ချမ်းသာကြပါစေ"

လူထုကြီးကား တစ်ခဲနက် ဝမ်းသာလုံးဆို့ကာ ဆိုင်းသံ ဗုံသံ ကြေးနောင်းသံ ခရာသံတို့ ဝေဝေဆာ၍ သွားရပါတော့၏။

နောက်တစ်နေ့တွင် ဗိုလ်ငမြင့်၏ ညာလက်ရုံး ဆယ်ဦးကိုပါ တစ်ဆက်တည်း ဖမ်းမိသည်။

လက်များ ခြေများ လိမ်ချီးထားခဲ့သဖြင့် နယ်သူနယ်သားများ ကြောက်စရာ မရှိတော့ပေ။

ဗိုလ်ငမြင့်ကား တင်ပါးတွင် လှံစူးထားသော ဒဏ်ရာက ကြီးမားလှတော့သည်။ သို့သော် စိတ်ချသည်ထက် ချရစေရန် သစ်သားလှောင်အိမ်ကြီး လုပ်၍ မျောက်ဝံကြီး ဖမ်းလာသလို နေပြည်တော်သို့ ဖမ်းခဲ့ပါတော့၏။

# အောင်ပွဲပြန်

အောင်လံတော်တလူလူနှင့် တောင်တွင်းကြီးသွား ရဲမက်များ မျက်နှာပန်းရွှင်ရွှင်နှင့် ပြန်ဝင်လာကြပါပြီ။

မြို့ထဲတစ်လျှောက် ဖြတ်လာကတည်းကပင်. .

လူတိရစ္ဆာန်ကြီးလို နှုတ်ခမ်းမွေးကားကား။ ဆံပင်ဖားဖားနှင့် ဘာသတ္တဝါကြီးနှင့်တူမှန်း မသိရသော ဗိုလ်ငမြင့်ကိုလည်း ကမ်းလုံးပြည့် ဝိုင်းကြည့်ကြသည်။

တချို့က ခဲတွေနှင့် ပေါက်နေ၍ တပ်တော်သားများက မနည်းတား၍ ထားကြရပါတော့၏။

နန်းမြို့တွင်းသို့ဝင်သော် လုံမငယ်များက အောင်သပြေပန်းများ ကမ်းခြင်း၊ မင်္ဂလာ ရွှေမိုးငွေမိုး ရွာခြင်း၊ စောင်းညင်းပတ်စာ တူရိယာတို့ဖြင့် ဆီးကြိုခြင်းများ ပြုလုပ်ရင်း ကြိုဆိုကြသည်။

အောင်ပွဲရ ဗိုလ်ရွှေပြင်အား ရွှေနန်းရှင်ဘုရားက ဝမ်းသာအားရ ဆီးကြိုတော်မူသည်။

ရှေ့တော်သို့ ဗိုလ်ငမြင့် လှောင်အိမ်ကြီး တည့်တည့်ထား၍ ဆက်ကပ်လိုက်ပါတော့၏။

ရွှေနန်းရှင်ဘုရားသည် လှောင်အိမ်နှင့်ထားရသော သတ္တဝါများကို လွန်စွာမြတ်နိုးတော်မူရကား တင်ပါးက အနာကြီးကြောင့် ကြောင် ခွေး ဝပ်သလို ကုန်းကုန်းကြီး ဝပ်နေရသော ဗိုလ်ငမြင့်ကို ကြည့်၍ တဟားဟား ရယ်တော်မူသည်။

"ရွှေပြင်ရယ်. . ငမြင့်ကို အရှင်ဖမ်းခဲ့ပါ မှာပါတယ်။ ဘယ့်နှယ် မနုဿဗီဟကြီးကို ဖမ်းလာခဲ့ရသလဲ" ဟူ၍ ရယ်သွမ်းသွေးတော်မူသည်။

"ကဲ. . ကဲ ကိုယ်တော်မြတ် မြင်ပါပြီ။ ဤ လူတိရစ္ဆာန်ကို ထောင်ကြီးချုပ်ကို ပို့စေဗျား"

နန်းရင်ပြင် ဆိုသည်မှာ ကျက်သရေမရှိသော မြင်ကွင်းကို ကြာရှည်မထား၊ ဆတ်ခနဲ ဖယ်ယူသွားကြပါတော့၏။

ပြီးတော့ အောင်ပွဲရ ဗိုလ်ရွှေပြင်အား ဝမ်းသာအားရ အတွေ့ခံတော်မူ၍ အကျိုးအကြောင်း မေးမြန်းတော်မူသည်။

"အင်း. . ပုံစံကဖြင့် သွေးအေးအေးနဲ့ ကောက်ကျစ်မယ့်ပုံပဲကွယ့်"

"မှန်လှပါ၊ အလွန်ကောက်ကျစ်ပါသဘုရား၊ သံချပ်ဝတ်စုံကို နယ်ချဲ့တပ်တွေထံက ရွှေအမြောက်အမြားနဲ့ ဝယ်ထားကြောင်းပါ ဘုရား။ ပြီးတော့ ဓားပြီးတယ်၊ လှံပြီးတယ်၊ မြားတံ စင်ကျတယ်လို့ နာမည်ကြီးနေတာပါဘုရား"

"အင်း. . အင်း. . အောင်ပွဲရပုံကလေး လျှောက်စမ်းပါဦးကွယ့်"

"သူတို့နယ်မှာ သူတို့ သမိုင်းပုံပြင်ကို အတုခိုးရတာပါပဲ ဘုရား။ ဟိုး. . ပန်ထွာဘုရင်မ ခေတ်လက်ထက်က ရှင်ယောင်တစ်ပါး နန်းရိပ်ကို ခိုလှုံခံစေတာက အစ ပန်ထွာဘုရင်မ စစ်ရှုံးခဲ့ရသလိုပါပဲဘုရား။ သူ့မယားကြီး မဒေါနဆီကို ရှင်ယောင်ပုံစံနဲ့ ဆွမ်းလှူခံခဲ့ရတာပါဘုရား"

"ဩော်. . ဩော် ဉာဏ်သွားလှပေတယ် မောင်မင်း"

"မှန်လှပါ ဘုရား။ သူ့မိန်းမ စိတ်ကလဲ ဘုရားကျွန်တော်မျိုးကို တကယ့်ထူးခြားတဲ့ ပုဂ္ဂိုလ်လို့ ထင်ရှာတာပါ ဘုရား။ သူ့ယောကျ်ား တက်ယ တုတ်မပြီး ဓားမပြီးဘဲ သံချပ်ကာအင်္ကျီနဲ့ လက်နက်မျိုးစုံကို ကာရံထားကြောင်း သိခဲ့ရပါတယ်ဘုရား။ နောက်တစ်ခုက သူတို့က တိုက်ပွဲထွက်ရင် မျက်နှာဖုံး သံပြားအပျော့ကလေးတွေ ကပ်ထားပါတယ် ဘုရား။ ဗိုလ်မြင့်ရဲ့ ဘယ်လက်ရုံး ဗထိကို စည်းရုံးရတာတော်တော်ခက်ပါတယ် ဘုရား။ တစ်နေ့တော့ သူ့သား အငယ်ဆုံးကလေး မြင်းရိုင်းနောက်ပါသွားတာကို ဘုရားကျွန်တော်မျိုး လိုက်ကယ်ပေးတာကအစ ခင်သွားရပါတယ်ဘုရား။ ဒီကလေးဟာ သူ့သား မဟုတ်ဘူးတဲ့၊ သူ့မြေးတဲ့။ သူ့သမီး ၁၇ နှစ်အရွယ်ကလေးကို ဗိုလ်မြင့် သိမ်းပိုက်ပြီး ကလေးတစ်ယောက်ရတော့ ပစ်ထားတာပါပဲဘုရား။ ဒီမြေးလေးကို သားလို့ပြောပြီး ဗထိက သိပ်ချစ်ရှာပါတယ်ဘုရား။ သူနဲ့အလျဉ်းသင့်ခိုက် ငွေထုပ်ပုံပေးရင်း သူ့ရာထူးကို တစ်ရက်ရယူဖို့ ကြိုးစားရတာပါဘုရား။ သူတို့လဲ ညတွင်းချင်း ကျောက်ပန်းတောင်းနယ်ဘက် ထွက်ပြေးသွားကြပါတယ်။ ဒါလဲ ဗိုလ်မြင့် ပြန်နိုင်ခဲ့သော်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ပါဘုရား"

"ဩော်. . ဩော် လူယုံတော်ယောင် ဆောင်လဲဆောင်တတ်ပါပေ့ဗျား"

"မှန်ပါ။ ခဏခဏ ကွမ်းယာပေးရတာတို့၊ သံချပ်ကာအင်္ကျီအောက်ထဲ အယားဖျောက်ပေးရတာတို့၊ တစ်လမ်းလုံး ရဲရဲတင်းတင်းပဲ လုပ်သွားပါတယ်ဘုရား။ အသံဝင်နေကြောင်းပြောထားလို့ အသံပြဿနာ ရှင်းခဲ့ရပါတယ်ဘုရား။ အဲဒါ ရန်ပယ်ကွင်းထဲ ရောက်တော့ ရေနံချေး မီးတုတ်တွေနဲ့ မျက်စိတစ်ဆုံး ရှုမငြီးအောင် သာယာလှပါပေတယ်၊ စည်ကားတာကလဲ ကြက်ပျံမကျပါပဲဘုရား။ မြေဝိုင်းဇာတ်၊ ရုပ်စုံအက၊ နပန်းပွဲ၊ ပန်ထွာယိမ်းတို့နဲ့ စုံနေတာပါ ဘုရား။ အဲဒီမှာ ကျွန်တော်မျိုးတို့ တပ်တွေနဲ့ သူပုန်တပ်တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ကြတာပါပဲဘုရား။ အနားက သံလုံးကလဲ အဲမောင်းလှံရှည်ကြီးနဲ့ ဆင်ပေါ်က နိုင်လိုမင်းထက် လှမ်းလှမ်းထိုးတာ ပါပဲ ဘုရား။ ဒီအချိန်မှာ ဘုရားကျွန်တော်မျိုးက သံချပ်ကာလွတ်တဲ့ တင်ပါးရိုးကြား ထဲ လှံတိုကို စိုက်သွင်းလိုက်ပြီး တစ်ဘက်ကလဲ သံလုံးရဲ့ ကျောကို ဓားနဲ့ခွဲချပြီး ခြေတစ်ဘက်ကလည်း ဆင်ဦးစီးကို သတိမေ့လောက်အောင် ပေါက်ချလိုက်တာပါ ဘုရား။ ကံချွန်ဟာ ဆင်ကိုင် အလွန်တော်တဲ့ သူပါဘုရား။ မြင်းပေါ်က ဆင်ဦးစီး ပေါ် ခုန်တက်ပါတယ် ဘုရား။ ဗိုလ်မြေင့် မျက်နှာမှောက်ပြီး ဓားနဲ့ရွယ်ထားပြီး သူ့ လူတွေကို အော်ပြီး ဗိုလ်မြေင့် အရေးရှုံးနိမ့်သွားကြောင်း၊ အားလုံး လက်နက်ချ၍ မြေပြင်တွင် ဝပ်ထားရန် အော်ရပါတယ် ဘုရား"

"ကိုယ်တော် ကြားရတာ အားရတော်မူလှတယ်ဗျား၊ ဟဲ့. . ငယ်ကျွန်တို့၊ ရွှေပြင်ကို ဆုများ ချီးမြှင့်တော်မူမယ်၊ မယ်မယ်ဘုရားကို ပင့်ချည်ပါဗျား။ သူ့အချစ် တော် ရွှေပြင်ကို ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူမယ်လို့ လျှောက်ခဲ့ ကြား လား"

ရွှေနန်းရှင်ဘုရားက သူ့မယ်တော် အချစ်တော်ကလေး ဗိုလ်ရွှေပြင်ကို ဆု များ ချီးမြှင့်ရန် သံတော်ဆင့် ဝန်မင်း၊ မြတိုက်ဝန်တို့၊ ဗိုလ်ချုပ် သီဟသူတို့အား ရှေ့တော်သို့ သွင်းစေသည်။

မယ်မယ်ဘုရားလည်း တပြုံးပြုံးနှင့် ရောက်တော်မူလာ၏။

"သံတော်ဆင့်ဝန်မင်း"

"ဘုရား"

"မှတ်ထားစေဗျား၊ ရွှေဘိုတောင်လက်၊ လှတောကြီးရွာသား မောင်ရွှေပြင် သည် ပထမတပ်တော် လန်လာခဲ့ရသော တောင်တွင်း ဗိုလ်မြေင့်အား အရှင်ဖမ်းယူ ဆက်သပေးသည့်အတွက် ယနေ့မှစ၍ အောင်ပွဲရ ဗိုလ်ရွှေပြင်အား 'ရတနာသိန်

မြို့၊ တောင်လက်၊ ရဲဘက်မြင်းတပ်ဗိုလ်ကြီး’ အဖြစ် ခန့်အပ် သူကောင်းပြုတော် မူလိုက်သည်”

“မှန်လှပါ၊ ကျေးဇူးတော် အနန္တ၊ ဂုဏ်တော်အနန္တ ကြီးမြတ်လှကြောင်းပါ ဘုရား”

မြင်းတပ်ဗိုလ်ကြီး ဗိုလ်ရွှေပြင် ဖြစ်သွားရ၍ အလွန်အမင်း ဝမ်းသာကြည်နူး စွာ ရှိခိုးလျှောက်ထားလိုက်စဉ်. .

မယ်မယ်ကြီးက ရွှေသားငါးဆယ်သားရှိ ရွှေခွက်တစ်ခုကို ချီးမြှင့်ပြန်သည်။

“ဆန်ဖြူဆန်ကောင်း ထောင်းမှသိ၊ လူဖြူလူကောင်း ပေါင်းမှသိ တဲ့၊ မယ်မယ် ဘုရားက စကတည်းက အပွေးမြင် အပင်သိပြီးသား၊ အဲဒါ စစ်ကိုင်းမြို့ဝန်ရယ် ရွှေပြင့်ပဲ ငါ့ထောင်တပ်နဲ့ ဖမ်းရဦးမလိုလိုကိုး။ ခုတော့ အစွန်အဖျားက သူပုန်များ လက်တွေ့ ချေမှုန်းခဲ့ပြီလေ၊ သင်းတို့ ဘာပြောနိုင်သေးလဲ၊ ကဲ. . ကဲ သားရွှေပြင်၊ တောက သားမယားတွေ ခေါ်ချည်၊ သုံးလေးရက်ပဲ နားနော်၊ အမြန်ပြန်ခဲ့၊ နိုင်ငံ အဝန်းမှာ စီခနဲဆိုရင် သားရွှေပြင်ပဲ လွှတ်ရဦးမှာကွယ့်”

“မှန်လှပါ မယ်မယ်ကြီးဘုရား”

သူ့အပေါ် သံယောဇဉ် ကြီးမားလှသော မယ်မယ်ကြီးအား ရိုသေစွာ ကန်တော့လိုက်ပါတော့သတည်း။

အင်း. . မယ်မယ်ကြီးက မိန်းမချင်း ကိုယ်ချင်းစာရှာတယ်။ မိလည်ရစ် ခု လောက်ဆိုရင် နောက်ကလေး မွေးပြီးရောပေါ့။ အင်း. . မိရစ်. . မိရစ်၊ ညည်းလေး ကုသိုလ်ထူးပြီပေါ့ကွယ်။

ရွှေနန်းတော်ကြီးထဲမှာ မြင်းတပ်ဗိုလ်ကြီးကတော့ ဖြစ်ရချည်သေးရဲ့ဗျာ။

မိလည်ရစ် အစားကြမ်းပုံကို မြင်ယောင်ရင်း ချစ်စနိုး ပြုံးလိုက်မိပါတော့ သတည်း။

# ဂုဏ်ပြုလွှာ သဲစာဖြစ်ရခြင်း

"ဟဲ့. . အိမ်ရှေ့က ဘယ်သူတုန်း"

"ကျုပ်ပါ၊ အင်ဒိုင်းက နို့ခဲသည်ပါ၊ မစာလေ"

မလည်ရစ် အမေက ကျန်းမာရေး မကောင်းလှ။ ခွေတိခွေယိုင်နှင့် ထွက်လာသည်။

ဤ နို့ခဲသည်မကြီးကို သူ မြင်ဖူးနေပါ၏။

"ကျုပ် နို့ခဲဝယ်မယ်လို့ မခေါ်မိပါလားတော်"

"ဟုတ်ကဲ့၊ အခေါ်က မခေါ်ပါဘူး၊ အုံက ပေးလိုက်တာလေ။ ဟောဒီမှာ နို့ခဲ တစ်ပိဿာ၊ ပျားရည်တစ်ပုလင်း၊ ပေလွှာကလေးလဲ ပေးလိုက်သေးရဲ့တော်၊ ဘာတဲ့ မြင်းတပ်ဗိုလ်ကြီးဖြစ်ကြောင်း ကြားရလို့ ဝမ်းသာလို့ ဆိုလား"

ဈေးသည်ကြီးက ပေလွှာကလေးပါ လှမ်းပေးလိုက်စဉ် ဝုန်းခံနဲ ကြမ်းတမ်းစွာ အနားရောက်လာသူကား မလည်ရစ်ပါတည်း။

သူ့မျက်နှာသည် ကင်းတုပ်ခံရသလို နီအစ်နေတော့သည်။

"ပေး. . အမေ၊ ကျုပ် ဖတ်စမ်းမယ်"

သူက ဒေါသကို အင်မတန်မျိုထားရပုံနှင့် စာလွှာကလေးကို ဖတ်သည်။ ဖတ်ပုံက ခုနစ်သံချီ၍ပါ။

'အစ်ကိုရွှေရှင့်' တဲ့။

"ဟင်း. . ဘယ်တုန်းကများ အစ်ကိုရွှေ ဖြစ်သွားရတာပါလိမ့်တော်"

မလည်ရစ် မျက်နှာကို မဲ့၍ဆိုသည်။

ပြီးတော့ စာကို ဖတ်ပြန်သည်။

> 'အစ်ကိုရွှေ သတင်းကောင်းတွေ ကြားရလို့ အုံဖြင့် ဖော်
> မပြတတ်အောင် ဝမ်းသာနေရပါတယ်ရှင့်' တဲ့။

"ဘုရား. . ဘုရား ငါ့လင်အကြောင်း သူက ဘာတွေများ ကြားနေရတာတဲ့ လဲတော်"

သည်တစ်ခါတော့ နို့ခဲသည်ကို မျက်စောင်းကြီး တစ်လုံး ပစ်ထိုးလိုက်ပြီးမှ စာကို ဖတ်ပြန်သည်။

> 'မြင်းတပ်ဗိုလ်ကြီး ဖြစ်တဲ့အကြောင်း၊ ဗိုလ်ငမြင့်ကို အရှင်
> ဖမ်းလာကြောင်း၊ ရွှေနန်းတော်ရှင်ဘုရားက ရာထူးတွေ
> တိုးပေးသနားသလို မယ်မယ်ဘုရားကလဲ ရွှေခွက်ကြီး ဆုချ
> တယ်ဆို။ အုံဖြင့် ဝမ်းသာလိုက်တာ အစ်ကိုရွှေရယ်' တဲ့။

"သောက်ကောင်မ၊ သူ့ကိုယ်သူ အုံ တဲ့၊ ဘာအုံလဲ၊ ပျားအုံလား၊ ထဘီခြုံလား၊ ထွီ. . ပေးစမ်း၊ ပေးစမ်း၊ နို့နဲ့ ပျားရည်တွေ"

မလည်ရစ်ကား လူစိတ်ပျောက်လေပြီတည်း။

နို့ခဲကြီး သဲထဲ လွှင့်ပစ်သည်။ ခုံဖိနပ်ကြီးနှင့် တက်နင်းသည်။ သဲတွေထဲသို့ ပျားရည်ပုလင်းလိုက် လောင်းချသည်။ နို့ခဲသည်မရော သူ့အမေပါ ရင်ဖိ၍ ကြည့်နေကြသည်။

"ဟင်. . အောင်သွယ်မကြီး၊ လာဦး၊ နောက် လာပို့ဦး"

ဖိနပ်ချွတ်ကလေးတွင် ခြေတွဲလောင်းချထိုင်နေသော နို့ခဲသည်ကြီးကို ဆံပင်ဆွဲမွေ့တော့သည်။ ပါးတွေ နားတွေ ချတော့သည်။ နို့ခဲသည်ကြီးက အလစ်တွင် သုံးလေးချက် အီစလံဝေစွာ ခံလိုက်ရသော်လည်း သူကလည်း သတိရသည်နှင့် မလည်ရစ်ပါးကို တပြန်းပြန်း ချသည်။

မလည်ရစ် မီးပွင့်သွားရလေပြီတည်း။ အဒေါ်ကြီးကို ဒူးနှင့်ခတ်၍ ပစ်လှဲလိုက်သည်။ ပြီးတော့ အပေါ်စီးက တက်လုံးတော့သည်။

သူ့အမေက လှမ်းအော်၍ 'အရပ်ကတို့ လုပ်ကြပါဦး၊ လုပ်ကြပါဦး' ဟူသော အသံများကြောင့် တစ်ရပ်ကွက်လုံး ပြေးထွက်လာကြပါတော့၏။

"ဟ. . ဟုတ်ပြီ ချကွ၊ မလည်ရစ်ကွ"

"မကြီး လည်ရစ်၊ ရွာလာစော်ကားတာ မခံနဲ့ ဆော်ဆော်"

တစ်ဦးနှင့်တစ်ဦး လည်မျိုတွေ ညှစ်ကြ၊ ဆံပင်တွေ ဆွဲကြ၊ ပါးတွေ နားတွေ ချကြ၊ လုံးဝ မမျှော်လင့်သော မိန်းမနပန်းပွဲကြီးသို့ပါတကား။

တစ်ယောက်နှင့် တစ်ယောက် ကုတ်ကြ ဖဲ့ကြနှင့် သွေးစိမ်းရှင်ရှင် ပန်းလာတော့မှ သူကြီးရောက်လာပါတော့၏။

"ဟဲ့. . မိလည်ရစ်၊ ကိုယ့်ယောကျ်ားက နေပြည်တော်မှာ အောင်ပွဲရ စစ်ဗိုလ်ကြီး ဖြစ်နေတဲ့ အချိန်မှာ ကြည့်စမ်းပါဦးဗျာ၊ သူ့မှာလည်း သွေးသားနုနုနဲ့"

လူအုပ်က အားလုံးဆွဲ၍ ဖျန်ဖြေထား၍ နှစ်ယောက်သား သွေးအစို့စို့ ဆံပင်ဖားလျားနှင့် မြင်၍ရှု၍ မကောင်းစရာပါတကား။

"ဘဒွေး ဘာသိလို့တုန်းတော့်၊ ကျုပ်ယောကျ်ားကို အင်ဒိုင်းသူမနဲ့ လာအောင်သွယ်တာတော့်၊ ဟင့်. . ဟင့်. . ဟီး. . ရွတ်"

ကလေးကြီးကဲ့သို့ ရှိုက်ကာ ရှိုက်ကာ ငိုလိုက်၊ နှပ်ချေးတွေ ညှစ်လိုက်နှင့် ဖြစ်နေရသော မလည်ရစ်သည် သူကြီးမျက်စိထဲ၌ သနားစရာကြီး ဖြစ်နေပေတော့သည်။

အခါတိုင်း နွားမတမ်းလေးလောက် ကြမ်းတမ်းသမျှ လင်စိတ် ငယ်ထိပ်ရောက်တော့လည်း မျက်ရည်အလူးလူးနှင့်ပါတကား။

"ဘယ်က မအုံတုန်းကွဲ့"

"ရွာ မြေလှန်မယ်ဆိုတုန်းက ကျုပ်ပဲ လွှတ်လိုက်မိတာပါတော်၊ ဘဒွေးတို့ရွာအတွက်ပါပဲ၊ အဲဒီမှာ ထွန်းရှိန့မ မိအုံနဲ့ တွေ့လာခဲ့တာပါ ဘဒွေးရဲ့"

တစ်ရွာလုံး မျက်နှာကြီးတွေ ယောင်ယမ်းမဲ့ရင်း ဝိုင်းနားထောင်နေကြသည်။

"ဟဲ့. . ကောင်မ၊ တို့ရွာသူ အုံကို မိအုံလို့ မခေါ်နဲ့၊ ညည်းယောကျ်ားပဲ လာတည်းလို့ သူတို့မှာ မရှိမဲ့ရှိမဲ့လေးနဲ့ ညှော့ခံရရှာတာ"

မျက်နှာကို ခေါင်းခုနှင့် ကိုယ်တိုင် ကြပ်ပူထိုးယူရင်း နို့ခဲသည်ကြီးက လှမ်းဟောက်နေ၍. .

"ခေါ်တယ်. . ခေါ်တယ်၊ မိအုံ၊ ခွေးအုံ။ ကာလသား မရှောင်၊ မယားရှိယောကျ်ားမရှောင်၊ ယောကျ်ားတွေအုံနေတဲ့ မိအုံ၊ ကဲ. . နင် ဘာလုပ်ချင်သေးလဲ"

"သူကြီးမင်း၊ တော်တို့ရွာသူကို ဆုံးမပေးပါ။ ဘယ့်နှယ့်တော်. . မိုက်ရိုင်းလွန်းပါတယ်။ ဟိုက သူ့မှာ သားမယားရှိမှန်း အသိသားပဲ၊ ရိုးရိုး ဂုဏ်ပြုလက်ဆောင် ပေးရှာတာပါ"

"ဘာ ရိုးရိုးလဲ၊ ဘာ ရိုးရိုးလဲ၊ အစ်ကိုရွှေ. . အစ်ကိုရွှေနဲ့ စာတစ်တန် ပေတစ်တန် လုပ်နေတာကရော ရိုးရောတဲ့လား ပြိတ္တာမကြီးရဲ့"

"ဟေ့. . ငါက ပိန်တယ်၊ ပြိတ္တာမဟုတ်ဘူး၊ နင်ကမှ ဝတုတ်ပြဲကြီး ပြိတ္တာမ ဟဲ့. . ပြိတ္တာမ"

အားလုံး ဝိုင်းရယ်ကြသည်။

"ဟင်. . ငါ့ကို ပြိတ္တာလို့ခေါ်ဦး"

သူ့ကို ချုပ်ထားသည့်ကြားက အဒေါ်ကြီးကို ပြေး၍ ခတ်လိုက်ရာ ခွေခြေနား ခေါက်ခနဲ ကျသွားရပါတော့၏။

"ကိုယ့်ယောက်ျားက မြင်းတပ်ဗိုလ်ကြီး ဖြစ်လာပြီဟ၊ အဆင့်အတန်းမြင့်မြင့် နေစမ်းပါ မိလည်ရစ်ရယ်၊ ကဲ. . ကဲ ခင်ဗျားလည်း ပြန်တော့ဗျာ၊ ဒါမှ ရန်အေးသွားမှာ"

သူကြီးက အဒေါ်ကြီးကို နှင်လိုက်သည်။

"သွား. . သွား သရဲမကြီး၊ နောင် တို့ရွာကို နို့ခဲလာရောင်းရင်တော့လား၊ ခဲကြီးကြီးနဲ့ အုတ်ဆက်ကို ပေါက်ထည့်မယ်"

အဒေါ်ကြီးက ဈေးတောင်းကလေးကို ခေါင်းရွက်ထွက်ခွာမှ သူက သွားစွာနေသဖြင့်. .

"အေးဟေ့ ပြိတ္တာမကြီးရဲ့ သွားမယ်။ နင့်လင် မြင်းတပ်ဗိုလ်ကြီးက နင်နဲ့ မတန်ဘူး၊ တို့ရွာက ခါးသေးရင်ချီ အုံမဒွိကလေးနဲ့မှ တန်သဟဲ့ တန်သဟဲ့"

ဈေးသည်မကြီးကလည်း မခေချေ။

မိလည်ရစ် အသည်းကို ကွဲချိုနှင့် ခတ်ဘိသကဲ့သို့သော စကားလုံးတို့ဖြင့် အော်ပြောရင်း ဘောတ်ဘတ်ဘောက်ဘတ်နှင့် ထွက်သွားပါတော့ ၏။

"ဟင်. . သေချင်းဆိုးမကြီး"

မလည်ရစ် အတင်းပြေးလိုက်၍ ရွာမှ မိန်းမကြီးများက ဆွဲထားလိုက်ရပါတော့၏။

ဂုဏ်ပြုလွှာမှ သဲစာဖြစ်နေရသော နွားနို့ခဲနှင့် ပျားရည်များကို သူကြီးက တစ်ချက် လှမ်းကြည့်ရင်း. . .

အိမ်ပေါ်တက်၍ အတန်ကြာကြာ ဆုံးမစကားများပြောကြားသွားပါတော့၏။

ဆူပြီး ပြန်သွားသောအခါ မလည်ရစ် ရှိုက်သံတို့ကား အသည်းကြို အသည်းကြားမှ လှိုမ့်ဆင်းလာသည့်နှယ်ပါတကား။

“အဲ. . နင့်ယောကျ်ားက နင့်ကို စိတ်ပျက်သွားရင် နင် ဘယ်လောက် ဆုံးရှုံးမလဲဟင်၊ ကလေးနှစ်ယောက်နဲ့ မိခင် မမာသည်ကြီးနဲ့၊ အဖေအိုကြီးနဲ့။ ညည်းဒုက္ခရောက်မှာပေါ့အေ၊ စဉ်းစားစမ်း၊ စဉ်းစားစမ်း” တဲ့။

“ဟင့်. . ဟင့်. . ဟီး. . ”

မလည်ရစ်ကား ကျိတ်၍ ရှိုက်ငိုရင်း ကျန်ခဲ့ပါတော့သတည်း။

# မင်းတုန်းမင်းသား စကားပြောလိုသူ

ရွှေဘိုမင်းတရားကြီး၏ သားတော်ချည်းသာ ဖြစ်ကြသော်လည်း မယ်တော်တွေက ကွာခြားသွားရ၍ စိတ်နေစိတ်ထားများ ကွဲပြားသွားရတော့သည်။

မင်းတုန်းမင်းသားနှင့် ညီတော် ကနောင်မင်းသားတို့ကား မယ်တော်တစ်ပါးတည်းမှ ဖွားသန့်စင်ခဲ့ကြသည်။ နန်းတွင်းအရိုက်အရာ ကိစ္စများတွင်လည်း ခမည်းတော်ဘုရား စိစဉ်ခဲ့သည့်အတိုင်း အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးသား၊ ပုဂံမင်းသားကို ထီးနန်းပေးလိုက်တော့လည်း ကြည်ကြည်ဖြူဖြူပါပင်။

မင်းတုန်းမင်းသားက ဘုရားတရားကို လွန်စွာ ရိုသေကိုင်းရှိုင်းသည်။ ညီတော်ကနောင်မင်းသားက မြင်းစီးလှံထိုး ဝါသနာပါသည်။ အိမ်ဝင်းတော် တစ်ဝိုက်တွင်လည်း ဆင်များ၊ ဝေါယာဉ်များ ဝင်လာလျှင် အထွက်တစ်လမ်း၊ အဝင်တစ်လမ်းကို သူပင် စ,စီစဉ်သည်။

အမြင်ကျယ်သည်။ တိုးတက်ရာ တိုးတက်ကြောင်းကို ခေါင်းထဲ အမြဲ စဉ်းစားသည်။ နောင်တော် ဘုရင်သည် မြို့ဝန် ဘိုင်ဆပ်ကို အာဏာကုန်အပ်၍ ကြက်ချည်းပဲ တိုက်နေသည်ကိုလည်း တဖြည်းဖြည်း လေ့လာကြည့်ရှုနေမိသည်။

မင်းတုန်းမင်းသားက တစ်ခါတရံ အကျဉ်းထောင်များကို လှည့်လည် ကြည့်ရှုရင်း လိမ္မာရေးခြားရှိကြရန်၊ သရဏဂုံသုံးပါးကို မြဲကြရန် ဝင်ရောက်ဆုံးမလေ့ရှိသည်။

ယနေ့လည်း ဆင်စွယ်ပုတီးလေးကို စိပ်ရင်း အကျဉ်းတိုက်ဘက်သို့ ဖြည်းညင်းစွာ လျှောက်လာသည်။ နောက်တော်ပါနှစ်ယောက်က နောက် မလှမ်းမကမ်းမှ လိုက်ပါလာကြသည်။

"အရှင်မင်းသား၊ လမ်းလျှောက်ရင်း ကြွချီလာပါသလားဘုရား၊ ဒါ တလောကမှ ရောက်လာတဲ့ ဗိုလ်ငမြင့်ပါ ဘုရား"

အကျဉ်းထောင်မှူးကလေးက ရိုသေစွာ လက်ညှိုးညွှန်၍ ပြလေသည်။

"ဩော်. . ဗိုလ်ငမြင့်ဆိုတာ မောင်မင်းကိုး"

"မှန်လှပါဘုရား၊ ဗိုလ်ရွှေပြင် အသက်ချမ်းသာပေး၍ ယနေ့အဖို့ ကိုယ်တော်မြတ်အမှူးပြုပြီး သတ္တလောကကြီးကို မြင်ခွင့်ရနေသူပါဘုရား"

"အဟင်း. . ဟင်း ဗိုလ်ငမြင့်ရယ်၊ မင်းက အသက်သခင် ကျေးဇူးရှင်လို့ ကျေးဇူးတင်ရကောင်းမှန်း သိပေသားပဲကွယ့်"

"မှန်လှပါဘုရား၊ သူ သတ်ချင်ရင် ဘုရားကျွန်တော်မျိုး ပုရွက်ဆိတ်ကလေး ခြေလိုက်သလို ဗိုလ်ရွှေပြင်က သတ်နိုင်ပါရက်နဲ့ အသက်ချမ်းသာပေးတာ တစ်ခုတည်းနဲ့ ဗိုလ်ရွှေပြင်ကို ကျန်းမာပါစေ ဆုတောင်းပါတယ် ဘုရား"

"ဩော်. . ဩော်. . ဒီလောက် သိတတ်ရင် မဆိုးပါဘူးကွယ်"

"သိတတ်ပြီလား ဘုရား၊ ဘုရား ကျွန်တော်မျိုး ဆင်က နောက်ကနေ ဗထီယောင်ဆောင်ပြီး လိုက်လာတာပါ၊ ကွမ်းယာကမ်းလိုက်၊ အယားဖျောက်လိုက်နဲ့ မှင်ကလဲ သေလှပါသဘုရား၊ အဲ. . အသံဝင်တယ်ပြောပြီး အသံပြာအက်နေတာ တစ်ခုပဲ ထူးခြားတာကလွဲလို့ ဗထီမှ ဗထီပဲဘုရား။ အဲ. . သူ့လှုပ်ရှားမှုက စလာတော့ ဘုရားကျွန်တော်မျိုးရဲ့ ကိုယ်ကျပ် သံချပ်ကာအကျႌနဲ့ လွတ်နေတဲ့ တင်ပါးထဲ လှံသွားကြီး စွတ်ကနဲ ဝင်သွားတာ ခုထိ ကြက်သီးထတုန်းပါဘုရား၊ ဘုရား ကျွန်တော်မျိုး မအော်နိုင်မှ လည်ပင်းကိုမော့ပြီး ဓားနဲ့ရွယ်ထားပြီး သံလုံးကို ဓားနဲ့ ခုတ်ချတယ်၊ ဆင်ဦးစီးကို သေလောက်အောင် ပြင်းတဲ့ လက်ဝါးကြီးနဲ့ ဇက်ပိုးအုပ်ပြီး ကန်ချလိုက်တာပါ ဘုရား"

"ဩော်. . ဩော် ဗိုလ်ရွှေပြင်က တော်တော်လျင်တာကိုးဗျ"

"လျင်ပုံတော့ မပြောနဲ့တော့ဘုရား၊ ဘုရားကျွန်တော်ကို လှံတိုနဲ့ ထိုး၊ သံလုံးလဲ ဓားနဲ့ခုတ်၊ ဆင်ဦးစီးလဲ ကန်ချတာ။ တစ်ခုပြီးမှ တစ်ခုလုပ်တာပေမယ့် မြန်လွန်းအားကြီးလို့ တစ်ဆက်တည်း တစ်ချိန်တည်း လုပ်လိုက်သလိုပါပဲဘုရား"

မင်းတုန်းမင်းသား၏ မျက်လုံးတော်တို့သည်ကား အရောင်တဖျတ်ဖျတ်ခါ၍ သွားရပါတော့သတည်း။

ဗိုလ်မြေငြိမ့်အား ဆုံးမစကား ပြောကြား၍ ပြန်ခဲ့ပါတော့၏။

လွှတ်တက် သားတော်ကြီးများဖြစ်၍ နန်းတော်အနှံ့ ခြေဆန့်နိုင်သူပါတည်း။ ယနေ့တော့ဖြင့် ဤသို့ ခြေဆန့်ရင်းက ကျောက်ကောင်းတစ်စေ့၊ မျိုးကောင်းတစ်ဖုံကို ဘွားကနဲ တွေ့ခဲ့ရပါတော့၏။ ထို့ကြောင့်လည်း ငယ်ကျွန်တော်တစ်ယောက်ကို လွှတ်၍ ဗိုလ်ရွှေပြင်အား အခေါ်ခိုင်းလိုက်သည်။

အမှန်စင်စစ် ပုဂံမင်းသာလျှင် သောက်သောက်စားစား ကစားသမားကြီး ဖြစ်မနေလျှင် ကိုယ့်ကျွန်ယုံကို မင်းတုန်းမင်းသား ဘာကြောင့် အခေါ်တော် ရှိသနည်းဟု နည်းနည်းတော့ စောဒက တက်မိပေလိမ့်မည်။

ယခုတော့ ဘိုင်ဆပ်နှင့် စားတော်ပွဲ ခေါ်နေရသည်။ ကစားပွဲတွေက တစ်ခုပြီးတစ်ခု။ သောက်ပွဲတွေက တစ်မျိုးပြီးတစ်မျိုး။ လှစ်လှစ်ကလေးပင် ဂရုမထားလိုက်နိုင်ပါတကား။

ဗိုလ်ရွှေပြင်ကား တောပြန်မည့်ဆဲဆဲ မင်းတုန်းမင်းသား(လွှတ်တက် မင်းသားကြီး) က ခေါ်တော်မူသည်ဆို၍ သူက သွက်သွက်ကလေး အခစားဝင်ခဲ့သည်။

"ဗိုလ်ရွှေပြင် ဆိုတာလား"

"မှန်ပါ၊ ဟုတ်ကြောင်းပါ ဘုရား"

"ဩော် . . အင်္ဂါရုပ်ကလည်း ဖြောင့်ဖြောင့် တောင့်တောင့်တင်းတင်းကြီးပါလား မောင်မင်းရယ်"

"မှန်လှပါဘုရား၊ ငယ်စဉ်ကတည်းက ရွှေနန်းတော်ကြီးထဲမှာ လက်ရုံးရည်နဲ့ အမှုတော်ထမ်းလိုလှ၍ အခုန်အပျံ အလေ့အကျင့်ပေါင်းများစွာနှင့် မွေ့လျော်ခဲ့တဲ့ အကျိုးများပါ ဘုရား"

"အင်း . . ကောင်းလေစွ၊ ကောင်းလေစွ၊ အောင်ပွဲပြန်တဲ့နေ့က ကိုယ်တော် ဥပုသ်ဆောင်ဝင်နေလို့ ထွက်မကြည့်လိုက်ရဘူးကွယ့်"

"မှန်လှပါ၊ တရားဓမ္မနဲ့ မွေ့လျော် ပျော်ပိုက်တော်မူတတ်ကြောင်း သတင်းမွှေး လှပါတယ် ဘုရား"

"ကိုယ်တော့်ကို မြှောက်နေတာများလား မောင်မင်းရယ်"

"မမြှောက်ဝံ့ကြောင်းပါဘုရား၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သီလဂုဏ်ကို သတင်းကြားနဲ့ လေးစားနေရတဲ့ ငရွှေပြင်ပါဘုရား"

"အဟင်း. . အဟင်း မောင်မင်းက ဗလကြီး ကြီးသလို စကားပြောလည်း တတ်တာတွေကြောင့် ကိုယ်တော် အားရှိသွားရပါပြီကွယ်။ ဟော. . အရန်သင့် လိုက်တာ၊ ညီပုလေး ကြွချီတော်မူလာပြီ၊ လာ. . ညီပု၊ ဟောဒီမှာ နောင်တော် ရွှေနန်း ရှင်ဘုရားက မြင်းတပ်ဗိုလ်ကြီး ခန့်အပ်တော်မူခြင်းခံရတဲ့ ဗိုလ်ရွှေဖြင်လေ"

တောင်ရှည်မြိတ်ကို ဆွဲ၍ ခန့်ညားခြင်း၊ ဖျတ်လတ်ခြင်းတို့ဖြင့် ကြည့်ကောင်း လှသော ကနောင်မင်းသားကို ဗိုလ်ရွှေဖြင် ကန်တော့သည်။

"အဝေးကသာ မြင်ဖူးပါတယ်ဘုရား၊ မြင်းတက်ပုံ လှလွန်းလို့ ဘုရား ကျွန်တော်မျိုး သွားရည်ကျမိပါသဘုရား"

တရားနှင့် မွေ့လျော်သူကို တရားအကြောင်းနှင့် စတင်မိတ်ဆက်ခြင်း ပြု သလို မြင်းတို့၊ လှံတို့ဖြင့် မွေ့လျော်သော ကနောင်မင်းသားကြီးကို မြင်းတက်လှပုံနှင့် စကားစလိုက်သဖြင့် ကနောင်မင်းသားကြီး ရယ်တော်မူသည်။

မင်းသားများ ရယ်သည်ဆိုရာ၌ ရင်ထဲမှ နှစ်ခြိုက်၍သာ ရယ်ကြခြင်းပါ။ သူ မြင်းတက်ပုံ လှကြောင်း တော်ရုံအမှုထမ်းများ မပြောရဲကြပါ။

မျက်လုံးအစုံကသာ အထင်ကြီးစွာ ကြည့်ကျန်ခဲ့ကြမြဲပါ။

ဤ ဗိုလ်ရွှေဖြင်ကဖြင့် သတ္တိက ခေရော့လား။ မင်းသားကို ပြောင် ချီးကျူး ရဲသည်။

"နောင်နောင်ဘုရား၊ ဗိုလ်ရွှေဖြင်က လူပါးပဲဘုရား။ ညီပုလေးကို ပွင့်ပွင့်လင်း လင်း ဘယ်သူမှ မချီးကျူးရဲဘူး၊ သူကတော့ သတ္တိကောင်းလှပါလား"

"အင်း. . သတ္တိကောင်းလို့လဲ ဗိုလ်မြေင့်ကို အရှင်ဖမ်းနိုင်တာပေါ့ ညီပုရယ်"

"ဗိုလ်မြေင့် ကိစ္စကတော့ တစ်မြို့လုံး၊ တစ်နန်းတော်လုံး နာမည်ကြီးသွားရ တာပဲနော်"

"မှန်လှပါ၊ မြောက်စားမှ တောက်ပွားရမည့် အညတရ လှတောသားလေး ပါ ဘုရား"

"အဟတ်. . အဟတ် စကားပြောလဲ အဆက်အပေါက် အတည့်ကြီးပဲ"

မင်းတုန်းမင်းသားက ညင်သာစွာပြုံး၍. .

"ဗိုလ်မြေင့်ကို မသတ်ဘဲ ခေါ်လာတာ သာစုခေါ်ပါတယ်ကွယ်၊ ကိစ္စထူး မရှိပါဘူး။ ကိုယ်တော်တို့ကလဲ နောင်တော်နည်းတူ ချီးမြှင့်ချင်လို့ပါ၊ ရော့. . လှံ တစ်ချောင်း"

"အား. . အလွန်ကောင်းတဲ့ လှံလျင်ပျံပါလား ဘုရား"

"ဒါ နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ဖို့ပဲကွယ်၊ လူမသိတ်နဲ့၊ ပြီးပေါ့ ဘယ်သူ့မှတော့ သွားမကြွားလိုက်နဲ့နော် မောင်မင်းရယ်"

မင်းတုန်းမင်းသား စကားပြောလျှင် လွန်စွာနူးညံ့လှသည်။

သူက ညီတော်၊ နောင်တော်နှစ်ယောက်လုံးကို ရှိသေစွာ ကန်တော့၍. .

"အမိန့်တော်မြတ်ကို ဦးထိပ်ပန်ဆင်လျက်ရှိကြောင်းပါ ဘုရား"

သူက လုံ့ပျံ့ကို ရှိသေစွာ ပိုက်၍ ပုဆစ်တုပ် နောက်ပြန်ဆုတ်၍ ဆုတ်၍ အဆောင်ထဲမှ ထွက်ခဲ့ပါတော့သတည်း။

# ပြန်တော်ပြန်စခန်း မလှလိုက်ပုံက

ရာထူးတက်သည်။

ရွှေနန်းတော်ဝိုင်းကြီးတွင် အိမ်တစ်လုံး ရသည်။

မယ်မယ်ကြီးက သားမယားကို ခေါ်ချည်တဲ့။

ဝါးဖောင်ကြီးပေါ်တွင် မြင်းရောလူရော အမောဖြေရင်း စစ်ကိုင်းတောင်ရိုးကို လှမ်းမျှော်ရင်း စိတ်ကူးယဉ် တသင်းသင်းနှင့် ဧရာဝတီမြစ်ကျယ်ကို ဖြတ်လာသည်။

မယ်ရစ် နောက်ထပ် ဘာလေးမွေးပါလိမ့်၊ မိန်းကလေးမွေးရင် သူ့ အဖော်ရတာပေါ့။ သားလေးမွေးရင်တော့ ငါ့လို ဓားခုတ် လှံထိုးတော်အောင် သင်ပေးရမှာပဲ။

မမြင်ရသေးသော ကလေးကို မြင်ချင်ဇော၊ မလည်ရစ်ကို တွေ့ချင်ဇောနှင့် စစ်ကိုင်းသို့ ဖောင်မကပ်ခင် ဝါးတစ်ပြန်နီးနီးအလိုတွင် မြင်းပေါ်သို့တက်ကာ ကမ်းပေါ်သို့ လွှားခနဲ ခုန်ဆင်းလိုက်ပါတော့သတည်း။

"ဗိုလ်မင်း ဘာများအရေးကြီးတယ် မသိပါဘူးဗျာ"

ဝါးဖောင်ကြီး သိမ့်သိမ့်ခါသွားရ၍ ဝါးဖောင်ရှင်က ပြောကြားရင်း ကျန်ခဲ့ပါတော့၏။

"ဟယ်. . ရွှေပြင် ပြန်လာပတဲ့"

"မောင်ရွှေပြင် ပြန်လာပြီဟေ့"

"ဟယ်. . ကိုရွှေပြင်ကြီး မှတ်တောင်မမှတ်မိဘူး"

"ဗိုလ်ရွှေပြင်ပါဗျာ၊ ခင်ဗျားတို့က ငယ်ခေါ်ပုံစံတွေ ဖျောက်ကြပါတော့"

"ခင်ဗျားတို့အားလုံး မှားတယ်၊ မြင်းတပ်ဗိုလ်ကြီး ဗိုလ်ရွှေပြင်ဗျာ့၊ ဗိုလ်ကြီး ရွှေပြင်"

ရွာအဝင်ထဲက အသံစုံတို့ ကျွတ်ကျွတ်စီနေတော့သည်။

နှာတံပေါ်ပေါ် ရင်အုပ်ကားကား မောက်ရှည်ဗာလီကွေးနှင့် ညှိပိန်ချပ်ဝတ်ရတနာတို့ဖြင့် လူအဝတ် တောင်းအကွပ်။ အထူးသဖြင့် ရာထူးသည် လူကို အလှဆုံးဖြစ်စေသည်ဆိုသည့် စကားပုံအတိုင်း ဗိုလ်ကြီးရွှေဖြင်တစ်ယောက် ပြည်တော်ပြန်မျက်နှာပန်း အလှကြီးလှနေပါတော့၏။ သူ့အိမ်သို့ရောက်သွားသော် မလည်ရစ်က ရေသွားချိုးနေစဉ်ဖြစ်၍ ယောက္ခမ အထီးကြီးနှင့် အမကြီးကို ထိုင်ကန်တော့သည်။

သူ့မိဘများနှင့် ညီလေးတို့ပါ ရောက်လာ၍ အဖေအမေကို ကန်တော့ပြန်သည်။ ညီလေးကို ဖက်နမ်းသည်။

ယောက္ခမကြီးက နောက်မွေးသော ကလေးကို ထိုးပေးရင်း. .

"သားလေးပဲကွယ့်၊ သားလေးပဲ။ နာမည်က 'မောင်ကျော်ခေါင်' တဲ့၊ မှည့်ထားတယ်။ သား ကြိုက်ရဲ့လားဟင်"

ခြောက်လခန့်အရွယ် တစ်တုံးတစ်ခဲကြီးကို သူက ဝမ်းသာတုန်ယင်စွာ ဆီး၍ပွေ့ချီလိုက်ပါတော့သတည်း။

သူက စေ့စေ့ကြည့်သည်။ နဖူး၊ ရင်အုပ် သူနှင့်တူ၍ မျက်နှာက သူ့အမေနှင့်တူသည်။

"ဟောဗျာ၊ ရှင်ပြုရမယ့် သားတစ်ယောက် တိုးပြန်တာပေါ့"

နူးညံ့ဖောင်းအိသော သားလေးပါးကိုကပ်၍ မွှေးမွှေးပေးသည်။ အားပါးတရနမ်းရှုပ်သည်။

ထိုအခိုက် ဝုန်းခနဲ အိမ်ပေါ်သို့ ရောက်လာသူကား မလည်ရစ်ပါတည်း။

ထဘီရင်ရှား လျှော်ပြီးသား ကလေးအဝတ်များနှင့် တဘက်ကို ဝသောကိုယ်၌ မလုံတလုံ ခြုံထားသည်။

"ဟေး. . မယ်ရစ်"

သူက ချစ်ဇနီးကို ဝမ်းသာအားရ လှမ်းခေါ်သည်။

"အို. . ."

သူ အံ့ဩသွားရသည်။

မိလည်ရစ်မျက်နှာက မီးဝင်းဝင်းတောက်နေပါလား။

"ဘာဖြစ်နေတာလဲ မိန်းမရဲ့၊ ငါပါ၊ တစ္ဆေမဟုတ်ပါဘူး"

"ဟွန့်. . ကိုလူလည်ကြီးကို တစ္ဆေထက် လန့်ပါသတဲ့ရှင်"

"ဟင်. . မင်း. . မင်း. . ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါကွ"

သူက ကလေးကို ယေက္ခမကြီး ပြန်ပေးရင်း ရေအိုးစင်နားသွား၍ ရေနွှစ်ခွက် ဆင့်သောက်လိုက်သည်။

မလည်ရစ်က ကလေးအဝတ်တွေ အိမ်တွင်းကြိုးတန်း၌ လှမ်းရင်း. .

"ကျုပ် ဘာဖြစ်နေတာလဲဆိုတာ တစ်ရွာလုံး သိပ့်တော်"

"အလို. . စကားတွေက ဆန်းလှချည်လား အဘ၊ ဘာဖြစ်တာလဲဟင်"

"အလကားပါကွာ၊ မိရစ် ကိုယ့်ယောကျ်ား အင်မတန် ဝေးလံတဲ့နေရာက ပြန်ရောက်ခါ ရှိသေးတယ်၊ ဘာတွေများ ပြောနေရတာလဲဟဲ့"

"အဘတို့က ဖြေဖျောက်လို့ရပေမယ့် ကျုပ်ကတော့ ရင်ထဲ တနုံ့နုံ့ တစ်ချိန်လုံး ခံစားနေရတာတော့"

"ဟောဗျာ. . ဘာတွေ တနုံ့နုံ့ ခံစားနေရတာတဲ့လဲဗျာ"

"ဟွန်း. . မသိချင်ယောင်ဆောင်တဲ့လူများ အနှိုးရခက်တယ်ဆိုတာ ဒါမျိုးပေ့ါတော်၊ ရွာမြေလှန်မယ်ဆိုတုန်းက အင်ဒိုင်းသွားရင်း မယားငယ် ထားခဲ့တယ် မဟုတ်လား"

မလည်ရစ်၏ ရင့်သီးသော စကားများကြောင့် သူ့ရင်ထဲ ဒိုင်းကနဲ နာကျင်စွာ ခံစားလိုက်ရသည်။

"ဘာကွ"

"ဟွန့်. . ကြောင်ဦးမလို့ပေ့ါလေ၊ ဟောဒီမှာ ထန်းရွက်ပေလွှာ ကျုပ် ဖတ်ပြမယ်၊ နားထောင် ကြောင်သူတော်ကြီးရဲ့"

မလည်ရစ်ကား မလိမ္မာလှချေ။

ကိုယ့်ယောကျ်ားကိစ္စ တစ်အိတ်ကို တစ်ဆိတ်လုပ်ရမည့်အစား တစ်ဆိတ်ကို တစ်အိတ်ကြီး လုပ်နေလေပြီတည်း။

"အစ်ကိုရွှေရှင့်တဲ့၊ အစ်ကိုရွှေ့ သတင်းကောင်းတွေ ကြားရလို့တဲ့၊ အုံ့ဖြင့် ဖော်မပြတတ်အောင် ဝမ်းသာနေရပါတယ်ရှင့် တဲ့၊ ဗိုလ်ငမြင့်ကို အရှင်ဖမ်းလာကြောင်း ရွှေနန်းရှင်ဘုရားက ရာထူးတွေ တိုးပေးသလို မယ်မယ်ဘုရားကလဲ ရွှေခွက်ကြီး ဆုချတယ်ဆို။ အုံ့ဖြင့် ဝမ်းသာလိုက်တာ အစ်ကိုရွှေရယ်တဲ့။ အစ်ကိုရွှေ့ ဇနီးနဲ့ သားသမီးတစ်စု ကျန်းမာကြပါစေရန် ဆုတောင်းပါတယ်ရှင်။ နွားနို့ခဲနဲ့ ပျားရည်ပုလင်း အစ်ကိုရွှေနဲ့ အိမ်သားများ သုံးဆောင်ရန် ပို့လိုက်ပါတယ်ရှင့်။ အုံ့ 'အင်ဒိုင်း'၊ ကဲ. . ရှင် ဘာပြောချင်သေးလဲ"

"စာကလဲ ရိုးရိုးရေးတာပဲ၊ တို့လဲ ရိုးရိုးပဲ တည်းခိုခဲ့တာပဲ။ ဘာကြောင့် ဒါကို မင်းက ပုံကြီးချဲ့နေရတာလဲ၊ ဒီလိုစာမျိုး မင်းက ရေးဖို့ကောင်းတာပဲ"

"ဟင် . . ပုံကြီးချဲ့ရုံမကဘူး၊ ဟောဒီလှံရှည်နဲ့ ရှင့်ကို အသေသတ်ဖို့ စောင့်နေတာ"

လူများအားလုံး ဆင်းပြေးကြသည်။ အဘယ်ကြောင့်ဆိုသော် မလည်ရစ်၏ မျက်လုံးအစုံကား ဘီလူးစီးသည့်နှယ် နီ၍ လည်နေသောကြောင့်ပါတည်း။

"အင်း . . မယားငယ်ယူတဲ့ လူကြီး၊ သေပေတော့"

"ဝိုး . . "

သူ လုံးဝမျှော်လင့်မထားသော စစ်ဆင်ရေးကား ကိုယ့်အိမ်ကိုယ့်ရာ ရောက်မှပင် ရင်ဆိုင်နေရပါပေါ့လား။

ဝိုးကနဲ ပြေးလာသော လှံကား ဗိုလ်ရွှေပြင်၏ ရင်ဝနှင့် မလွဲတော့ချေ။ တည့်မတ်နေလေပြီ။

ဗိုလ်ရွှေပြင်ကား မရှုမလှ သေဖွယ်ရာသာ ရှိပါတော့၏။

သူသည် စိတ်ကိုက အလွန် လျင်မြန်သူဖြစ်ရကား တအားမြှောက်၍ ခုန်ရှောင်လိုက်ရာ လှံသွားသည် ပေါင်နှစ်ခုကြားမှ အိမ်တိုင်ကို လေးလက်မခန့် ဝင်စိုက်ပါတော့သတည်း။

သူ့ရင်ဝဆိုလျှင်ဖြင့် တံစို့ကင်ပြီးပုံ ဖြစ်သွားနိုင်ပါတော့၏။

သူသည် မလည်ရစ် ကုပ်ပိုးအား လက်ဖဝါးကြီးနှင့် တအား ရိုက်ချလိုက်ပါတော့၏။ ယခုမှ သွေးရဲရဲ သံရဲရဲ မြင်ရမည်လားဟု စိုးရိမ်နေကြသော လူကြီးများ ပြေးတက်လာပြီး ဆွဲကြသည်။

နို့ခဲသည်မနှင့် သတ်ကြ လုံးကြပုံများအထိ ဇာတ်ကြောင်းပြန်လှန်ကြတော့သည်။

"တောက်"

"အဲဒီတုန်းကလဲ သူပဲ ရွာကို စစ်ကိုင်းဝန်က မြေလှန်မယ်ဆိုလို့ အတင်းလွှတ်တာပါ အဘရယ်၊ ခုတော့ဗျာ၊ ဟိုကလည်း မယားနဲ့ သားနဲ့မှန်း သိပါတယ်။ အုံတို့မောင်နှမ စေတနာ စော်ကားတာပဲအမေ၊ စော်ကားတာပဲ"

"အမယ်လေး၊ သောက်ကောင်မ အုံအကြောင်း ထည့်မပြောနဲ့ ထည့်မပြောနဲ့ နားခါးတယ်"

ခွေလျက်ကလေး လဲနေရာက လူးလဲထရင်း တစ်ပုံတစ်နည်း သောင်းကျန်း ဦးမည့်ပုံပါတည်း။

လင်ကို လှံနှင့်ထိုးရက်သော မိန်းမကိုဖြင့် မပေါင်းထိုက်လေပြီတကား။

နန်းတော်သို့ပြန်လျှင် အကောင်းဆုံးပဲ၊ သို့သော် မသွားမီ နည်းနည်းတော့ ကလဲ့စား ချေဦးမည်ဟု စဉ်းစား၍. .

"မင်းက နားခါးပေမယ့် ငါက အုံကို ချစ်တယ်ကွ၊ သားတွေနဲ့မို့ ဒီကို ပထမ လာခဲ့ရပေမယ့် ငါ့စိတ်က အုံ့ဆီမှာဟေ့၊ အုံ့ဆီမှာ။ ကဲ. . အဖေနဲ့ အမေတို့၊ ခွင့်လွှတ်ကြပါဗျာ၊ အဘနဲ့အမေလဲ ယောက္ခမဆိုသော်လည်း မိဘနဲ့မခြား ဆုံးမ ခဲ့တယ်၊ ရွှေနန်းတော်ထဲအရောက် ပို့ပေးခဲ့တဲ့ကျေးဇူး ဘယ်တော့မှမမေ့ပါဘူးဗျာ၊ ကာယဝစီ မနောချီ၍ ကန်တော့ပါတယ်ဗျာ"

ထိုအခိုက် အရပ်ပုသလောက် ပုဆိုးစဆွဲ၍ သားသားနားနား လမ်းလျှောက် တတ်သော သူကြီး ဦးဖန် ရောက်လာပြီး ဖျန်ဖြေရှာပါသည်။

"ခွင့်လွှတ်ပါတော့ ဘဒွေးရယ်၊ ကျွန်တော် ကြီးပွားရာဘဝခရီးမှာ သူ့ဇာတာ မပါခဲ့ဘူးနဲ့ တူပါတယ်ဗျာ၊ ဘဒွေးဖန်လဲ အတန်တန် ကန်တော့ခဲ့ပါတယ်။ မယ်ရစ် ရေ မင်းအပြစ်နဲ့မင်း နေရစ်ခဲ့ပေတော့။ ငါ့ကိုတော့ သိကြားမင်း ဆင်းပြီး တောင်းပန် တောင် ငါ မကျေနပ်နိုင်တော့ဘူးကွယ်"

ဗိုလ်ရွှေဖြင်ကား လေအလျင်ကဲ့သို့ အိမ်ပေါ်မှဆင်းကာ အချစ်တော်မြင်း ကြီး ရဲနက်ပေါ်သို့ လွှားခနဲ တက်ရောက်စီးနင်းသွားပါတော့သတည်း။

ဗိုလ်ရွှေဖြင်နှင့် မလည်ရစ်တို့ ကွဲကြပြီတဲ့။

သူကြီးဦးဖန်က မောင်းထုကြေငြာစရာမလို။ တစ်ရွာလုံး ဟိုဘက် တစ်တန်း သည်ဘက်တစ်တန်း အိမ်လုံးကျွတ် ထွက်ကြည့်နေကြပါတော့ ၏။

ညီလေးများက ဟီး ငို၍ လိုက်ခေါ်ကြ။ ရွာထဲက လူကြီးများက တောင်းပန် ကြနှင့်. .

ဗိုလ်ရွှေဖြင်ကား 'ဟင်' ဆိုသည်နှင့် လှည့်မကြည့်တော့ချေပါတကား။

ဩော်. . ဆန်ဆုံတော့ စား၊ ကံကုန်တော့ သွားကြပြီပေါ့။

# မရည်ရွယ် နဖူးစာရယ်

ဗိုလ်ရွှေပြင်က မိလည်ရစ် မခံချင်အောင် ပြောခဲ့ခြင်းပါ။

သူ့မြင်း ရဲနက်ကို အမရပူရ ရွှေနန်းဆီသို့ ဦးတည် ကဆုန်ချခဲ့ခြင်းပါ။

မရည်ရွယ် နဖူးစာ ရွာလည်ချင်တော့လည်း လှည်းကြုံ လမ်းဆုံး၍ ခြေလျင်လျှောက်လာရသော ကိုထွန်းရှိနှင့် ဘွားကနဲ တွေ့လိုက်ရပါတော့၏။

ထွန်းရှိက မျက်နှာတော့ သိပ်မကောင်းရှာပေ။

သို့သော် ဗိုလ်ရွှေပြင်ကို နဂိုကပင် အထင်ကြီးနေရသူ မဟုတ်ပါလား။ ယခုလို မြင်းတပ်ဗိုလ်ကြီး ဖြစ်လာတော့လည်း အဘယ်မှာ ပြောစရာ ရှိပါအံ့နည်း။ သူ့အိမ်တွင် လေးငါးရက် စားသောက်တည်းခိုလာပြီးမှ လှည်းကြုံထပ်ရှာနေသော ဒုက္ခိတကြီးကို ပစ်သွား၍ အဘယ်မှာကောင်းပါအံ့နည်း။

"ကိုထွန်းရှိ"

"ဗျာ"

"ခင်ဗျားကို ကျွန်တော် လမ်းမပေါ်မှာ ထားမပစ်ရက်ပါဘူး၊ ဖြစ်တဲ့နည်းနဲ့ လိုက်ပို့မှာပါ။ ဒါပေမယ့် အုံ့ကို မျက်နှာပူတယ်ဗျာ"

"ဩော်. . နို့ခဲသည်ကြီး ကိစ္စလား၊ အရေးမကြီးပါဘူး ကိုရွှေပြင်၊ ကျွန်တော်က သူရဲကောင်းကို ချစ်တတ်သလို ညီမလေးကပါ သူရဲကောင်းကို အထင်ကြီးလေးစားသွားရတာ ကျွန်တော့်အပြစ်ပါ"

"ကျွန်တော်တော့ အုံ့မျက်နှာ ဘယ်လိုကြည့်ရမှန်း မသိပါဘူးဗျာ၊ ရွာဝပဲ လိုက်ပို့မယ်နော်"

"ကိုရွှေပြင့် သဘောပါဗျာ"

သူသည် ကိုထွန်းရှိအား ရှေ့မှတင်၍ မြင်းဒုန်းနှင်လာခဲ့သည်။ အမှန်စင်စစ် ရဲနက် အလွန်ပင်ပန်းနေချေပြီ။ အင်ဒိုင်းသို့ မြင်းဝင်သော် ညနေ နေဝင်ချိန် နီးလေပြီ။

တိမ်တောက်သော ညနေခင်းတွင် ရေအိုးလေးကိုယ်စီနှင့် လုံမလေး ငါးဦး ရေအိုးပိုက်၍ ကန်ပေါင်ရိုးကအဆင်း ပက်ပင်းပါ ဆုံကြတော့သည်။

"ဟောတော့၊ အစ်ကိုကြီးနဲ့ အစ်ကိုရွှေတို့ပါလား"

လိမ္မော်ရောင် ရှုံသားအင်္ကျီ မထူမပါးနှင့်၊ သနပ်ခါး အဖွေးသားလေးနှင့် ညနေဆည်းဆာနှင့်အတူ လှနေသော အုံကို ငေးခနဲ ကြည့်မိရင်း ရင်ထဲ ဒိုင်းကနဲ ဖြစ်သွားရသည်။

မလည်ရစ်ပေါက်လိုက်သောလှံကို သူမို့သာ ရှောင်နိုင်ခဲ့သည်မဟုတ်ပါလား။

"ဟောတော့. . မြင်းကြီးက အုံ့ ရေအိုးထဲက ရေတွေ သောက်ကုန်ပြီ"

"သောက်. . သောက်. . တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေတာပဲ"

"ဟင်. . အိုးတစ်ဝက် ကျိုးသွားပြီ၊ အဟင်း. . ရေဆာရင် မြက်လည်း ဆာမှာပေါ့၊ အစ်ကိုကြီးနဲ့ အစ်ကိုရွှေတို့ သွားနှင့်ကြ၊ သွားနှင့်ကြ၊ နွားစာစင်းပြီးသားတွေ ရှိတယ်၊ အစ်ကိုကြီး ကျွေးထားနော်၊ အုံတော့ ကြက်တစ်ကောင် ဝင်ယူလိုက်ဦးမယ်"

သူက စီစဉ်နေသမျှ ဗိုလ်ရွှေပြင် အာစေးထည့်သွားရသည်။ ရွာဝတွင် ချထားမည့်သူက ယခုတော့ သူ့မြင်းကြီးကို ရေတိုက်ရှာသော အုံ့ကို ကျေးဇူးတွေ တင်သွားရသည်။

သူကမူ လင်မယား သတ်ခန်းတွင် ရဲနက်ကို ရေတိုက်ရန်ပင် သတိမရလိုက်တော့ပါတကား။ မိလည်ရစ်က ဆီးတိုက်ရမည့် အလုပ်တွေပါ၊ အလုပ်တွေပါ။

ခုတော့ လှံနှင့် ဆီးပစ်သတဲ့။

သူက အတွေး ချာချာလည်နေစဉ်. .

"အုံက ကြက်ပုံ့သကူ ဘယ်တော့မှ ဝယ်တာမဟုတ်ဘူးဗျ၊ သိပ် ငရဲကြောက်တာ၊ ခုတော့ ကိုရွှေပြင့်ကို ကျွေးချင်ဇောနဲ့ဗျို့ ဟား. . ဟား. . ဟား. . "

ယောက်ဖလောင်းက သဘောကျစွာ တဟားဟားရယ်၍ သူပါ လိုက်၍ ပြုံးမိသည်။

သီရိဂေဟာဆိုတာ ဒါမျိုးမှပေါ့၊ ခရီးအဝေးကြီးက လာရသူကို ရယ်စရာ မောစရာလေးနှင့်သာ ကြိုဆိုဖို့ ရှိပါလျက်နှင့် ယခုတော့ လှံနှင့် ရင်ဝပစ်၍ ကြိုဆိုသည်တဲ့။

သားလေးတွေကို သနားချစ်ခင်လှပါ၏။ မလည်ရစ်အချစ်က ကြမ်းလွန်းအားကြီးသည်။

လင်ဆိပ် ငယ်ထိပ်ရောက်ပုံက တစ်ဖက်သား ခံသာစရာမရှိ၍ ပြန်လမ်းကို တပ်ခေါက်ခဲ့ခြင်းပါ။ ဖြစ်ချင်တော့လည်း ထော့နင်းနင်း ကိုထွန်းရှိကို မကြည့်ရက်၍ လိုက်ပို့ခဲ့ရသည်။

ရွာဝရောက်တော့လည်း ပြန်လှည့်မည့်ဆဲဆဲပါ။ ဆည်းဆာ၏ အလှကေရီက ရေအိုးကလေး သီကရီရွက်၍ ပင်ပန်းနေသော သူ့မြင်းကြီးကို အိုးပါ ထိုးပေးရင်း ရေတိုက်နေသော ရှုခင်းများက သူ၏ပူလောင်မှုကို သီတာရေစင်ဖျန်းသည့်နှယ်ပါ။

ပြီးတော့. . ပြီးတော့ အုံ့ကို တောင်းပန်ချင်သေးသည်။

အုံ ချက်သည့် ဟင်းလျာလေးတွေကိုလည်း စားချင်သေးသည်။

ပြီးတော့ ဒေါသကြီးသော အစားကြီးသော မလည်ရစ်နှင့် ကွာလှသော အုံ့ မျက်နှာကလေးကို မြင်ချင်သေးသည်။ ထပ်တွေ့ချင်သေးသည်တွေ စုပေါင်း များပြားလာရသောအခါ မြင်းပေါ်မှ ပေါ့ပါးစွာ ဆင်းလိုက်ပါတော့၏။

“အစ်ကိုရွှေ၊ ဒီသင်ဖြူးထိပ်က ထိုင်ပါ၊ နေပူက ပြန်လာတာ ရုတ်တရက် ရေမချိုးနဲ့နော်၊ ဟင်းလေး ချက်နေတုန်း ‘ကတိုးဝါကြော်’ နဲ့ ရေနွေးကြမ်း သောက်နှင့်ပါနော်၊ ဒါ လက်ဖက်အုပ်၊ ဪ. . အစ်ကိုရွှေ အဝတ်တွေ လဲလိုက်လေ၊ ပူအိုက်နေမှာပဲ”

အုံက သူ့အစ်ကို ပုဆိုးနှင့် လက်တိုရင်စေ့ ပိတ်အကျီပွပွတို့ကို ယူလာပေးသည်။

“အစ်ကို့ရဲနက်ကြီးအတွက် မပူပါနဲ့၊ အစာကျွေးထားပြီးပါပြီ အစ်ကိုရဲ့”

အုံပြောတာ လိုက်လုပ်ရင်းက သူသည် ပေါ့ပါးသွားရပါတော့၏။

ထန်းလျက်နှင့် ပဲများ ဌာပနာ၍ ကြော်ထားသော ကတိုးဝါကြော်ကြီးတွေ နှစ်ခုဆင့် ဝါးလိုက်ရာ ဗိုက်ဆာခြင်းတို့ ပြေလျှ အားရှိသွားရပါတော့၏။

“အုံ ဒီတစ်ခေါက် ပိုလှနေတယ်ဗျ”

“အုံက အိမ်ထဲမှာပဲ ယက်ကန်းရက်နေတာလေ”

“ဒါနဲ့ နို့ခဲသည် မိန်းမကြီးအကြောင်း ပြောပါဦး”

"စဉ်းစဉ်းစားစား ဆုံးဖြတ်ပါကွယ်"

"ကျွန်တော်က လူအို၊ အုံက အပျိုမို့ မတူမတန်ဘူးဆိုပြီး နေပြည်တော်တန်းပြန်တာပါဗျာ၊ ကြံကြံဖန်ဖန် ကိုထွန်းရှိ လှည်းကြုံမရှိတော့လို့ ပြန်ပို့မိတာပါ။ ကျွန်တော်နဲ့အုံ ဖူးစာပြန်ဆုံဖို့ပါပဲခင်ဗျာ"

ဦးမှုံက အလွန်စဉ်းစားနေပုံနှင့်. .

"သမီးကကောကွယ့်"

"အဘရယ် နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါ။ အုံက ကျွန်တော့်ကို ချစ်ပြီးသားပါခင်ဗျာ။ ကျွန်တော့်မှာ သားမယားရှိနေလို့ သူ့အပေါ် ယံစိတ်က ငြင်းနေပေမယ့် အတွင်းစိတ်က ကျွန်တော့်ပါရမီ ဖြည့်မယ့်သူလေးပါခင်ဗျာ"

ကြက်တူရွေးတော်တော် မောင်တော်ကကဲ ဆိုသကဲ့သို့ပါတကား။

အုံ မဖြေကြားရမီ ဗိုလ်ရွှေပြင်က ဝင်၍ ပြောလိုက်သဖြင့်. .

"မောင့်ဘက်ကတော့ ဟုတ်ပါပြီ၊ ဘသမီး ပါးစပ်က ဖြေတာလဲ ကြားပါရစေဦးကွယ်၊ ဖြေစမ်း သမီး. . ဖြေစမ်း"

အုံကား သင်ဖြူးဖြာကို လက်သည်းနှင့် ခြစ်ရင်း. .

"အဘလည်း ငယ်ရာက ကြီးလာရတာ၊ စဉ်းစားပါတော့ရှင်၊ နွားနို့ခဲသည်ကြီးကို ပျားရည်နဲ့ နို့ခဲ ပို့လိုက်တဲ့ဟာ အုံ့ရှိသမျှ သိက္ခာတွေ ခဝါချလိုက်ခြင်းက သက်သေပါပဲ အဘရယ်"

"ဩော်. . အေး. . အေး ဒီလောက် သိရရင် တော်ပါပြီကွယ်"

"တစ်ခုတော့ ပန်ကြားပါရစေခင်ဗျာ"

"အာ. . သမီးပေးဖို့ ဆုံးဖြတ်ပြီးတော့မှ တစ်ခုဘယ်ကမလဲကွယ်၊ အများကြီး ဆွေးနွေးကြရမှာပေ့ါ"

ကိုထွန်းရှိက စ၍ ရယ်သဖြင့် အားလုံး ပြုံးကြသည်။

"ဒီလိုပါ၊ ကျွန်တော့်ဘဝမှာ မလည်ရစ်ကို ယူခဲ့တာ ဘုန်းကြီးဆွမ်းကပ်ပြီး ပုဆိုးတန်းတင်ရုံနဲ့ လင်မယားအရာ မြောက်ခဲ့ရတာပါ၊ အုံ့ကိုတော့ ကျွန်တော် ဒီလို မယူချင်ဘူး။ ထမင်းရည်ချောင်းစီး ကျွေးပြီး မင်္ဂလာဆောင်ပါရစေ"

"အာ. . ဆောင်ပေ့ါကွာ၊ အကောင်းဆုံးပေ့ါ"

"ဒါပေမယ့်၊ ကျွန်တော့်မှာလဲ ဒီရွှေခွက်ကလွဲပြီး ငွေသားများများ မပါတော့"

"အာ. . ရွှေယောက်ဖရာ၊ ဒါများ စကားထည့်ပြောလို့၊ ငါ လူပျိုကြီး ဘဝ တစ်လျှောက်လုံး စုထားတဲ့ ငွေတွေဘာလုပ်ဖို့လဲ၊ ရွှေခွက်လဲ မထုခွဲပါနဲ့၊ သားစဉ် မြေးဆက် ထားရမှာပေ့ါဗျာ။ ကဲ. . ကဲ ရက်သာ အမြန်သတ်ပေတော့"

"ဒီ ရက်သတ္တပတ်ထဲပဲ စီစဉ်ပေးပါ ကိုထွန်းရှိရာ နေပြည်တော်ကို အမြန် ပြန်ရဦးမှာဗျာ့"

"ဟေ. . မြန်လှချည်ရဲ့ကွယ်၊ မင်းမယားကြီးက ပြတ်ရဲ့လား"

"သူ မပြတ်ပေမယ့် ကျွန်တော်က ပြတ်ခဲ့ပြီလေအဘရဲ့"

"ဟား. . တကယ့်လူပါလား"

"ဝမ်းသာအားရ သားမယားဆီပြန်လာတဲ့ ယောက်ျားကို လှံနဲ့ထိုးတာ တော် ရော့လား အဘရယ်၊ ဆက်ပေါင်းလို့ ကောင်းပါဦးတော့မလားဗျာ"

"အင်း. . ဒါလဲ ဟုတ်တာပဲ"

"ကျုပ်သမီးနဲ့ စွပ်စွဲပြီး ကျုပ်သမီးနဲ့ပဲ ယူတယ်ဆိုတော့ ကောင်းပါ့မလား ကွယ့်တို့ရယ်"

"ဒီမှာအဘ၊ ကျွန်တော်ဒီရောက်လာတာ နှစ်ကြိမ်နော်။ နှစ်ကြိမ်စလုံး မကြံ စည် ဘာမျှ မမျှော်လင့်နဲ့ ရောက်လာတာပါအဘ၊ ဒါဟာ သတ္တဘာဂနတ်မင်းက ဇွတ်အတင်း ပို့လိုက်တဲ့ သဘောပါပဲ အဘရယ်။ ကျွန်တော့်ဘဝမှာ ဒုတိယဇနီး ယူဖို့ဆိုတာ တစ်သက်လုံး မစဉ်းစားခဲ့ပါဘူး အဘရာ၊ အခုလဲ နေပြည်တော် အသွား မှာ ကိုထွန်းရှိကို အမြင်မတော်လို့ လိုက်ပို့တာပါ၊ ဒါလဲ ရွာဝက လှည့်ပြန်ဖို့ပါ။ နတ်တွေက ဆွဲတင်လိုက်သလို အဘတို့အိမ်ရောက်လာတာသာ ကြည့်ပါတော့ဗျာ"

ဦးဘိုးမှုံရော ကိုထွန်းရှိရော ခေါင်းတညိတ်ညိတ်နှင့် ရှိနေစဉ် အိမ်နီးချင်း ဒေါ်မြမေက ဝင်ရောက်လာပြီး. .

"အမယ်လေး. . ကိုရင့်သမီးကလည်း သားနဲ့ မယားနဲ့မှန်း သိပါတယ်တဲ့ တော်၊ သူ့အလိုလို ချစ်တာတော့ ဘယ်တတ်နိုင်ပါ့မလဲတဲ့တော်။ ပြီးတော့ သူက တစ်ဖက်သတ် ချစ်ပေမယ့် ခုလို ကွဲလာလိမ့်မယ်လို့ နည်းနည်းမှ မတွေးမိရှာပါဘူး တော်၊ ခုလိုဖြစ်ကုန်ရတာလဲ ကံတရားပေါ့၊ ကံ တရားပဲပေါ့။ ဗေဒင်တွေကလဲ အမြဲ ဟောဖူးတယ်ဆို၊ ကိုရင့်သမီးက ကတော်ကြီးဆယ်ပါး တစ်ပါးပါးတော့ ဖြစ်မယ်ဆို၊ ဒါပေမယ့် လူပျိုတော့ မရဘူးဆို. . "

အဒေါ်ကြီး၏စကားကြောင့် ဗိုလ်ရွှေပြင် အားတောင့်အားနာနှင့် အုံ့ကို လှမ်း၍ ကြည့်လိုက်ပါတော့၏။

“အဲလေ. . အားလုံး အတိတ်ဘဝက ကံတွေပေါ့ကွယ်၊ ကံတွေပေါ့။ အဘတို့ ရွာကလဲ တစ်ဆိတ်တစ်အိတ် လုပ်တတ်တယ်ကွယ့်၊ ဟိုရွာကို မြေလှန်မယ်ဆိုလို့ စစ်ကိုင်းမြို့ဝန်ကို လာရှောင်ကတည်းက လူတွေက ပြောကုန်ကြပြီကွယ်၊ အရေးထဲ သားကလဲ ဗိုလ်ရွှေပြင်ဆို အသေအလဲ ချစ်တော့ ခက်ကုန်တာပေါ့ဗျာ”

ထိုနေ့ညက အတိတ်ကံစိမ်ပွဲ၊ မင်္ဂလာကြိုတင်စီစဉ်ပွဲ။ ဗိုလ်ရွှေပြင်၏ ဒုတိယ အချစ်အောင်ပွဲတို့အတွက် အကြီးအကျယ် စည်းဝေးတိုင်ပင်ကြခြင်းပါတည်း။

# ကုသိုလ်ကံပါ ဒုတိယမင်္ဂလာ

မြင်းတပ်ဗိုလ်ကြီးရွှေပြင်နှင့် အုံတို့၏ မင်္ဂလာဆောင်ပွဲကား ရွာလုံးကျွတ်မက ရွာနီးချုပ်စပ်မကျန် ထမင်းရည်ချောင်းစီး မင်္ဂလာပွဲကြီးပေတည်း။

လှတောကြီးရွာအတွက်မူ မျက်နှာပူပူရှိလှ၍ သူကြီးဦးဖန် တစ်ဦးတည်းသာ ဖိတ်ကြားလိုက်သည်။ ဦးဖန်ကလည်း မသွားချင်ပါ။ သို့သော် သည် ရွှေပြင့်မျက်နှာ လက်ညှိုးငေါက်ငေါက်ထိုး၍ မင်းနှယ်ကွာ သားလေးနှစ်ယောက်နဲ့ လုပ်မှ လုပ်ရက် ပလေဟု အားပါးတရ ပြောပစ်လိုက်မည် စိတ်ကူး၍ လာခဲ့ခြင်းပါ။

အင်ဒိုင်းရောက်သော် အာစေးထည့်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ခါးသေးရင်ချီ၊ ငါးရံ့ကိုယ်လုံး၊ ဖြူဖြူစင်စင် အင်ဒိုင်း သူမလေးက ချိုသာယဉ်ကျေးစွာ ဆီးကြိုသည်။ အဝေးက လာရသည်ဆိုပြီး ဒူးလေး ပျပ်ဝပ်ချပ်ချပ်တုပ်၍ ယပ်ခတ်ပေးသည်။

ထမင်းပွဲကို သူတို့နှစ်ဦး တစ်ယုတယ ဝိုင်းကျွေးကြသည်။

သူကြီးဦးဖန်က အဓိပ္ပါယ်နှင့် လှမ်းကြည့်တိုင်း ရှက်စနိုးကလေး ခေါင်းလေး ငုံ့ငုံ့သွားပုံကပင် ရှက်တတ် ကြောက်တတ်သော မိန်းကလေးပုံပါ။ မလည်ရစ်သာ လိမ္မာလျှင် ကွဲကွာစရာ လုံးဝမရှိကြောင်း နားလည်၍ လာရပါတော့သတည်း။

ပြီးတော့ အပြန်၌ မင်္ဂလာဦး ကန်တော့ပန်းအဖြစ် ပိုးပုဆိုး၊ ဖိနပ်သစ်တစ်ရံ တို့နှင့် ထိုင်၍ကန်တော့ရင်း. .

"ဘဒွေးရှင့်၊ အုံ့ကိုတော့ မထင်မသေးပါနဲ့ရှင်။ အုံတို့မောင်နှမက သူ့ရဲ ကောင်းကို ရိုးရိုးချစ်တာပါ။ ဆန်းဆန်းဖြစ်သွားရတာကတော့ ကံတရားပါပဲရှင်။ အဲ. . အုံ့အပြစ်ကတော့ နွားနို့ခဲတွေ၊ ပျားရည်တွေကို ပို့ပေးမိတဲ့ အပြစ်ပါပဲ"

ကလေးမလေးက သနားစရာ၊ သူ့အဖြစ်ကို ဝန်ခံတန်ခံနေပြန်သဖြင့်. .

"ကဲကွယ်၊ ခုမှတော့ ထမင်းရည်ချောင်းစီး အလှူမင်္ဂလာကြီးလဲ ပြီးပြီပဲလေ။ ဒါတွေပြောနေလဲ ဘဒွေး အပြစ်မတင်ရက်တော့ပါဘူးကွယ်" ဟုဆိုကာ သူကပင် အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်ဟု ဆုမွှက် ခြွေခဲ့ရသည်။

စိတ်မကောင်းပါ။

မလည်ရစ်အတွက် အထူးစိတ်မကောင်းပါ။ လင်ရသည်ထိ ကလေးဆိုးကြီး လိုလို၊ ဟင်းကျွေးဟင်းလျာ မရှိလျှင် မန်ကျည်းပင်တကာ သူ့ကိုယ်ဝဝကလေး မျောက်လွှဲကျော်ကူးသလို ကူး၍ မန်ကျည်းရွက်ခူးပြီး အိမ်တကာ လည်ရောင်းတတ် သော မလည်ရစ်ကို သနားကရုဏာဖြစ်ရသည်မှလွဲ၍ သူ. . သူ ဘာများတတ်နိုင် ပါမည်နည်း။

ရွာရောက်၍ အဝတ်ပါလဲပြီး မလည်ရစ်ထံ ရောက်သွားရပါသည်။

ကလေးကို နို့တိုက်၍ မျက်ရည်တတွေတွေနှင့် တွေ့လိုက်ရပါတော့၏။

"ဘဒွေးက သူတို့မင်္ဂလာဆောင် ဘာကြောင့်သွားရတာလဲ"

"အဲ. . ကွယ်၊ သွားတုန်းကတော့ ဒီကောင့်ကို ပက်ပက်စက်စက် ပြောပစ်ဖို့ ပါပဲ။ ဒါပေမယ့် လူကလဲ မစဲတော့ မပြောခဲ့ရပါဘူးကွယ်။ ငါ့တူမ ကံပဲလို့သာ အောက်မေ့ပါတော့ကွယ်။ ကလေးတွေ စာတတ်အောင် သင်ပေါ့ဟာ။ တို့လဲ လိုအပ် တဲ့ အကူအညီရှိရင် တောင်းပါ။ နင့်ကိုတော့ ကလေးတွေမျက်နှာနဲ့ ဦးစားပေးပါ့ မယ်"

အဘွားကြီးက အိပ်ရာထဲ လဲလေပြီတည်း။

"သင်း ဒေါသကြီးလွန်းလို့ မဖြစ်သင့်တာတွေ ဖြစ်ရတာပါ သူကြီးမင်းရယ်။ ကျုပ်ဖြင့် ရွှေပြင်လိုသမက်တစ်ယောက် အရှင်ဆုံးရှုံးရတာ ရင်နာလို့ မဆုံးပါဘူး တော်" ဟု ဝမ်းနည်းစကား ပြောလိုက်ရှာပါတော့၏။

ဗိုလ်ရွှေပြင်နှင့် အသစ်စက်စက် ဇနီးကလေး အုံတို့ကား ရွာတွင် အိမ်စေ့ တက်စေ့ပင် ဆွေပြမျိုးပြ မသွားလိုက်ရပါ။

နေပြည်တော်မှ အခေါ်တော် ရောက်ရှိလာ၍ လှည်းနှစ်စီးနှင့် ပစ္စည်းများ အပြည့်တင်၍ နေပြည်တော်သို့ ထွက်ခဲ့ကြရာ ရွာလမ်းဝဲယာတွင် အုံကို နှုတ်ဆက်ကြသူများ ပြည့်လျှံနေတော့သည်။

“ကောင်မရေ၊ မြင်းတပ်ဗိုလ်ကြီးကတော်ကြီး ဖြစ်လို့ တို့ကို မေ့မသွားနဲ့နော်၊ တို့အတူတူ ရေခပ်ခဲ့ကြတဲ့ ဟောဒီကန်ကြီးလဲ သတိရပါအေရယ်”

“ညည်းကတော့ တောမွေးပြီး ကတော်ရုပ်ပေါက်နေတာပဲ၊ ခုလို ချမ်းသာသွားတာ မဆန်းရေးချ မဆန်းပါတော်”

“တို့ဆီပြန်ခဲ့ရင် နန်းတော်ထဲက လက်ဆောင်ယူခဲ့နော်” နှင့် တလမ်းလုံး မှာကြ ကြားကြ၊ တချို့ ရင်းနှီးသူများက ငိုကြနှင့် ရွာ့အချစ်တော်လေး အုံ ကောင်းစားဖို့ ကြုံခဲ့ရပြီကော။

လှံထမ်းလာသည်ကို မြင်ရသော်လည်း ကံထမ်းလာသည်ကို မမြင်ရပါလား။

ရွှေဘိုမင်းတရားကြီး နတ်ပြည်စံလွန်တော်မူသောအခါ နဂိုကပင် အိမ်ရှေ့နန်းအလျာထားပြီးဖြစ်သော ပုဂံမင်းတရားကြီးတွင် ရွှေနန်းအဆောင် တောင်ညာစံထား မိဖုရားကြီးအပြင် အိမ်တော်ပါ မိဖုရားကြီး ရှစ်ပါး၊ နန်းရဆောင်ရ မိဖုရားပေါင်း ခြောက်ဦး ရှိတော်မူသည်။

ညီတော် မင်းတုန်းမင်းသားကို သီရိသုမဟာဓမ္မရာဇာအား သီရိမဟာသီဟသူရဓမ္မရာဇာ ဟူ၍လည်းကောင်း၊

ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်စွာကို သီရိ မဟာဓမ္မရာဇာ ဟူ၍လည်းကောင်း၊ ဘွဲ့တော်များချည်၍ လွှတ်တက်မင်းသားကြီးများ အခွင့်အရေးကိုသာ တိုးမြှင့်ပေးလိုက်တော်မူပါသတည်း။

မင်းညီမင်းသား ဝန်စုဗိုလ်စုများအားလုံးကိုလည်း ဂုဏ်ထူးဘွဲ့ထူးများ စေ့စေ့ငှငှ ပေးတော်မူသည်။

ထို့ထက်ပင် ထူးထူးကဲကဲ အမြောက်အစားခံလိုက်ရသူများမှာ ပုဂံမင်းသားဘဝ၊ အိမ်ရှေ့စံဘဝတို့၌ ငယ်ကျွန်ရင်းကြီးများ ဖြစ်ကြသော ငဇဒဘာရီ ကုလားစပ်ဘိုင်ဆပ်အား မြို့ဝန်ကြီး ခန့်အပ်တော်မူ၍ သူ့တပည့် မောင်ပိန်ကို မြို့ဝန်စာရေး ခန့်အပ်လိုက်ပါသည်။

ထိုအချိန်မှစ၍ မြို့ဝန်ဘိုင်ဆပ်နှင့် စာရေးမောင်ပိန်တို့သည် နေပြည်တော်၌ အားအထက်ဆုံး ပုဂ္ဂိုလ်ကြီးများ ဖြစ်လာကြပါတော့သည်။

ပြည်သူများ မကျေမနပ် ဖြစ်ကြရသော်လည်း ဘာမျှမတတ်နိုင် လက်မှိုင်ချ၍သာ နေကြရပါတော့၏။

ပုဂံမင်းတရားကြီးသည် ကြက်တိုက်၊ ငှက်တိုက် ဝါသနာဆိုးများက လွှဲ၍ သူ့ဘုန်း၊ သူ့ကံ၊ကဖြင့် အရှိသားပါပဲ။ ပဲခူး စီရင်စုဘက်မှ ဆင်ဖြူတော် ရွှေဖဝါးတော်အောက် ရောက်ရှိလာသဖြင့် မြို့တော်တွင် ဆင်ဖြူရတနာ သိမ်းပွဲများနှင့် ခြိမ့်ခြိမ့်သဲ ပျော်ရွှင်နေကြသည်။

သို့သော် အိမ်ရှေ့စံဘဝကပင် ကြက်တိုက်၊ ငှက်တိုက်လို့ အကြီးအကျယ် ကစားလာခဲ့သော ပုဂံမင်းသည် သူ အထွတ်အထိပ်သို့ ရောက်သော် ပြောဖွယ်ရာ မရှိတော့ပေ။

ဘုရင်မွေးထားသော ချိုးနှင့် ခါများသည် (မြေခွေး) ဟူသော ခံမြေတွင်းအောင်း အကောင်ငယ်လေးများကို တစ်နေ့ တစ်ကောင်စားရလျှင် အသက် တစ်နှစ်ပို၍ ရှည်သည်ဆိုကာ မြို့ဝန်ဘိုင်ဆပ်နှင့် စာရေးမောင်ပိန်တို့အား မြေခွေးရှာပွဲကြီးကို မြို့တွင်း၌ တခမ်းတနား ပြုလုပ်ကြပေတော့သည်။ မည်သူ့ဝိုင်းဖြစ်စေ တူးဆွနိုင်ခွင့် ရှိသည်။ အကယ်၍ ဤသို့ တူးဆွရင်းက ရွှေအိုး၊ ငွေအိုးများ ရလျှင်လည်း သူတို့ပဲ ယူသွားကြမြဲပါ။ အိမ်ဝိုင်းလှလှကလေးမှာလည်း ပေါက်ပြဲကွက်ကြား၍ မလှမပ ဖြစ်နေကြရပါတော့သတည်း။

ပြည်သူလူထုမှာ မခံမရပ်နိုင်ကြရှာပါ။ တိုင်စရာလူလည်း မရှိ ဘုရင်ကပင် သူတို့ဘက်က ရှိနေရသည် မဟုတ်ပါလား။

မြေခွေး ရှာသည်ဟု အကြောင်းပြ၍ သူများ မြှုပ်နှံထားသည့် ရွှေအိုး၊ ငွေအိုးများကို စနည်းနာ လိုက်လံ တူးဆွနေကြသည်ကလည်း မြို့တစ်ပြင်လုံး မြင်မကောင်း ရှိနေရပါသည်။

၄င်းအပြင် ဘကြီးတော်ဘုရား နန်းစံစဉ်က ဆောက်လုပ်ထားသော အလွန်တရာ ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးအဖြစ် ဆောက်လုပ်ထားသော အလွန်လှသဖြင့် (ဖန်နန်းရှင်) ဟူ၍ပင် ဘွဲ့အမည်ရခဲ့ပါသည်။

ဘကြီးဘုရား နန်းကျတော်မူသောအခါ မည်သူမျှပင် မနေကြပေ။ ထိုနန်းတော်ကြီးကို မျက်စေ့ကျနေသူမှာ မြို့ဝန်ဘိုင်ဆပ်၏စာရေး မောင်ပိန်ပင် ဖြစ်ပါတော့သည်။

ကျွန်းသားကြမ်းခင်း ကျွန်းထုက လက် လေးလက်မခန့် ရှိသည်။ ကျွန်းသားတိုင်ပေါင်းက တစ်ထောင်ကျော်သည် မဟုတ်ပါလား။

ပုဂံဘုရင်ထံ ဘိုင်ဆပ်က တောင်း၍ စာရေးမောင်ပိန်ကို ပေးလိုက်သည်။ ဖန်နန်းရှင် နန်းတော်ကြီးကို တောက်တောက်စင်း၍ တိုင်းသူပြည်သားများ အသွား အလာ လွယ်ကူစေရန်ဟု အကြောင်းပြကာ တောင်သမန်အင်းကြီးကို တံတားခင်း လိုက်ပေသည်။ အမရပူရဘက်မှ တစ်ဘက် ဘိုးတော်ဘုရားကောင်းမှု (ကျောက် တော်ကြီး) ဘုရားအရောက် မြန်မာပြည်တွင် အရှည်ဆုံး ကျွန်းတံတားကြီးကို တည် ဆောက်ခဲ့ပါသည်။ နောင်တွင် ဘကြီးတော်ဘုရား၏ ဖန်နန်းရှင် ရွှေနန်းတော်ကြီး၏ ကျန်အစိတ်အပိုင်း ပစ္စည်းများကို ဦးပိန်ဘဏ္ဍာတိုက်အဖြစ် ပိုင်ကာ ထိုစဉ်က နှင့် ဝန်စာရေး မောင်ပိန်ဘဝမှ သူဌေးဦးပိန် ဟူ၍ပင် တွင်သွားရပါတော့သည်။ တံတား ကြီးကမူ ယခုအထိ ဦးပိန်တံတားဟူ၍ တွင်ခဲ့ရပါတော့သတည်း။

# အချစ်နှင့်တာဝန်

အမရပူရ ရွှေမြို့တော်သို့ ယခုမှ ရောက်ဖူးရရှာသော အုံသည် အားလုံး ပါးစပ်ဟောင်းလောင်းကလေးနှင့် ကြည့်၍ မဆုံးရှာတော့ပေ။

"ဩော်. . အစ်ကိုရယ်၊ ဒါကြောင့် မင်းနေပြည်တော်လို့ တင်စားကြတာပေါ့ နော်၊ စည်ကားလိုက်တာရှင်။ လူတွေက ဝတ်ကြ စားကြ၊ သွားကြ လာကြနဲ့နော်"

"အင်း. . ရွှေဘိုမင်းခေါ် ခမည်းတော်ဘုရားလက်ထက်က ဒီထက် စည်ကား တော့မပေါ့ အုံရဲ့"

"ဟုတ်လား၊ ခု ဒီပုဂံမင်းလက်ထက်မှာတော့ အစည်ကားလျော့သွားတာ လား ဟင်"

"မစည်ကားအပ်တဲ့ အရပ်တွေမှာ စည်ကားနေတာပေါ့ဗျာ။ ဟောဟိုမှာ ကြည့် ကြက်ဝိုင်းတွေ့လား၊ အရက်ဆိုင်တွေကလဲ ဥဒဟို။ ကျောက်တိုင် ရွှေစေတီ တော်ကြီး၊ ရွှေသိမ်တော်ကြီးတို့ ယိုယွင်းနေတယ်လေ။ မင်းတရားကြီးကလဲ အကစား နဲ့ အသောက်အစားပဲ မက်နေတော့ ဒါတွေ မပြုပြင်အားရှာဘူးပေါ့လေ"

ဗိုလ်ရွှေပြင်က မင်းတရားကြီးကို အပြစ်မတင်ရက်ရှာပါ။ ခေါင်းကလေး တခါခါနှင့် ရင်သပ်ရှုမော ဖြစ်နေရှာသော ချစ်ဇနီးကလေးကို နန်းမြို့ကို ရေသုံးဘက် ဝိုင်းထားပုံ၊ ကျုံးမြို့ရိုးတို့ တည်ပုံတို့ကို လက်ညှိုး တညွှန်ညွှန်နှင့်ပြ၍ လာပါတော့ သည်။

နန်းတော်ထဲ ဝင်ရသည်မှာလည်း ဗိုလ်ရွှေပြင် အဆောင်အယောင်များ မြင်ရုံ နှင့် ဗိုလ်မင်း. . ဗိုလ်မင်းနှင့် အရိုအသေပေး၍ မဆုံးကြပေ။

သူတို့နေရန် အိမ်ကလည်း သန့်သန့်ပြန့်ပြန့် အလတ်စားအပါအဝင် အရာရှိနေအိမ်တစ်လုံး ရပါ၏။

အုံသည် အလွန် မိန်းမပီသသူကလေးပီပီ တစ်အိမ်လုံး ပြောင်နေအောင် ရှင်းလင်းသုတ်သင်တော့သည်။ လှလှပပ ပြင်ဆင်ရှာသည်။ ရောက်စတွင် အိမ်နီးနားချင်းများက ဝိုင်းဝန်းကူညီကြသည်။

"မြင်းတပ်ဗိုလ်မင်းမှာ ကလေးနှစ်ယောက်ရှိဆိုလားလို့ပါ"

တချို့ စပ်စုသူများ အမေးကြောင့် အုံ ဆွေးသွားရသည်။

ဩော် . . ဒါ . . ဒါ မလည်ရစ် ခံစားရမယ့် စည်းစိမ်တွေပါလား၊ ငါ . . ငါ အချောင်ခံစားရသလို ဖြစ်နေပါပေါ့လား။

သူ့မှာ သားနှစ်ယောက်နဲ့ ဘယ်လိုများ လုပ်ကိုင်စားသောက်နေပါလိမ့် ဟူ၍ မိန်းမကောင်းစိတ်ကလေး ဝင်လာရှာသည်။

"အစ်ကို့ကို အုံ တစ်ခုတောင်းပန်ပါရစေ"

"ဘာများလဲ အုံရဲ့"

"အမှန်တော့ ဒီစည်းစိမ်တွေဟာ မလည်ရစ်ခံစားရမယ့် စည်းစိမ်တွေပါ"

"အို . . ဒါကတော့ သူမှ မလိမ္မာတာကွယ်"

"သားနှစ်ယောက်က ရှိသေးတာပဲရှင့်"

သည်တစ်ခါတော့ ဗိုလ်ရွှေပြင် ငိုင်သွားရသည်။

"အစ်ကိုရယ် . . အုံဟာ တရားသော မိန်းမတစ်ယောက် ဖြစ်ချင်ပါတယ်။ အစ်ကို့သားတွေအတွက် သားစရိတ်တော့ ထောက်ပါနော်"

"အလိုလေး၊ ဘိက္ခုနီမ သူတော်စင်ကြီးရယ်၊ အစ်ကိုတောင် ဒီလောက် မတွေးမိပါဘူးဗျာ"

"အစ်ကို့သွေးလေးတွေမဟုတ်လား၊ ပညာမဲ့ကလေးတွေ ဖြစ်မကုန်ပါစေနဲ့ရှင်"

"ဩော် . . အုံရယ်၊ မင်းဟာ ထိုက်ထိုက်တန်တန် ဖြစ်လာရတဲ့ ကုသိုလ်ရှင်မ ကလေးပါလားဗျာ"

"အစ်ကိုရယ်၊ အုံပျော်နေရပြီး တစ်ဖက်သား မျက်ရည်ကျနေတာမျိုး မဖြစ်စေချင်ပါဘူးရှင်"

"ဗျို့ . . ဗျို့ . . ဗိုလ်မင်းတို့ ဇနီးမောင်နှံ အချစ်နာလန်ထနေကြသလားဗျို့၊ ရွှေနန်းတော်ကြီး ညီလာခံကို အမြန်ဝင်ဖူးရမယ်တဲ့ဗျား"

ဇနီးမောင်နှံ အေးချမ်းစွာ စကားပြောနေကြခိုက် သံတော်ဆင့် ဗိုလ်ရာဒွေး ရောက်လာပြီး ခေါ်ငင်နေ၍. .

"အုံ ပျင်းရင် ပန်းခြံထဲ ဆင်းကြည့်နေဉ်"

"အိမ်ရှင်မဆိုတာ မပျင်းအားပါဘူး မောင်ရယ်၊ ဖြောင့်ဖြောင့်သာ ရွှေ့တော်ကို ဝင်တော်မူပါ"

ဗိုလ်ရာဒွေး မြင်းနောက်က သူ့မြင်း ရဲနက်ကိုစီး၍ ဝေါခနဲ နန်းမြက်ခင်း နန်းဉယျာဉ်ကို ဖြတ်၍ ပါသွားသည်ကို အုံသည် မျက်စိတစ်ဆုံး ကြည့်၍ ကျန်ခဲ့ပါတော့၏။

ဗိုလ်ရွှေပြင် ရောက်သွားရသောအခါ ရွှေ့တော်၌ ရွှေဘိုမြို့ဝန် ဦးဝိုင်း ရောက်ရှိနေသည်။

မြို့ဝန်ဦးဝိုင်း ပခုံးတွန့်၍ မျက်မှောင်ကုတ်သွားရသည်။

"ဟင်. . ဘုန်းတော်ဘုရားက အားထားတကြီး ခေါ်လိုက်တဲ့ မြင်းတပ်ဗိုလ်ကြီး ဗိုလ်ရွှေပြင်ဆိုတာ လက်စသတ်တော့ မန်ကျည်းစင်ဈေးက ဓားပြတိုက်တဲ့ လူ့တောကြီးရွာသား ငရွှေပြင်ကိုး"

လူကြီးတန်မဲ့နှင့် ကံတရားအလျောက် ကြီးပွားတိုးတက်လာသော လူငယ်တစ်ဦးကို ချီးကျူးချင်စိတ်မရှိရုံမက မနာလိုသလိုကြီး ကြည့်နေသည်။

"ကဲ. . ကဲ. . ရွှေဗိုလ်မြို့ဝန်၊ ဖြစ်ရပ်အစုံအလင်သာ ပြောပြလိုက်ပေတော့"

ဘုရင်မင်းမြတ်က သူလို အနုညာတများ မွှမ်းပါပေရဲ့ဗျားဟု ရင်ထဲ၌ ဒေါပွလင့်ကစား အမိန့်တော်မြတ်အတိုင်း. .

"ဒီလိုမောင်ရေ. . အုတ်ဖိုမင်းတဲ့၊ သူ့ကိုယ်သူ ဘွဲ့တပ်ထားတာလေ၊ စကားပင်က တောင်ပေါ်သားပေါ့၊ ရှမ်းခနွေလူမျိုးကွယ့်။ ကျောက်မြောင်းဘက်က ကူးလာပြီး ရွှေဘိုကို စီးမလို့တဲ့မောင်ရဲ့။ ဦးတို့လဲ တပ်စောင့်တွေ နေရာတကာ ဖြန့်ထားပါတယ်ကွယ်။ အဲဒီထဲက နေ့စီးမလိုလို ညစီးမလိုလို ရွှေဘိုကလူတွေ ရင်ထိတ်ဖိုနေရပါတယ်ကွယ်"

သူက ဘုရင်မင်းတရားရှေ့မို့ ချိုသာစကားနှင့် ပြောလိုက်ရသော်လည်း ဒီကောင့်များ တယုတယရှင်းပြရလေခြင်းဟု ရင်ထဲ ဒေါမနဿဖြစ်နေရသည်။

ဦးဝိုင်းဖြစ်နေပုံကို ဗိုလ်ရွှေပြင် ရိပ်မိသည်၊ ထို့ကြောင့် ရိမိအောင် ရိလိုက်ပါသည်။

"ရွှေဘုန်းတော် အလွန်တရာ ကြီးမြတ်လှတော်မူသာ အရှင်မင်းမြတ်ဘုရား၊ ဘဘဦးဝိုင်းတို့လို လက်ရုံးရည် နှလုံးရည်တို့နဲ့ အဘက်ဘက်က ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးအဖို့ ဒီအုတ်ဖိုမင်းသားကို အသာအယာ ဖမ်းနိုင်မှာပါဘုရား"

ဟု လျှောက်တင်လိုက်ရာ. .

"ဟဲ့. . ငရွှေဖြင်ရဲ့၊ ဒီ ဦးဝိုင်းဟာ အသက်ကြီးမှ ကယောင်ချောက်ချားနဲ့ သူမနိုင်လို့ ယခု ရှေ့တော်မှောက် ရောက်လာတာပေါ့၊ ကဲ. . ကဲ ငရွှေဖြင် ထူးထူးထွေထွေ သံတော်ဦးတင်မနေနဲ့၊ ဒီအဘိုးကြီးမတတ်နိုင်လို့ ရောက်လာပြီကပဲ၊ ယခုပင် စစ်ပြင်၍ ဒီနေ့တွင်ပင် ထွက်ပေတော့ မောင်မင်း"

"ဘုရား. . ကနေ့ထွက်ရမှာလား ဘုရား"

"ဟဲ့. . အစွန်အဖျားက ပါမွှားသူပုန် အကုန်အစင် တိုက်ထုတ်ပစ်တာ အကောင်းဆုံးပါပဲကွယ့်၊ ဟဲ့ ရာဒွေး"

"ဘုရား"

"ဗိုလ်ရွှေဖြင် လိုချင်သည့် တပ်တော်သားအရေအတွက်နှင့် ထွက်ပါစေဗျား"

"မှန်လှပါ၊ အမိန့်တော်အတိုင်း စီစဉ်ခန့်ခွဲပေးလိုက်ပါမည် ဘုရား"

ဦးဝိုင်း နှုတ်ခမ်းမွေးကုပ်၍ ကျန်ခဲ့ပါတော့၏။

ဩော်. . စင်စစ် အချိန်မရွေး အဆင်သင့်ဖြစ်ရသော စစ်ပါတကား။

အိမ်ထောင်ပြောင်းလာ၍ မနေ့ကပင် ရောက်သည်။ ယနေ့ ရတနာသိဒ်လမ်းကြောင်းကို ပြန်ပြောင်းချီရဦးတော့မည်ပါတကား။

# ကျောက်မြောင်းတစ်ခုမှ အုတ်ဖိုမင်းသား

အုတ်ဖိုမင်းသားဟုသာ ဘွဲ့ခံထားသည်။ အမှန်တော့ ဓားပြဂိုဏ်းပါ။ မြို့ဝန် ဦးဝိုင်း သွေးလန့်မည်ဆိုလည်း လန့်စရာပါ။

တလောက မြို့ဝန်ထံ လူတစ်ယောက် မြင်းစီး၍ ပေလွှာတစ်စောင် ပေး သွားသည်။

ဈေးပိတ်နေ့တွင် ဈေးအနောက်ဘက်တွင် မီးရှို့မည်။
သတ္တိရှိက ကျွန်ုပ်အား ဖမ်းလော့။ သတ္တိမရှိက ထဘီဝတ်
၍ မီးသတ်လော့။

အုတ်ဖိုမင်းသား

ဟူသော ပေလွှာတစ်စောင်ကြောင့် ဦးဝိုင်းခေါင်းမီးတောက်ကာ ဈေးတစ်ဝိုက် ထောင်တပ်ကြီး ချထားသည်။

ထိုသို့ အဆမတန် အဟေစာင့်အရှောက်တွေ ချထားသည့်ကြားကပင် လက် သည် မပေါ်၊ ဈေးအနောက်ဘက်တန်း မီးစွဲပါတော့သည်။ ထိုအခါ တပ်သားများ မီးအလုအယက် ငြိမ်းသတ်စဉ် တဟားဟား အော်ရယ်သံကြီးနှင့်အတူ. .

"မင်းချင်းတို့၊ မင်းချင်းတို့။ ဒီမီးကို ခင်ဗျားတို့ မသတ်ကြနဲ့၊ မြို့ဝန်ကို ထဘီဝတ်ပြီး အသတ်ခိုင်းပါတော့လား"

ဟု အော်၍ပြောရင်း အုတ်ဖိုမင်းသားကိုယ်တိုင် မြင်းတလွှားလွှားနှင့် ထွက် ခွာသွားပါတော့၏။

မြို့ဝန်ကား မည်မျှ သွေးလန့်သွားရသည်မသိ၊ မြင်းဒုန်းစိုင်း၍ ရှေ့တော် မှောက်ရောက်ရှိ သံတော်ဦးတင်ခြင်းပါတည်း။

မြို့ခံ အာဏာပိုင်က မတတ်နိုင်တော့၍ ရွှေနန်းတော်မှ တပ်တော်ကို အကူအညီ တောင်းရသည်ဆိုတော့လည်း ဦးဝိုင်း မျက်နှာငယ်ရတော့သည်။

ဗိုလ်ရွှေပြင်ကား လှတောသို့ ဝင်လိုက်သေးသည်။

သူကြီးဦးဖန်ထံ ကျပ်ငွေငါးရာ အပ်နှံခဲ့သည်။

ကလေးများ ပညာသင်စရိတ်ဟူ၍ပါ။ နောက်လည်း မကြာခဏ ထောက်ပံ့ပါမည်ဟူ၍ ပြောပြီး သစ္စာဆိုခဲ့သည်။

"ဘဒွေးဖန်၊ မိလည်ရစ်အပေါ် သူ စ,ဆိုးရခြင်း မဟုတ်ပါ။ မိလည်ရစ်ကို ပစ်၍ နောက်မိန်းမယူရန်လည်း စိတ်ကူးမရှိခဲ့ပါ။ သူက သေကြောင်းကြံ၍ လှံနှင့်ထိုးရာကအစ မဖြစ်သင့်တာများ ဖြစ်ခဲ့ရပါသည်။ ဤစကားသစ္စာများ မှန်ကန်ပါက အုတ်ဖိုမင်းသားကို နိုင်ရပါစေသား"

ဟူ၍ သစ္စာဆိုပြီးမှ လှတောရွာရှေ့တွင် ၅၀၀ တပ်ကြီး တန်းစီစောင့်နေရာ ရှေ့ဆုံးမှ ကြော့ကြော့ချီလေသတည်း။

ကျောက်မြောင်းကား ချင်းတွင်းမြစ်ကို မေးတင်၍ တည်ရှိသော အလွန်သာယာသည့် ဒေသတစ်ခု ဖြစ်ပါသည်။

မြစ်ဆိပ်အစွန်အဖျားတွင် ကတ္တူကြီးတစ်စင်း ကုန်များချသလိုလို တင်သလိုလို ပုံစံများ၊ လူကြီး လူလတ် လူငယ် စုစုပေါင်း လူခြောက်ဆယ်ခန့်တို့ ချက်ပြုတ်စားကြ သောက်ကြနှင့် ရှိကြသည်။

ကျောက်မြောင်းရွာစွန်ဖြစ်၍ ရွာသူရွာသားများက ကုန်သည်တွေပင် ထင်နေကြသည်။ ကမ်းပါးထက်၌ ရောမ ကုက္ကိုပင်ကြီးတစ်ပင်ရှိသည်။ ထိုအပင်ထက်တွင် လင့်စင်ကြီးထိုးထားသည်။ ထိုနေရာသည်ကား အုတ်ဖိုမင်းသား၏ ခေတ္တစံနန်းပင် ဖြစ်ပါ၏။

ကတ္တူကလူများနှင့် သစ်ပင်ပေါ်က လင့်စင်တို့ အဆက်အသွယ်ရှိကြောင်း မည်သူမျှ မသိကြချေ။ လိုဏ်ခေါင်းဆန်ဆန် မြေအောက်လမ်း ဖောက်ထားသည်။

ကျောက်မြောင်းက လူတွေက အုတ်ဖိုမင်းသားအဖွဲ့အကြောင်းကို သိ၍လားမသိ၍လား မသိ။ မသိကျိုးကျွန်ပြုနေကြသည်။ သူတို့ကို ရန်မလုပ်လျှင် ပြီးရောဟု သဘောထားကြသည်။

ယနေ့ ကျောက်မြောင်းရွာထဲတွင် ဗိုလ်ရွှေပြင် ခေါင်းဆောင်၍ တပ်သားငါးရာတို့ တပ်စွဲထားကြသည်။

တစ်ရွာလုံး သို့လော သို့လောနှင့် အကဲခတ်ကြည့်နေကြသည်။ သို့သော် ဗိုလ်ရွှေပြင်တို့ တပ်တော်အဖွဲ့ကို ကျောက်မြောင်းမြို့စား ဦးမောင်စံကပါ ဂရုတစိုက် ပြုလုပ်ထား၍ ရွာကလည်း တပ်တော်သားတွေကို လက်ဖွဲ့ယမ်း နှုတ်ဆက်သူက ဆက်၊ သရက်သီးထောင်းများ သွားပို့သူက ပို့။ ဖျော်ရည်အိုးလာပို့သူများက မရှား။ ယနေ့ညနေ ကျောက်မြောင်းသည် စိုပြည်နေရပါတော့၏။

ဗိုလ်ရွှေပြင်ကား ကျောက်မြောင်းမြို့စားကြီးနှင့် အာလာပသလ္လာပ ပြောပြီးသည်နှင့် ကျောက်မြောင်းအထွက် ရေဆိပ်နားတွင် ချောင်းလေးတစ်ချောင်း၌ အသာလေး ထိုင်နေသည်။

ထူးခြားသည်က ကျောက်မြောင်း မြို့သူမြို့သားများ အလာကျဲသည်။ ကျဲရုံမျှမက သူထိုင်ကတည်းက လူတစ်ယောက်မျှ မမြင်ရချေ။

လက်စသတ်တော့ ရွာက သိလျက်သားနှင့် ခေါင်းရှောင်ပြီး မသိကျိုးကျွန် ပြုနေကြဟာကိုး။

ရဲနက်သည် အမြီးတဖွားဖွားခါ၍ လတ်ဆတ်စိမ်းစိုသော မြက်များကို အားပါးတရ စားနေပေသည်။

သူက မြင်းကို ခပ်လှမ်းလှမ်းတွင် ချည်ထားပြီး လူရိပ်မမြင်စေရန် နေနေရသည်။

သို့နှင့် နေဝင်သွားရုံမက နွားရိုင်းသွင်းချိန် ညီအစ်ကို မသိတသိ အချိန်။ ထိုထက် အမှောင်လုနေသောအချိန်တွင် ဗိုလ်ရွှေပြင် အံ့ဩသွားရသည်။

ပြောင်းပင်တွေကြား၌ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသော သဏ္ဌာန်တစ်ခုပါ။ သည်မြေသည်လမ်း ကျွမ်းနေပုံပါ။ သူသွားပုံက လူနှင့်ပင်မတူတော့။ သမင်ကလေးတစ်ကောင် ရေသောက်ဆင်းသလို ရိပ်ခနဲပေါ်ပေါ်လာသော သဏ္ဌာန်ကို မနည်းဖမ်းကြည့်ရလေသည်။

အို . . မိန်းကလေးပဲ။ လှကလှနဲ့။ ဟောဗျာ မြေအောက်လမ်းထဲ ဝင်သွားပါလား။

ဟင် . . လင့်စင်လှေကားကနေ ကုက္ကိုပင်ပေါ် တက်သွားပါလား။

ရွာမှာ အကျော်ဇေယျတပ်တော်ကြီးက တပ်စွဲထားတဲ့အထဲက ဒီ မိန်းကလေးရဲလှချည်လား။ ဒါတစ်တော့ တစ်ခုခုပဲ။

အို . . ကတ္တူကြီးလဲ ရေလယ်နီးနီး ရွှေ့ရပ်ထားပါလား။

ဒါ . . ဒါ မသင်္ကာစရာအချက်ပဲ။

ကြည့်စမ်း၊ ကောင်မလေး တက်သွားတာ ကြာလှချည်လား။

သူ့ကြည့်ရတာ မိကောင်းဖခင် သမီးပုံပါ။ ခု လုပ်ပုံက အချိန်းအချက်နဲ့ ဘာကြောင့် လာတွေ့တာပါလိမ့်။

ဗိုလ်ရွှေပြင်သည် မြေပြင်တွင် ဝပ်တွား၍ သွားရင်း၊ သွားရင်းက အတော် စိတ်ရှည်စွာ စောင့်ရသည်။

ဩကာသလောကကြီးတစ်ခုလုံး အမှောင်ဖုံးလေပြီတကား။ မှတ်မှတ်ရရ ထမင်းအိုးတစ်လုံးချက်သာသာ ကြာသည်။

ဟော. . ဆင်းလာပြီ။

လဆန်းစပါ။ မနည်း လုကြည့်ရသည်။

ကြယ်ရောင်တွေက လဆန်းစ လနှင့်အပြိုင် တောက်ပနေကြသည်။

အလို. . ယောကျ်ားတစ်ဦးနှင့် စောစောက မိန်းမပျိုပါလား။

တစ်ဦးခါးကို တစ်ဦးဖက်လျက် ကောင်မလေးကို ကွင်းစပ်အထိ လိုက်ပို့ သည်။

သူတို့နှစ်ဦး နီးကပ်သွားကြပြီးမှ ပြန်ခွာလိုက်၊ ပြန်နီးကပ်လိုက်နှင့် သုံးလေး ချီ ပြုလုပ်ပြီးမှ ကောင်မလေး ကွင်းအစပ်ကို ပြေးဝင်ကာ ပြောင်းတောထဲ ပျောက် ကွယ်သွားသည်။

လင့်စင်ပေါ်မှ ဆင်းလာသူကား လင့်စင်ပေါ် ပြန်မတက်ဘဲ လေအလျင်နှင့် ကမ်းစပ်သို့သွားသည်။ ကမ်းစပ်ရောက်သော် သမ္ဗာန်ငယ်တစ်စင်းပေါ်သို့တက်ကာ ကတ္တူကြိုးရပ်ထားရာသို့ ကူးသွားပါတော့၏။

ပြောင်းပန်းတွေ လေအနေ့ာတွင် ဆော့ချင်တိုင်း ဆော့နေကြသည့်ကြားမှ ကောင်မလေးသည် သူ စွန့်စား၍ လာပြောရခြင်းအတွက် ပီတိကလေး တရရနှင့် သုတ်သုတ်ကလေး လျှောက်လာစဉ်. .

လက်ကြီးတစ်ဘက်သည် ဇိခနဲ ကောင်မလေး၏ခါးကို မြောက်တက်သွား အောင် ဖက်ထားလိုက်ပါတော့၏။

"အမေ့. . ဟင်. . ဟင်. . ဘယ်သူတုန်း၊ လွှတ်. . လွှတ်"

သူက မိန်းမဆန်ဆန် စွာစွာလောင်လောင်ကလေး အော်နေရသော်လည်း သံလက်မောင်းပမာ၊ ပြုတ်တူတစ်ခုသို့နှယ် သန်မာလွန်းလှသော ခွန်အားပိုင်ရှင် လက်မှ သူလွတ်ရန် မလွယ်ကြောင်း သိရသည်။

"အို. . အမယ်လေး"

ကောင်မလေး လိပ်ပြာလွင့်မတတ်ပါတကား။

အဘယ်ကြောင့်ဆိုသော် မြက်စားနေသော ရဲနက်ကို လက်ဖျောက်တီးလိုက်သည်နှင့် အနားသို့ ခုန်ပေါက်ရောက်လာသည်။ ပြီးတော့ ကောင်မလေးကို မ,၍ မြင်းပေါ် တင်ရင်း တစ်ခါတည်း တက်လိုက်သောကြောင့်ပါတည်း။

သူက မြင်းကို တောစပ်သို့ ဒုန်းစီးသွားသည်။

ကောင်မလေး လူးလွန့်နေသော် သူ ပြုတ်မကျစေရန် အတင်းကြီး ဖက်ထားသဖြင့် ကောင်မလေး မရုန်းရဲတော့ချေ။

"မင်းဘယ်သူလဲ ပြောစမ်း"

"ရှင်ဘယ်သူလဲ အလျင်ပြော"

"ငါ နေပြည်တော်က အထူးတာဝန်နဲ့ ရောက်လာတဲ့ မြင်းတပ်ဗိုလ် ဗိုလ်ရွှေပြင်"

"ဟင်. . ဗိုလ်. . ဗိုလ်ရွှေပြင်"

ကောင်မလေးအသံက လိပ်ပြာလွင့်သံနှင့်အတူ အတင်းရုန်းလိုက်၍ မြင်းပေါ်မှ လျှောခနဲ ကျသွားသည်။

သူသည် ပြောင်းခင်းအတိုင်း တရကြမ်း ပြေးရှာသည်။

စောစောက မိန်းကလေးတစ်ယောက်ကို ကြမ်းတမ်းစွာ ဖက်ထားရသည်ကို အားနာ၍ လျှော့လိုက်မိသော အမှားကြောင့် ယခုတော့ မှောင်သောညဝယ် ကောင်မလေးကို မနည်းလိုက်ယူရသည်။

"ကဲ. . မင်းပြေးဦးလေ"

သန်မာသောလက်ကြီးများက ကောင်မလေးကို တင်းတင်းပါအောင် ဖက်ထားရင်း မြင်းဆီသို့ ပြန်ခေါ်လာသည်။

"ရှင်. . ရှင် လူယုတ်မာပဲ၊ မောင်မောင်နန္ဒကိုလဲ ဖမ်းဖို့လာတယ်။ ကျွန်မကိုလည်း အတင်းဖက်ထားတယ်"

"သူပုန်သူကန်ကို နှိမ်ဖို့လာတဲ့လူကို မင်း. . မင်းက လူယုတ်မာလို့ ဘာကြောင့် ပြောရတာလဲ"

"ရှင် မောင်မောင်နန္ဒကို ဖမ်းဖို့လာတာကိုး"

"ဟား. . ဟား. . ဟား မင်းက တော်တော် တစ်ကိုယ်ကောင်းဆန်တာပဲ၊ မင်းရဲ့ မောင်မောင်နန္ဒဘက်ကပဲ ကြည့်နေတာကိုး။ တိုင်းသူပြည်သားတွေဘက်က

ရော၊ ရွှေဘိုမှာဆိုရင် ဈေးနာ မှာ မီးကွင်းပစ်သွားတယ်။ လူတွေ ကျိုးလန့်စာစား နေရတယ်။ ဒါနဲ့ နေပါဦး၊ မောင်မောင်နန္ဒဆိုတာ ဓားပြဗိုလ်ကြီး နာမည်လား"

"အုတ်ဖိုမင်းသားလို့ ပြောပါရှင်"

"တို့အမြင်ကတော့ ဆိုးတဲ့လူကို လူဆိုးလို့ပဲ မြင်တာပဲ၊ အဲလေ. . မင်း အတွက်ကတော့ ရွှေမင်းသားပေါ့"

"ရှင် မရွဲ့ပါနဲ့"

"မရွဲ့ပါဘူး၊ တည့်တည့်ပြောတာပါ။ ဒါနဲ့ မင်းနဲ့ သူပုန်ဗိုလ် ဘယ်လို တွေ့ တာလဲ"

"ရေခပ်သွားကြရင်း ကျွန်မရေအိုးထဲ စိန်လက်စွပ် ထည့်ပေးလိုက်တာက စတာပဲ"

"ဩော်. . ခေတ်သစ် သုဓနုမင်းသား၊ မင်းက ကိန္နရာအထွေးဆုံးလေးပေါ့"

"ပြောပါတော့ရှင်၊ ကျွန်မက ဒီရွာက ပန်းပဲဆရာကြီး ဦးဒီလုံး သမီးပါ၊ ကွမ်းတောင်ကိုင်ပေါ့၊ သူကလဲ ချောချောနဲ့"

"ဩော်. . ဩော်. . သူပုန်အတွက် အလှလည်းဆက်၊ ဓားလက်နက်တွေ လည်း လုပ်ပေးရတယ်ပေါ့"

"ရှင် အဲဒီလို အရမ်းမစွပ်စွဲပါနဲ့၊ အဘက ကျွန်မကို သတ်မယ်တကဲကဲ ဓားကြိမ်း ကြိမ်းနေတာပါ"

"မင်းကလည်းကွယ်၊ ရုပ်ကလေးသနားကမားနဲ့ ဒီသူပုန်မှ ရွေးချစ်ရသလား"

"ရှင်တို့အမြင်ကတော့ သူပုန်ပဲ၊ ကျွန်မအမြင်ကတော့ 'ရှင်နန္ဒ' ဆိုတဲ့ ဦးပဥ္စင်းလူထွက်ပဲ။ မြင့်မြတ်တဲ့ တရားရှင်ပဲရှင်၊ ဓနုလူမျိုးရှင့်"

"မြင့်မြတ်တဲ့ တရားရှင်က ဘာကြောင့် ဓားပြရှိုင်း လုပ်နေရတာလဲ"

"ဒါကတော့ သူကလဲ မင်းသွေးနဲ့ပါ၊ ကိုယ့်ခံယူချက်နဲ့ကိုယ်ပေါ့"

"အေး၊ မင်းလူ ကိုယ်ရည်သွေးခန်းတွေ တော်တော့၊ မင်းလူကို ဖမ်းဖို့ ကူညီ မလား၊ မကူညီဘူးလား ပြော"

"မကူညီနိုင်ရင်ကော"

"မင်းကို ဖမ်းသွားရုံပဲ"

"ဘာမှုနဲ့လဲ"

"သူပုန်လက်ခံမှုပေါ့"

"ဘာ သူပုန်လက်ခံမှု၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒီထက်ကြီးတဲ့အမှု မရှိတော့ဘူး"

ကောင်မလေး တွေသွားသည်။

"ကျွန်မကို ဖမ်းချင်ဖမ်းပါတော့၊ မောင်မောင်နန္ဒကိုတော့ အဖမ်းမခံနိုင်ဘူး"

"ဒါဖြင့် လာ"

ဗိုလ်ရွှေပြင်ကား ကောင်မလေးကို မြောက်ကနဲ မြင်းပေါ်တင်၍ ခုန်မချနိုင်ရန် တင်းကျပ်စွာဖက်၍ ရဲနက်ကို ဒုန်းနှင်ပါတော့သတည်း။

ကောင်မလေးသည် လိပ်ပြာလွင့်စင်မတတ် ဖြစ်သွားရရှာသည်။

"ရှင်. . ရှင် မြင်းရပ်၊ မြင်း ရပ်စမ်းပါ"

"မင်း ဘာဆွေးနွေးမှာလဲ"

"မြင်းကို ရပ်ပေးလေ၊ ကျွန်မ ဆွေးနွေးမှာပေါ့"

"ကောင်းပြီ"

"ရှင် ကတိပေးရမယ်"

"ဘာ ကတိလဲ"

"မောင်မောင်နန္ဒကို ရှင် မသတ်ရဘူး၊ မဖမ်းရဘူး"

"အလို. . ကျုပ်က အလှကြည့်နေရမှာလား"

"သူ ဒီနယ်က ပြေးသွားစေရမယ်လေ၊ ရှင်ကျေနပ်ရောပေါ့"

"အင်း. . အပေးအယူသဘောနဲ့သာ ခေါင်းညိတ်ရမှာ၊ ကျုပ်တော့ ထိခိုက်တော့မှာပဲ"

"ရွှေဘိုကို စီးဖို့ အခိုင်အမာ တပ်စွဲထားတာရှင့်။ ကတ္တူကြီးထဲမှာ လက်နက်ခဲယမ်း ရိက္ခာ အစုံရှိပြီးသားပဲလေ"

"ဘာပဲဖြစ်ဖြစ်၊ ကျုပ် မောင်မောင်နန္ဒဆိုတဲ့ အုတ်ဖိုမင်းသားနဲ့ တွေ့ချင်တယ်"

"ရှင် မသတ်ဘူး၊ မဖမ်းဘူးဆိုရင် ကျွန်မ စီစဉ်ပေးမယ်"

"ကောင်းပြီ၊ ကျုပ်တို့အကြံအစည် အထမမြောက်ခင်တော့ ခင်ဗျား ဒီလူ့ဆီ မသွားရဘူး"

"ကောင်းပါပြီ၊ မနက်ဖြန်မနက် ဆယ်နာရီ ရှင် သူ့အတွက် ထမင်းချိုင့် သွားပို့လိုက်ပါ။ တောသားလို ရုပ်ဖျက်သွားပေါ့ရှင်။ ရှင့်အဆောင်အယောင်တွေနဲ့ သာသွားရင် ရှင် သူ့ ဆိပ်လူးမြားစာ အမိပဲ"

"အေး. . မင်းဘက်ကလည်း မညစ်နဲ့နော်၊ သူပုန်လက်ခံမှုနဲ့ တစ်ဆွေလုံး တစ်မျိုးလုံး မီးလောင်တိုက် သွင်းပစ်လိုက်မယ်"

"ဟုတ်ကဲ့ပါ။ မောင်မောင်နန္ဒ မသေရင်၊ အဖမ်းမခံရရင် ကျွန်မ ကျေနပ်ပါပြီ"

"ဒါဖြင့် မင်း ကောင်းကောင်းလိုက်။ ရွာပြန်ပို့မယ်"

ကောင်းကောင်းလိုက် ဆိုသည့်တိုင်အောင် လွှင့်နေအောင် ပြေးသော ရဲနက်နောက်တွင် ဗိုလ်ရွှေဖြင့်ခါးကို အတင်းဖက်ထားရရှာတော့သည်။

ဩော်. . မဆင်မခြင် သူပုန်ဗိုလ်မှ ခင်တွယ်ချင်ရှာသော ရွာကွမ်းတောင်ကိုင်လေး ကိုယ်စိတ်နှစ်ပါး ဒုက္ခများရမည်သာ ဖြစ်ပါတော့၏။

ဗိုလ်ရွှေဖြင်ကား ရွာထဲတွင်ဝင်၍ ပန်းပဲဆရာကြီးထံ သူ့သမီးကို အပ်နှံထားခဲ့သည်။

မနက်ဖြန် ဆယ်နာရီအထိ အုတ်ဖိုမင်းသား ဓနုဗိုလ်ထံ လူမလွှတ်ရန်၊ သူမသွားရန်၊ စောင့်လျှောက်ထားရန်ပါတည်း။

တပ်တော်သို့ပြန်၍ စစ်ဆင်မှုကို ပြုရပါတော့သည်။

အားလုံး ငြိမ်သက်ခြင်းဖြင့် တစ်ကိုယ်စီ ကိုယ်ယောင် ဖျောက်စေသည်။

နောက်တစ်နေ့ ဆယ်နာရီအချိန်တွင် သူသည် ပန်းပဲဆရာကြီး သမီးကလေးထံ လာသည်။ ပန်းပဲဆရာကြီးက နေရာထိုင်ခင်း ပျာပျာသလဲ ပေးပါသည်။

"ဦးမင်း သမီးကို ဟိုဟိုဒီဒီ မလွှတ်ပါဘူးနော်"

"မလွှတ်အောင် ဦးပဲ အခန်းသော့ပိတ်ထားပါတယ်"

"ကျေးဇူးပါပဲ ဦးမင်းခင်ဗျား။ တစ်နယ်သားအားလုံး ဘေးကင်းရန်ကွာအောင် စီစဉ်ရတာပါခင်ဗျာ့"

"ဒါပေါ့ မောင်ရယ် ဒါပေါ့။ ဦးနားလည်ပါတယ်။ သမီးလေးကို သူက ရေအိုးထဲ စိန်လက်စွပ်ကြီး ထည့်ပေးလိုက်ပြီး ဖြားယောင်းတာလေ မောင်ရဲ့"

"ကျွန်တော် သိပြီးပါပြီခင်ဗျာ၊ ဟော. . မခင်လေး"

ထမင်းချိုင့်တစ်ခု ပေလွှာတစ်ခုကို ကိုင်၍ ထွက်လာပါသည်။

"ရော့. . အောက်ကနေ 'ဇီးကွက်' 'ဇီးကွက်' လို့ သုံးခါအော်လိုက်။ လင့်စင် တံခါး ပွင့်လာလိမ့်မယ်။ တံခါးက ချက်ချင်း ပြန်ပိတ်တာမို့ ရှင် လှစ်ကနဲသာ အမြန်ဝင်ပေတော့။ ရှင့် ကတိတည်ပါစေနော်"

"စိတ်ချပါ မခင်လေး၊ ခုလို ခုနှစ်ရက်သားသမီးတွေဘက်က ကူညီတာ ကျေးဇူးတင်မဆုံးပါဘူးဗျာ။ ဦးမင်း ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ"

ဗိုလ်ရွှေပြင်သည် ပုဆိုးပွကြီး၊ ခေါင်းပေါင်းကြီးနှင့် တကယ့် တောင်သူဦးကြီး ပုံစံပါတည်း။

ခါတိုင်းလည်း ပန်းပဲဖိုမှ အလုပ်သမားများကို လှည့်လွှတ်နေကြ မဟုတ်ပါလား၊ ပန်းပဲဆရာကြီးသည် မိတဆိုးသမီးကလေး၏ အစစ တဇွတ်ထိုး လုပ်တတ်သမျှကို ငယ်စဉ်ကဖြင့်. .

ခင်လေးက ထက်သည်။ ခင်လေးက ဆိုးသည်နှင့် တပြုံးပြုံး ဂုဏ်ယူခဲ့သမျှ ခင်လေးက သူပုန်မှ ချစ်ရှာသော အပြစ်ကဖြင့် သူလည်း မနိုင်၊ လက်မှိုင်ချရလု တဲတဲတွင် ဗိုလ်ကြီးရွှေပြင် ရောက်ရှိလာခြင်းပါတည်း။

ထိုနေ့က လင့်စင်အောက်မှနေ၍ ဇီးကွက်သံ သုံးခါပြုလိုက်သည်နှင့် လင့်စင် တံခါး ပွင့်သွားရာ သူက လေအလျင်နှင့် ထမင်းချိုင့်ကြီးကိုင်၍ အပေါ်ရောက်သွားသည်။ သူ့အတွက် ကံကောင်းသွားသည်။ မောင်မောင်နန္ဒ ခေါ် သူပုန်ဗိုလ်ကား နေကသိုဏ်း ရှုနေသည်။

သူ့အနားကို မားကနဲ လူတစ်ယောက် ရောက်လာမှ သူက ဆတ်ကနဲ မော့ကြည့်သည်။

"ဦးကြီး ဘာကြောင့် တက်လာတာလဲ"

"မခင်လေးက ထမင်းအုပ်စောင့်ယူလာခဲ့ပါ ဆိုလို့ပါ"

"ဟင်. ."

ခါတိုင်း ဤသို့မဟုတ်ပါ။

"စားပါ မောင်၊ စားပါ။ ဦးကြီး ဟောဒီနား ထိုင်စောင့်ပါ့မယ်"

သူက သစ်မြစ်တစ်ခုကို ထိုင်ခုံပြုထားသော နေရာတွင် ဘေးတိုက်ကလေး ဝင်ထိုင်လိုက်သည်။

မောင်မောင်နန္ဒက တစ်ချက်ကြည့်၍ ရေအိုးမှ ရေမှုတ်နှင့် မျက်နှာတွေ ပါးစပ်တွေ ဆေးသည်။ စင်ကြယ်စွာ သုတ်ပြီးမှ ထမင်းအုပ်ကို ဖွင့်၍ စားသည်။

ဟင်းတွေကလည်း ယနေ့မှ ကောင်းလိုက်သည့်ဖြစ်ခြင်း။

မောင်မောင်နန္ဒ ခေါင်းမဖော်တော့ပါ။

သူက ထမင်းစားပြီးသော် အုပ်ကို ပြန်ဆင့်ပေးလိုက်စဉ် ဗိုလ်ရွှေပြင်က ပေလွှာတစ်စောင် ထုတ်ပေးသည်။

မောင်မောင်နန္ဒ စဉ်းစားပုံနှင့် ဆတ်ကနဲ ယူဖတ်သည်။

မောင်မောင်. .

ဗိုလ်ကြီးရွှေပြင် ဦးစီးတဲ့ မြန်မာတပ်တော်ကြီး ခင်လေးတို့မြို့မှာ တပ်ခင်းထားကြပါပြီ။ ဒီစာရရင် မောင်မောင်လွှတ်ရာသို့ ပြေး. .

"ရှူး ရှူး. . ဝုန်း"

သူသည် အသံမျိုးစုံ ကြားလိုက်ရစဉ် သူ့တစ်ကိုယ်လုံး ကြိုးတင်းတင်း စည်းပြီး ဖြစ်လေသတည်း။

"ဟင်. . မင်း. . မင်း"

"အေး. . ငါ ဗိုလ်ကြီးရွှေပြင်ကွဲ"

"မင်း. . မင်း ငါ့ကို ကြိုးတွေနဲ့ ဘာကြောင့်ဝုပ်တာလဲ။ ဗိုလ်ကြီးရွှေပြင်ဆိုတဲ့ နာမည်တစ်လုံးနဲ့နေပြီး သတ္တိမရှိဘူးလား"

"အဟတ်. . ဟား သိပ်ရှိတာပေါ့ နန္ဒရာ။ ငါက မခင်လေးကို ကတိပေးထား လိုက်လို့ပေါ့။ ဟောဟိုမှာ ကြည့်စမ်း၊ မင်းကတ္တူကို ငါ့ရဲမက်တော်တွေ မီးတုတ်တင် ရှို့ကုန်ကြပြီ"

"ဟင်. . အကြံပက်စက်ပါပေ့ ခင်လေးရယ်"

"မင်း ခင်လေးကြောင့် ငါ အသက်ချမ်းသာပေးတာပေါ့ကွ၊ နို့မဟုတ်ရင် ခုအတိုင်းပဲ မင်းကို အရှင်ဖမ်းလို့ရပြီ၊ အသေဖမ်းဖို့ကတော့ အလွယ်ဆုံးပေါ့။ ဟော. . မြင်းခွာသံကြားတယ်။ ဗိုလ်မှူးကျော်ခေါင်တို့ လာကုန်ပြီ။ သူတို့ကတော့ မင်းကို ဘယ်လိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး။ ငါကသာ ကတိတစ်လုံး ထားခဲ့တယ် လေ။ မင်းကို မဖမ်းပါဘူး။ မသတ်ပါဘူးလို့။ မင်းခုထိ ငါ့ကို ကြည့်နေနိုင်တာ မခင်လေး ကျေးဇူးကွ၊ မခင်လေး ကျေးဇူး၊ ပေး. . မင်း ဓား"

"ဗြဲ"

သျှောင်မိတ်ကွင်းကို သူက ဓားမြည့်မြည့်နှင့် ဖြတ်ချလိုက်သည်။

"အို. . ကျုပ်သျှောင်ကို ဘာလုပ်တာလဲ"

"ယတြာ. . ယတြာ၊ ခင်ဗျားအသက် ဒီသျှောင်မြိတ်ထဲ ပါသွားပြီ။ နေပြည် တော်ရောက်ရင် နန္ဒကို ကျုပ်မသတ်ချင်လို့ မသတ်ခဲ့ပေမယ့် သျှောင်နဲ့ ဓားပဲ ယူလာတယ်လို့ ပြရအောင်ပေါ့ကွ။ ဟော ဗိုလ်မှူးကျော်ခေါင် သစ်ပင်အောက် ရောက်တော့မယ်။ မင်း ပြေးပေတော့"

"ကျုပ်. . ကျုပ် ကြိုးတွေ ဖြေပေးပါဦး"

"ဒါတော့ ဝမ်းနည်းပါတယ် နန္ဒ။ ရန်သူ့ကို ဖင့်နွှေးစေမှု ဒါလေးတစ်ခုတော့ လုပ်ပါရစေ။ ဒါပေမယ့် မင်းကို ထမင်းအလျင်စားခိုင်းပြီး စာနောက်မှ ပေးကတည်းက ငါ့စေတနာ မင်းနားလည်လောက်ပါရဲ့။ ဆင်းလက္ကာ၊ မင်းအဘ လာပြီ"

သူက ခြေနှင့် တွန်းခတ်ချလိုက်ရာ သစ်ပင်အောက်သို့ ကြောင်ကျ မကျ ခွေးကျ ကျကာ နာသွားရတော့သည်။

သို့သော် မြင်းနှစ်စီး ပြေးဝင်လာ၍ ပြောင်းတောတွေထဲ ပြေးဝင်သွားသည်။

ဗိုလ်မှူးကျော်ခေါင်ကား တစ်ချက်လှမ်း၍ မသက်ာစွာ ကြည့်နေစဉ် ဗိုလ်ကြီးရွှေပြင်က လင့်စင်တံခါး ဖွင့်၍ပေးရင်း. .

"ဗိုလ်မှူးရယ် နန္ဒအဆောင်ကို ရောက်ဖူးတယ်ရှိအောင် တက်ခဲ့ပါဦးဘုရား"

ဟု ရိုသေစွာ လှမ်းခေါ်လိုက်၍ တန်းလန်းကျနေသော နွယ်ကြိုးမှ စွန့်စားဆန်းပြားလှသော ပုံစံတို့ဖြင့် တည်ဆောက်ထားသော လင့်စင်ပေါ်သို့ တက်လာခဲ့ပါတော့၏။

"ဟင်. . နန္ဒကော"

"ကြိုးတွေ တုပ်ပြီးမှ ထွက်ပြေးသွားပါတယ် ဗိုလ်မှူး"

"တောက်၊ ရွှေပြင် ရွှေပြင်နဲ့ နာမည်တွင်တွင်ကြီးအောင်လုပ်ပြီး ညံ့လှချည်လားကွာ"

"ကျွန်တော်မျိုးက ကြိုးတုပ်ပြီးသားဆိုတော့ သူ လင့်စင်က လျှောဆင်းနိုင်လိမ့်မယ် ဘယ်ထင်ပါ့မလဲ ဗိုလ်မှူးရယ်"

"ဟင်. . မင်း. . မင်း ရွှေနန်းတော်ရောက်ရင် နန္ဒကို နိုင်ခဲ့တယ်လို့ ဘာသက်သေပြမှာလဲ"

"ဟောဒီမှာလေ နန္ဒရဲ့ သျှောင်မြိတ်နဲ့ နန္ဒရဲ့ဓား"

"တောက်. . လူလည်ကျသကွာ။ နေ. . နေ ငါမြင်းနဲ့ လိုက်မယ်။ စောစောက ကြိုးတုပ်ထားတဲ့အကောင်ဟာ နန္ဒ မဟုတ်လား"

ဗိုလ်မှူးကျော်ခေါင်ကား နွယ်ကြိုးကို ဖမ်းဆွဲပြီး ဆင်းလိုက်ရာ ဗိုလ်ရွှေပြင်က နွယ်ကြိုးကို မသိမသာ တန့်ဆွဲထားလိုက်စဉ် ဗိုလ်မှူးကျော်ခေါင် စောစောက နန္ဒကျသကဲ့သို့ ခွေးကျကျရာ နန္ဒကဲ့သို့ ကိုယ်မဖော့တတ်၍ လုံးဝ မထနိုင်တော့ဘဲ မြင်းပေါ် တွဲတင်ပေးရသော အခြေအနေသို့ ရောက်သွားရပါတော့၏။

"ခွေးကောင်"

# အချစ်တော်မဝင် အပြစ်တော်တင်

"ဟဲ. . ရွှေဖြင်"

"ဘုရား"

"သူပုန် နန္ဒကို လွတ်ပစ်တယ်ဆို"

"ထွက်ပြေးသွားခြင်းပါ ဘုရား"

"အရှင်ရရ အသေရရ ဖမ်းခဲ့ဖို့ မသင့်ဘူးလား။ ရွှေဘိုမြို့ဝန်ကလည်း အပြစ်တင်နေလေရဲ့"

"သင့်ကြောင်းပါ ဘုရား"

"သူပုန်တပ်တစ်ခုလုံး ပြိုကွဲခဲ့ရပေမယ့် အရေးကြီးဆုံး နန္ဒကို မဖမ်းမိတာ ရန်ဆူးရန်ငြောင့်ကို မွေးထားတာနဲ့ မတူလားကွယ့်"

"မှန်ပါ၊ တင်ပါးရိုးကျိုးသွားသလား မသိပါဘုရား။ နာလန်ထူနိုင်အံ့ မထင်ပါ ဘုရား"

"တင်ပါးရိုးကျိုးရင် လမ်းလျှောက်နိုင်မလားကွယ့်။ ခုတော့ ကျော်ခေါင် မျက်စိနဲ့ မြင်ရတာတဲ့။ ပြောင်းတောထဲ ဝင်ပြေးသွားသတဲ့။ ရန်ဆက်ကို မောင်မင်း မွေးခဲ့တာလား"

"သည်လိုမဟုတ်ကြောင်းပါဘုရား။ ဘုရား ကျွန်တော်မျိုးကြီး ကြိုးနဲ့အတုပ်မှာ လျှောဆင်းပြေးတာပါ ဘုရား"

"အိုး. . မောင်မင်းလုပ်ပုံ ကိုယ်တော်မြတ် မကျေနပ်ဘူး။ ဒီသျှောင်မြိတ်နဲ့ ဓား ဘာလုပ်ရမှာလဲကွယ့်"

"ဒီဓားက သူ့အသက်ပါပဲ ဘုရား။ အရှင်ဘုရား တစ်သက် ဘယ်တော့မှ နာလန်မထူနိုင်ပါဘူး ဘုရား"

"ကောင်းပြီး မောင်မင်းစကား ကြပ်ကြပ်မှတ်ထား။ နန္ဒ တစ်ချီပေါ် လာရင် တော့ ရန်ဆူးရန်ငြောင့် မွေးမှုနဲ့ မောင်မင်း ရာဇဝတ်မှု ကောင်းကောင်း သင့်စေ မည်ဗျား"

ပုဂံမင်းတရားကြီးသည် ကြက်ပွဲကြီး ထည်ထည်ကလည်း စောင့်ဆိုင်းနေ၍ သူပုန်နှိမ်ပွဲကြီးကို မည်မျှ စွန့်စားပင်ပန်းလာရကြောင်း၊ ကတ္တူကြီးတစ်ခုလုံး ပြာမှုန် မကျန် လောင်ကျွမ်းကုန်ရပါလား။ သူပုန်တပ်ကြီးလည်း သေသူနှင့် ပြေးသူတို့ ကြား၀ယ် သုညအဖြစ် ကျန်ခဲ့ကြောင်းများကို ကောင်းရာ ကောင်းကြောင်းတို့ကို မစဉ်းစားတော့ဘဲ အပြစ်သာ နာနာဖိတင်ရင်း မျက်နှာလွှဲတော်မူလေသတည်း။

မြို့ဝန်ဘိုင်ဆပ်သည် စီးပွားရေး၌သာမက နန်းတွင်းရေးများအထိ အလိုမကျ သော မိဖုရားများအထိ အပြုတ်တိုက်လာသည်မျိုး ဖြစ်လာရပါသည်။

အမှုဆင်၍ ငွေညှင်းတတ်သော အလေ့ကလည်း ကြီးလှပါတော့သည်။

စကားမိဖုရားအဆောင်တွင် ခစားရသော ရှင်ညို မည်သော အပျိုတော် ကလေး ရွှေဖလားခိုးယူသည် ဟူ၍ စွဲချက်တင်လာသည်။

ဤကိစ္စကို မြို့ဝန်ဘိုင်ဆပ် အလိုရှိသည်ကတော့ စကားမိဖုရားက ဘိုင်ဆပ် ကို ငွေပေး၍ နှစ်သိမ့်လိုက်ရန် ဖြစ်သည်။

ရှင်ညိုကလည်း တကယ် မခိုးရှာပါ။ မိဖုရားကလည်း ခပ်ထက်ထက်ပါ။ ထို စကားစုများ ဘုန်းတော်ကြီးဘုရားထံ မရောက်မီ မြို့ဝန်ဘိုင်ဆပ်နှင့် စာရေး မောင်ပိန်တို့ မင်းမိန်းမများစံရာ အနောက်ပိုင်း ကျူးလွန်လာမှုနှင့် တိုင်တန်းလိုက် သည်အစ မြို့ဝန်ဘိုင်ဆပ် မတရားလုပ်ပုံများ စုပြုံသိရှိလာတော်မူရသည်။

ဤအနောက်ပိုင်းသို့ ဝင်ရောက်ခွင့်ရရှိသူများမှာ ပွဲတော်အုပ်ပို့သူ၊ ရေပို့သူ၊ မီးထွန်းသူ၊ အမှိုက်သိမ်းသူ၊ အိမ်ယာသန့်စင်သူ၊ ယောက်ျားငယ် သူတော်များ၊ မိန်းမစိုး ခေါ် ယောက်ျားအင်္ဂါမရှိသူများ၊ သင်းကွပ်ထားသူများမှလွဲ၍ အမျိုးသား များ မည်သည့်ကိစ္စနှင့်မျှ မလာကြချေ။

ဘိုင်ဆပ်နှင့် မောင်ပိန်တို့သည် ရှင်ညိုကိစ္စနှင့်ပတ်သက်၍ ဥဒဟို ဖြတ်သန်း နေကြစဉ် စကားမိဖုရားက တိုင်တန်းလိုက်ခြင်း ဖြစ်ပါသတည်း။

နန်းစဉ်သမိုင်းတစ်ရပ်ကို ဖျက်လိုက်ခြင်းဖြစ်၍ မြို့ဝန်ဆရာတပည့်ကို ဖမ်းသည်။ သည်အမှု ရင်ဆိုင်ရင်းကပင် ဘိုင်ဆပ်တို့ ဆရာတပည့် အပြစ်များ မိုးမဆုံးလေမဆုံး ပေါ်ပေါက်လာရ၍ အပြစ်များ ကြီးမားသထက် ကြီးမားလာသည်။ ထို့ကြောင့်လည်း ထုံးစံရှိသည်နှင့်အညီ မြို့ဝန်ဘိုင်ဆပ် ဆရာတပည့်တို့အား အာဏာသားများက ရင်ခွဲ၊ အသည်းအူထုတ်ကာ နုတ်နုတ်စင်း၍ စီရင်လိုက်ကြပါတော့သတည်း။

ဝမ်းသာအားရ အဖြစ်ဆုံးမှာ ပြည်သူများပင် ဖြစ်ကြပါတော့၏။

# စိတ်မရှင်ပြန် ဌာနေပြန်၍

မိခင်ကြီး မမာကြောင်း အကြောင်းပြ၍ ဗိုလ်ကြီးရွှေပြင်နှင့် ဇနီး အုံတို့သည် အင်ဒိုင်းသို့ပြန်၍ နေထိုင်ကြပါတော့၏။

အကောင်းလုပ်သော်လည်း အကောင်းအထင်မခံရ၍ အစားမက်သော ပုဂံဘုရင်ကို စိတ်နာသည်လည်း ရှိသည်။ ပြီးတော့ ဘွဲ့ထူးဂုဏ်ထူးတွေ သူ ရရှိပြန်တော့လည်း ကပ်ပါးရပ်ပါးတွေကို စိတ်ကုန်မိသည်။

ကျောက်မြောင်းတွင် ခင်လေးနောက် မအိပ်မနေလိုက်ရသူက မိမိပါ။ ယခုတော့ ဗိုလ်မှူးကျော်ခေါင်တို့က တောကြက်ကလေး ချက်စားရင်း ဇိမ်နှင့် နပ်နေရာက သူကပင် အလုပ်ပေါ့လျော့မှုနှင့် သံတော်ဦးတင်သေးသည်။

အရေးထဲ ရွှေဘိုမြို့ဝန် ဦးဝိုင်းက ဘေးတီးပေးသည်။

"သူခိုးကြီးတော့ သူပုန်ပါဘုရား၊ ယခုကိစ္စမှာ ဗိုလ်ရွှေပြင်ဟာ သူငယ်စဉ်က ကျင်လည်ခဲ့တဲ့ သူခိုးသူပုန်တွေဘက်က လိုက်ပုံရသည် ဘုရား' တဲ့။

သွားရောက္ခာ၊ မောကြီးပန်းကြီး အမှုတော်ထမ်းလာရတဲ့ကောင်၊ အလကားရွှေပြင် ဖြစ်တာပဲဟု တတွတ်တွတ်ရွတ်၍ မကျေမနပ် ပြန်လာခြင်းပါတည်း။

အမှန်တော့လည်း ဗိုလ်ရွှေပြင်သည် တောတောင်ရေမြေတို့ကို လှည့်လည်ကျက်စားခဲ့သည်များ၊ တောပစ်ရခြင်း၊ တောလည်ရခြင်းတို့ကို သူ အလွန် သဘောကျခဲ့ကြောင်း နေပြည်တော်ကျမှ ပေါ်လာရတော့သည်။

တစ်ခါရဲ နွားစာရိတ်သည်ထိ လိုက်သွားရင်းက သူကလည်း သမင် ဒရယ်တွေ ပစ်၍ဝလျှင် ဒေါက်ထောက်ထားသော လှည်းအောက်သို့ ဝင်အိပ်ရခြင်းကို နတ်သုဒ္ဓါကဲ့သို့ ခံစားရသည်။

အုံကလည်း ဇနီးကောင်း ပီသရှာပါ၏။

သူတို့ရွာသို့ ပါလာရှာသော ခင်ပွန်းသည်အား ဆတက်ထမ်းပိုး တိုး၍ ဂရုစိုက်သည်။ လုပ်တောကြီးရွာသားတွေထံ အလည်လွှတ်သည်။

ပထမ ခပ်အမ်းအမ်း ဖြစ်ကြသော်လည်း. .

"မိလည်ရစ်ရယ်၊ ငါ့ကို မောင်ရင်း ဖရင်းလို သဘောထားပြီး ထမင်းလေး ဘာလေး ကျွေးပါဦးဟာ"

ဟု ဆိုလိုက်တော့လည်း မိလည်ရစ် မျက်ရည်လေးတဝဲဝဲနှင့် ထမင်းပွဲ ပြင်ကျွေးရှာပါသည်။

"မိလည်ရစ်ရေ၊ ဖြစ်ပျက်ကုန်ပြီးမှတော့ မျက်ရည်မဝဲနဲ့ဟာ၊ မဝဲနဲ့။ ငါ့သားတွေ စားဝတ်နေရေးအတွက်ကို တာဝန်ယူမှာပါ"

ဗိုလ်ကြီးရွှေပြင်က ခပ်တည်တည်နှင့် နှစ်သိမ့်ရင်း တစ်ခါတရံ နေပူလွန်းပါက အိမ်ရှေ့ခန်းတွင် တစ်ရေးတမော အိပ်ပြီးမှ ပြန်တတ်သည်။

ဤသို့ မယားကြီးအိမ် နေရကောင်းလောဟု အုံက အပြစ်မတင်ရှာပါ။ သဘောထား အလွန်ကြီးသော မိန်းကလေးပါတည်း။ အဘယ်ကြောင့်ဆိုသော် သူ့တွင်လည်း သားသမီးရမည့် အလားသဏ္ဌာန်များ ဖြစ်ပေါ်နေသောကြောင့် ကိုယ်ချင်းများများ စာရှာပါသည်။

ဤသို့ဖြင့် သီရိဂေဟာအိမ်ကလေး အင်ဒိုင်းတွင် တည်ဆောက်နေထိုင်ရင်း ပျော်ရွှင်နေရပါတော့၏။

# မည်သူ့ဘက်တော်သားနည်း

ယနေ့မနက် ဗိုလ်ရွှေပြင်သည် တောလိုက်လည်း မထွက်၊ ယောက်ဖနှင့် လယ်တောလည်း မလိုက်ဘဲ ထူးခြားစွာ အိမ်တွင် နေခဲ့သည်။ ရေမိုးသန့်စင်၍ အဝတ်အစားများ သန့်ရှင်းစွာလဲ၍ စိပ်ပုတီး စိပ်နေပေသည်။

အုံကလည်း သူ့ခင်ပွန်း ထူးထူးခြားခြား တောလည်မသွား၍ ဟင်းများ ကောင်းနိုးရာရာ ချက်ပြုတ်ကြော်လှော်နေစဉ် မြင်းခွာသံ တဖြောင်းဖြောင်း ကြား၍ အိမ်ပြတင်းမှ လှမ်းကြည့်လိုက်ရာ လူလေးယောက်တို့သည် ကောင်းပေ့ ညွန့်ပေ့ ဆိုသည့် မြင်းကြီးလေးကောင်နှင့် ဗိုလ်ရွှေပြင်၏အိမ်ကို တန်းတန်းမတ်မတ် ရောက်လာပါတော့၏။

"အလို. . မင်းချင်းတို့ပါလား၊ လာကြပါ၊ ကြွကြပါ၊ ဘာများ အရေးကိစ္စရှိလို့ပါလဲ မင်းချင်းတို့ရယ်၊ ရွှေနန်းရှင်ဘုရား ကျန်းခန့်သာလို့ မာတော်မူတယ် နော်"

ဗိုလ်ရွှေပြင်က ဆီးမေးရင်း နေရာထိုင်ခင်းပေးသည်။

အုံနှင့် အိမ်ဖော်များကလည်း ကွမ်းဆေးလက်ဖက် တစ်ယောက်တစ်လက် ဒူးကလေးတွေ တုပ်၍ လာလာချသွားကြသည်။

"ဘုရင်မင်းတရားကြီးကတော့ မာတော်မူပါတယ်။ ဒါပေမယ့် အဲဒီမှာလေ စာချွန်တော်သာ ဖတ်ကြည့်ပါတော့ဗျာ"

ဝေးလံစွာ ပူပြင်းသော ခရီးကို ဖြတ်လာရ၍ မင်းချင်းလေးယောက်တို့ ရေနွေးကြမ်းကို သောက်၍ မဝကြတော့ပေ။

"အလို. . ဘုရင်မင်းတရားကြီးဆီက စာချွန်တော်ပါတယ် ဆိုပါလား အုံရေ၊ လာပါဦး လာပါဦး၊ တို့နှစ်ယောက် အတူတူဖတ်ကြရအောင်"

ဆင်းရဲသားစကားနှင့် ဆိုရသော် ရှင်ဘုရင်က စာပေးလိုက်သည်ဆို၍ လင်မယားနှစ်ယောက် မြူးတူးဂုဏ်ယူစွာ စာချွန်တော်ကို ဖတ်လိုက်ကြပါတော့သတည်း။

စာချွန်တော်မှာ. .

> နေနတ်အလား မင်းတရားကြီး အမိန့်တော်ထားတော်မူလိုက်သည်။ မြင်းတပ်ဗိုလ် ဗိုလ်ရွှေပြင်၊ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်နှစ်ပါးသည် ကျေးဇူးတော်နှင့် သစ္စာတော်တို့ကို ဖောက်ဖျက်ကျူးလွန်၍ စစ်မက်ခုခံ ရန်ပြုရန် ကြံစည်ကြသဖြင့် အမြန်ချက်ခြင်း စေလွှတ်လိုက်သော မြင်းအမှုတော်ထမ်းများနှင့်အတူ ရွှေဖဝါးတော်အောက်အရောက် အမြန် လိုက်ခဲ့ရမည်။
>
> **အမိန့်တော်**

**မှတ်ချက်** ။ ။ ရှေးခေတ်က ရှင်ဘုရင်များ အမိန့်တော်ဟူသော စကားသုံးလုံးမှ လွဲ၍ လက်မှတ်ရေးထိုးလေ့မရှိပေ။ ဥရောပသားများနှင့် ဆက်ဆံလာရမှ လက်မှတ်မရေးထိုးလျှင် မဖြစ်တော့၍ 'တော်' တစ်လုံးတည်း ထိုးရေးလေ့ရှိကြသည်။

သားတော်ကြီးများကလည်း တော်ကြီး၊ တော်လတ်၊ တော်ကလေး ဟု လက်မှတ်ရေးထိုးကြသည်။

(ဤကား စကားချပ်တည်း)

"ဟောတော့. . ရွှေနန်းရှင်ဘုရ. ဟ အခေါ်လွှတ်တော်မူတာကိုး။ ဖြည်းဖြည်းပေါ့ မြင်းတပ်ဗိုလ်ကြီးတို့ရယ်၊ နံနက်စာသုံးဆောင်ဖို့ ကျွန်မ ပြင်လိုက်ပါဦးမယ်နော်"

အုံသည် စဉ်းစားဟန် တစ်ချက်ပြုရင်း ပါးစပ်နှင့် လက်များကမူ လိုလေသေးမရှိ။ ကတိုးဝါကြော်၊ တို့ဟူးကြော်၊ မြေကြွက်ကြော်များကို ဦးဆုံး ချကျွေးနေပေသည်။

ဗိုလ်ရွှေပြင်ကမူ လက်တစ်ဖောင်စာမြင့်သော ရောမမြင်းကြီးများကို အစာကျွေး ရေတိုက်ရန် အိမ်ဖော်များကို ခိုင်းနေစဉ် မြင်းခွာသံ တဖုန်းဖုန်း ထပ်မံ ကြားရပြန်သည်။

အုံက ရဲမက်တော်တွေကို ထမင်းကျွေးရင်း ပြေးထွက်ကြည့်ပြန်သည်။

"အလို. . နေပြည်တော်ကပါလား၊ ဘုရားရေ. . မင်းတုန်းမင်းသား အိမ်တော်ပါ ငယ်ကျွန်ကြီးများပါလား"

"ဟုတ်ပါတယ်၊ ဗိုလ်ကြီးရွှေဖြင်၊ မင်းတုန်းမင်းသားရဲ့ စာချွန်တော်ပါ"

"ဟေ. . ဒါဖြင့် အောက်မှာပဲ ဖတ်၊ အောက်မှာပဲ ဖတ်၊ အိမ်ပေါ်မှာ ရွှေနန်းရှင်ဘုရားက အခေါ်တော်လွှတ်တဲ့ ငယ်ကျွန်ကြီးလေးဦး ထမင်းသုံးဆောင်နေလေရဲ့ဗျာ၊ သွား. . သွား. . ခြံနောက်ထဲ ရှောင်နေလိုက်ကြ"

သူတို့အား မလှမ်းမကမ်းတွင် ခေတ္တထား၍ စာချွန်တော်ကို ဇနီး အုံနှင့် ခေါင်းချင်းဆိုင် ဖတ်ကြပြန်သည်။

ဒုတိယ စာချွန်တော်မှာ. .

> လှတောကြီးရွာနေ ဗိုလ်ရွှေဖြင် သိစေလိုသည်။ ညီပုနှင့် ငါတို့ ညီနောင်နှစ်ပါး နောင်တော်ကို ခုခံ၍ ငါတို့ ထွက်ချီလာခဲ့ပြီ။ အကျိုးတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ရန် ယခုလာသောလူများနှင့် ကျောက်မြောင်းစခန်းသို့ လာရောက်ပြီး ရွှေဘုန်းတော် အရိပ်ကို ခိုလှုံရမည်။ တောင်တွင်းပြန် အောင်ပွဲရစဉ်က ကျွန်ုပ် စိပ်ပုတီးသမားက (၉၅) ကျပ်သားရှိ လှံလျှင်ကို ချီးမြှောက်ခြင်းကား သင့်လက်ရုံးရည်ကို ကိုးစားကြောင်း ကျွန်ုပ် ပြလိုက်ခြင်း ဖြစ်ကြောင်း သိစေအပ်သည်. . ။
>
> အမိန့်တော်

ဟူသော စာချွန်တော်ကို နှစ်ယောက်သား ဝမ်းသာတုန်ယင်စွာ ဖတ်လိုက်ရပါတော့သတည်း။

"ဘယ့်နှယ် ရှင်မ၊ လာဘ်နှစ်ခုတော့ အထပ်အပြုနှင့် ဆိုက်ချေပြီ။ ရွှေနန်းရှင်ဘုရား ခေါ်တော်မူရာကို လိုက်ရမလား၊ မင်းသားညီနောင် ခေါ်ရာကို လိုက်သင့်သလား၊ စဉ်းစားနော် စဉ်းစား။ နောင် ဘူးသီးသီးမှ အရိုးတော်လို့ မရဘူး။ ခုကတည်းက ကြိုကြိုတင်တင် ဆုံးဖြတ်ပေတော့"

အုံသည် မျက်လုံးကလေး တလည်လည်နှင့် စဉ်းစားရင်း. . .

"အစ်ကို အုံ တစ်ခုပြောပါရစေ၊ ပုဂံမင်းနောက်လိုက်ရင် ရွှေဘိုမြို့ဝန် ဦးဝိုင်းက ကြံဖန်နှိမ်ဦးမယ်၊ သူ့လို အဖြစ်နည်းတဲ့လူက နှိမ်ပေါက်လုပ်တာတော့ အုံ မခံနိုင်

ဘူးတော်၊ နောက်တစ်ခု ရှိသေးတယ် မောင်ရဲ့၊ ဘုန်းတော်ဘုရားနဲ့ မယ်တော်ကြီးတို့ဟာ မောင့်ကျေးဇူးရှင်များ မှန်ပါတယ်။ ကျေးဇူးရှင်ကိုလည်း မတော်လှန်ကောင်းပါဘူး။ ဒါပေမယ့် တိုင်းသူပြည်သားတွေဘက်က ကြည့်ရမယ်လေ၊ နိုင်ငံအကျိုးဘာမှမလုပ်ဘဲ ချိုးတည်၊ ကြက်တိုက် မြို့ဝန်ဘိုင်ဆပ်ရဲ့ စိတ်အလိုချည်း လိုက်နေတဲ့ဘုရင်ဟာ မင်းကောင်းမင်းမြတ်လို့ ခေါ်နိုင်ပါ့မလားရှင်။ မင်းတုန်းမင်းသားကြီးကတော့ ဘုရားနဲ့ တရားနဲ့ လူတွေလည်း ကြင်နာတတ်တယ်လေ။ အဲ့တို့ ကြည့်ရမှာပြည်သူတွေ ရှေ့ရေးပါ မောင်ရဲ့။ ပုဂံမင်းသားကတော့ နှိပ်စက်တာ မဟုတ်ပေမယ့်ပြည်သူလူထုကို ဂရုမစိုက်တော့ဘူးလေ"

"ဟေ. . ငါ့မိန်းမ ဆုံးဖြတ်တာ မဆိုးလှပါဘူးကွ၊ ငါ့စိတ်ကလည်း မင်းသားညီနောင်ဆီမှာပဲ ခေါင်းဝဲတယ် မိန်းမရဲ့။ ဘာကြောင့်လဲဆိုတော့ ပုဂံမင်းတရားကြီးလက်ထက်တော်မှာတော့ ဘယ်နည်းနဲ့မှ အမျိုးဘာသာ သာသနာ ထွန်းကားနိုင်မှာမဟုတ်ဘူး၊ ပြီးတော့ တိုင်းနိုင်ငံကြီးတစ်ခုလုံး မျက်နှာညှိုးငယ်ပြီး အားတက်စရာဘာမှမရှိဘူး။ မှင်းမှုထမ်း အင်မတန်လုပ်ချင်တဲ့ ကျုပ်တောင် စိတ်ပျက်ပြီး ရွာပြန်လာတာ ကြည့်တော့လေ။ လူမှန် နေရာမှန် မရှိ။ ထောင်စကား ရယ်စရာနဲ့ပေါ့ဆိုတာလို သံကြီး တမန်ကြီးတွေနဲ့ စကားပြောရင်တောင် မင်းတရားကြီးဟာ ကြက်တိုက်ချင်တာနဲ့ ဖင်တကြွကြွဖြစ်ပြီး ပြီးကပြစ် အလုပ်သိမ်းပစ်တာတို့၊ အရှည်ကျတော့ ရင်လေးစရာကြီးပါကွယ်၊ အသာနေ. . အသာနေ. . "

ဗိုလ်ရွှေပြင် အပေါ်သို့ တက်သွားပြန်သည်။

"နေပြည်တော်က မင်းချင်းတို့. . မင်းချင်းတို့"

"လာပါပြီ ဗိုလ်ကြီး၊ ခုတစ်ပါတည်းပဲ လိုက်ခဲ့တော့မလား"

သူတို့တွေက မျက်နှာချိုသွေးသလောက် ဗိုလ်ရွှေပြင်က ဣန္ဒြေနှင့်. .

"မောင်မင်းတို့ ကျုပ် ကျွေးမွေး ဧည့်ခံပြီးပြီနော်၊ ပြန်ကြတော့"

"ဟို. . ဟို. . "

"တော်ဗျာ၊ ကျုပ်စကားသာ နားထောင်။ ခင်ဗျားတို့ မြင်းယေးကောင်ကပိုကောင်းတယ်။ ထားခဲ့ကြ။ ဟေး. . မင်းတုန်းမင်းသားဆီက မြင်းလေးကောင်ပြန်စီးသွားကြ။ ဟိုမှာ ရေတွေ ဘာတွေ တိုက်ပြီးပြီ"

"ဟို. . ဟို ဘယ်လို သံတော်ဦး ပြန်တင်ရပါ့မလဲ ဗိုလ်မင်းရယ်"

"မင်းတို့ ပါးရည်နပ်ရည် တယ်နည်းပါလား။ သွားကြကွာ၊ အမြန် သွားကြ"

ဗိုလ်ရွှေဖြင်က ခပ်ထန်ထန်ဟောက်လိုက်မှပင် သူတို့လေးယောက် မင်းတုန်းမင်းသားထံမှ ပါလာသော မြင်းပိန်လေးကောင်းကို မကျေမနပ် ဆွဲယူ စီးလိုက်ကြပါတော့သတည်း။

ထောင်တပ်ကြီးကိုပင် လုံ့စကြာ ကစား၍ ဖျားသွားရသော ဗိုလ်ရွှေဖြင်ကို သွေးလန့်သည် မဟုတ်ပါလား။

"မိန်းမရေ. . ဒီနေ့တော့ အလှူကြီး အတန်းကြီးပဲဟေ့၊ လုပ်ပါ၊ လုပ်ပါ။ မင်းသား ကျွန်ယုံတော်များအတွက် ထမင်းဆက်ပြင်ပါဦး"

"နို့. . အစ်ကိုကရော မဆာသေးဘူးလား"

"အာ. . မဆာသေးပေမယ့် စားရမှာပဲ မိန်းမရေ။ စီစဉ်စရာ တာဝန်တွေက ရှိသေးတယ်။ မင်းချင်းတို့နဲ့ လက်ရည်တစ်ပြင်တည်း စားကြရအောင်ဗျား"

မင်းသား ကျွန်ယုံတော်များ တပြုံးပြုံးနှင့် ထမင်းဆာဆာနှင့် အဝလွေးကြတော့သည်။ ထမင်းစားပြီးသည်နှင့် ဧည့်သည်များ အနားပေးထား၍ ဗိုလ်ရွှေဖြင်စတင် လှုပ်ရှားတော့သည်။

သူတို့ရရှိထားသော မြင်းလေးစီးအပြင် လှတောကြီးနှင့် အင်ဒိုင်းမှ သတ္တိရှိသော လူငယ်လက်ရွေးစင် ၂၆ ဦး ရွေးလိုက်သည်။

ဓားလွယ်၊ ဓားမြှောင်၊ လှံထောင်၊ သေနတ်ပြင်၊ အားကောင်းမောင်းသန်တပ်သားစုစုပေါင်း သုံးဆယ်ခန့်နှင့် ခြေစုံဖွင့်၍ ခရီးနှင်ပါတော့၏။

မင်းသားညီနောင် ရွှေဘိုသို့ ချီမည်ဖြစ်ရာ သည်ဘက်မှ ခံတပ်ကြီးသဖွယ်ဖြစ်နေသော ရွှေဘိုမြို့ဝန် ဦးဝိုင်းရန်ကို ဖြိုရန် ရွှေဘိုသို့ ဒုန်းနှင်ခဲ့ကြသည်။

ညီအစ်ကို မသိတသိအချိန်အခါတွင် အစောင့်တပ်များအား နေပြည်တော်မှဟူ၍ ဖြေကြားရင်း ဝင်ခဲ့သည်။ နေပြည်တော်မှ ခြေမြန်တော်အဖွဲ့ထင်၍ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြစဉ် အိမ်ခေါင်းရင်း၌ စကြံလျှောက်နေသော ဦးဝိုင်း၏ဇက်ကို ပိုင်းနိုင်ခဲ့ပါတော့သတည်း။ ပြီးတော့ လာလမ်းအတိုင်း တရကြမ်းပြေးထွက်ခဲ့ပြီး လှံနှင့် ရွယ်နေကြသော အစောင့်တစ်တန်းကြီးကို တွန်းလှန်ခဲ့ပါတော့သည်။

ဗိုလ်ရွှေဖြင်နှင့် နောက်မြင်းသည်တော် ၃၀ တို့ကား ဝမ်းသာအားရ ကျောက်မြောင်းစခန်းရှိ မင်းသားညီတော်နှင့် နောင်တော်တို့ တွေ့ဆုံကြသည်။

"မှန်လှပါဘုရား။ ဆူးငြောင့်တံတိုင်း ရွှေဘို ဦးဝိုင်းကို အဓိကအရင် ရှင်းလင်းခဲ့ပါပြီ ဘုရား"

သူက သက်သေများကို ပြလိုက်သဖြင့် ညီနောင်နှစ်ပါးသည် ဗိုလ်ရွှေဖြိုင်၏ ပွဲဦးထွက် ရှင်းလင်းချက်ကို အံ့ချီးမကုန် ရင်သိမ့်တုန်သွားရပါတော့၏။

"ခရီးရောက်မဆိုက်ပဲ မောင်မင်းရယ်။ အုံးပေါက် ထန်းတောမှာ လူစုနေတယ် ကြားရဲ့၊ ရွှေဘို မောင်ဝိုင်းအဖွဲ့တွေတဲ့"

"မှန်ပါ။ သည်လောက်ဆိုရင် နားလည်ပါပြီဘုရား"

ရိုသေစွာ ကန်တော့၍ မြင်းတပ်သုံးဆယ်တို့ ဝေါကနဲ ကဆုန်ချ၍ သွားပါတော့၏။

အုံးပေါက်ထန်းတောကား မင်းသုံးထန်းတောဟူ၍ နာမည်ကြီးလှသည်။ စခန်းကလည်း သာယာသည်။ သူတို့မြင်းသုံးဆယ်ကို မြင်လျှင် လူတစ်ယောက် ဓားဆွဲ၍ ထွက်လာသည်။ ဗိုလ်ရွှေဖြိုင်ကလည်း သူ့ဓားနှင့်လှံကို ဆွဲထုတ်လိုက်သည်။ သူ့ဘက်ကိုယ့်ဘက် ဇက်ညွတ်၍ အကဲခတ်နေကြသည်။

"မင်း ဘယ်သူလဲကွ၊ ရွှေဖြိုင်ကို အံတုရဲသားပဲ"

"ငါ ဖိုးမှိုတဲ့ဟေ့။ ဦးဝိုင်းရဲ့ ညီတော်တယ်။ မြောက်လက်မြင်းစာရေးကွ"

"ချွင်. . ချွတ်. . ချွင်. . ချွင်"

"ချပ်"

ဦးဖိုးမှိုကား မဆိုးချေ။ ဓားရေးကောင်းသူပါတည်း။

ဗိုလ်ရွှေဖြိုင်နှင့် တစ်ယောက်တစ်ချက် ခုတ်ကြ ပိုင်းကြ၊ ခြောက်ကြ ဟန့်ကြနှင့် လွန်စွာ ကြည့်၍ ကောင်းလှပေသည်။

နာရီဝက်ခန့် ဓားရေးပြ၍ ကောင်းနေကြသည်။

ဟိုဘက်သည်ဘက် ညာသံပေး၍ လက်ခုပ်သြဘာပေးကြ၊ လက်ခေါက်တီးကြနှင့် တစ်ချီတွင် ဓားအောက်က လှံနှင့် လှမ်းလိုက်ရာ ဦးဖိုးမှို မြင်းပေါ်မှ ကျွမ်းပြန်ကျပါတော့သတည်း။

"ရွှေဖြိုင့်ဓားက ချွတ်မိရင် သွေးသောက်ရမှဗျာ့"

ဟု ပြောရင်း လက်တစ်ဘက်ကို ပိုင်းချလိုက်ပါတော့သတည်း။

အုန်းပေါက် ထန်းတောမှ လူများသည် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ၍ ပြေးကြလေတော့သတည်း။

# မိုလ်ရွှေဖြင် အောင်ပွဲ

ရှာနီးချုပ်စပ် ဗိုလ်ရွှေဖြင်သတင်း ချက်ချင်း ကြီးသွားရကား. .

"ကျွန်တော်များရပ်ရွာက လူငါးရာ၊ သေနတ်ပစ္စည်းအစုံ ရိက္ခာအပြည့်ဖြင့် ခိုလှုံ တပ်ဖြည့်ကြောင်းပါ" ဟု ခိုလှုံ တပ်ဖြည့်သူက ဖြည့်။

ဗန်းမော်မြို့စား ဦးရဲကလည်း အသက်ကိုအပ်၍ လူနှစ်ထောင်ကို အပ်ကာ သစ္စာခံသည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ကား အားရတော်မူလှစွာ ကျောက်မြောင်းအထွက်၌ တပ်တော်ပြင်နေကြစဉ်. .

တကောင်းကြာညပ်မှ ဆင်ပြောင်ကြီး နှစ်စီး၊ ဆင်နီကြီးနှစ်စုံ၊ အိုးစည်ဗုံးပတ်ဖြင့် တပျော်တပါး အင်အားဖြည့်ပြန်သည်။

လမ်းတလျှောက်တွင် တပ်တော်သားတွေ သောက်ရန် ရေအိုးများ ရေဖြည့်ကြ၊ ထန်းလျက်ဖြူဆုပ်များ ကမ်းကြ၊ သပြေပန်းနီရဲရဲတို့ လက်ဆောင်ပဏ္ဏာ ဆက်သကြနှင့် မျက်စိတစ်ဆုံးသော တော်လှန်ရေးတပ်တော်များ ကြက်သီးထခမန်း စစ်ပြင်လျက် ရှိကြပါတော့၏။

ရွှေမောင်းသံ၊ ကြေးစည်သံ၊ စစ်ခရာသံ တညံညံတို့ကလည်း လှည်းနေ လေ့အောင်း မြင်းဇောင်းမကျန် စစ်ထဲသို့ ပြေးလိုက်ချင်စိတ်များ အားလုံး ဖိတ်လျှံနေကြရသည်။

တစ်နယ်လုံးတစ်ရွာလုံး လူထုကြီးကလည်း ရွှေဘိုအရောက် ဘုန်းတောက်မည့် မင်း၏ခြေတော်ရင်း၌ ဝပ်စင်းလျက် စိုက်စိုက်နောက်ပါ လိုက်ခဲ့ကြပါတော့သတည်း။

မင်းတုန်းမင်းသားကား အထွတ်ကို စ၍ရောက်သည့် နေ့ထူးနေ့မြတ်ကြီး ပါတကား။

လက်တော်တွင် စိပ်ပုတီးတော်ကိုင်၍ အောင်မြေကို လက်ယာရစ် သုံးကြိမ် ရစ်ပတ်နေစဉ် ပုဏ္ဏားတော်များက လက်ဆယ်ဖြာ ပန်ထွာယှက်၍ အလံတော် ဖော်လိုက်ပြီးသော်. .

"အောင်တော်မူပါ ဘုရား"

"အောင်တော်မူပါပြီ ဘုရား"

"အောင်တော်မူပါပြီ ဘုရား"

ဟူ၍ အထက်ဘဝဂ်သို့ညံအောင် ကောင်းချီးမင်္ဂလာပြု၍ အော်ဆိုကြပါ တော့သတည်း။

ဆက်လက်၍·ခမည်းတော်ဘုရား တည်ထားတော်မူခဲ့သော မောဓောမြင်သာ မြို့ထောင့်စေတီကြီးကိုလည်း နောင်တော်၊ ညီတော် ဦးဆောင်၍ တပ်တော်ကြီး တစ်ခုလုံး ဝပ်တွား ပူဇော်ကြသည်။

နောက်ပိုင်းကလည်း အင်အားတဖွဲဖွဲ တိုးတက်လာကာ. .

ပေါက္ကံ

ညောင်ကြီး

ထန်းကြီး

အုန္နဲဘုတ်

တမာကံ စသော ရွာများမှ လူပေါင်းငါးရာ၊ ရှိန်းမကားရွာ ဗိုလ်အောင်သာက စု၍ အင်းကဲကြီး (၉၉) ရွာ။

ဝက်လက်၊ နွဲ့သရိုင်၊ မင်းကုန်းရွာများမှ ငါးရာ။ စုစုပေါင်း လူတစ်ထောင် အုပ်ကြီးကလည်း မာလင်းမြို့တွင် စခန်းချနေသော အရှင်နှစ်ပါးထံ စစ်အောင်လံ တလူလူနှင့် ရောက်ရှိလာကြပါတော့၏။

မုဆိုးချို၊ ယင်းပကံတို့ကလည်း လူတစ်ရာ၊ ရိက္ခာလှည်း တစ်ရာတို့ဖြင့် ရောက်ရှိလာကြပြန်သည်။

သည်အထဲတွင် ပုဂံမင်း၏တပ်တော် မည်သည့်နေရာတွင် ရှိကြောင်း သတင်း ကောင်း ရရှိတော်မူထားရ၍လည်း မင်းတုန်း၊ ကနောင် ညီနောင်တော်ဘက်မှ တစ်ပန်းသာ၍ နေရပါတော့၏။

ဆင်တပ်တော်ချုပ် မောင်ရှိန်ကို ရန်နှိမ်ရန် လူ (၁၀၀၀) ထောင် ချထားပါကြောင်း အစုံအလင်သိရ၍ ဗိုလ်ရွှေဖြင်နှင့် သူ့ညီခင်တို့က အားကျမခံ လူ ငါးထောင် တပ်ကြီးကို စုဆောင်းပြင်ဆင်ကြသည်။

နောက်ထပ် အင်အားဖြည့်လာသော သုံးထောင်တပ်ကြီးနှင့် ပေါင်းမိကြသောအခါ. . ။

ဤကဲ့သို့ အင်အားကောင်းနေရစဉ် ပုဂံမင်းတရားကြီးဘက်ကလည်း အဘယ်မှာ အညံ့ခံပါမည်နည်း။

လူတစ်သောင်းကျော်တပ်ကြီးနှင့်ချီတော်မူအလာ သူတို့ဘက်မှ တစ်သောင်းတပ်ကြီးနှင့် ဝက်သပုတ်ရွာ၊ အုန္နဲပင်ရွာတို့၌ ရင်ဆိုင်တိုက်ပွဲကြီး စတင်ပါတော့သတည်း။

ဗိုလ်ရွှေဖြင်ကား ဤရွာက လူတွေအကြောင်း သိနေ၍ လှံစကြာ ကစား၍ တပ်တော်ထဲ အတင်းဝင်၏။ ပုဂံမင်းတပ်သားများ ခေါင်းပြတ် လည်ပြတ်နှင့် ဖြစ်ကုန်ကြသည်။ ပုဂံမင်းသားတပ်က တစ်ရှိန်ထိုး ပြန်ဖိလာ၍ ဆင်ထိန်းချုပ် မောင်ရှိန်ကား ဆင်တော်နန်းညွန့်ကို တအား ချွန်းဖွင့်၍ ရန်သူတပ်ထဲ စွတ်ဝင်သည်။

ဆင်တော်နန်းညွန့်သည် အားလုံးကို နှာမောင်းနှင့်ယမ်း၊ လူတွေ တက်နင်းနှင့် ပုဂံတပ်သား သုံးလေးရာ တစ်ချီတည်း အတုံးအရုန်း ဖြစ်ကုန်ကြပါတော့၏။

ထိုအခိုက် ဗိုလ်ချုပ်မောင်ရှိန် ဝမ်းသာအားရဖြစ်နေစဉ် ရန်သူဘက်မှ ဆိပ်လူးမြားတစ်စင်းသည် အရှိန်ပြင်းစွာ ဝင်ရောက်၍ ဗိုလ်ချုပ်မောင်ရှိန် ရင်ညွန့်ကို တည့်မတ်စွာ ဝင်၍ စိုက်ပါတော့သတည်း။

ထိုအခါ ဗိုလ်ရွှေဖြင်ကား ရန်သူနှင့် ကိုယ့်ဘက်တော်သားတို့ အုတ်အရောရောရော ကျောက်အရောရော ဖြစ်နေကြစဉ် လှစ်ကနဲဝင်၍ ဗိုလ်ချုပ်မောင်ရှိန်ကို ပစ်သော လေးသည်တော်ရှင်၏ ရင်အုံသို့ လှံတိုတစ်ချောင်း ဗွိုးကနဲ ပစ်စိုက်လိုက်ပါတော့၏။

မင်းတုန်းညီတော် နောင်တော်ဘက်သားများ ဝမ်းသာအားရ အော်ဟစ်ကြသည်။ ညာသံပေးကြသည်။ ဆက်၍ ချီကြသည်။

ဗိုလ်ရွှေဖြင်ကား ကိုယ်များပျောက်နေရော့လား အောက်မေ့ရတော့သည်။

တိုက်ပွဲကြားတွင် ပျောက်သွားလိုက်၊ ရန်သူဘက်မှ အရေးပါ အရာရောက်သူတို့ ကျသွားလိုက်။ သူ့မြင်း ရဲနက်တွင် လှံတို အချောင်း အစိတ်ခန့် အပိုဆောင်လာသမျှ တဗွိုးဗွိုး ပစ်ခတ်နေပါတော့သတည်း။

ရန်သူ ပုဂံဘုရင်တပ် ခွက်ခွက်လန်အောင် ရှုံးခန်းဝင်နေတော့သည်။ မင်းသားတပ်တော်ကား အုံ့မခန်း လှူလုံးရိုက်ဝင်လာရသည်။ ဗိုလ်ရွှေဖြင်သာမက အခြားတပ်တော်သားများကပါ စိတ်ဓာတ်ခွန်အားပြည့်ဖြင့် ဖိသွန်တိုက်ကြရာ ပုဂံမင်း တပ်ကြီး ဖရိုဖရဲ နောက်ဆုတ်ပွဲဝင်သွားရပါပြီတည်း။

# မင်းတုန်းမင်းသားကြီး ရွှေနန်းတော်ကို သိမ်းပိုက် စိုးစံတော်မူခြင်း

အမရပူရ မြို့တော်နှင့်တကွ မြန်မာနိုင်ငံတော် အားလုံးကို မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် တရားနှင့်အညီ စိမံအုပ်ချုပ်လျက် မင်းတုန်းမင်းတရားကြီး စိုးစံတော်မူသည်။ ညီတော် ကနောင်မင်းသားအား အိမ်ရှေ့စံအဖြစ် အပ်နှင်းတော်မူသည်။

အောင်ပွဲအထွေထွေ စာရင်းချုပ်လေသော် အောင်ပွဲရ ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ ဗိုလ်၊ အကြပ်၊ တပ်သားတို့အား ထိုက်သင့်တော်မူသည့် ဂုဏ်ထူး၊ ဘွဲ့ထူးများ ချီးမြှင့်တော်မူသည်။

ဗိုလ်မြင်အား ရေနံချေါ် သံနီစား အပါးတော်မြဲ ရွှေစားကြပ်ဗိုလ် ရာထူးများ ပဏာမ ချီးမြှင့်တော်မူသည်။

# သိန္နီစော်ဘွား၊ မြောက်ပိုင်းရှမ်းပြည်

တစ်မင်းမှတစ်မင်းသို့ ရုတ်ခြည်းပြောင်းသည့်ကာလတွင် သိန္နီစော်ဘွားကြီးကား အခွန်တော်များ မထမ်းမဆောင်ရှိခြင်းနှင့်ပတ်သက်၍ ပထမ ဗိုလ်ဒွေးကြီးနှင့် ဗိုလ်မောင်တို့ ဦးဆောင်၍ တပ်တော်သား (၂၀၀၀) နှစ်ထောင်နှင့် စေလွှတ်တောင်းခံစေခဲ့ရာ အောင်မြင်ခြင်းမရှိ၍ နောက်ထပ် ဗိုလ်ရွှေပြင်ကို စေလွှတ်တော်မူရာ အစစ ချောမောအောင်မြင်ခဲ့သည်။ ဆက်ဆံရေးကောင်းလှသော ဗိုလ်ရွှေပြင်ကြောင့် စစ်မက်ပြုရခြင်း အလျဉ်းမရှိရုံမက သိန္နီစော်ဘွားကြီးနှင့် အလျဉ်းသင့် အဆင်ပြေကာ မင်းတုန်းမင်းတရားကြီးထံ လက်ဆောင်တော်များပင် ပါးလိုက်၍ ရှမ်းမြန်မာ ချစ်ကြည်ရေးကို ရွှေလမ်းငွေလမ်း ဖောက်ပေးခဲ့ပါတော့သတည်း။

# မြင်ကွန်းနှင့် မြင်းခုံတိုင် အရေးတော်ပုံ

အခါတစ်ပါးတွင် အိမ်ရှေ့သမီးတော် သီရိစန္ဒာဘွဲ့ခံ အမြင့်မြို့စားသည် ရေးကြီးသုတ်ပျာ ရောက်ရှိလာပြီး မြင်ကွန်းမင်းနှင့် မြင်းခုံတိုင်တို့သည် လူစုလူရုံး တချို့နှင့် ခမည်းတော်ဘုရားနှင့် ဘကြီးဘုရားတို့အား ပုန်ကန်ရန် ကြံရွယ်နေပါ ကြောင်း လာ၍ လျှောက်ထားသည်ကအစ ရွှေ နန်းတော်တစ်ခုလုံး လှုပ်လှုပ်ခါ၍ သွားရပါတော့သည်။

ထိုအခါ ဗိုလ်ရွှေပြင်သည် အမြန် ရှေ့တော်သို့ဝင်ကာ. .

“မြင်ကွန်း မြင်းခုံ အရေးတွင် ရန်သူဟူသမျှ တွန်းလှန်ဖြိုဖျက်ပေးပါမည် ဘုရား၊ ရွှေနန်းတော်ပေါ်တွင် မကြောင့်မကြ စံမြန်းနေတော်မူပါဘုရား” ဟု ရှိခိုး လျှောက်ထားလိုက်၏။

“အင်း. . အင်း. . ရွှေဘိုကို ချီတော်မူစဉ်ကလဲ မောင်မင်းအားကတော့ အထိ ရောက်ဆုံးပါပဲကွယ်”

မင်းဧကရာဇ်က ထိုသို့ ဝမ်းသာအားရ ပြောနေသကဲ့သို့ မိဖုရားခေါင်ကြီးက လည်း ကျေးဇူးကြီးလှသော ပုံစံနှင့်ကြည့်ရင်း ရှေ့တော်ရှိ ရွှေကွမ်းအစ်ထဲမှ အမွှေး တုံးများ ပက်ဖျန်း၍ နွယ်ချို၊ ဖာလာ၊ လေးညှင်း၊ စမုန်စပါး စုံလင်စွာ ကွမ်းယာ၍ သူ့လက်တော်နှင့် လှမ်း ချီးမြှင့်တော်မူ၏။

မိဖုရားကြီး ကိုယ်တော်တိုင် ယာပေးခြင်းဆိုသည်မှာ ရွှေ စိန် ဘွဲ့နှင်းတို့ ချီးမြှင့်ခြင်းထက်ပင် အမြတ်တနိုးထားကြခြင်းပါ။

ဗိုလ်ရွှေပြင်ကား လက်ဝါးနှစ်ဘက် ပြန့်ရန့်စွာ ဖြန့်၍ လက်ခံယူရင်း. .

"ကျေးဇူးတော် ကြီးလှကြောင်းပါ အရှင်အဂ္ဂမဟေသီခေါင်ကြီး ဘုရား"

"အဟဲ. . အဟဲ. . မိဖုရားကြီးက ဗိုလ်ရွှေပြင်ကို အထူးချီးမြှင့်တာပါကွယ်"

ဘဝရှင် မင်းတရားကြီးက ပြုံးရယ်စွာ မိန့်ကြားနေစဉ် နား အလွန်ပါးသော ဗိုလ်ရွှေပြင် ခေါင်းက ဆတ်ကနဲ ထောင်လာရပြီး. .

"မှန်လှပါဘုရား၊ မှန်လှပါ၊ ရန်သူတော်ပါဘုရား၊ ရန်သူတော်ပါ။ အရှင်နှစ်ပါး အတွင်းဆောင်ကို အလျင်အမြန် ကြွချီတော်မူပါဘုရား"

ဗိုလ်ရွှေပြင်ကား ကွမ်းယာကို ပါးစပ်အတွင်း အလျင်အမြန် ထည့်၍ ဟန်လောက်သာ နောက်ဆုတ်နိုင်ပြီး ဝုန်းကနဲ နေရာမှထ၍ ညီလာခံ လှေကားဆီသို့ အသော့နှင့် ပြေးခဲ့သည်။

လက်ထဲတွင် မင်းတုန်းမင်း မင်းသားဘဝက ချီးမြှင့်ထားသော ၉၅ ကျပ်သားရှိ လှံကို သူက အမြဲဆောင်တတ်သူမို့ တော်တော့သည်။ လူခြောက်ဆယ်ခန့်တို့ တရှိန်ထိုး တက်လာကြပါလား။

သူတို့လက်တွင် ဓားလွတ်တဖွေးဖွေးနှင့် ညီလာခံစောင့် ရဲရွှေတော်တွေအား ထိုးခုတ်တိုက်ခိုက်၍ တရကြမ်း ဝင်လာကြသည်။

လူမိုက်တကာဗိုလ် ရွှေဓားဗိုလ် ခေါင်းဆောင်လျက်ပါလား။

"ရှင်ဘုရင် ဘယ်မှာလဲ၊ ဘယ်မှာလဲ"

"စောစောက လွှတ်တော် ဝန်ကြီးနှစ်ပါးက ဒီအဆောင်မှာလို့ သေချာ ပြောလိုက်တာပဲ။ ဟင်. . ခု. . ခု မရှိတော့ပါလား"

"ချွင်. . ချွင်"

"ချွင်. . ချွင်"

ရွှေဓားဗိုလ်ကား ပါးစပ်ကသာ မိုက်ရိုင်းစွာ ပြောလာရုံမက တချွင်ချွင်နှင့် တွေ့ရာကို ဆွဲခုတ်နေသည်။

ထိုမျှမက ငဖဲကြီး၊ ဇော်ဂျီဗိုလ်၊ ငဖြူသီး စသော လူဆိုးလူမိုက်တို့ အကုန်စုဝေး ချီတက်လာကြခြင်းပါတကား။

လှေကားထိပ်ဆုံးမှ မည်သို့ တစ်ချီတည်း အုပ်ဖမ်းရပါမည်နည်းဟု စဉ်းစားနေစဉ် ညီလာခံတွင် ခင်းကျင်းထားသော ဧရာမ ကော်ဇော်ကြီးကို သတိရလိုက်တော့သည်။

"ဝုန်း"

ခွန်အားကောင်းကောင်းနှင့် ကော်ဇောကို တအား မ,၍ ဓားလွတ်ကိုင် လူငါးဆယ်ပေါ်မှ ဝုန်းခနဲ လွှမ်းအုပ်ထားလိုက်ပါတော့၏။

ဗိုလ်ရွှေပြင်ကား ထိုကော်ဇောပေါ်မှ လှံနှင့် တစွပ်စွပ် ထိုးတော့သည်။

"အမယ်လေးဗျာ"

"အိ. . "

"အိ. . အား"

"အရို. . အရို"

အသံစုံနှင့်အတူ ကော်ဇောအောက်မှ သွေးများ ပန်းဖြာထွက်နေပါတော့၏။ ကော်ဇောအောက်မှ လူများနှင့် အပေါ်ကလူများ ခုတ်ကြ၊ ထိုးကြ၊ အကြာကြီးပါ။

နန်းစောင့် လုလင်အမှုထမ်း အရာထမ်းများ ယခုမှ ဝမ်းသာအားရနှင့် ကော်ဇောကို မ,၍ ကျန်လူများကို တုပ်နှောင်ဖမ်းဆီးလိုက်ပါတော့သတည်း။

"တော်သေးတယ်၊ တော်သေးတယ်၊ သည်ကော်ဇော တိုက်ပွဲလေး ခံနေလို့ အရှင်နှစ်ပါး ရှောင်ခွင့်ရလိုက်တာ"

သူတို့အားလုံး ဝမ်းသာအားရလိုလို ပြောကြားနေကြစဉ် အိမ်ရှေ့ သံတော်ဆင့် ဦးရွှေခင်နှင့် ကိုးပင်တပ်မှူး ရဲကျော်သူတို့ သည်းတုန်အူတုန် ပုံစံများနှင့် ရောက်လာကြပြီး. .

"ကိုယ်ကျိုးနည်းပါပေါ့၊ အိမ်. . အိမ်ရှေ့သခင်ကို မြင်းခုံတိုင်တို့ အလုပ်ကြံခံလိုက်ရပါပေါ့လားဗျာ"

"တပ်တွေဖြန့်. . ဖြန့်၊ ရန်ဆူးရန်ငြောင့် တစ်ယောက်မကျန် အကုန်ဖမ်း၊ အကုန်ဖမ်း"

အမိန့်ပေးသံကပင် နောက်ကျနေချိမ့်မည်။ ဗိုလ်ရွှေပြင်ကား နန်းဦးကင်း လက်ယာရစ်၍ မြင်းခုံတိုင်တို့၏ ဘက်တော်သားများကို ဓားနှင့် တစ်မျိုး၊ လှံနှင့် တစ်ဖုံ ခုန်ပျံကျော်လွှား ရန်သူများ လားလားမျှ ရှေ့မတိုးနိုင်ရန် အကြမ်းပတမ်း ခုတ်ပိုင်း ထိုးခုတ်နေတော့သည်။

သစ္စာဖောက် ညီတော် နောင်တော်တို့ကား ဗိုလ်ရွှေဖြင် ဦးဆောင်သော မီးဝင်းဝင်းတောက် ခုခံပွဲကို ဆက်လက်၍ အန်မတုဝံ့တော့ပေ။

ဂေါဝိန်ဆိပ်သို့ မြင်းနှင့် အသော့နှင်ကာ ဆင်းပြေးကြပြီး 'မြနန်းစကြာ' သင်္ဘောနှင့် အောက်သို့ စုန်ပြေးကြပါတော့သတည်း။

အကြံပက်စက်သော မင်းသားနှစ်ပါး၏လက်ချက်ကြောင့် ဘဝရှင် မင်းတရားကြီးသော်မှ ကံသီ၍ လွတ်ကင်းကာ ညီတော် အိမ်ရှေ့မင်း ကနောင်မင်းသားအား အစားထိုး၍မရနိုင်အောင် ဝမ်းနည်းစဖွယ် ဆုံးရှုံးခဲ့ရပါတော့သတည်း။

ဤသို့ မင်းတရားကြီး အသက်ဘေးမှ ချမ်းသာခဲ့ရသည်ကလည်း လျှပ်တပြက် တိုက်ပွဲတွင် ဗိုလ်ရွှေဖြင်တို့၊ ရွှေလှံဗိုလ်၊ ဗိုလ်မှူးရဲကျော်သူ အစရှိသော သစ္စာရှိ အသေခံတပ်သားများကြောင့်သာ ဖြစ်ပေတော့သတည်း။

# မိုလ်ရွှေဖြင် မိုလ်ချုပ်ဘွဲ့ရရှိခြင်း

မြင်ကွန်း မြင်းခုံတိုင် နန်းတွင်းအရေးတော်ပုံ ပြီးစီးသွားသောအခါ ဘုရင်မင်းတရားကိုယ်တိုင် အသည်းတယားယားနှင့် ပြန်လည် မိန့်တော်မူပုံကား. .

"သင်းတို့ညီနောင် အကောက်ကြံ၍ ပုန်ကန်သည့်အထဲမှာ ကိုယ်တော်ရောညီပုရော အသက်ခန္ဓာ ဆုံးရှုံးရဖို့ပါပဲ။ ကိုယ်တော်မှာ ကံကောင်းလွန်းလို့ လွတ်လာရတာပါ။ အဲဒီနေ့က သင်းတို့က ကလိမ်ဉာဏ်တွေ များတဲ့အကြောင်း ရွှေဖြင်နဲ့ ပြောဆိုနေကြတာပါ။ ရွှေဖြင်က အေးအေးစံတော်မူပါတဲ့၊ ဘုရားကျွန်တော်မျိုး အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်ဘုရားတဲ့။ စကားတောင် မဆုံးသေးပါဘူး ညီလာခံလှေကားမှာ လူ လေးငါးခုနှစ်ဆယ်လောက် ဓားလွတ်တွေနဲ့ သင်းတို့လူတွေ အုပ်နဲ့ ချီတက်လာကြတယ်လေ။ ရွှေနန်းရှင်ဘုရား ရန်သူတော်ပါဘုရား၊ ရှောင်ရှားနေတော်မူပါဘုရားဆိုပြီး ရွှေဖြင်ဟာ နောက်ဆုတ်ပြီး တရကြမ်း ချီတက်သွားတယ်။ ကိုယ်တော်လည်း သလွန်တော် နောက်ဆောင်ထဲ ဝင်မယ့်ဆဲဆဲ ငေးကြည့်နေမိတယ်။ ရွှေဖြင်ဟာ သူ့ဘက်က လူနည်းတာသိတော့ သူ့ဗလကလည်း အံ့ရောဗျား။ ညီလာခံခင်းတဲ့ ကော်ဇောကြီးကို ဆွဲယမ်းမွှေ့ယူပြီး ပြေးတက်လာတဲ့ ရန်သူတွေခေါင်းပေါ် အုပ်ချလိုက်တယ်။ ရန်သူတွေ ဗလုံးဗထွေး ဖြစ်နေတုန်း သူကအပေါ်ကနေပြီး လှံနဲ့ ရွှိကနဲ ရွှိကနဲ ထိုးတာ သွေးတွေ ပန်းထွက်နေတယ်၊ သူတို့ကလည်း မခေဘူး။ ကော်ဇောအောက်က ရုန်းထွက်ပြီး ဓားချင်းယှဉ်ခုတ်ကြတာ မီးပွင့်မတတ်ပါပဲဗျာ။ ကိုယ်တော်ဟာ တံခါးကြားက ထွက်ပြေးဖို့ မေ့ပြီး ငေးကြည့်နေလိုက်တာ တိုက်ပွဲ အစအဆုံးနီးနီး ကြည့်လိုက်ရပါရဲ့။ ရွှေဖြင်ရဲ့ ဓားခုတ်လှံထိုး

အတတ်တင် မကဘူး၊ အခုန်အပျံကလဲ စံတင်လောက်ပါရဲ့၊ သင်းသာ တိုက်ရည်ခိုက်ရည်နဲ့ တိုက်ပွဲကလေးတစ်ခုအဖြစ်နဲ့သာ ကာကွယ်မထားရင် ကိုယ်တော့်ဆီကို ရန်သူတော်တွေဟာ တန်းရောက်လာကြမှာပဲ၊ တစ်နည်းပြောရရင် ကိုယ်တော့် အသက်ကို အဲဒီအချိန်ကလေးကဖြင့် ရွှေဖြင် ကယ်ပေတာပဲ။ ဒါကြောင့် ကိုယ်တော်မြတ် သဒ္ဓါတရား လှိုက်လှဲစွာဖြင့် ချီးမြှင့်တော်မူမယ်။ သံတော်ဆင့်ဝန်မင်း၊ ရွှေဘွဲ့တံဆိပ်နှင့် ကြိုးသိုင်းစလွယ်များ အဆင်သင့် ရှိပြီလားဗျား”

“မှန်လှပါ၊ အားလုံး အရန်သင့်ပါဘုရား”

“ကိုယ်မြတ် အမိန့်တော်ချမည်ဗျား၊ လှတောကြီးရွာသား ဗိုလ်ရွှေဖြင် မြင်းတပ်ဗိုလ်ကြီး အဆင့်ရှိသူကား မြင်ကွန်း၊ မြင်းခုံတိုင် အရေးအခင်းတွင် ကိုယ်တော်မြတ်၏ အသက်အိုးအိမ်စည်းစိမ်ကို နတ်စစ်သားပမာ စွမ်းစွမ်းတမံ ကာကွယ် စောင့်ရှောက်ခဲ့သည့်အတွက် ယနေ့မှစ၍ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ပေးရုံမက ‘သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်’ ဘွဲ့တော်ကိုပါ ချီးမြှင့်လိုက်ကြောင်း။ ထိုမျှမက ငါတို့ကိုယ်တော်မြတ်နှစ်ပါး သဒ္ဓါတော်မူလှ၍ ပတ္တမြား ကြောင် တောက်ပြောင်ပလင်း ဆယ်မျိုးရည် နရဏီကွင်းထားတဲ့ လက်ဝတ်တော်ကိုပါ သနားတော်မူလိုက်သည် မောင်မင်းများ”

“မှန်ပါ၊ သင့်မြတ်လှကြောင်းပါ ဘုရား”

ဟူ၍ တညီတညာတည်း လျှောက်ထားလိုက်ကြပါတော့သတည်း။

ဩော်. . သတ္တိကို အရင်းတည် အောင်မြင်ပြီဆိုတော့လည်း အရှင်မွေးတော့ နေ့ချင်းကြီးဆိုသလို ဘဝတွင် မမျှော်မလင့် အခြေတင့်သွားရပါပြီတည်း။

# တိုက်ပွဲအလီလီ နွှဲခဲ့ပြီ

မင်းတုန်းဘုရင်မင်းမြတ်၏ တူတော် ပတိန်းမင်းသား ထကြွပုန်ကန်၍ အထက် မတ္တရာစစ်ကြောင်းကို ကွပ်ကဲ၍ လိုက်လံတိုက်ခိုက်ရာ ပတိန်းမင်းသား ဘက်မှ လူငါးထောင်ကျော် တပ်ပျက်၍ သူပုန်များ ဆုတ်သွားရပါ၏။

ဆက်လက်၍ သူပုန်ဗိုလ်ငမုံ ထကြွသောင်းကျန်းနေ၍ လူနှစ်ထောင်တပ် နှင့်လိုက်၍ တိုက်ရပြန်ရာ သူပုန်ဗိုလ်ငမုံဘက်မှ လူသုံးထောင် တပ်စုကွဲ၍ လက်လွတ် ထွက်ပြေးရပြန်သတည်း။

ထိုကဲ့သို့ အောင်ပွဲများ ဆက်တိုက်ရခဲ့သဖြင့် ဗိုလ်ချုပ်ရွှေပြင်အား ထပ်မံ၍ ရတနာသိယ်မြို့ဝန်၊ ထန်းတစ်ပင် ပဉ္စာလ (၆) မြို့ဆိုင်ရာ 'သတိုးမင်းကြီး မဟာမင်းလှခေါင်' ဟသော ဘွဲ့ထူးကြီးများ ဆက်တိုက် ရရှိပြန်သည်။

အခါတစ်ပါး ဗိုလ်ပုံအလယ် အခစားဝင်ရာ ဝန်ကြီးတွေ အမတ်တွေနောက် ဘုရင်နှင့် (၁၀) တန်းအကွာလောက်က ခစားရ၍ ဗိုလ်ချုပ်ရွှေပြင် ဒေါဖောင်းတော့သည်။

"အင်း. . တိုက်စရာရှိ ရွှေပြင်၊ သေစရာရှိရင် ရွှေပြင်တို့က ရှေ့က၊ ဘုရင်ရှေ့ ခစားတော့ မအေပေးတွေ ဖင်ပဲ ဦးတိုက်နေရတယ်"

ဟူ၍ ဒေါသတကြီး ရွတ်ဆိုဆဲရေးလိုက်မိရာ ဘုရင့်ရွှေနားတော်သို့ ချက်ချင်း ရောက်သွားပြီး ဗိုလ်ချုပ်ရွှေပြင်အား ရှေ့တော်သို့ ခေါ်လေသည်။

"မောင်မင်း ဆဲတယ်ဆို"

"မှန်လှပါဘုရား၊ ကိုယ်တော်မြတ် မျက်နှာတော်ကို နီးကပ်စွာ မဖူးရလို့ ဒေါပွ၍ ဆဲရေးမိကြောင်းပါ ဘုရား"

ဘုရင်မင်းမြတ်က ချစ်စနိုး ရယ်တော်မူ၍. .

"ကဲ. . ကဲ. . နောက်မဆဲနဲ့၊ ကိုယ်တော်မြတ် ရာထူးတစ်ခု ထပ်ပေးမယ်။ သည်ရာထူးက ကိုယ်တော်မြတ်နှင့် ဒူးချင်းတိုက်မတတ် ခစားရတဲ့ 'အရှေ့ ဝန်တော်မှူး' ရာထူးကို ထပ်မံယူစေဗျား"

ဟူ၍ ရာထူးတစ်ခု ထပ်မံ ရရှိခဲ့ပြန်ပါတော့သတည်း။

## ဗိုလ်ချုပ်ရွှေမြင်၏ ကိုယ်ရေးမှတ်တမ်းများ

ဗိုလ်ချုပ်ရွှေမြင်၏ ဇနီးကြီး မလည်ရစ်မှာ မောင်တက်ခါး၊ မောင်ကျော်ခေါင်နှင့် မောင်ရန်ရှင်းဟူ၍ သားသုံးယောက်ဖွားရာ မောင်တက်ခါးကား ငယ်စဉ်ကစ၍ ဆိုးလှသဖြင့် အသေဆိုးနှင့် သေခဲ့ရသည်။ မောင်ကျော်ခေါင်မှာ ရတနာသိယ်မြို့တောင်လက် မြောက်လက်ကျား သုံးရွာစား ဗိုလ်ကြားအဖြစ် အမှုတော်ထမ်းနေရင်းမှ ညောင်ရမ်းဘက်မှပါ၍ ဖမ်းဆီး အသတ်ခံရသည်။

မလည်ရစ်လည်း ဆုံးပါးသွားရ၍ လှတောကြီးဟူသော ကိုယ့်ဇာတိဌာနေကို ဗိုလ်ချုပ်ရွှေမြင်သည် အလွန်မြတ်နိုးရကား ဇနီးတော် ဒေါ်အုံ (ခေါ်) သခင်မကြီး ဒေါ်အုံအား ခေါ်ဆောင်၍ လာနေသည်။

မန္တလေး နန်းမြို့တွင် ရွှေရောင် ငွေရောင်တွေ ဟပ်ဖန်များ၍ မျက်စိနောက်လာလျှင် တောအိမ်သို့ ပြန်နေတတ်သေးသည်။ တူမီးသေနတ်ကို အလွန်မြတ်နိုး၍ အသက် (၆၀) အရွယ်လောက်ထိ (၁၆) နှစ်သားပမာ တောလိုက်ဆဲ ဖြစ်ပါ၏။

သခင်မကြီး ဒေါ်အုံနှင့် သားကြီး

'မောင်မောင်ညို'

ဇေယျာသိခ်မြို့စား ရွှေလက်ဝဲ ဗိုလ်လက်သုံးတော်ကြီး။

'မောင်နေထွန်း'

မင်းလှတန်ဆောင်ဘွဲ့ရ ရွှေဘို တောင်လက် မြင်းစာရေးကြီး။

'မောင်နေဝန်း'

အရှေ့ဝန်းစချို။

'မောင်မောင်ထွန်း'

ရွှေဘိုမြင်း မြေ နဝမ ခရိုင်မှူးကြီး၊ လက်ဖက်တော်ခန်းပိုင် မင်းလှတန်ဆောင် နေမျိုးမှန်ကျော်ဘွဲ့ရ လက်သုံးတော်စောင့် မြင်းစာရေးမင်းကြီးအပြင် အင်္ဂလိပ် တက်လာချိန်တွင် စစ်ကဲကြီးရာထူးနှင့် ရွှေဘိုတွင် နေရသည်။ ရွှေတံဆိပ် K.S.M ဘွဲ့ ရရှိသူ ဖြစ်သည်။

'မောင်မောင်စန်း'

အင်္ဂလိပ်များ အုပ်စိုးစဉ် ရာဇဝတ်ဝန်ကလေး ရာထူးကို ရရှိခဲ့သည်။

သခင်မကြီး ဒေါ်အုံနှင့်ရသော သားများပါတည်း။

ဗိုလ်ချုပ်ရွှေပြင်၏ တတိယဇနီးမှာ ချိုပါသူ ဒေါ်အိမ် ဖြစ်သည်။

ဒေါ်အိမ်နှင့် သမီးတစ်ယောက်ထွန်းကားရာ ရွှေဘိုဈေး အနောက်ဘက်ခင်းတွင် နေထိုင်သော 'ဒေါ်ဆင့်ဆင့်' ပင် ဖြစ်ပါတော့၏။

ဗိုလ်ရွှေပြင်ကား သားရှစ်ယောက် သမီးတစ်ယောက်တို့၏ အာဇာနည် ဖခင်ကြီး ဟုလည်း ကင်ပွန်းတပ်ရပေမည်။

အဘယ်ကြောင့်ဆိုရသော် သားအားလုံးတို့သည် သူ့နည်း သူ့ဟန်နှင့် အားလုံး သတ္တိဗျတ္တိနှင့် ဖခင်သွေးကို တစ်လုံးတစ်ဝ ရကြသူများသာ ဖြစ်ပါ၏။

ဩော်. . ဗိုလ်ချုပ်ရွှေပြင်၊ နိုင်ငံသားကောင်း၊ သားကောင်းဖခင်ပေတည်း။

# အစွမ်းကုန်ချီးမြှင့်တော်မူခြင်း

ရွှေဘိုကို ချီတော်မူသည်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး ပြည်လျှော့ ပြည်မွှားများမှ အစချီကာ သူပုန်သူကန် ဘွဲ့ခံသူများအထိ တိုက်ပွဲပေါင်း များစွာ ပါဝင်ဆင်နွှဲတိုက်ခိုက်လာခဲ့သော ဗိုလ်ရွှေဖြင်အား အရှင်နှစ်ပါးသည် မည်မျှ ကျေးဇူးတင်ကြပုံကား. .

ဘွဲ့ထူး ဂုဏ်ထူးကြီးများ တစ်ခုပြီးတစ်ခု ပေးသနားရုံမက ကျေးဇူးရှင်ကြီးဟု အရှင်နှစ်ပါးမှ စ၍ တစ်နန်းတော်လုံးကပင် ခေါ်စေရမည်ဟု အမိန့်တော်ထုတ်မှတ်ခဲ့ပါတော့၏။

ဇနီးသည် ဒေါ်ဒေါ်အုံကိုလည်း ယနေ့မှစ၍ နေသူရိယစန္ဒာဘွဲ့ခံ သခင်မကြီးဟု ခေါ်ရမည်ဟု အမိန့်တော်ပင် ထုတ်ပြန်ထားခဲ့ပေ၏။

ဩော်. . အညတရ အင်ဒိုင်းသူလေးကာ ဗိုလ်ချုပ်ကတော်ကြီး ဖြစ်ရသည့်အပြင် သူကိုယ်တိုင် သခင်မကြီးဘွဲ့ကို ချီးမြှင့်ခြင်း ခံခဲ့ရရုံမက သားကောင်းမိခင်လည်း ဖြစ်ခဲ့ရ၍ အတိတ်ကံ ထူးလှသူ ဟူ၍သာ ကမ္ပည်းထိုးရန်ရှိပါတော့၏။

# လက်ထက်တော်လေး သို့မဟုတ် သီပေါဘုရင်

ဗိုလ်ချုပ်ရွှေပြင်ကား ဘုန်းကြီး၍ အသက်ရှည်ပြီး ကြီးလေ ကောင်းလေ ဇာတာရှင် ဖြစ်ပါသတည်း။

ပုဂံမင်းလက်ထက်ကတည်းက နန်းတွင်းသို့ ရောက်နေသော ဗိုလ်ချုပ်ရွှေပြင်ကား သူ့မျက်စိအောက်တွင်ပင် မင်းတုန်းမင်းသားမှ မင်းတုန်းမင်းတရားကြီး ဖြစ်ခဲ့သော အရှင်မင်းမြတ် နန်းသက် (၂၆) နှစ် နန်းစံ၍ နတ်ရွာစံပြီးသည့်နောက် သားတော် သီပေါမင်း နန်းတက်ချိန်အထိ ဗိုလ်ချုပ်ရွှေပြင်ကား ကျန်းမာ သန်စွမ်းစွာဖြင့် အမှုတော်ထမ်းဆဲပါတကား။

မင်းသုံးဆက်တိုင်တိုင် အားမာန်တက်စွာ အမှုတော်ထမ်းနိုင်သူ သူရဲကောင်းမျိုးကား ရှားပါးပါဘိတောင်း။

၁၂၄၀ ပြည့်နှစ် သီပေါမင်းတရားကြီး လက်ထက်တွင်လည်း ခမည်းတော်ဘုရား ချီးမြှင့်တော်မူထားသော စည်းစိမ်တော်များအပြင်. .

နဝမဌာန ခရိုင်ဝန် ကောလင်း၊ ဝန်းသို၊ အင်တောက်သာ (၅) မြို့၊ ပဥ္စလ (၅) မြို့၊ ငါးရာနဲခေါ် သန္နီရွှေတစ်ဆယ့်သုံးရွာ၊ သစွေး (၆) တို့ကို ထပ်မံ သနားတော်မူခဲ့ပါသတည်း။

ဗိုလ်ချုပ်ရွှေဖြင်ဘဝသည် ဝမ်းသာကြည်နူးစရာတွေ၊ ဝမ်းနည်းကြေကွဲစရာတွေ မြောက်မြားစွာ ကြုံတွေ့ရသည်။

ချစ်မြတ်လှစွာသော မင်းတုန်းမင်းတရားကြီးက သူ့ကို သေခွဲ ခွဲသွားသကဲ့သို့ ပါတော်မူရာဆီကိုလည်း ကိုယ်တွေ့ ကြုံလိုက်ရ၍ သီပေါဘုရင် အရှင်နှစ်ပါးက သူ့ကို ရှင်ခွဲ ခွဲသွားခြင်းကိုလည်း သူ့တွင် ရင်တနင့်နင့်နှင့် ခံစားလိုက်ရပါတော့၏။

ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်း သီပေါမင်း၏ နန်းသက် ခုနှစ်နှစ်ကို သူလို ဖိုးသက်ရှည်ကြီးက အဘယ်မှာ ယှူကြုံးမရလျှင် ခံနိုင်ပါတော့မည်နည်း။

# အမအစကို မခံ၊ ကုလားဖြူကို ပြန်ပေးခြင်း

မှတ်မှတ်ရရ မင်းတုန်းမင်းတရာကြီး လက်ထက်တွင် အင်္ဂလိပ်လူမျိုး သံကြီးတမန်ကြီးများ ရောက်လာကြစဉ်က မင်းတုန်းမင်းတရားကြီးက ဗိုလ်ချုပ်ရွှေဖြင်ကို ခေါ်ပြ၍ မိတ်ဆက်ပေးသည်။

ထိုအခါ ဗြိတိသျှ စစ်သံမှူးကြီးများသည် ဗိုလ်ချုပ်ရွှေဖြင်ကို ရင်သပ် ရှုမောကြည့်ရှုကြသည်။ ကောက်ကြောင်းပန်းချီ ခြစ်သူကခြစ်၊ ဗိုလ်ချုပ်ရွှေဖြင်၏ လက်မောင်းကြီးကို ကိုင်ကြည့်သူက ကြည့်နှင့်. .

ယခုလို မြန်မာ စစ်ဗိုလ်ချုပ်ကြီးနှင့် မိတ်ဆွေဖြစ်ရပါ၍ အလွန်ဝမ်းသာပါကြောင်း ဂုဏ်ယူပါကြောင်းတို့ ပြောကြသည်။ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ကြသည်။ ထိုစဉ်က သူသည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရင်ပင့်၍ လွတ်လပ်သော ဂုဏ်ဒြပ်ပိုင်ရှင်အဖြစ် ဖော်ကျူးခဲ့သူပါ။

ယနေ့မူကား. . .

မြန်မာတစ်နိုင်ငံလုံး မျက်နှာဖြူတို့လက်အောက်တွင် ကျွန်သပေါက်အဖြစ် ရောက်နေရချိန်တွင်မှ သူ့ကို မြန်မာစစ်ဗိုလ်ချုပ်ကြီးဟောင်းအား သနားသဖြင့် ကရုဏာကြေး တဲ့၊ ကျပ်ငွေ ဒင်္ဂါးတစ်ရာ တဲ့၊ လစဉ် ပေးကြသည်။

"ထွီ"

သူ တံတွေး ထွေးပစ်သည်။

ဘုရင်ခံမင်းကြီးက ခေါ်လည်းတွေ့သည်။

ထိုအခါ ဗိုလ်ရွှေမြင်ကား ဝမ်းသာအားရဖြစ်ရမည့်အစား တွေ့ဆုံရန် ခေါ်သည့် ဘုရင်ခံမင်းကြီးအား ဒေါသပင် ထွက်ခဲ့သေးသည်။

"တောက်. . ကျွန်သပေါက်လစာကို ဘောက်မဲ့ကြောင့် ကျုပ်က ယူရမှာတဲ့လဲဗျာ" ဟု

ခါးခါးသီးခဲ့သူပါတည်း။

ဤမျှ အမျိုးမာနရှိသူ ဗိုလ်ချုပ်ရွှေမြင်ပါ။

# ဗိုလ်ချုပ်ရွှေဖြင်နှင့် သခင်မကြီးတို့၏ ကောင်းမှုကုသိုလ်တော်များ

ဘုရား

မဟာရံတံတိုင်းပတ်လည် မုခ်ပေါက် သုံးမျက်နှာတွင် ခြင်္သေ့တစ်စီးလျှင် အုတ်တစ်ဖိုလောက်ရှိသော ခြင်္သေ့ခြောက်စီးနှင့်တကွ အုတ်ဖိုပေါင်း သုံးဆယ်ကုန်ခန့်ရှိ စေတီတော်ကြီးကို တည်ထားခဲ့ပါ၏။ နတ်မုခ်၊ နတ်လှေကား၊ မင်းညီမင်းသားများသာ တည်ထားပြုလုပ်အပ်သော မှန်ကူကွက်၊ မကန်ရုံခံ၊ နရားပျံ၊ ရွှေဖား စသော အဆောင်အယောင်များ တခမ်းတနား တည်ထားခဲ့ခြင်းပါ။

သိမ်

သုံးခန်း နှစ်ခန်းရှိသော အုတ်တိုက် သိမ်တော်ကြီးတစ်ဆောင် ဖြစ်ပါ၏။ ဘုရားဝင်းအတွင်း၌ သစ်သားတံခွန်တိုင်ကိုလည်း တည်ထားပါသည်။

ကျောင်း

သက္ကရာဇ် ၁၂၄၀-ခုနှစ်တွင် တိုင်လုံးရေ (၂၆၆) တိုင် ဘုံကိုးဆင့်၊ ကျောင်းဦး ပြာသာဒ်နှင့် စနုဆောင် လေးထပ်အမြင့်၊ အပြောက်အမွမ်း၊ စုလစ်မွမ်းချွန်နှင့် သုပခန့်ညားသော ကျောင်းအုတ်တိုက်ကြီးလည်း ဆောက်လုပ် လှူဒါန်းသည်။

ကန်

လှတောရွာကြီး၏ အနောက်ဘက်၌ အလျားအတောင် (၁၅၀)၊ အနံ အတောင် တစ်ရာ၊ ဇောက် ရှစ်တောင်ရှိသော ကန်ကြီးနှင့် အုတ်ကျောင်းထဲတွင်လည်း အခြား အုတ်ကန်တစ်ခု တူးဖော်ထားခဲ့ပါ၏။

ဇရပ်

လေးခန်းနှစ်ခန်း၊ စမြင်သုံးဘက်ချ၊ နိပါတ်တော်ပုဒ္ဓဝင်ကားများဖြင့် ကျောင်းအတွင်းတစ်ဆောင်၊ ကျောင်းအရှေ့တစ်ဆောင် စုစုပေါင်း နှစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြပါသတည်း။

ဗိုလ်ရွှေမြင်နှင့် နေသူရိယစန္ဒာဘွဲ့ခံ သခင်မကြီးတို့၏ ကောင်းမှုတော်. . . နတ်လူသာဓု ခေါ်ကြပါစေသောဝ်။

# ဘုရားသော်မှ လွဲဖယ်မရ အနိစ္စ

ကောဇာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် ငယ်စဉ်ကပင် ခုန်ပျံကျော်လွှား အပစ် အခတ်များတွင် စံတင်လောက်သူ၊ ရဲနက်မြင်းကျော်၊ သူ့စီးဖော်နှင့်၊ မြင်းရေး လွှင့် လျက်၊ ၃၇ ချင်း တစ်ကြွင်းမကျန်၊ နတ်မြင်းပျံ ကျော်လွှား စီးခဲ့သူကား သင်္ခါရတရား နှိပ်စက်ဖျား၍ နားရလေပြီ။ ဘဝတစ်ထောက် ကုန်းဘောင်မင်းဆက်၏ မင်းသုံးမင်း ကို မှီလိုက်ရုံမက ကျွန်အရသာပင် ခံဖူးသွားရရှာသော ဗိုလ်ချုပ်ရွှေပြင်ကား သက် ရွယ် ၈၆ နှစ်၌ ရွှေဘိုမြို့၊ ဈေးရုံကြီးနောက် နေအိမ်ကြီးတွင် လူကြီးနာဖြင့် အနိစ္စ ရောက်ရရှာပါတော့သတည်း။

မန္တလေးမြို့မှ အမိန့်တော်ရမင်း ဦးတုတ်က သင်္ဂြိုလ်ရန် အခမ်းအနားကို စီစဉ်ပေးသည်။

သက်စေ့သံယာ၊ သက်စေ့ ငွေပဒေသာပင်၊ တဘက်ဖြူတစ်ရာ၊ ရွှေမြူ တာ၊ ငွေမြူ တာအိုးများ စသော လှူဖွယ်များဖြင့် သားသမီး မြေးမြစ်တို့ကလည်း အခမ်း နားဆုံး စီစဉ်ကြပေသည်။

မြန်မာတူရိယာ၊ စောင်းညင်းပတ်စာ တူရိယာတို့သာမက အရေးပိုင်၊ ရာဇဝတ်ဝန်တို့က မျက်နှာဖြူအရာရှိကြီးများ ကြီးမှူး၍ ဂေါ်ရာစစ်သား (၂၀၀) တို့က စစ်ဘင်ခရာ တီးဝိုင်းများနှင့် . .

အချုပ်ဆိုရသော် အိုဇာတာကောင်း၍ အနေလှခဲ့ရသကဲ့သို့ အသေလည်း လှခဲ့ရသော ဗိုလ်ချုပ်ရွှေပြင်ပါတကား။

ဩော် . . တိုက်ရည်ခိုက်ရည် ရွှန်းရွှန်းအီ၍ ပီပီသသ တော်စွမ်းလှသော . .

အိုဘယ့် ဗိုလ်ချုပ် တို့ဗိုလ်ချုပ်။

## BO BYIN, THE KING'S CHAMPION

ချစ်ကြည်လေးစားရပါသော စာဖတ်ပရိသတ်ကြီးရှင်. .

ဗိုလ်ရွှေပြင်အကြောင်းကို ရေးသားရန် စိတ်ကူးခဲ့သည်မှာ ကြာပါပြီ။

အထူးသဖြင့် အရှင် ဝိသုဒ္ဓါစာရ၊ သီရိပဝရ ဓမ္မာစရိယ၊ တိုင်း သံဃာ့နာယက ဂိုဏ်းလုံးဝန်ဆောင် နာယက၊ ဒက္ခိဏာရုံကျောင်းတိုက်၊ လှတောကြီးရွာ၊ ဝက်လက်မြို့နယ် စစ်ကိုင်းတိုင်းမှ ဆရာတော်ဘုရား ရေးသားပေးထားသော ကုန်ကြမ်းများကမူ ခပ်စောစောကပင် လက်ထဲ ရောက်ရှိနေပါပြီ။

မော်ဘီဆရာသိန်းကြီး၏ ပညာရှိကြီးများ စာအုပ်ထဲမှ ဗိုလ်ပြင်အကြောင်းလည်း ဖတ်ဖူးထားပါ၍ မြန်မာစစ်သေနာပတိချုပ်ကြီးပေတကားဟု ရင်တွင်းပီတိဖြစ်ခဲ့မိပါ၏။

နောက်တစ်ချက်မှာ. .

၁၉၆၅ ခု ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါရှိသော ဦးထွန်းဘေ၊ ဘီအေဘီအယ်လ် စက်ရှင်တရားသူကြီး ရွှေဘိုမြို့၏ 'ဗိုလ်ပြင်' ဟူသော ဆောင်းပါးသည်လည်း ကျွန်မလိုအပ်ချက်များကို အလွန်အဖိုး တန်စွာ ဖြည့်စွက်ထားပေးခဲ့ပါသည်။

မြန်မာလူမျိုးများအဖို့ စစ်သူရဲကောင်းဆိုလျှင် မဟာဗန္ဓုလတစ်ဦးတည်းကိုသာ ပြစရာရှိသယောင် ရေးသားမှတ်တမ်းပြုကြသည်။

ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်များ တပ်ကြသည်က အစပါ။ မဟာဗန္ဓုလလို ပြစရာ သူရဲကောင်းမျိုး မြန်မာပြည်တွင် သည့်ပြင်သူရဲကောင်းတွေ အမြောက်အမြား ရှိပါသည်။

ယခု ဖော်ပြခဲ့သည့် စစ်သူရဲကောင်း ဗိုလ်ဖြင်ဆိုလျှင် စစ်သက်၊ အလုပ်သက်၊ ဘုန်းကြီးသက်ရှည်စွာဖြင့် နိုင်ငံအကျိုးကို အိုမင်းရင့်ရော်သည်အထိ ထမ်းရွက်သွားသူ မဟုတ်ပါလား။

လှတောကြီးရွာကား ရှေးအခါက ဘုရင်တို့ အင်အားစုဆောင်းရာ အားထားရသည့် (ဝါ) သူရဲကောင်းများ အလွန်ထွက်သည့် ရွာကြီးတစ်ရွာ ဖြစ်ပါ၏။ ထိုအထဲတွင် ဗိုလ်ရွှေဖြင်နှင့် ရွှေလှံဗိုလ်တို့ကား တိုက်ရည်ခိုက်ရည် အရင်းတည်၍ ငယ်သားဘဝမှ ဇရာမ ဗိုလ်ချုပ်ကြီး၊ ရွှေမြို့တော်ဝန်ကြီးများအထိ လျှမ်းလျှမ်းတောက်ခဲ့ကြပါသည်။

အညတရ မြင်းသည်တော်သား တစ်ဦး၏သား ဘဝမှ စတင်ခဲ့ရပြီး ဗိုလ်ဖြင်ကိုယ်တိုင်လည်း ရုန်းရင်းကန်ရင်းနှင့် အသက် ၄၀ ကျော်မှ ကံပေါ်လာသူတစ်ဦးပါ။

ဗိုလ်ဖြင်သည် မင်းတုန်းမင်း အလံတော်အောက်တွင် သစ္စာခံလျက် သူပါသမျှ မြင်းအစီးတစ်ရာခန့်နှင့် ပူးပေါင်းခဲ့သည်။ ကျောက်မြောင်း၊ မတ္တရာ၊ ဟန်လင်းကြီးဘက်တွင် ပုဂံမင်းတပ်နှင့် ဘတစ်ပြန် ကျားတစ်ပြန် ဝက်ဝက်လျှံမျှ တိုက်ပွဲကြီးငယ်ပေါင်း များစွာကို ဆင်နွှဲခဲ့သူပါတည်း။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကြီး ပြီးဆုံး၍ မင်းတုန်းမင်းလည်း အလိုတော်ပြည့်ကာ အမရပူရထီးနန်းကို သိမ်းမြန်းစိုးစံရင်းက ဗိုလ်ဖြင်၏ ရှုပ်ရှုပ်ချွံချွံ စွန့်စားခဲ့ပုံများကို တသိမ့်သိမ့် အောက်မေ့ရင်း ရဲဘက်မြင်းဝန် ရာထူးကြီးကို ပေးသနားတော်မူခဲ့လေသည်။

အရေးတော်ပုံကာလက သေချာစိစစ်လျှင် ဘုရင့်ဘက်တော်သားများ အများအပြား ကျဆုံးခဲ့သည်။ အမှန်အတိုင်းဆိုရသော် ကနောင်မင်းသားကြီးလည်း ကျဆုံးခဲ့၍ ဘုရင်တစ်ယောက်သာ သတ်ဖို့ကျန်ပြီး ရှုံးလုတည်းတည်းပါ။ ဗိုလ်ဖြင်ကဲ့သို့ မဆုတ်မနစ် ခွန်အားသစ်များ အစွမ်းကုန်သုံး၍ တိုက်ပွဲဝင်ခဲ့ကြ၍သာ လက်မတင်ကလေး အရှုံးပွဲနှင့် ရင်မဆိုင်ရခြင်းပါ။

မင်းတုန်းမင်းတရားကြီးကိုယ်တိုင် သဘောပေါက် တွေးမိတိုင်း ကြက်သီးထခဲ့သည်။ ဗိုလ်ဖြင်တို့အဖွဲ့ကို ပို၍ ပို၍ ကျေးဇူးတင်လာရသည်။

ထို့ကြောင့်လည်း သူ့ရှေ့တော်တွင် ခစားကြသည့် ဆယ်လိုင်းနောက်မှ ပျပ်ဝပ်ချပ်ချပ် ခစားမြဲ ဗိုလ်ဖြင်အား ရှေ့ဝန်းတော်မှူးခန့်၍ ရှေ့ဆုံးလိုင်းမှ ခစားခွင့်ရရှိခဲ့ပေသည်။

အာဏာလုပွဲ၊ ပုဂံမင်းအရေးအခင်း၊ နန်းတွင်းအရေးတော်ပုံ၊ ပတိန်းမင်းသား အရေးတော်ပုံ၊ ဓနုလူမျိုး သူပုန်ဗိုလ် နန္ဒ၊ တောင်တွင်း ငမြင့်၊ ကောလင်း ဝန်းသို တိုက်ပွဲများ၊ အခြား ပြည်လှေးပြည်မွှား တိုက်ပွဲပေါင်း များစွာတွင် ဗိုလ်ဖြင်ကား သူ ခံခဲ့ရသည် မရှိ၊ သူနိုင်ခဲ့သည်သာ များပါတော့၏။

အထူးသဖြင့် အသက် ၇၅ နှစ်အရွယ် တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ရန် အမိန့်ပေးလိုက်၍ ရွှေဘိုမှ မန္တလေးသို့ သွားရသေးသည်။ တိုက်ပွဲဝင်ရသေးသည်။ ထို့နောက် အသက်အရွယ်ကြီးမားလှသည်ကို ထောက်၍ စစ်စေလွှတ်ရသော ဘုရင်ကပင် အားနာ၍ 'သပြေတန်းခံတပ်' မှသာ ခုခံပါတော့ ဟု အမိန့်တော် ချမှတ်ပေးရသည်။

ဧရာဝတီမြသစ်ရေ ဖွေးဖွေးကို စိတ်ကူးယဉ်စွာ ငေးမနေအားရှာဘဲ ချပ်ဝတ် ညှိမိန် စစ်ဝတ်တန်ဆာများ အမြဲဝတ်၍ အင်္ဂလိပ်ရေကြောင်းကို အခါမလပ် စောင့် ကြည့်နေမည့် ၇၅ နှစ်အရွယ် ကျန်းမာသန်စွမ်းလှသော စစ်ဗိုလ်ချုပ်ကြီး ဗိုလ်ဖြင်ကို မြင်ယောင်မိရင်း စိတ်ဓာတ်အားတို့ တဖွားဖွား တက်ရပါသည်။

တစ်ခါတုန်းက မြန်မာ့သတ္တိသွေးကိုလည်း ကြက်သီးပိတိ ဂွမ်းဆီထိစွာ ခံစား ရပါသည်။

အဘယ်ကြောင့်ဆိုရသော်. .

အင်္ဂလိပ်မြန်မာ လက်နက်ချင်းမျှတော့၍ စိတ်ဓာတ်ကျစရာ အရေးအခင်း တွင်ပင် နိုဝင်ဘာလ ၂၈ ရက်နေ့က ကင်းဝန်မင်းကြီးက ဆင်ဖြူအရှင် မိဖုရား ကြီးအား သံတော်ဦးတင်လိုက်ပုံကား. .

"မှန်လှပါ၊ ဗိုလ်ဖြင်တစ်ဦးသာလျှင် ကြံ့ကြံ့ခံလျက်ရှိတော့ကြောင်းပါဘုရား" ဟု သံတော်ဦး တင်လိုက်သောကြောင့်ပါတည်း။

ထိုအကြောင်းကို ထောက်၍ ဗိုလ်ဖြင်၏ ဇွဲနပဲတို့ကိုလည်း နှောင်းလူတို့ မှတ်တမ်းတင်ရပါမည်။

ထို့နောက် အရှင်နှစ်ပါး ပါတော်မူသွားသောအခါ မန္တလေးမြို့တွင် ရုံးစိုက် ထားသော ဗြိတိသျှတို့ စစ်ရုံးမှ တောင်းဆိုချက်အရ. .

သူ့ဘဝတွင် အောင်ပွဲများ မရေမတွက်နိုင်အောင် ရခဲ့ရသော 'ဓား' ကို လည်းကောင်း၊ ထောက်ခံထားသော အခွန်ငွေကျပ် (၂၀၀၀၀) နှစ်သောင်းကိုပါ ပေးပို့လိုက်သည်။

ဗြိတိသျှအစိုးရက ဗိုလ်ပြင်၏ အောင်ပွဲရ ဓားကို အမျိုးမျိုး ကြည့်ရှုစစ်ဆေးကြ၍ ဗြိတိသျှပြန်တမ်းတွင်. .

An Old Solider of high reputation.

ဟူ၍ ဖော်ပြမှတ်တမ်းတင်ခဲ့ကြပါတော့သတည်း။

ဗိုလ်ပြင်သည် အရွယ်ကြီးရင့်လာသော်လည်း သူ့လက်နက် တူမီးသေနတ်ကို မချချေ။ တောလိုက် တောလည်လည်း ဝါသနာကြီးလှ၍ သူပစ်မည့် အကောင်၏ အစိတ်အပိုင်းကို ကြေငြာပြီးမှ ပြောသည့်အတိုင်း ရအောင် ပစ်သည်။ ဤမျှ လက်ဖြောင့်သော သူရဲကောင်းကြီးပါတည်း။

ဗိုလ်ပြင်သည် ရှင်ဘုရင်ကို အစစ ပြောရဲသည်။ တောင်းဆိုဝံ့သည်။ ရှင်ဘုရင်ကလည်း သူ့ကို အားထားယုံကြည်စွာနှင့် ချစ်မြတ်နိုးသည်။

ထို့ကြောင့် R.R Limgham Grater Bo Byin the King's Champion 'ဘုရင့်အချစ် သူရဲကောင်း' ဟု တင်စားရေးသားခဲ့ပါသတည်း။

ဗိုလ်ပြင်ကား ဓားလှံလက်နက်တို့ကို မည်မျှ မြတ်နိုးလိုက်ပုံမှာ သူ သေလျှင် သူ့ တူမီးသေနတ်ကို သူ့ခေါင်းတွင် ထည့်ပါဟု မကြာမကြာ မှာကြားလေ့ရှိသဖြင့် ဗိုလ်ပြင် အနိစ္စရောက်သောအခါ သူမှာကြားသည့်အတိုင်း တူမီးသေနတ်ကို တစ်ပါတည်း ထည့်၍ မီးသဂြိုဟ်လိုက်ကြရပါတော့သတည်း။

**ဗိုလ်ရွှေပြင်**

တိုက်ပွဲဟူဘိ
ရှုံးမရှိဘဲ
နှစ်ပေါင်းများစွာ
တိုက်ခိုက်လာလည်း
နောက်ဆုံးတစ်နေ့
မဒေမှ့နိုင်စရာ
ဆုံတွေ့ရသည်
သြော်. . မလွတ်နိုင်သော
သင်္ခါရပါတကား။

စာရှုသူတို့၏ မေတ္တာရေစင်ဖြင့်
ယုဝတီခင်စိန်လှိုင်

# ယုဝတီခင်စိန်လှိုင်၏ ၁၂၅ အုပ်မြောက် ဖိုလ်ဖြင် အပါအဝင်နှင့် ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ မိန်းမစျေးဖျက်၍ ချစ်ရသူ
၂။ သက်ဆုံးတိုင်တိုင် ချစ်ချင်သည်
၃။ မျက်ခြယ်ရွှေသွေး
၄။ နော်လုလူ
၅။ ပွိုင့်တူးတူးနှင့် တောသဇင်
၆။ ကေသွယ်နှင့် ကော့မိုင်
၇။ အင်္ဂါဂြိုဟ်ပေါ်က နှင်းဘုရင်မ
၈။ ဂမုန်းမြိုင်နှင့် ချစ်ကံခေ
၉။ ကမ္ဘောဇကိုကို
၁၀။ စိတ်ကူးယဉ် သက်သက်ပါ
၁၁။ ရုက္ခရွှေပြည်
၁၂။ လှမျက်ခြယ်
၁၃။ ခင်လပြည့်ဝန်း
၁၄။ ခင်လပြည့်ဝန်း (ဒုတိယပိုင်း)
၁၅။ တိမ်ဦးလေပြေ
၁၆။ ပုလဲတစ်လုံး ရွှဲတစ်လုံး
၁၇။ ခင်သီတာထွန်း

၁၈။ လတ်လတ် (ပထမပိုင်း)
၁၉။ လတ်လတ် (ဒုတိယပိုင်း)
၂၀။ မေတ္တာဒီရေ
၂၁။ ထားထားအိ
၂၂။ မွန်သူဇာ
၂၃။ သဇင်ပြုံးတုံ့ မပြုံးတုံ့
၂၄။ အကျည်းတန် ရန်ငြိုး
၂၅။ ရတနာဒေဝီ
၂၆။ အိုမီဂါနှင့် စောင်းအိုရှင်
၂၇။ မောင့်မမ မြကေသီ
၂၈။ လှနုဖြူ
၂၉။ ချစ်တရားခံ
၃၀။ ရွှေနားကွပ်တဲ့ တိမ်ဂွမ်းဆိုင်
၃၁။ အိပ်မက်ရာဇာ
၃၂။ ရန်ကင်းသူ
၃၃။ ရွှေရယ် ငွေရယ် မိန်းကလေးရယ်
၃၄။ မွန်းဂျန်
၃၅။ ယမင်းရွှေသဇင်
၃၆။ တပ်ထွက်ဗရှိန်း
၃၇။ တေးလိပ်ပြာ မဲဇာကွပ်ပါလို့
၃၈။ အရွယ်မတိုင်မီ
၃၉။ ဒွေး
၄၀။ ချစ်သက်သေတည် ငွေတောင်ပြည်
၄၁။ နွေတရစ် မိုးတရစ် ဆောင်းတရစ်
၄၂။ အငှားသစ္စာ
၄၃။ မှန်
၄၄။ သစ္စာတော်စူးပြီထင့်
၄၅။ သက်လျာရွှေစင်
၄၆။ ဟန်စုယဉ်

၄၇။ လေကြောင်းချစ်သူ
၄၈။ ချစ်သောဇာဇာ
၄၉။ ရွှေလှံ့ဗိုလ်
၅၀။ ပင်လယ်ပြာပြာ မိုးပြာပြာ
၅၁။ ကျိုင်းတုံသူဇာ
၅၂။ စိန်စီတဲ့ တေးတစ်ပုဒ်
၅၃။ ယောမြို့က ပြန်ခဲ့မယ်
၅၄။ ဝင်းစန္ဒာကြည်
၅၅။ ရွှေမင်းသား
၅၆။ ထိပ်ထားဟံသာဝတီ
၅၇။ နှစ်ခါကွဲတဲ့အသည်း မနာဘဲရှိပါ့မလား
၅၈။ တွဲနံပါတ် (၁) ခုံနံပါတ် (၂၀)
၅၉။ စစ်ရယ်ပြီးတော့ ယဉ်ကျေးရယ်
၆၀။ ငြိမ့်ငြိမ့်ရွှေရင်ခုန်
၆၁။ ကမ္ဘာကြည်မ
၆၂။ ပန္နက်ဖူးသောသစ္စာ
၆၃။ လက်တွဲရအောင် နောင်ဗေ့နောင်
၆၄။ ပြန်ခဲ့ပါ မနော်ဟာရီ
၆၅။ ထားဝယ်မလေး မောင့်သည်းအူ
၆၆။ အချစ်မုဆိုးသို့ ညဥ့်သုံးယံခါ
၆၇။ ခိုက်ခိုက်သဲ
၆၈။ ချစ်လွှန်းတင်
၆၉။ ချစ်သည်းကလေးများ စကားပြောတတ်လျှင်
၇၀။ ပုလဲတစ်ကန့် ရွှဲတစ်သန့်
၇၁။ ခရုပတ်သမိုင်း၏ ချစ်နိဂုံး
၇၂။ မချစ်ရ၊ မကြိုက်ရ၊ မကြည့်ရ
၇၃။ မြခွာညိုနွယ်စဉ်
၇၄။ မဖြေရှင်းနှင့်တော့ နုဖြူ
၇၅။ ကျွန်တော့်ကိုယ်စား ချစ်ပေးပါ

၇၆။ စတီရီယိုရှူးမလေး
၇၇။ အသရေလျှမ်းပါတဲ့ ခင်တို့ရွှေမန်း
၇၈။ ချစ်ချစ်နှင်းဆီ
၇၉။ မြကျွန်းသာမှာ ဆုံမယ်အသက်
၈၀။ ကိုယ့်အချစ်ဆုံးက မင်းတစ်ယောက်တည်း
၈၁။ ရှားရှားပါးပါး ချစ်သူ
၈၂။ ချစ်သောစကားဝါမြေ
၈၃။ ပါးမို့မို့ဖြူ
၈၄။ ရှင်ရဲတွတ်-သံမဏိသစ္စာရှင်
၈၅။ ပြောမှားဆိုမှား ခွင့်လွှတ်ပါ
၈၆။ ဖွဲ့ဆိုသစ္စာရှိခဲ့ပါလျှင်
၈၇။ နန့်ငြိမ့်သူ
၈၈။ လေးထောင့်သဏ္ဍာန်အချစ်
၈၉။ ပန်းပွင့်လိုနှလုံးသား
၉၀။ ဆု
၉၁။ အိပ်မက်တော့ မဟုတ်ပါဘူးနော်
၉၂။ အဝေးရောက်ကိုကို
၉၃။ ရုက္ခသူဇာ
၉၄။ မာနသာစွအချစ်
၉၅။ ရေလို့အေးမြရစေသား
၉၆။ စိန်ပွဲစားမလေး ခင်
၉၇။ အချော့ကြိုက်မလေး
၉၈။ တကယ်သွားတော့မှာလား အချစ်ရယ်
၉၉။ ပစ်ရက်သူနှင့် မချစ်ရက်သူရယ်
၁၀၀။ မချစ်သော်လည်း အောင့်ကာနမ်း
၁၀၁။ အချစ်ကျွန်းက ငှက်လွန်းကြိုင်
၁၀၂။ ငရဲပန်းဧကရီ
၁၀၃။ မျက်လုံးလေးကို ချစ်နေတာလား
နှုတ်ခမ်းလေးကို ချစ်နေတာလား

၁၀၄။ သံလွင်တစ်ဘက်မှ နန့်ညီမ
၁၀၅။ ပိတောက်လှိုင်လှိုင်ပွင့်သောနေ့
၁၀၆။ မေတ္တာဆိုသည်မှာ
၁၀၇။ အိရွှေစင်
၁၀၈။ တပ်ကြပ်ကြီး ကိုကိုနိုင်
၁၀၉။ တက္ကသိုလ်မှ ချစ်ဆရာသို့
၁၁၀။ မွန်းသော်တာ
၁၁၁။ ကမ္ဘောဇကေရီ
၁၁၂။ မြမျက်တောင် ကော့ကော့ရွန်း
၁၁၃။ မေဘာရဏီ
၁၁၄။ ဆောင်းရယ် သဇင်ရယ်
၁၁၅။ ချစ်ဥယျာဉ်ဝယ် ရောင်စုံဖူးပွင့်တယ်
၁၁၆။ အတွေ့ပေးသော ကြေးမုံပြင် (၁)
၁၁၇။ အတွေ့ပေးသော ကြေးမုံပြင် (၂)
၁၁၈။ ပွဲ
၁၁၉။ တတိုင်းမွှေး
၁၂၀။ မမ ပတ်ပလစ်ရှာနှင့် ကိုကိုစာရေးဆရာ
၁၂၁။ ပန်းပန်တာ အပြစ်လား
၁၂၂။ ကျော့ဖြူမငိုတော့ပါ
၁၂၃။ ခင်ခင်ခိုင်
၁၂၄။ ဗိုလ်ရွှေဖြင်

🕮 🕮 🕮